


တောင်ငူဘုရင်
နတ်ရှင်နောင်
ကောင်းထက်
တောင်ငူဘုရင် နတ်ရှင်နောင် ◆ ကောင်းထက်
တောင်ငူဘုရင်
နတ်ရှင်နောင်
ကောင်းထက်
SPLK 2 1800.00

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စ သိုးကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# တောင်ငူဘုရင်နတ်ရှင်နောင်

## ကောင်းထက်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၈၀၊ ၀၉-၅၁၂၇၄၉၃

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၁၂ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - စိုးအောင်
တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅.၈၃
ကောင်းထက်
နတ်ရှင်နောင် / ကောင်းထက်။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်။
စာမျက်နှာ-၁၈၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) နတ်ရှင်နောင်


## မာတိကာ


♦ စာရေးသူ၏ အမှာ
၁။ အယုဒ္ဓယမှအပြန် ၁၃
၂။ မြင်မိဖြုတ်ချည်း မျှော်ကတည်းက ၂၀
၃။ တင့်လှပေဟန် ၂၅
၄။ ရွှေဝါရောင်လမင်း ၃၀
၅။ ချစ်ပိုင်ဆက်ရာ ၃၅
၆။ သတိ ကိုယ်နှင့် မြဲပါစေ ၃၉
၇။ မျက်နှာငွေလ ဝင်းပပကို ၄၃
၈။ အလွမ်းများနှင့် ပျော်မိသည် ၄၉
၉။ လူတစ်ကိုယ်စာ ၅၃
၁၀။ ရင်ဖွင့်သံ ကြားရခြင်း ၅၈
၁၁။ ငြိမ်းချမ်းနယ်မြေ ၆၃
၁၂။ အသွား အပြန် ၆၈
၁၃။ နှောင်ဖွဲ့လာခြင်း ၇၄
၁၄။ ရန်စ ၇၉
၁၅။ အမုန်းချေပွဲ ၈၄
၁၆။ အဆိုးကို ရင်ဆိုင်ခြင်း ၈၉
၁၇။ ရှန်းမထွက်သာ ၉၄
၁၈။ အတိတ်၏ ပစ္စုပ္ပန် ၉၈
၁၉။ တာဝန် ၁၀၃

| | | |
|---|---|---|
| ၂၀။ | ညတိုက်ပွဲ | ၁၀၈ |
| ၂၁။ | အလွမ်းစာ | ၁၁၅ |
| ၂၂။ | သပွတ်အူ | ၁၁၉ |
| ၂၃။ | ဟံသာဝတီမှ စိန်ခေါ်ခြင်း | ၁၂၄ |
| ၂၄။ | ပြိုကွဲမှုများ | ၁၂၉ |
| ၂၅။ | အောင်ပွဲ | ၁၃၅ |
| ၂၆။ | နှမ်းလျှမာလာ | ၁၄၀ |
| ၂၇။ | အရှုံး အနိုင် | ၁၄၄ |
| ၂၈။ | ဖြေမပြေ | ၁၅၀ |
| ၂၉။ | မိတ်သစ် | ၁၅၃ |
| ၃၀။ | ရွှေနန်းမှာစံ | ၁၅၈ |
| ၃၁။ | ဆုံးရှုံးခြင်း | ၁၆၂ |
| ၃၂။ | ကံနည်းသူ | ၁၆၈ |
| ♦ | နတ်ရှင်နောင်နှင့် ပတ်သက်သည့် သူတို့အမြင် | ၁၇၅ |


## စာရေးသူ၏ အမှာ

ကျွန်တော် ငယ်ငယ်က တောင်ကြီးတက္ကသိုလ် မြန်မာစာအဖွဲ့ရဲ့ စာပေပြိုင်ပွဲမှာ 'နတ်ရှင်နောင် သစ္စာမဖောက်ပါ' ဆိုတဲ့ ကဗျာရေးပြီး ပြိုင်ပွဲဝင်တာ ဆုရခဲ့တယ်။ အဲဒီတုန်းက တောင်ကြီးမှာ 'ရှမ်းပြည်ရောင်ခြည်' သတင်းစာ ထုတ်ဝေနေတယ်။ ဒီသတင်းစာမှာ စာပေဆုရှင်များရဲ့ သတင်းရယ်၊ ဆရာတက္ကသိုလ်တုန်းနိုင်နဲ့ ဆုရသူများ ပြည်နယ်ခန်းမရှေ့မှာ စုရပ်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံရယ်၊ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့တယ်။

ကျောင်းသားဘဝက ဆုရခဲ့တဲ့ ကဗျာ ကျွန်တော့်မှာ လက်ခံမရှိဘူး။ တခြားမှာ ရှိ၊ မရှိလည်း ကျွန်တော် မသိပါဘူး။ ၁၉၆၃-၆၄ လောက်က သတင်းစာ ရှာဖို့ ခက်ပါလိမ့်မယ်။ အဲဒီတုန်းက သူငယ်ချင်းတွေကတော့ မှတ်မိနေမှာပါ။

နတ်ရှင်နောင်နဲ့ ပတ်သက်တဲ့ ကဗျာ ရေးခဲ့ဖူးတာကြောင့်လား မသိဘူး။ နတ်ရှင်နောင်အကြောင်း စာတစ်အုပ်လောက် ကျွန်တော် ရေးချင်နေခဲ့ပါတယ်။ အခုတော့ ကျွန်တော် ရေးချင်တဲ့ နတ်ရှင်နောင်အကြောင်းကို ရေးဖြစ်ပါပြီ။

နတ်ရှင်နောင်ဟာ ရတု ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါး ရေးခဲ့တယ်။ (လက်ဝဲနော်ရထာ တည်းဖြတ်တဲ့ ပေမူအရဆိုရင် ခြောက်ဆယ့်ခုနစ်ပုဒ်၊

ဟံသာဝတီတိုက်ထုတ် နတ်ရှင်နောင် ရတုပေါင်းချုပ်ရဲ့ အဆိုအရဆိုရင် နောက်ဆက်တွဲ ငါးပုဒ် ထည့်ပေါင်းပြီး ခုနစ်ဆယ့်နှစ်ပုဒ် ဖြစ်တယ်။)

နတ်ရှင်နောင်ရဲ့ ရတုတွေမှာ ဘုရားတိုင်၊ စစ်ချီမောင်ဘွဲ့၊ စစ်ချီမယ်ဘွဲ့၊ မိုးတောမောင်ဘွဲ့၊ မိုးတောမယ်ဘွဲ့၊ သစ္စာတိုင်၊ ကျေးစေ၊ စစ်ချီ စတာတွေပါတယ်။ အများဆုံးက ဘုရားတိုင်ရတု စုစုပေါင်း နှစ်ဆယ့်တစ်ပုဒ် ရှိတယ်။

အင်မတန်လှပတဲ့ အရေး၊ သိမ်မွေ့တဲ့ အဖွဲ့အနွဲ့၊ စွဲငြိလောက်တဲ့ တင်စားမှုတွေနဲ့ ရေးခဲ့တဲ့ နတ်ရှင်နောင်ရဲ့ ရတုတွေဟာ တန်ဖိုးထားအပ်စရာတွေ ဖြစ်ပါတယ်။

နတ်ရှင်နောင်ရဲ့ ရတုတွေအပေါ် အရူးအမူး စွဲလမ်းခဲ့ပြီးတဲ့နောက် နတ်ရှင်နောင်ရဲ့ ဘဝကို စူးစမ်းကြည့်၊ လေ့လာကြည့်တဲ့အခါ ပြဿနာတွေကို တပုံတပင်ကြီး တွေ့ရတာပါပဲ။

ပြဿနာတွေကို ချမပြခင် ကျွန်တော့် သဘောထားကို နည်းနည်း ပြောချင်တယ်။ နတ်ရှင်နောင်ဟာ ဘုရင့်သား၊ ဘုရင့်နောင်ကျော်ထင်နော်ရထာရဲ့ မြေး၊ ကေတုမတီရဲ့ ဥပရာဇာ၊ နောက်တော့ ကေတုမတီဘုရင် ဖြစ်တယ်။ ပဒေသရာဇ်မင်းငယ်များ အုပ်စိုးတဲ့ ခေတ်က ဘုရင်တစ်ပါး ဖြစ်တဲ့ နတ်ရှင်နောင်ဟာ သူ့အာဏာ တည်မြဲရေးအတွက် သူ ကြိုးစားမယ်။ အဲဒီအတွက် နှိပ်ကွပ်တာ၊ သတ်ဖြတ်တာတွေ ရှိလိမ့်မယ်။

ကျွန်တော်က တောင်ငူဘုရင် မဟာသီဟသူရကို စိတ်မဝင်စားပါဘူး။ ရတုဘုရင် နတ်ရှင်နောင်ကိုပဲ စိတ်ဝင်စားပါတယ်။ ပြီးတော့ ရာဇဒေတုကလျာအပေါ် သဲသဲမဲမဲ ချစ်တဲ့ သူ့အချစ်ကိုလည်း စိတ်ဝင်စားပါတယ်။

နတ်ရှင်နောင်အကြောင်း ရေးတော့မယ် ဆိုတော့ သူ့စာတွေ၊ သူ့ရတုတွေကို ဖတ်ရတယ်။ သူ့ရဲ့ အချစ်ဇာတ်လမ်းကို သိဖို့အတွက် သူ့အကြောင်း ရေးထားတဲ့ စာတွေကို ရှာဖတ်ရတယ်။ အဲဒီမှာ ပြဿနာတွေ တစ်ပုံတစ်ပင်ကြီး တွေ့ရတာပါပဲ။ ပထမဆုံး ကျွန်တော် သတိထားမိတာက နတ်ရှင်နောင်ရဲ့ မွေးသက္ကရာဇ်ပါ။ နတ်ရှင်နောင်ရဲ့ မွေးသက္ကရာဇ် (မွေးနေ့၊ မွေးရက်၊ မွေးလ) အဲဒါတွေကို အနှစ်စွရောက်ချိန်က အသက်နဲ့ နောက်ကြောင်းပြန်ရှာထားတာတွေ့ရတယ်။

**ရာဇဝင်မှာ တပ်ထားတဲ့ သက္ကရာဇ်တွေအရဆိုရင်** နတ်ရှင်နောင် လေးနှစ်သားမှာ ရာဇဒေတုကလျာ အိမ်ထောင်ကျတယ်၊ နတ်ရှင်နောင် ကိုးနှစ်သားအရွယ်မှာ ဒေတုကလျာဟာ အိမ်ရှေ့မင်း မင်းကြီးစွာ တိုက်ပွဲမှာကျလို့ မုဆိုးမ ဖြစ်ရတယ်။



အသက် ကိုးနှစ်သား နတ်ရှင်နောင်ဟာ တိုက်ရေးခိုက်ရေး ကောင်းတဲ့ အယုဒ္ဓယဘုရင် ဖြနရာဇ်ကို ဆင်စီးပြီး စီးချင်းထိုး တိုက်ခိုက်တယ်။ အဲသလို တိုက်ခိုက်ပြီး အိမ်ရှေ့မင်း မင်းကြီးစွာကို ကယ်ဖို့ ကြိုးစားတယ်။ ပြီးတော့ အိမ်ရှေ့မင်းရဲ့ အလောင်းကို တာဝန်အရ ဟံသာဝတီကို သယ်ခဲ့တယ်။

နတ်ရှင်နောင် ဟံသာဝတီကို ရောက်တော့ မုဆိုးမအသစ်စက်စက် ဖြစ်တဲ့ ရာဇဒေတုကလျာနဲ့ တွေ့တယ်။ ကိုးနှစ်သားအရွယ်နဲ့ ဒေတုကလျာကို အရူးအမူး စွဲလမ်းသွားပြီး မယ်ဘွဲ့ရတု(တင့်လှပေဟန်…ချီ) ကို ရေးခဲ့တယ်လို့ ဆိုပါတယ်။ အဲဒါကို ကျွန်တော် သိပ်မကြိုက်ဘူး။ ကိုးနှစ်သားက ဒါလောက် စွမ်းသလား။ ဒါလောက် တော်သလား။ နည်းနည်းတော့ ပိုလွန်းပြီလို့ ထင်တယ်။

ဒီမကြိုက်တဲ့စိတ်၊ ပိုလွန်းပြီလို့ ထင်တဲ့စိတ်က ကျွန်တော့်ကို တွန်းအားပေးတယ်။ ဒါကြောင့် နတ်ရှင်နောင်နဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ရှာဖတ်၊ စာဖတ်နာတဲ့ ဆရာတွေ… အတွေ့အကြုံ ရင့်ကျက်တဲ့ ဆရာတွေနဲ့ တွေ့ဆုံပြီး မေးမြန်းတယ်။ ဆရာမ မသန်းသန်း(မန်းတက္ကသိုလ်)ရဲ့ နတ်ရှင်နောင်၊ ဆရာဦးလှလေးရဲ့ နတ်ရှင်နောင်နဲ့ ဒေတုကလျာ၊ ဆရာကြီးရွှေစကြာရဲ့ နှုတ်ခံတော်၊ ဆရာမြန်မာစာဂုဏ်ကျော်မြင့်ရဲ့ စာပေရိပ်မွန် ဆောင်းပါးများ စတာတွေ၊ သမိုင်းဆိုင်ရာ စာအုပ်တွေ ဖြစ်တဲ့ မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်တွေကို ဖတ်တယ်။ အဲဒီမှာ တခြားလူတွေရဲ့ ကွဲပြားတဲ့ နတ်ရှင်နောင်ကို ကျွန်တော် တွေ့တယ်။

ကျွန်တော်က နတ်ရှင်နောင်ကို အများ မြင်သလို မမြင်။ အများ ပုံဖော်သလို မဖော်တာ တမင်လုပ်တာ၊ ထွင်တာ မဟုတ်ပါဘူး။ ကျွန်တော် ရှာတွေ့ထား၊ စံထားတာတွေကြောင့် အခုလို ကွဲပြားသွားတာပါ။

ဒီစာအုပ်ကို နတ်ရှင်နောင်ဘက်က ရှေ့နေလိုက်တဲ့ စာအုပ်လို့ ဆိုချင်ဆိုနိုင်ပါတယ်။ ကျွန်တော် စံထားတဲ့ အချက်အလက်တွေ၊ မေးမြန်းလို့ ကြားထား သိထားတာတွေအရ နတ်ရှင်နောင်ဟာ အဘိုးကြီး မဟုတ်ပါဘူး။ အစွဲအလမ်းကြီးသူပီပီ တချို့ကိစ္စတွေမှာ ခေါင်းမာတတ်လို့ မှားတာတွေ ရှိပါလိမ့်မယ်။

နတ်ရှင်နောင်က ဘာ၊ နတ်ရှင်နောင်က ဘယ်လို ဆိုပြီး ပြောကြဆိုကြတာတွေ ရှိနေပါတယ်။ အဲဒါတွေကို ကျွန်တော်က တမင်ဆန့်ကျင်နေတာ မဟုတ်ပါဘူး။ ဒီလိုပါပဲလို့ ရိုးသားစွာ ယုံကြည်လို့ ဒီစာကို ရေးရခြင်း ဖြစ်ပါတယ်။

သမိုင်းမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ နန်းမတော်မယ်နု၊ စုဖုရားလတ်တို့အကြောင်း ရှင်းတမ်းအဖြစ် ကျွန်တော် ရေးခဲ့ဖူးပါတယ်။ သမိုင်းဖြစ်ရပ်တွေကို ဇာတ်နာအောင် လုပ်ကြတာတွေကြောင့် သမိုင်းထဲက ပုဂ္ဂိုလ်တွေအတွက်

တိုက်ပြီး နာမည်ပျက်ရတာ၊ နည်းနည်းတော့ မတရားဘူး ထင်ပါတယ်။ ပြန်မဖြေရှင်းနိုင်သူကို အပြစ်တွေ နင်းကန်ဖို့နေတာဟာ (ခွင့်လွှတ်ပါဗျာ…) လူကြီးလူကောင်းမဆန်ပါဘူး။

ကျွန်တော် နတ်ရှင်နောင်အကြောင်းကို ရေးတဲ့အခါမှာ အဖြစ်မှန် အနီးစပ်ဆုံး ဖြစ်အောင် ကြိုးစားပါတယ်။ ရတုဘုရင်ရဲ့ စာပေကျေးဇူးကို အကောင်းမြင်တဲ့စိတ်နဲ့ ထပ်ကြည့်ဖို့ ကြိုးစားတာလို့ ပြောရင်လည်း ရပါတယ်။

နတ်ရှင်နောင်… ရူးသွပ်သူလို့ ပြောချင်ရင် ပြောနိုင်ပါတယ်။ တိုင်းတစ်ပါးက သမိုင်းဆရာတွေ ရေးတာတွေကို ဖတ်ပြီး လိုတာကိုယူ၊ မလိုတာ ပယ်ပြီး ပုံဖော်ကြည့်တာ အစစ်အမှန် မဖြစ်နိုင်ပါဘူး။

ဒီစာအုပ်မှာ ကျွန်တော် အတတ်နိုင်ဆုံး ရှန်ရှောင်ထားပါတယ်။ ရှေ့တန်း မတင်သင့်တာတွေကို ဖယ်ထားပါတယ်။

ဒီစာအုပ်ကို ရေးသားဖို့ ဆုံးဖြတ်ပြီးချိန်၊ ရေးသားနေချိန်တွေမှာ လိုအပ်တဲ့ အကူအညီတွေ ပေးခဲ့တဲ့ ရေးဖော်သူငယ်ချင်း အုန်းမြင့်ဦး၊ လိုအပ်တဲ့ စာအုပ်စာတမ်းတွေ ရှာဖွေပေးခဲ့တဲ့ တူမကြီး ဒေါက်တာခင်မေဦး(လက်ထောက်ကထိက၊ ရန်ကုန်တက္ကသိုလ်)၊ မိတ်ဆွေကြီး ဒေါက်တာအောင်ဇော်(မြန်မာစာပါမောက္ခ၊ ငြိမ်း)၊ ကျွန်တော့်ကို မေတ္တာနဲ့ ဆေးကုပေးရင်း နတ်ရှင်နောင်နဲ့ ပတ်သက်လို့ ဝေဖန်ဆွေးနွေးလေ့ရှိတဲ့ ဒေါက်တာလှမြင့်(နှလုံးလှဆေးခန်း-မြောက်ဥက္ကလာ)၊ နည်းပေးလမ်းပြ ဩဝါဒပေးရင်း နတ်ရှင်နောင်ကို အရင်းအတိုင်း မြင်နိုင်အောင် ကူညီခဲ့တဲ့ ဆရာကြီးဒဂုန်တာရာနဲ့၊ နတ်ရှင်နောင်ရဲ့ စာပေအပေါ်… နတ်ရှင်နောင်ရဲ့ ချစ်ခြင်းမေတ္တာအပေါ် စိတ်ဝင်စားစေခဲ့တဲ့ ဆရာတက္ကသိုလ်တုန်းနိုင်(ကွယ်လွန်)၊ ဒီစာအုပ်ရဲ့ အကျအပေါက်တွေကို ပြင်ဆင်၊ ရှေ့နောက် မညီတာတွေကို ထောက်ပြဝေဖန် ကူညီခဲ့တဲ့ မာန်(တောင်လုံးပြန်)တို့နဲ့ ကိုးကားစရာ စာအုပ်တွေ ရေးခဲ့တဲ့ ဆရာများကို အထူးပဲ ကျေးဇူးတင်ပါတယ်။ နောက်ဆုံးမှာ ဖော်ပြခဲ့တဲ့ 'ကံနည်းသူ နတ်ရှင်နောင်' ကဗျာဟာ ဆရာ တက္ကသိုလ်မောင်သန့်စင်၊ ပါမောက္ခကြီး ဦးဇမောင်ရဲ့ ကဗျာ ဖြစ်ပါတယ်။

ငြိမ်းချမ်းပါစေ
ကောင်းထက်



ကလျာရွှေညီ၊ နန်းကေသီသို့
ဦးချိုလက်စုံ၊ ရှိပဒုံဖြင့်
ခိုလှုံဖျဖျ၊ ခစားကြ၍
ဂီတသံအေး၊ ငြိမ့်လေးညင်းတွဲ့
နန်းဟန်ဖွဲ့၍၊ ကနွဲ့ကလျ
ဖြေဖျော်ကြလည်း၊ သောကကိန်းအောင်း
ပူလက်ဟောင်းကြောင့်၊ ပျော်ကြောင်းမထင်
ပူကြွေးတင်၍၊ မရှင်လျက်နှင့်
ရှင့်အောင်ကျင့်သည်. . .
ခုဖြင့် ဖြေခက်သည်တကား။
မြလွှာဝေစီ၊ နွေခဒီဝယ်
ရွှေဖီသင်းပျံ့၊ နှင်းရနံ့နှင့်
ခင်းညှံ့မြေဇာ၊ လေညင်းလာက
ရွှေမာလာငုံ၊ ပန်းဝတ်မှုန်တို့
ကြွေတုံသက်ဆင်း၊ ကိုက်ငုံကင်းနှင့်
အင်ကြင်းဖြူနီ၊ ရိုးတံချိုလျက်
သံညီဥသြ၊ နှုတ်ချိုနှော၍
တောင်တောသာခွင့်၊ ရာသီဖွင့်သည်
နုရင့်ငွေစက်လည်တကား။
မဟာစေတီ၊ မွေသရီ၏
မြေညီခင်းဖြန့်၊ သလင်းသန့်ဝယ်
နှင်းပန်းတပ်၊ ဝတ်ဖြူလဲနှင့်
နန်းထဲနန်းလေ့၊ သီမတွေ့ဘဲ
ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်
ခိုင်တည်နှလုံး၊ တဖြောင့်သုံးရှာ
နှောင်ထုံးကေပင်၊ ဖြေလျော့ချင်လည်း
နတ်သျှင်သူ့ကြောင့်၊ တရေးမှောင့်ခဲ့
မဖြောင့်ပျံ့လွင့်၊ နှောင်ကြိုးဝင့်သည်
လူလင့်ငွေမျက်ရည်တကား။

ရာဇဓာတုကလျာ

# အယုဒ္ဓယမှအပြန်

အယုဒ္ဓယမြို့ဆီမှ တံပိုး ခရာသံတွေ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသည်။ ထိုတံပိုးခရာသံက အယုဒ္ဓယမြို့အနီးသို့ ရောက်အောင် ချီလာသော အင်အား သိန်းချီနေသည့် ဟံသာဝတီတပ်ကို ရပ်တန့်သွားစေသည်။

ဆင် တစ်ထောင့်ငါးရာ၊ မြင်း နှစ်သောင်းနှင့် ရဲမက်အင်အား နှစ်သိန်း လေးသောင်းတို့ကို အုပ်ချုပ်လာသော ဟံသာဝတီ အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာက လက်တစ်ဖက်ကို ဖြည်းညင်းစွာ ပင့်မြှောက်လိုက်သည်။ ထိုအခါ ဥပရာဇာ အနားတွင် ရှိနေသော သွေးသောက်ကြီးက တံပိုးခရာကို ထုတ်ကာ အသံရှည် ဆွဲပြီး မှုတ်လိုက်သည်။ ဟံသာဝတီတပ်ဦးမှ မှုတ်လိုက်သော တံပိုး ခရာသံသည် အယုဒ္ဓယမြို့ဆီမှ ပျံ့လွင့်လာသည့် တံပိုး ခရာသံနှင့် ကွဲလွဲစွာ ပေါ်ထွက်လာသည်။

ဟံသာဝတီ ဥပရာဇာ မင်းကြီးစွာကိုယ်တိုင် အုပ်ချုပ်ကွပ်ကဲလာသည့် ဟံသာဝတီနှင့် တောင်ငူ လူပေါင်းထားသော တပ်များဆီမှ တံပိုး ခရာသံတို့ ဆက်ကာဆက်ကာ ပေါ်လာသည်။ ထို့နောက် တပ်ဦးထိပ်မှ မြင်းစီးသူရဲ

တစ်ယောက်က ဟံသာဝတီတပ်တစ်ခုပြီး တစ်ခုသို့ မြင်းကို အပြင်းစိုင်းနှင်ပြီး ကူးသည်။

မြင်းစီးသမားသည် ပထမဆုံး ဥပရာဇာ၏ တပ်ကို လက်ယာဘက်မှ ရံထားသော ပြည်ဘုရင် မင်းကြီးနောင်း၏ တပ်ရှိရာသို့ ရောက်သွားသည်။ ထိုမှနေ၍ ဟံသာဝတီ တပ်ဖွဲ့ငယ်များဆီသို့ ကူးသည်။ ထိုမှတစ်ဆင့် ဘယ်ဘက်မှ ရံပြီး ချီတက်လာသော တောင်ငူမင်း၏ သားတော် နတ်ရှင်နောင် ဦးစီးသော တပ်များဆီသို့ ဝင်သည်။

မြင်းစီးသမားသည် မဟာဥပရာဇာ၏ 'ငါ့အမိန့်ရမှ တိုက်' ဆိုသည့် စကားကို တပ်ပေါင်း နှစ်ဆယ့်ကိုးတပ်၏ တပ်မှူးများကို ပြောကြားပြီးနောက် မြင်းကို မဟာဥပရာဇာ၏ တပ်ရှိရာသို့ ပြန်လည်ထွက်ခွာသည်။

အယုဒ္ဓယတပ်သည် ဟံသာဝတီ ဥပရာဇာကိုယ်တိုင် အုပ်ချုပ်လာသော မြန်မာတပ်ကို ချက်ချင်း တိုက်ခိုက်လာခြင်း မရှိ။ မြို့ကို အခိုင်အမာ ကာရံထားသော မြို့ရိုးအပြင်သို့ ထွက်ကာ ဟန်ရေးပြနေကြသည်။

"ဟော့ သစ္စာဖောက် ဖြနရာဇ်... ကြောက်လို့ ပုန်းနေပြီလား၊ ယောက်ျား ဆို ခု ထွက်ခဲ့စမ်း"

ဟံသာဝတီ ဥပရာဇာ၏အနားတွင် ရှိနေသော ရဲမက်က သံကုန်ထုတ်ပြီး အော်သည်။ ထိုအော်သံ အဆုံးတွင် အယုဒ္ဓယမြို့ထိပ်တွင် ဆင်ထားသည့် အမြောက်များ၏ ပစ်ခတ်သံ ဆက်ကာဆက်ကာ ပေါ်လာသည်။

အမြောက်ကျည်ဆန်များသည် တပ်နှင့် အနည်းငယ်လှမ်းသော နေရာ၌ ကျရောက်သည်။ ဥပရာဇာသည် မြို့ပြင်တွင် စုဝေးနေသော အယုဒ္ဓယတပ် ရှိရာသို့ လှမ်းကြည့်သည်။ ထို့နောက်တွင် ဥပရာဇာက အနီး၌ရှိသော ငယ်ကျွန်တော် ဇာပရိစားအား လှမ်းကြည့်သည်။ ဇာပရိစားမှာ ဆင်တော် ပေါက်ကျော်ဓေယျ ပေါ်၌ အသင့်ရှိနေသည်။ ဆင်တော်မှာ မုန်အပြည့်နှင့်မို့ မျက်နှာကို ပုဆိုးဖြင့် အုပ်ထားရသည်။

"ဇာပရိစား... အယုဒ္ဓယတပ်က ငါတို့နဲ့ တိုက်ပြီဆိုရင် ဖြနရာဇ်က ငါ့ကို ဦးတည်ပြီး တိုက်လိမ့်မယ်၊ သူ ရောက်လာရင် ပေါက်ကျော်ဓေယျကို လွှတ်ပေတော့..."

"မှန်ပါ အရှင်၊ ကျွန်တော်မျိုး အမှားအယွင်း မရှိ ဆောင်ရွက်ပါ့မယ်"

အယုဒ္ဓယရဲမက်တို့ထံမှ ကြာသံပေး အော်ဟစ်သံကို ကြားရသည်။



ရဲမက်များရှေ့တွင် ဆင်တော် ဖြူလပုံကို စီးပြီး အသင့်ရှိနေသော ဖြနရာဇ်က ရှေ့ကို တိုးထွက်လာသည်။

"ဖြနရာဇ်တဲ့ဟေ့"

အယုဒ္ဓယ ရဲမက်တို့၏ အော်ဟစ်ကြွေးကြော်သံက အယုဒ္ဓယမြို့ ပတ်ဝန်းကျင် တစ်ခုလုံး တုန်ဟည်းသွားမတတ် ပေါ်လာသည်။ ဟံသာဝတီ ဥပရာဇာက ဆင်တော်ရဲ့ ဘုန်းစုံပေါ်တွင် ကုန်းလည်စီးအဖြစ် ပါလာသော တုရင်ဗလအား တစ်ချက် လှမ်းကြည့်သည်။

"တုရင်ဗလ... ဖြနရာဇ်က ငါ့ကို ဦးတည်ပြီး တိုက်လိမ့်မယ်၊ သင်းနဲ့ ငါက ဟံသာဝတီမှာ တိုက်ရေးခိုက်ရေးတွေ သေနင်္ဂဗျူဟာတွေ အတူ သင်ခဲ့ကြတာ၊ သင်းရဲ့ စိတ်အကြံကို ငါ သိတယ်"

မဟာဥပရာဇာသည် တုရင်ဗလအား ပြောပြီးနောက် ငယ်ကျွန်တော် ဇာပရိစားအား တည်ကြည်လေးနက်သော အမူအရာဖြင့် လှမ်းကြည့်သည်။ ဆင်တော် ပေါက်ကျော်ဓေယျကို ချွန်းအုပ် ထိန်းနေရသော ဇာပရိစားက မဟာဥပရာဇာ၏ အကြည့်ကို နားလည်သဘောပေါက်ဟန် မသိမသာ ခေါင်းညိတ်ပြသည်။

အယုဒ္ဓယဘုရင် ဖြနရာဇ်သည် ဆင်တော် ဖြူလပုံကို ချွန်းဖွင့်ပြီး ဥပရာဇာထံသို့ တစ်ဟုန်ထိုး ဝင်သည်။ ဥပရာဇာကလည်း ဆင်တော်ရဲ့ ဘုန်းစုံကို ချွန်းဖွင့်ပြီး ဖြနရာဇ်ထံသို့ ဝင်သည်။ ထိုအချိန်မှာပင် ဇာပရိစားက ဆင်တော် ပေါက်ကျော်ဓေယျ၏ မျက်နှာပေါ် အုပ်ထားသည့် ပုဆိုးကို ဖယ်လိုက်သည်။ မုန်ထနေသော ဆင်တော် ပေါက်ကျော်ဓေယျသည် နေရာမှ တစ်ဟုန်ထိုး ပြေးထွက်၏။

ဥပရာဇာတပ်ကို ဝဲဘက်မှ ရံထားသော တောင်ငူတပ်သည် တိုက်ပွဲဝင်ရန် ရှေ့တိုးလာ၏။ တပ်ကို အုပ်ချုပ်သော တောင်ငူဘုရင့်သားတော် နတ်ရှင်နောင်က ဆင်တော်ဥပေါသထကို ချွန်းဖွင့်ပြီး ထွက်သည်။

"တပ်ကို ကွပ်ကဲပြီး ရှေ့တိုး ထွက်စမ်း နေမျိုးသီရိ၊ ငါ နောင်တော့်ကို ကူဖို့ သွားမယ်"

နတ်ရှင်နောင်၏ စကားအဆုံးမှာပင် ရှေ့ကို တိုးထွက်သွားသည့် ဆင်တော် ပေါက်ကျော်ဓေယျသည် ရုတ်တရက် နောက်ကြောင်းပြန်လှည့်ကာ ဥပရာဇာ၏ ဆင်တော်ရဲ့ ဘုန်းစုံကို ဖေ့သည်။ ဥပရာဇာမှာ ဖြနရာဇ်၏ ဆင်ကို

အရေးမထားနိုင်တော့ဘဲ မုန့်ထပြီး မိမိတို့ဘက်သို့ လှည့်ကာ ရန်ပြုနေသော ဆင်တော် ပေါက်ကျော်ဇေယျကို လှည့်ရင်ဆိုင်သည်။

တိုက်ပွဲအသွင် ရုတ်တရက် ပြောင်းသွားစဉ်မှာပင် ဆင်တော်ရဲ့ ဘုန်းစုံပေါ် တင်ထားသည့် ကလည်သွားသည်။ ဥပရာဇာနှင့် ကုန်းလည်စီး တုရင်ဗလတို့ အာရုံ ထွေပြားသွားကြ၏။

"သယ်... အရေးထဲ အရာပေါ် ဘာဖြစ်ရပြန်တာတုံး"

"မှန်လှပါ... ကလည်သွားတာပါ၊ ကျွန်တော်မျိုး ချက်ချင်း ပြင်ဆင်ပါ့မယ်"

ဥပရာဇာက လက်တစ်ဖက်တွင် ရတနာဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ညာလက်ဖြင့် လှံကို ဆုပ်ကိုင်သည်။ ထိုအချိန့်တွင် အယုဒ္ဓယမြို့ဘက်မှ ပေါက်ကွဲသံတစ်သံ ပေါ်လာသည်။ ပေါက်ကွဲသံနှင့်အတူ ပြင်းထန်သော အရှိန်အဟုန်တစ်ခု အိမ်ရှေ့ဥပရာဇာ၏ ရင်ကို လာရောက်ရိုက်ခတ်သည်။ ရင်တစ်ပြင်လုံး မီးစနှင့် အထိုးခံရသည့်ပမာ နာသွားပြီး ဥပရာဇာ၏ ကိုယ်မှာ နောက်သို့ လန်ကျသွားသည်။

"သတိထားပါ အရှင်"

တုရင်ဗလက အိမ်ရှေ့ဥပရာဇာကို ထိန်းမတ်လိုက်သည်။ အခြေအနေကို စောင့်ကြည့်နေသော ဖြုန်ရာဇ်က အိမ်ရှေ့ဥပရာဇာ၏ ဆင်တော်ရဲ့ ဘုန်းစုံရှိရာကို တိုးဝင်လာသည်။ အိမ်ရှေ့ဥပရာဇာ၏အနားသို့ မရောက်ခင် ချွန်းဖွင့်ပြီး ဝင်လာသော ဆင်တစ်စီးကို ရင်ဆိုင်ရ၏။ ထိုစဉ်မှာ နတ်ရှင်နောင်၏ ဥပေါသထဆင်ပင် ဖြစ်၏။

နတ်ရှင်နောင်သည် တုရင်ဗလအား မှီပြီး ထိုင်နေသည့် အိမ်ရှေ့ဥပရာဇာဘက်သို့ တစ်ချက် လှမ်းကြည့်ပြီးနောက် ဆင်တော် ဖြုလပုံကို စီးနင်းထားသော ဖြုန်ရာဇ်အား တရကြမ်း ဝင်ရောက်တိုက်ခိုက်သည်။ ဟံသာဝတီတပ်မှူးများသည် နတ်ရှင်နောင်နှင့်အတူ ဖြုန်ရာဇ်၏ အယုဒ္ဓယတပ်ကို ဝင်ရောက်တိုက်ခိုက်သည်။ လက်တစ်ကမ်း တိုက်ပွဲမှာ ရုတ်ခြည်းပင် ပြင်းထန် ရှုပ်ထွေးသွားလေ၏။

ဖြုန်ရာဇ်မှာ ဟံသာဝတီ အိမ်ရှေ့ဥပရာဇာနှင့် ပညာသင်ဘက်အဖြစ် မိမိကိုယ်ကိုယ်မိမိ အထင်ကြီးပြီး တောင်ငူ တပ်မှူးငယ်ကို အထင်အမြင်သေးသည်။ ထို့ကြောင့် နတ်ရှင်နောင်အား များစွာ အရေးမထားဘဲ ပြန်လည်တိုက်ခိုက်၏။ ဆင်ချင်း ယှဉ်မိလျှင်ပင် ပြင်းထန်သော တိုက်ခိုက်မှုကို ခံရသဖြင့် ဆင်တော်



ဖြုလပုံမှာ တုံ့ဆိုင်းသွားသည်။ ဖြုန်ရာဇ်က အခြေအနေမပျက်အောင် ထိန်းရင်း နတ်ရှင်နောင်၏ တိုက်ခိုက်မှုကို ခုခံသည်။ သို့သော် မင်းပျိုမင်းလွင်ပီပီ စိတ်အားတက်ကြွစွာ တိုက်ခိုက်နေသော နတ်ရှင်နောင်၏ တိုက်ခိုက်မှုကို မခံနိုင်သဖြင့် ဖြုန်ရာဇ် နောက်ဆုတ်ရ၏။

အယုဒ္ဓယတပ်မှူးများသည် ဖြုန်ရာဇ် နောက်ဆုတ်နေရသည်ကို မြင်သည်နှင့် ဝိုင်းပြီး ကာကွယ်ရန် ကြိုးစားသည်။ သတိုးဓမ္မရာဇာ အမှူးပြုသော တပ်မှူးစစ်ကဲတို့က ဆင် မြင်း လက်နက် အပြည့်အစုံဖြင့် ဝင်တိုက်၏။ နတ်ရှင်နောင်၏ တပ်သားများက ကြွေးကြော်သံပေး အော်ဟစ်ပြီး အယုဒ္ဓယတပ်ကို တိုက်သည်။

အယုဒ္ဓယတပ်မှာ ဟံသာဝတီနှင့် တောင်ငူတပ်၏ တိုက်ခိုက်မှုကို မခံနိုင်။ နောက်ကို တစ်ဆုတ်တည်း ဆုတ်ရင်း ကျုံးအနားသို့ ရောက်လာသည်။

"အယုဒ္ဓယသားတွေ ကြောက်လို့ ပြေးကြတာလား"

"သစ္စာဖောက်က ကြောက်လို့ ပြေးတာဟေ့၊ ရန်သူကို အသေသတ်ကြစမ်း"

ရဲမက်များ၏ အော်သံ၊ တပ်မှူးစစ်ကဲတို့၏ အမိန့်ပေးသံတို့ ပေါ်လာသည်။ ဓားချင်း ထိသံ၊ ဆင်ချင်း တွေ့သံ၊ မြင်းချင်း ယှဉ်သံတို့ကြောင့် အယုဒ္ဓယမြို့ပြင် မြေကွက်လပ်မှာ စစ်တလင်းကြီးအဖြစ် ပေါ်လွင်နေ၏။

"တောင်ငူသားတွေ သိပ်စွာနေကြပါလား၊ ငါကိုယ်တိုင် နင်တို့ကို သတ်မယ်"

ဟံသာဝတီတွင် ဘုရင့်နောင်မင်းတရားကြီး၏ အရိပ်ကို ခိုကာ နှစ်အတန်ကြာ နေခဲ့သော ဖြုန်ရာဇ်က နတ်ရှင်နောင် ကြားအောင် အော်ဟစ် ပြောဆိုသည်။ သို့သော် ကိုယ်တိုင်က နတ်ရှင်နောင်၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေခြင်းကို မခံနိုင်ဘဲ တဆုတ်တည်း ဆုတ်သည်။ အယုဒ္ဓယ တပ်မှူးများက ဖြုန်ရာဇ် ဆုတ်သာအောင် လမ်းကာပေးကြ၏။

နတ်ရှင်နောင် ဦးစီးသော တောင်ငူတပ်သည် ဖြုန်ရာဇ်ကို မရနိုင်မှန်းသိသည့်အခါ အယုဒ္ဓယ တပ်မှူး စစ်ကဲတို့ကို ဝိုင်းတိုက်သည်။ အပြန်အလှန် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြပြီးနောက် အယုဒ္ဓယ အမတ် ဩယာပတ်နှင့် ဩယာစက္ကိတို့မှာ အဖမ်းအဆီး ခံရလေသည်။

ဖြုန်ရာဇ်သည် အခွင့်အရေး ရခိုက် အယုဒ္ဓယမြို့အတွင်းသို့ ဝင်ပြေးသည်။ ထုံးပိုစား လက်ဝဲဓားမှူးနှင့် ဝင်ယော်စားတို့က ဖြုန်ရာဇ်၏နောက်သို့

တစ်ဟုန်ထိုး လိုက်၏။ ရှေ့သို့ ကျုံ့နေပြီဟု သိသိချင်း သူတို့က တိုက်နေသည့် အရှိန်ကို တန့်ကာ နောက်ပြန်လှည့်ရန် ကြိုးစားသည်။ သို့သော် လက်ဝဲဗေးမှူးတို့ နောက်ပြန်မလှည့်လာတော့။ အယုဒ္ဓယတပ် အဝိုင်းခံရပြီးနောက် အဖမ်းအဆီး ခံရလေသည်။

နတ်ရှင်နောင်သည် မြနရာဇ် လွတ်သွားသည်နှင့် ဒဏ်ရာရထားသော အိမ်ရှေ့ဥပရာဇာ ရှိရာသို့ ပြန်လှည့်သည်။

"အိမ်ရှေ့ကိုယ်တော်ရဲ့ ဒဏ်ရာ ပြင်းထန်သလား တုရင်ဗလ"

နတ်ရှင်နောင်သည် ယခုအချိန်အထိအောင် အိမ်ရှေ့ဥပရာဇာအား ပွေ့ပိုက်ထားဆဲ ဖြစ်သော တုရင်ဗလကို မေးသည်။ တုရင်ဗလက နတ်ရှင်နောင်၏ အမေးကို ရုတ်တရက် မဖြေနိုင်။ နှုတ်ခမ်းများက တဆတ်ဆတ် တုန်နေရင်းက မျက်ရည်တွေ တွေတွေ စီးကျသည်။ တစ်ခဏကြာမှ ဆို့နင့်ကြေကွဲသံနှင့်…

"အိမ်ရှေ့ကိုယ်တော် နတ်ရွာလားပါပြီ"

တုရင်ဗလက တိုးတိမ်စွာ ပြောလိုက်သံကို မိုးထစ်ချုန်းသံပမာ ကြားရ၏။ နတ်ရှင်နောင်သည် ချက်ချင်းပင် သတိဝင်ကာ တပ်များကို ဆုတ်ရန် အမိန့်ပေးသည်။ မြန်မာ့တပ်သည် အယုဒ္ဓယမြို့နှင့် တစ်တိုင်ကျော်ခန့် ဝေးသည် အထိ ဆုတ်ခွာ၏။ အယုဒ္ဓယတပ် လက်လှမ်းမမီရာသို့ ရောက်သည်နှင့် တပ်မှူး စစ်ကဲအပေါင်းတို့ စုဝေးပြီး စစ်ရေးကိစ္စ နှီးနှောတိုင်ပင်ကြသည်။ အိမ်ရှေ့ ဥပရာဇာ မရှိတော့သည်နှင့် တပ်အပေါင်း၏ အကြီးအကဲ ဖြစ်လာသော ပြည်ဘုရင် သတိုးမဟာဓမ္မရာဇာ(မင်းကြီးနှောင်း)က တပ်မှူးစစ်ကဲများတို့၏ သဘော ဆန္ဒကို နားထောင်သည်။

"အယုဒ္ဓယသားတွေ အရေးနိမ့်ခိုက်မှာ စစ်ကို ပြီးစီးအောင်မြင်အောင် တိုက်သင့်ပါတယ်၊ အိမ်ရှေ့မင်း အလောင်းတော်ကို မီးသဂြိုဟ်ပြီး တိုက်ပွဲ ဆက်သင့်ပါတယ်"

"မှန်လှပါ၊ အယုဒ္ဓယအရေးဟာ အချိန်အခါမရွေး ဆောင်ရွက်နိုင်တဲ့ အရေး ဖြစ်ပါတယ်၊ အခု အယုဒ္ဓယတပ်သားတွေ ဆုတ်ခွာသွားပေမယ့် အရေး နိမ့်သွားပြီ မဆိုနိုင်ပါဘူး၊ ထိုးမယ့်ဆင် နောက်တစ်လှမ်း ဆုတ်သလို နောက်ဆုတ် အားယူတာမျိုး ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် စစ်မက် ဆက်တိုက်ရင် ကာလ ရှည်ကြာပါလိမ့်မယ်၊ ကျွန်တော်မျိုးတို့ စစ်ကို နားပြီး အိမ်ရှေ့ဥပရာဇာရဲ့ အလောင်းတော်ကို သယ်ပြီး နေပြည်တော် အရောက်ပြန်သင့်ပါတယ်"



"မှန်လှပါ… ကျွန်တော်မျိုး တောင်ငူတပ်မှူးငယ် လျှောက်ထား တင်ပြပါရစေ၊ အယုဒ္ဓယဘုရင် မြနရာဇ်ဟာ အိမ်ရှေ့ကိုယ်တော် နတ်ရွာစံကြောင်း သိရင် အင်အားအလုံးအရင်းနဲ့ မြို့ပြင်ထွက်ပြီး တိုက်ခိုက်ပါလိမ့်မယ်၊ အယုဒ္ဓယ တပ်က အနားရပြီး အင်အားပြည့်နေချိန်မှာ ကျွန်တော်မျိုးတို့ ဟံသာဝတီတပ်က အိမ်ရှေ့ကိုယ်တော် မရှိတော့လို့ အားပျက်နေတာကြောင့် နစ်နာဆုံးရှုံးဖို့ များပါ တယ်"

နတ်ရှင်နောင်က စကားကို သိုင်းဝိုင်းပြီး လျှောက်ထားတင်ပြသည်။ ပြည်ဘုရင်မင်းကြီးနှောင်းက နတ်ရှင်နောင်အား စူးစူးစိုက်စိုက် ကြည့်ပြီး-

"ဒါဆိုရင် ငါတို့ ဘာလုပ်သင့်သလဲ နတ်ရှင်ငယ်"

"မှန်လှပါ… နေပြည်တော်အရောက် ဆုတ်ခွာသင့်ပါတယ်၊ ဘဝရှင် မင်းတရားကြီးက နတ်ရွာစံရှာတဲ့ သားတော်ရဲ့ အလောင်းကို တွေ့ချင် မြင်ချင် ပါလိမ့်မယ်၊ ဒါကြောင့် အလောင်းတော်ကို မပုပ်မသိုးအောင် စီစဉ်ပြီး နေပြည်တော် အရောက် ပြန်သင့်ပါတယ်"

နတ်ရှင်နောင်၏ စကားက တပ်အပေါင်း၏ အကြီးအမှူး ဖြစ်သော မင်းကြီးနှောင်းအား တွေဝေသွားစေသည်။ မင်းကြီးနှောင်းသည် တစ်ခဏမျှ ငြိမ်နေပြီးနောက် နေပြည်တော်သို့ ပြန်ရန် အမိန့်ချမှတ်လေသည်။

"အိမ်ရှေ့စံရဲ့ အလောင်းတော်ကို သယ်ဖို့ သရက်သားကို ပျဉ်လုပ်၊ အလောင်းကို ပြဒါးသွပ်ပြီး နေပြည်တော်အရောက် ပြန်ကြမယ်၊ တပ်မှူးစစ်ကဲ အပေါင်းတို့ အမြန်ဆုံး စီစဉ်ကြစေ၊ နတ်ရှင်ငယ်က ဦးစီးဦးဆောင်ပြုပါ"

တာဝန်တစ်ရပ်က နတ်ရှင်နောင် ပခုံးထက်သို့ ရုတ်ခြည်း ရောက်လာသည်။ နတ်ရှင်နောင်သည် တတ်ကျွမ်း နားလည်သူတို့ အကူအညီဖြင့် အိမ်ရှေ့စံ၏ အလောင်းကို မပုပ်မသိုးအောင် စီစဉ်ပြီး အခေါင်းသွင်းသည်။ စီစဉ်သည့် အတိုင်း လုပ်ကိုင်ပြီးစီးသည်နှင့် နေပြည်တော်သို့ ပြန်ရန် အဆင်သင့် ဖြစ်ကြောင်းပင် မင်းကြီးနှောင်းအား လျှောက်ထားသည်။ မင်းကြီးနှောင်းက တပ်အပေါင်းကို မိမိအစုအဖွဲ့အလိုက် တပ်မှူး စစ်ကဲများက အုပ်ချုပ်စေပြီး အိမ်ရှေ့ဥပရာဇာ အလောင်းတော်ကို သယ်ကာ နေပြည်တော်သို့ အပြန်ခရီး စတင်စေသည်။ မြန်မာတပ်အပေါင်းသည် အယုဒ္ဓယစစ်မြေပြင်မှ နေပြည်တော်သို့ ပြန်ခဲ့ကြလေ၏။

❑

# မြင်မိဖြူတ်ချည်း မျှော်ကတည်းက

လေပြည်အနွဲ့တွင် သစ်ရွက်ဝါတွေ တဖွဲဖွဲ လွင့်ကြွေ၏။ ဟံသာဝတီမြို့ပြင်ရှိ သစ်ပင်တွေ ဝိုင်းနေသော မြေကွက်လပ်တွင် ရှိနေသူတို့က လေပြည်နွဲ့နေသည်ကို မသိ။ လေအလာတွင် ရွက်ဝါတွေ လွင့်ကြွေနေသည်ကိုလည်း မသိ။ သူတို့၏ အာရုံက မီးသင်္ဂြိုဟ်ရန် အဆင့်ဆင့် ထပ်စီထားသော သစ်လုံးများပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသော အိမ်ရှေ့ဥပရာဇာ၏ အလောင်းဆီသို့သာ ရောက်နေကြ၏။

ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်သည် သားတော် အိမ်ရှေ့စံ၏ ရုပ်အလောင်းကို နောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်လိုက်၏။ ထို့နောက် မျက်နှာကို ညင်သာစွာ လွှဲဖယ်ပြီး အခြားတစ်ဖက်သို့ ကြည့်သည်။ ထိုအချိန်မှာပင် တာဝန်ကျ အမတ်က အလောင်းတင်ထားသည့် စင်အောက်ခြေကို စတင်ပြီး မီးရှို့သည်။ သစ်ကိုင်းအခြောက်များမှာ တစ်ခဏအတွင်းမှာပင် မီးစွဲလောင်၏။

နန္ဒဘုရင်နှင့် မနီးမဝေးတွင် ရှိနေသော အိမ်ရှေ့ဥပရာဇာ၏ မြောက်သားတော် ရာဇဓာတုကလျာမှာ ရီဝေသော မျက်လုံးအစုံဖြင့် အလောင်းစင်ကို ကြည့်နေသည်။ ရာဇဓာတုကလျာ၏ မျက်နှာမှာ ကြေကွဲဆို့နင့်ဟန်တွေ ထင်ရှားစွာ ပေါ်နေ၏။

အယုဒ္ဓယ စစ်ပွဲတွင် အိမ်ရှေ့မင်းနှင့်အတူ ပါဝင်ခဲ့သော ရဲမက်ဗိုလ်ပါများ၊ မှူးမတ်များတို့သည် အိမ်ရှေ့စံ၏ အလောင်းကို မီးသင်္ဂြိုဟ်ရာအနီးတွင် ငြိမ်သက် တိတ်ဆိတ်စွာ ရပ်နေကြသည်။ အားလုံး၏ အကြည့်က တဖြည်းဖြည်း မီးတောက်မီးလျှံတွေ ဖုံးအုပ်ခြင်း ခံနေရသည့် အိမ်ရှေ့မင်း၏ ရုပ်အလောင်းဆီသို့ ရောက်နေကြသည်။ ထိုအထဲတွင် နုပျိုပြည့်သည့်အပြင် မာန်တက်ကြွသည့် အသွင် ရှိနေသော တောင်ငူဘုရင့်သားတော် နတ်ရှင်နောင်တစ်ယောက် မပါဝင်ပေ။ ယောကျ်ားပီသ ချောမောသော်လည်း ငယ်မူငယ်ဟန် မပျောက်သေးသော နတ်ရှင်နောင်က တင့်တယ်ပြေပြစ်သော အသွင်နှင့် တစ်ကိုယ်တည်း ရပ်နေသော ရာဇဓာတုကလျာကို ငေးကြည့်နေလျက် ရှိ၏။

'မရီးတော် အိမ်ရှေ့မိဖုရားဟာ လှပလွန်း··· ကျက်သရေရှိလွန်းတဲ့ မျက်နှာမှာ မျက်ရည် မရှိပေမယ့် အလွန်အမင်း ကြေကွဲဟန်ပေါ်နေပါလား··· နောင်တော် အိမ်ရှေ့စံကြောင့် အစ်မတော်ရဲ့ ရင်ထဲမှာ မီးတောက်မီးလျှံတွေ ဟုန်းဟုန်းထ တောက်လောင်နေမယ် ထင်ပါရဲ့'

ကရုဏာနှင့် ကြည့်ရင်း နတ်ရှင်နောင်၏ ရင်တွင် နူးညံ့သိမ်မွေ့သော ဝေဒနာတစ်ရပ် ကပ်ငြိလာသည်။ ဝင်းပရွှန်းမြသော အလှတရားကလည်း စိတ်အာရုံကို သိမ်းပိုက်လိုက်သည့်ပမာ ရှိ၏။

မြရည်ကြောစိမ်းတို့ဖြင့် လှဲ့လှဲ့ရှိန်းနေသည့် အလှရှင်ကို မြင်ရစဉ်တွင် နတ်ပြည် မိုးသူဇာ ပျံကျလာသလားဟု ထင်မှတ်မှားမိ၏။ အလှတကာတို့၏ အရှင်··· အလှဘုရင်မကို မျက်တောင်ခတ်ရန် မေ့လျော့စွာ ငေးစိုက်ကြည့်နေမိ၏။

ရင့်ကျက်တည်ငြိမ်သော အလှပိုင်ရှင်ကို ယခုမှ တွေ့ရှုသည့်အတွက် ကံကြမ္မာကိုပင် အပြစ်တင်ရမလို ရှိသည်။ ပြစ်မျိုးမှဲ့မထင်သော အလှရှင်ကြောင့် ရင်မှာ သိမ်မွေ့ညင်သာစွာ လှုပ်ရှားနေရသည့် အဖြစ်သည် ငယ်နုသော နတ်ရှင်နောင်၏ နှလုံးသားအတွက် ခံနိုင်ရည် မရှိနိုင်လောက်အောင် ပြင်းထန်နေ၏။

''အိမ်ရှေ့မိဖုရားကို ကြည့်ရတာ မငိုမိအောင် အတင်းထိန်းချုပ်ထားပုံ ပေါ်နေတယ်၊ ကြာရင် မတ်တတ်ကနေ လဲကျသွားမယ့်ပုံပဲ အရှင့်သား''

အနားတွင် ရှိနေသော နေမျိုးသီရိ၏ စကားသံ တိုးတိုးကြောင့် နတ်ရှင်နောင်က ဓာတုကလျာအား စိုးရိမ်မကင်းသော အကြည့်ဖြင့် ကြည့်မိသည်။ ရာဇဓာတုကလျာသည် အမှန်ပင် ရပ်နေရာက လဲပြိုကျတော့မည့်ပမာ ရှိနေ၏။

"ဒုက္ခပါပဲ... အစ်မတော် လဲကျတော့မယ်"

နှုတ်မှ တီးတိုးရေရွတ်ရင်း နတ်ရှင်နောင်က ရှေ့ကို တိုးထွက်မည်ပြုသည်။ သို့သော် ညင်သာသည်နှင့်အမျှ ခိုင်မြဲသော လက်တစ်ဖက်၏ အဆုပ်အကိုင်ကြောင့် နေရာမှ မခွာမိဘဲ ရှိ၏။

"သတိထားပါ အရှင့်သား... ဒီနေ့က ဈာပနအခမ်းအနား ကျင်းပနေရာ ဖြစ်ပါတယ်၊ ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရှိနေတဲ့ ဒီအခမ်းအနားမှာ စိတ်ထင်တိုင်း ပြုမူလို့ မရပါဘူး"

အနားတွင် ရှိနေသော နေမျိုးသီရိက နတ်ရှင်နောင်၏ စိတ်ထားကို သိသည့်အလား ပြောသည်။ နေမျိုးသီရိ၏ စကားကြောင့် နတ်ရှင်နောင်မှာ လှုပ်ရှားသော စိတ်ကို ထိန်းရလေသည်။

အလောင်းတော်ကို မီးရှို့နေသည့် မီးပုံဆီမှ မီးတောက်တွေ ဟုန်းဟုန်းထနေသည်။ မီးတောက်များကြားမှ ကုန်းကုန်းထနေသော အိမ်ရှေ့မင်း၏ အလောင်းကို မီးသင်္ဂြိုဟ်ရန် တာဝန်ကျသူ တစ်ယောက်က ဝါးလုံးရှည်ရှည်ဖြင့် လှမ်းပြီး ထိုးထိုးချနေ၏။

အသားကို မီးလောင်ကျွမ်းသဖြင့် ပေါ်ထွက်နေသော ညှော်နံ့မှာ ပတ်ဝန်းကျင်ကို ပြန့်နေသည်။ ထိုညှော်နံ့မှာ အိမ်ရှေ့မိဖုရား ရှိနေရာအနီးတွင် ပို၍ ပြင်းထန်လိမ့်မည်ဟု နတ်ရှင်နောင် တွေးသည်။

"အစ်မတော် ထိပ်ထားခမျာ ရင်ထဲက အပူသောကကြောင့် ညှော်နံ့ကိုတောင် သတိမထားမိဘူး ထင်ပါရဲ့၊ ရင်ထဲမှာ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ ခံစားချက်ကြောင့် အရာရာကို မေ့မေ့လျော့လျော့ ရှိနေပုံပေါ်တယ်"

မီးပုံဆီမှ မီးခိုးငွေ့ မည်းမည်းတွေ ကောင်းကင်ပေါ်သို့ ထိုးတက်နေသည်။ မဟာဥပရာဇာအဖြစ်နှင့် ဘုန်းကြီးခဲ့သော မင်းကြီးစွာခမျာ မီးတောက်ထဲတွင် တဖြည်းဖြည်း လောင်ကျွမ်းခံနေရလျက် ရှိသည်။ မီးက အိမ်ရှေ့မင်းပါလားဟု ညှာတာခြင်း မရှိ။ ပြင်းထန်သော အပူရှိန်ဖြင့် တောက်လောင်နေ၏။

အိမ်ရှေ့မင်းကို နှုတ်ဆက်နေဟန်ရှိသော တံပိုးမှုတ်သံ ညင်သာစွာ ပျံ့လွင့်လာသည်။ အိမ်ရှေ့မင်း၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရသူတို့က မီးအရှိန်ကောင်းအောင် လောင်စာဖြည့်ကြသည်။ မီးပုံဆီမှ မီးတောက်တွေ ဟုန်းဟုန်းထ တောက်လောင်၏။

အိမ်ရှေ့ဥပရာဇာသည် ဟံသာဝတီ ရွှေမြို့တော်၏အပြင် ဝေးလံသော အရပ်တွင် ရန်သူ့ကျည်သင့်၍ နတ်ရွာစံခဲ့သည်။ မြို့တော်၏ ပြင်ပတွင် နတ်ရွာစံသူ ကွယ်လွန်သူ မင်းဆွေစိုးမျိုးတို့၏ အလောင်းကို မြို့တွင်းသို့ ဆောင်ယူခြင်း မပြုရ၊ မြို့ပြင်မှာသာ သင်္ဂြိုဟ်ရသော ထုံးစလေ့အရ အိမ်ရှေ့ကိုယ်တော်၏ အလောင်းကို မြို့ပြင် တောအုပ်လယ်တွင် ဈာပနအခမ်းအနား ကျင်းပပြီး မီးသင်္ဂြိုဟ်သည်။ ယခုဆိုလျှင် အိမ်ရှေ့ကိုယ်တော်၏ ရုပ်အလောင်းမှာ မီးသွေးတုံးတစ်တုံး အဖြစ်သို့ ရောက်ရှိနေပြီ။

ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ်နှင့် မိဖုရားအပေါင်းတို့ ဈာပနအခမ်းအနား ကျင်းပရာ တောအုပ်အလယ်ရှိ မြေကွက်လပ်မှ ထွက်ခွာသွားကြပြီ။ ဈာပနအခမ်းအနားသို့ တက်ရောက်လာသော မှူးမတ် သေနာပတိတို့ကလည်း အခမ်းအနား ပြီးဆုံးသည့် အထိမ်းအမှတ်နှင့် ထွက်ခွာသွားကြပြီ။

အိမ်ရှေ့မင်း၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် တာဝန်ရှိသော မှူးမတ်များ၊ ရဲမက်များတို့ နေရာမှ မခွာနိုင်ကြသေး။ ၎င်းတို့က ကျန်ရှိနေသည့် တာဝန်ကို ဆက်လက် ထမ်းဆောင်နေကြသည်။

တောင်ငူမင်းသားလေး နတ်ရှင်နောင်နှင့် သူ၏ နောက်လိုက်ငယ်ကျွန်တို့မှာ တာဝန် မရှိပါဘဲလျက် အိမ်ရှေ့မင်း၏ အလောင်းတော် မီးသင်္ဂြိုဟ်ရာ အနီးတွင် ရှိနေကြသည်။ သူတို့က ယခုအချိန်ထိ နေရာမှ မခွာကြသေးသော ရာဇဓာတုကလျာနှင့် ရံရွေတော်တို့အား ကြည့်ရှုနေသည်။

မီးပုံကြီးမှ မီးတွေ ငြိမ်းသေစပြုလာပြီ။ ရာဇဓာတုကလျာသည် မီးလောင်ကျွမ်းသွားသဖြင့် ပြာကျနေပြီဖြစ်သော မီးပုံဆီသို့ ငေးကြည့်နေသည်။ ညှိုးလျှနေသော ဓာတုကလျာ၏ မျက်နှာပြင်က ကြေကွဲဟန်ကို သိသာထင်ရှားစွာ ဖော်ပြနေသကဲ့သို့ ရှိ၏။

ရာဇဓာတုကလျာက ပြာကျနေပြီ ဖြစ်သော မီးပုံကို ငေးကြည့်နေသလို နောက်လိုက်နောက်ပါ အနည်းငယ်နှင့် အတူရှိနေသော နတ်ရှင်နောင်

ကလည်း ရာဇဓာတုကလျာအား ငေးကြည့်နေသည်။ ထိုတခဏ်တွင် နတ်ရှင်နောင်၏ နှလုံးသားမှာ ချစ်ခင်စိတ်... သနားစိတ်ဖြင့် တဖျပ်ဖျပ် လှုပ်ခတ်နေ၏။

"အခမ်းအနား ပြီးဆုံးလို့ ပြန်ဖို့သင့်ပါပြီ အရှင့်သား"

ငယ်ကျွန်လည်းဖြစ်၊ ကိုယ်ရံတော်လည်း ဖြစ်သော နေမျိုးသီရိ၏ စကားသံက နတ်ရှင်နောင်အား သတိဝင်လာစေသည်။ သို့သော် သူသည် ပရိဒေဝမီး တောက်လောင်နေရှာသော အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာအား ထားပြီး ပြန်မသွားနိုင် ရှိနေ၏။

"အိမ်ရှေ့မိဖုရား... ရွှေမြို့တော်ကို ပြန်ဖို့ ပြင်ဆင်နေပါပြီ အရှင့်သား"

နတ်ရှင်နောင်က ပင့်သက် တစ်ချက်ရှိုက်ပြီး ခေါင်းကို ညင်ညင်သာသာ ညိတ်ပြသည်။ သူ၏ မျက်လုံးအကြည့်တို့မှာ နေရာမှ ခွာထွက်နေသော ရာဇဓာတုကလျာထံသို့ ရောက်နေ၏။

အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာသည် ရံရွေတော်များနှင့်အတူ နေရာမှ ခွာထွက်သွားသည်။ နတ်ရှင်နောင်က ထွက်ခွာသွားသူများအား မျက်စိတစ်ဆုံး မြင်ရသည်အထိ ကြည့်သည်။ အိမ်ရှေ့မိဖုရား မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်အခါ သက်ပြင်းတစ်ချက် ညင်သာစွာချပြီး နေရာက ခွာသည်။

"ငါတို့ သွားကြမယ်၊ ဒီနေ့ ဘထွေးတော် ဘုရင်မင်းမြတ် ရှေ့တော်ကို ဝင်ပြီး စစ်ရေးကိစ္စတွေ အစီရင်ခံရဦးမယ်"

စကားအဆုံးတွင် နတ်ရှင်နောင် နေရာမှ ခွာသည်။ နောက်တော်ပါ နေမျိုးသီရိသည် အတူရှိနေသော နောက်လိုက်နောက်ပါများအား ရယ်ပြပြီး နတ်ရှင်နောင် နောက်သို့ လိုက်သည်။ နောက်လိုက်နောက်ပါများကလည်း နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့နောက်ကို လိုက်ခဲ့ကြလေသည်။

❑

# တင့်လှပေဟန်

ခန်းမဆောင်သည် ခမ်းနား ဖိတ်လက်ခြင်းအတိ ပြီး၏။ ငြိမ်သက်အေးချမ်းခြင်းကလည်း ခန်းမဆောင်၏ ကျက်သရေတစ်ပါးဟု ဆိုရမည် ဖြစ်သည်။

အိမ်ရှေ့မင်း၏ မိဖုရားဆောင်မှာ အရှိန်အဝါတစ်မျိုးဖြင့် လှပတင့်တယ်နေသည်ဟု နတ်ရှင်နောင် ထင်သည်။ ငယ်ရွယ်သော မင်းပျိုမင်းလွင်တစ်ပါးဖြစ်သည့် နတ်ရှင်နောင်မှာ စူးစမ်းလိုစိတ်နှင့် ခန်းမဆောင်ကြီးကို မျက်လုံးဝေ့ပြီး ကြည့်သည်။

နေခြည်ဖျော့ဖျော့ တိုးဝင်ကာ ရွှေရောင်အလင်းများ ပျံ့လွင့်နေသော ခန်းမဆောင်တွင် အိမ်ရှေ့မိဖုရား ရာဇဓာတုကလျာ၏ အငွေ့အသက်တွေ ဖုံးလွှမ်းနေသလို ရှိသည်။ အရာရာမှာ မှိုင်းညို့ရီဝေကာ ကြေကွဲခြင်း အရိပ်အယောင်တွေ ထင်နေသလို ရှိသည်။

အယုဒ္ဓယတိုက်ပွဲတွင် နောင်တော် အိမ်ရှေ့ဥပရာဇာနှင့် အနီးကပ်နေခဲ့ပြီး အယုဒ္ဓယဘုရင် မြနရာဇ်ကို တိုက်ပွဲမှ ဆုတ်ခွာပြီး မြို့တွင်းသို့ ပြေးဝင်သည်အထိ တိုက်ထုတ်ခဲ့သူပီပီ နတ်ရှင်နောင်မှာ တိုက်ပွဲအခြေအနေကို အသေအချာ

သိခဲ့သည်။ မိမိကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့သော တိုက်ပွဲအတွက် မျက်မြင်သက်သေ တစ်ယောက်လည်း ဖြစ်သည်။ ယခု အိမ်ရှေ့မိဖုရားဆောင်၏ ဧည့်ခန်းမသို့ ရောက်နေခြင်းမှာ တွေ့ကြုံခဲ့ရသည့် တိုက်ပွဲအကြောင်း၊ အိမ်ရှေ့ဥပရာဇာ ကျဆုံးခဲ့ပုံတို့ကို ရာဇဒေဝီတုကလျာအား ပြန်လည် တင်ပြလျှောက်ထားရန်အတွက် ပင် ဖြစ်သည်။

နတ်ရှင်နောင်သည် ဒွေးတော်လည်း ဖြစ်၊ မရီးတော်လည်း ဖြစ်သော ရာဇဒေဝီတုကလျာက အခေါ်တော်ကို စေလိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် အိမ်ရှေ့မိဖုရား အဆောင်တော်သို့ ရောက်လာခဲ့သည်။ ရောက်ရောက်ချင်းမှာပင် သူ ရောက်ရှိနေကြောင်း ရံရွေတော်တစ်ယောက်မှတစ်ဆင့် မရီးတော်အား အကြောင်းကြားပြီး ဧည့်ခန်းဆောင်၌ ထိုင်ကာ မရီးတော် ထွက်အလာကို စောင့်နေခြင်း ဖြစ်၏။

သန်မာထွားကျိုင်းပြီး တိုက်ပွဲများတွင် သူရဲကောင်းအဖြစ် ကျော်ကြား သည့် နတ်ရှင်နောင်ကိုယ်တော်လေးသည် မရီးတော်အား စောင့်ရင်း ဈာပန အခမ်းအနား ကျင်းပစဉ်က တွေ့မြင်ခဲ့ရသော လမင်းမျက်နှာကို ပြန်လည် သတိရနေမိသည်။

ဈာပနအခမ်းအနားတွင် တွေ့ခဲ့ရသော မရီးတော် ရာဇဒေဝီတုကလျာ၏ အသွင်မှာ တိမ်ပါးပါးလေး ဖုံးအုပ်ထားသော လမင်းနှင့် တူနေသည်။ ရွှန်းမြ သော ငွေရောင်ကို ပိုင်ဆိုင်သော်လည်း ပြည့်ဝစွာ မသာနိုင်။ လှပတင့်တယ်ခြင်း ကို ကြေကွဲခြင်း မြူမင်းလွှင်တို့ဖြင့် ဖုံးကာထားသည့်ပမာ ရှိနေသည်။

နတ်ရှင်နောင်က မြကြောစိမ်းစိမ်းတို့ လဲ့လဲ့ရှိမ်းနေသည့် အလှမျက်နှာ ကို မြင်ယောင်ရင်း ပင့်သက်ရှိုက်လိုက်စဉ် လတ်ဆတ်မွှေးမြသော ရနံ့တစ်ခု ရှူရှိုက်ရရှိလိုက်သည်။ ထိုရနံ့ကြောင့် ရင်မှာ သိမ်မွေ့ညင်သာစွာ ခုန်လာသည့် အဖြစ်ကို မိမိဘာသာ မိမိ ဆင်ခြင်မိ၏။

မွှေးမြသော ရနံ့ကြောင့် ရင်မှာ သိမ်မွေ့ညင်သာစွာ လှုပ်ရှားနေစဉ် ဖွဖွသာသာ လျှောက်လာသည့် ခြေသံကို ကြားရသည်။ ထိုခြေသံကြောင့် နတ်ရှင်နောင်က ဘေးတစ်ဖက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခါ ခန်းမဆောင် တစ်ခုလုံး ဝင်းပသွားစေသော လမင်းဝင်းဝင်းကို တွေ့ရသည့်ပမာ ပြစ်မျိုး မဲ့မထင် အလှရှင် အိမ်ရှေ့မိဖုရား ရာဇဒေဝီတုကလျာကို တွေ့ရလေသည်။



ရာဇဒေဝီတုကလျာကို တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ညင်သာသိမ်မွေ့ စွာ လှုပ်ခုန်နေသော နှလုံးခုန်သံတွေ ရုတ်တရက် ပျောက်သွား၏။ ရင်ခုန်သံ ရပ်တန့်ကာ နတ်ရှင်နောင်မှာ ထိုင်နေလျက်နှင့် မေ့မြောသွားသကဲ့သို့ ရှိ၏။

"မောင်ငယ်တော်က…"

ခြေသံရပ်အသွားတွင် ရာဇဒေဝီတုကလျာထံမှ မတိုးမကျယ် မေးလိုက်သံ ကို ကြားရသည်။ နတ်ရှင်နောင်သည် မရီးတော် ဒေဝီတုကလျာ၏ မြရည်ကြောစိမ်း လဲ့လဲ့ရှိမ်းသော မျက်နှာငွေလကို ကြည့်ရင်းမှ မျက်လွှာချလိုက်သည်။ နှုတ်ကမူ ရာဇဒေဝီတုကလျာ၏ တိုတောင်းသည့် အမေးကို ဖြေလိုက်၏။

"ကေတုမတီက နတ်ရှင်နောင်ပါ အစ်မတော်"

"ဩော်… ရတုကဗျာတွေ အရေးအဖွဲ့ ကောင်းသလောက် စစ်ပွဲ တွေမှာလည်း ရဲစွမ်းသတ္တိနဲ့ တိုက်ခိုက်လေ့ရှိတဲ့ နတ်ရှင်မောင်ငယ်တော်ကိုး၊ အယုဒ္ဓယစစ်ပွဲမှာ မောင်တော် ဥပရာဇာနဲ့အတူ တိုက်ပွဲဝင်ခဲ့တယ်လို့ အစ်မတော် ကြားတယ်၊ ဒီတိုက်ပွဲနဲ့ ပတ်သက်ပြီး အစ်မတော်ကို ပြောပြနိုင်မလား မောင်ငယ်၊ အစ်မတော်က တစ်ဖက်နဲ့ တစ်ဖက် အနိုင်ယူ သတ်ဖြတ်တဲ့ စစ်ပွဲတွေအကြောင်း မကြားချင်ပေမယ့် မောင်တော်ဥပရာဇာ နတ်ရွာစံရပုံကို သေသေချာချာ သိချင်လို့ပါ"

"မှန်ပါ… နောင်တော်ဥပရာဇာနဲ့အတူ တိုက်ပွဲဝင်ခဲ့ပုံကို ကျွန်တော်မျိုး သေသေချာချာ လျှောက်ထားတင်ပြပါမယ် အစ်မတော်"

နတ်ရှင်နောင်က ဝင်သက်ကို ဖြည်းညင်းစွာ ရှူသွင်းရင်းမှ လှုပ်ရှား နေသည့် စိတ်ကို ထိန်းသည်။ ထို့နောက် အယုဒ္ဓယတိုက်ပွဲတွင် တွေ့ကြုံခဲ့သည့် အဖြစ်အပျက်ကို ရာဇဒေဝီတုကလျာအား အသေးစိတ် ပြန်လည်ပြောပြသည်။

"နောင်တော်ဥပရာဇာက အယုဒ္ဓယမင်း မြနရာဇ်ကို ရင်ဆိုင်ဖို့ အဆင့်ဆင့် ပြင်ဆင်ထားခဲ့ပါတယ်။ မြနရာဇ်က စိန်ခေါ်တော့ ဥပရာဇာက ဆင်တော်ရဲ့ ဘုန်းစုံကို စီးပြီး တုရင်ဗလကို ကုန်းလယ်မှာ တင်ပါတယ်၊ မြနရာဇ် ရှေ့ကို ထွက်လာတာနဲ့ ဇာပရိုစားက ဆင်တော် ပေါက်ကျော်ဒေယျနဲ့ တိုက်ဖို့ အသင့်ဖြစ်နေပါတယ်၊ အားကောင်းမောင်းသန် တိုက်ဆင်ကြီး ဖြစ်တဲ့ ဆင်တော် ပေါက်ကျော်ဒေယျဟာ အဲဒီအချိန်မှာ မုန်ထနေပါတယ်၊ ဒါကြောင့် ဇာပရိုစားက ဆင်တော်ရဲ့ မျက်နှာကို ပုဆိုးစနဲ့ အုပ်ပြီး ချွန်းတဖွင့်ဖွင့်နဲ့ ထိန်းထားရပါတယ်"

နတ်ရှင်နောင်သည် စကားပြောရင်းမှ ရာဇဓာတုကလျာအား မသိမသာ လှမ်းကြည့်သည်။ ရီဝေသော မျက်လုံးအစုံဖြင့် အဝေးကို ငေးနေသော ရွှေဝါရောင် လမင်းပမာ ဝင်းဝါလှပသည့် မျက်နှာကို မြင်ရသည့်အခါ နှင့်သီးသော ဝေဒနာတစ်ရပ်ကို ခံစားရရှိသည်။ မရီးတော်သည် နောင်တော် အိမ်ရှေ့ဥပရာဇာအတွက် ကြေကြေကွဲကွဲ ခံစားနေရရှာမှာပဲဟု နတ်ရှင်နောင် တွေးမိသည်။

''နောက်တော့ ဘာဖြစ်လဲ ဆက်ပြောပါ မောင်ငယ်''

နတ်ရှင်နောင်၏ အတွေးများက တိုက်ပွဲဆီသို့ ဖျတ်ခနဲ ရောက်သွားသည်။ ထိုအချိန်လေး၌ သူ၏ ကိုယ်အတွင်းမှ စိတ်စိတ် စစ်သွေးတွေ တဖျင်းဖျင်း ထလာသည်။

''နောင်တော် အိမ်ရှေ့ဥပရာဇာရဲ့ ညာဘက်မှာ ပြည်ဘုရင်၊ ဘယ်ဘက်မှာက ကျွန်တော်မျိုး ရှိနေပါတယ်၊ မြန်မာရာဇ်က စီးချင်းထိုး တိုက်ခိုက်ဖို့ ထွက်လာချိန်မှာ ဇာပရီစားက ဆင်တော်ပေါက်ကျော်ဇေယျ မျက်နှာပေါ်က ပုဆိုးစကို ဖယ်ပြီး ထွက်တယ်၊ ပေါက်ကျော်ဇေယျဟာ ပြင်းပြင်းထန်ထန်ကို မုန်ယိုနေတာကြောင့် မြန်မာရာဇ်ဆီ မဝင်ဘဲ နောက်ကြောင်းပြန်လှည့်တယ်၊ မြန်မာရာဇ်ရဲ့ ဆင်တော် ဖြုလပုံကို မငဲ့ဘဲ နောင်တော် ဥပရာဇာရဲ့ ဆင်တော်ရဲ့ ဘုန်းစုံကို ဝင်ဝှေ့ပါတယ်''

''ဩော်... မောင်တော်က ဆင်အဝှေ့ခံရတာကိုး''

''မဟုတ်ပါဘူး အစ်မတော်၊ ဆင်တော် ပေါက်ကျော်ဇေယျ ဝင်ဝှေ့ချိန်မှာပဲ နောင်တော် ဥပရာဇာရဲ့ ဆင်တော်ရဲ့ ဘုန်းစုံကလည်သွားတယ်၊ ဒီလိုဖြစ်နေတုန်း အယုဒ္ဓယမြို့ရိုးဘက်က ပစ်လွှတ်လိုက်တဲ့ စိန်ပြောင်းကျည်သင့်သွားပါတယ်''

''ဩော်... ရန်သူ့ကျည်သင့်ရှာတာကိုး၊ အင်းလေ... သူ ဦးတော့ သူပစ်၊ ကိုယ်ဦးတော့ ကိုယ်ပစ်၊ စစ်မက် ဖက်ပြိုင်တယ် ဆိုတော့ ဒီလိုပဲပေါ့နော်၊ လူ့အသက်ဆိုတာ တိုက်ပွဲတစ်ပွဲမှာ တကယ် တန်ဖိုးမဲ့နေတတ်ပါလား''

နတ်ရှင်နောင်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မပြု။ ရာဇဓာတုကလျာ၏ မျက်နှာကို ငေးကြည့်နေ၏။ ရာဇဓာတုကလျာ၏ အကြည့်က ခန်းမဆောင် အပြင်ဘက်သို့ ရောက်နေသည်။ ကြေကွဲရိပ်ထင်နေသည်ဟု သိသာလောက်အောင် ရီဝေသော မျက်လုံးအစုံက တစ်ယောက်နှင့် တစ်ယောက် အသေအကြေ တိုက်ခိုက်နေသော အသက်လုပွဲကြီးကို မြင်ယောင်နေရှာသလားဟု နတ်ရှင်နောင် တွေးသည်။

''မောင်ငယ်က စစ်မက်ရေးရာတွေမှာ စိတ်အားထက်သန်ပုံရတယ်၊ ဒီကြားထဲက သိမ်မွေ့လှပတဲ့ ရတုကဗျာတွေ ရေးဖွဲ့နိုင်တဲ့စိတ် ရှိနေတယ်နော်''

''ဒါဟာ တာဝန်ဝတ္တရားနဲ့ စိတ်ခံစားချက်လို့ပဲ ပြောရပါမယ် အစ်မတော်၊ တပ်မင်းတစ်ယောက်အနေနဲ့ စစ်ရေးကိစ္စတွေကို ထမ်းဆောင်နေရင်းမှာပဲ ရတုကဗျာတွေကို စိတ်ကူးနဲ့ ရေးဖွဲ့ဖြစ်ပါတယ်၊ စစ်ပွဲတွေမှာ ပါဝင်နေရပေမယ့် ကျွန်တော်မျိုးက သတ်ချင် ဖြတ်ချင်စိတ်တွေ များနေတဲ့လူ မဟုတ်ပါဘူး၊ လောကအကျိုး... တိုင်းနိုင်ငံရဲ့ အကျိုးအတွက် ဆိုရင်တော့ သတ်သင့်သူကို သတ်ရမယ်ဆိုတဲ့ စိတ်မျိုး ကျွန်တော် မွေးထားပါတယ်''

''ပင်ပန်းလိုက်တာ မောင်ငယ်ရယ်၊ မင်းဟာ ပဋိပက္ခ နှစ်ခုကြားမှာ ရှင်သန်နေရသလိုပါပဲလား၊ အစ်မတော်တော့ စစ်ဆိုတာကို ကြောက်တယ်၊ စစ်မက်ပြုတာကို မုန်းတီးတယ်''

နတ်ရှင်နောင်က အရိုးခံအတိုင်း ပြောနေသော ရာဇဓာတုကလျာ၏ မျက်နှာကို စူးစိုက်စွာ ကြည့်သည်။ တင့်တယ်သော အသရေဖြင့် လှပနေသည့် မျက်နှာကို ကြည့်ရင်း ရင်မှာ ငလျှင်ငယ်ငယ်တို့ လှုပ်ခတ်လာသည်။ နူးညံ့သိမ်မွေ့သော ခံစားချက်တစ်ရပ်ကို ရရှိလာသည်။

''ဟံသာဝတီအတွက် အသက်စွန့်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ မောင်ငယ်ရှေ့မှာ စစ်ကို မုန်းတီးတယ်လို့ ပြောရတာ မကောင်းလှပါဘူး၊ အစ်မတော်က မောင်ငယ်ကို ကျေးဇူးတင်ပေမယ့် ဟန်မဆောင်ဘူး၊ ဒီအကြောင်းတွေကို ထားပါတော့၊ မောင်ငယ် ပြုခဲ့တာတွေကို အစ်မတော် မမေ့ပါဘူး''

ရာဇဓာတုကလျာ၏ အမူအရာ၊ သူ၏ ဆိုစကားတို့အရ ပြန်သင့်ပြီဟု နတ်ရှင်နောင် ဆုံးဖြတ်သည်။ ပြန်ရန် နေရာမှ ထလိုက်စဉ် အနားမှ မခွာလိုစိတ် ရှိနေသည့် မိမိကိုယ်ကို မိမိ သတိပြုမိပြီး ထိတ်လန့်သွားသည်။ ထိုတဒင်္ဂမှာပင် နတ်ရှင်နောင်၏ ရင်တွင် လွန်စွာလှပသော ရာဇဓာတုကလျာဘွဲ့ရတု မွေးဖွားသန္ဓေစလာလေသည်။

□

## ရွှေဝါရောင်လမင်း

တင့်လှပေဟာန်၊ ဖက်မရန့်တည့်
ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့
ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်
ရွှန်းရွှန်းစက်မှု၊ ဝင်းလက်ရောင်ရွှေ
အခေါင်ပေတည့်၊ တောင်နေနတ်ဟာန်
မြတ်သစ်ကြန်နှင့်….

နတ်ပြည်နတ်ရွာမှ ဘုံကြိုးပြတ်ကာ ဆင်းသက်လာသည့် ဒေဝစ္ဆရာ နတ်မိမယ်ပမာ လှလွန်းစွာသော ရာဇဓာတုကလျာကို ဖွဲ့သည့် ရတုကဗျာကို ရေးသားရင်း နတ်ရှင်နောင်၏ ရင်မှာ ဆွတ်ပျံ့သည့် ဝေဒနာ ဖွဲ့တည်လာသည်။ ရင်ထဲ နှလုံးထဲမှ မွတ်သိပ်သော ခံစားချက်နှင့်အတူ မွေးဖွားလာသည့် အလှဖွဲ့ ကဗျာကို ပေထက်တွင် အက္ခရာတင်ကာ ရေးသားခဲ့သည်။ ထိုရေးသားခဲ့ပြီး သော ရာဇဓာတုကလျာဘွဲ့ရတုကို အကြိမ်ကြိမ် ပြန်ဖတ်ရင်း 'တောင်နန်းနေ လော့ နတ်ပေလော' ဟု ထင်မှားရသူကို ယခုပင် တွေ့ချင် မြင်ချင်အောင် လွမ်းဆွတ်လာသည်။

နတ်ရှင်နောင်သည် လက်ထဲမှ ပေရွက်ကို ချထားပြီး လေသာပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်သည်။ ဟံသာဝတီသို့ ရောက်ခိုက် တည်းခိုရသော တည်းခိုဆောင်၏ အပြင်ဘက်ရှိ ဥယျာဉ်တော်တွင် ရောင်စုံပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည်ကို တွေ့ရင်း လေအလာတွင် ကခုန်နေသည့် ဟန်ရှိသော ပန်းတို့၏ အလှအပက နတ်ရှင်နောင်၏ စိတ်ကို ပိုပြီး ညှို့သက် သိမ်မွေ့နေစေသည်။

"အစ်မတော်က ငါ့ထက် အသက်ကြီးတာ ဆိုတော့ ငါ့ကို ကလေးစာစ်ယောက်လို သဘောထားမှာပဲ၊ အခုအချိန်က အိမ်ရှေ့ဥပရာဇာ ကျဆုံးပြီးစ အစ်မတော်ရဲ့ နှလုံးသားမှာ အနာတရ ဖြစ်နေချိန်ဆိုတော့ ငါ့ကြောင့် စိတ်သောကရောက်စရာ… စိတ်အနှောင့်အယှက် ဖြစ်စရာတွေနဲ့ မတွေ့စေချင်ဘူး၊ ငါ့ရင်ထဲက ခံစားချက်ကို မထုတ်ဖော်သေးဘဲ နေတာ ပိုကောင်းလိမ့်မယ်"

နတ်ရှင်နောင်က ရာဇဓာတုကလျာနှင့် ပတ်သက်ပြီး စဉ်းစားနေစဉ် ဖွဖွသာသာ နင်းလျှောက်လာသည့် ခြေသံနှင့်အတူ နေမျိုးသီရိအနားသို့ ရောက်လာသည်။

"မောင်မင်းကို ကြည့်ရတာ ရေးကြီးသုတ်ပျာနဲ့ ဘာတွေ ကြားလာ သိလာ ဖြစ်လာလို့လဲ နေမျိုးသီရိ"

"အရှင်မင်းသား ညီလာခံ ဝင်ရမှာကို မေ့လျော့နေပြီ ထင်တယ်၊ ဒီနေ့ စစ်ရေးညီလာခံက အရေးကြီးပါတယ်၊ အရှင်မင်းသား… ဟံသာဝတီပြည့်ရှင်က အယုဒ္ဓယစစ်ပွဲမှာ တာဝန်ထမ်းဆောင်ခဲ့သူတွေကို ရာထူးတွေ ချီးမြှင့်ဂုဏ်ပြုပါလိမ့်မယ်"

နေမျိုးသီရိ၏ စကားကို အကြားတွင် နတ်ရှင်နောင် ပြုံးသည်။

"ဟော… ရာထူးလိုချင် ဆုလာဘ် လိုချင်လို့ စစ်ပွဲမှာ ပါဝင်ခဲ့တာမှ မဟုတ်ဘဲ ဟံသာဝတီဟာ ငါတို့ရဲ့ အဆွေအမျိုး ဖြစ်နေတယ်၊ ဟံသာဝတီဘုရင်မင်းမြတ်ဟာ ငါ့ဘကြီးတော် ဖြစ်နေတယ်၊ ရှေးခြားမြေခြားကနေ ဟံသာဝတီကို ပုန်စားပုန်ကန်ပြုနေတဲ့ မြနရာဇ်ကလည်း ဘိုးတော်ရဲ့ ကျေးဇူးတရားကို မထောက်ထားဘဲ ရန်ပြုနေတာတွေကြောင့် ငါတို့ စစ်ပွဲမှာ ပါဝင်ခဲ့ကြတာ"

‘‘မှန်ပါတယ်၊ အရှင့်သား သူ့ရဲကောင်းဆိုတာ ရလိုမှုနှင့် စွန့်စားပြီး တိုက်ပွဲဝင်တာ မဟုတ်ပေမယ့် အောင်မြင်မှုတွေ ရတဲ့အခါ အသိအမှတ်ပြုခံရဖို့တော့ လိုပါတယ်၊ ဒီနေ့ ညီလာခံမှာ အောင်ပွဲရသူတွေကို အိမ်ရှေ့မိဖုရားကိုယ်တိုင်က ဆုလာဘ်တွေ ချီးမြှင့်မယ်လို့ ကြားပါတယ်၊ ငါးဆူဒါယကာဘုရင်မင်းမြတ်ဟာ ညီမတော်လည်း ဖြစ်၊ ချွေးမတော်လည်း ဖြစ်တဲ့ အိမ်ရှေ့မိဖုရား စိတ်လက်ချမ်းသာ ရှိစေချင်ပုံရပါတယ်’’

နေမျိုးသီရိ၏ ဆိုစကားတို့က နတ်ရှင်နောင်အား စိတ်ဝင်စားသွားစေသည်။ နုနယ်ပျို့မျစ်သော သူ၏ မျက်လုံးအစုံမှာ ရုတ်ခြည်းပင် အရောင်တဖျပ်ဖျပ် လက်လာသည်။

‘‘အစ်မတော်ကိုယ်တိုင်က ဆုလာဘ်တွေ ချီးမြှင့်မှာတဲ့လား’’

‘‘ဟုတ်ပါတယ် အရှင်မင်းသား’’

နတ်ရှင်နောင် မျက်နှာတွင် အပြုံးရိပ်တွေ ထင်လာသည်။

‘‘အစ်မတော်က ဆုလာဘ်တွေ ချီးမြှင့်မယ်ဆိုတော့ စစ်ရေးညီလာခံကို တက်ရတာ ပိုပြီး ပျော်စရာကောင်းမှာပဲ၊ ငါက အယုဒ္ဓယစစ်ပွဲအကြောင်းကို ပြောရလွန်းလို့ ငြီးငွေ့နေပြီ၊ ဒီစစ်ပွဲမှာ ငါက မြနရာဇ်ကို မြို့ထဲ ပြန်ဝင်ပြေးတဲ့အထိ လိုက်တိုက်ခဲ့တာ ဒါပေမဲ့ စစ်ပွဲအပြီးမှာတော့ ပြည်ဘုရင်က အောင်ပွဲခံနေလိုက်တာ၊ ကြည့်လို့မကောင်း ကြားလို့မကောင်းဘူး’’

စကားပြောရင်း နတ်ရှင်နောင် နေရာမှ ထသည်။ စစ်ရေးညီလာခံသို့ဝင်ရန် ချက်ချင်းပင် ပြင်ဆင်သည်။

‘‘သူတို့ ဘယ်လောက်ပဲ အောင်ပွဲခံခံ အရှင့်သားရဲ့ စွမ်းဆောင်မှုကို အသိအမှတ်မပြုလို့ မရပါဘူး၊ ကေတုမတီမင်းသားလေးက အရွယ်နဲ့ မလိုက်အောင် စစ်ရေးမှာ ထူးချွန်တယ်၊ မင်းသားလေးကိုယ်တိုင် အယုဒ္ဓယဘုရင်ထွက်ပြေးအောင် တိုက်ခိုက်ပြီး အယုဒ္ဓယအမတ် ဩယာပတ်နဲ့ ဩယာစက္ကြိတို့ကို ဖမ်းဆီးခဲ့တယ်လို့ ပြောဆိုတဲ့ သတင်းစကားတွေ ဟံသာဝတီနေပြည်တော်တစ်ခုလုံးမှာ ပျံ့နှံ့နေပါတယ်’’

‘‘ငါက မင်းသားလေး မဟုတ်တော့ဘူးလေ၊ မြင်းမှုုမင်းသားဘဝ… မင်းသားလတ်ဘဝကို ကျော်လွန်ပြီး အခု မင်းသားကြီး ဖြစ်နေပြီ၊ မကြာခင်လွတ်တက်မင်းသား ဖြစ်မယ်၊ အိမ်ရှေ့စံ ဖြစ်မယ်၊ ဘကြီးတော် ဟံသာဝတီ



ဘုရင်က ချီးမြှင့်မြှောက်စားမှ မဟုတ်ပါဘူး၊ ခမည်းတော်က အချိန်အခါအလိုက် ချီးမြှင့်မြှောက်စားနေတာပဲ’’

‘‘အရှင်မင်းသားဟာ ထီးရန် နန်းရန် မင်းသားတစ်ပါး ဆိုတာ ငြင်းကွယ်လို့ မရပါဘူး၊ အရှင့်သားကို ကေတုမတီက တန်ဖိုးထားသလို ဟံသာဝတီကလည်း တန်ဖိုးထားစေချင်လို့ ပြောနေတာပေါ့’’

‘‘ရှိပါစေတော့… တောင်တွေး မြောက်တွေးနဲ့ မကျေမနပ် ဖြစ်နေမယ့်အစား လုပ်စရာရှိတာကိုပဲ လုပ်ကြရအောင်၊ ညီလာခံကို ဝင်မယ်၊ မောင်မင်း လိုက်ခဲ့’’

နတ်ရှင်နောင်က ဆောင်မားကို ချထားပြီးနောက် အဆောင်မှ ထွက်သည်။ နေမျိုးသီရိသည် နတ်ရှင်နောင်၏ နောက်မှ အပြေးအလွှား လိုက်ခဲ့၏။ နတ်ရှင်နောင်သည် သာမန်မင်းသားတစ်ပါး၏ အဆင်အယင် သာမန်မင်းသားတစ်ပါး၏ အသွင်အပြင်နှင့် ညီလာခံသို့ ဝင်သည်။ ကေတုမတီ တပ်မင်းအတွက် သတ်မှတ်ထားသည့် နေရာတွင် ဝင်ထိုင်သည်။

ညီလာခံ၌ အယုဒ္ဓယစစ်ပွဲတွင် ပါဝင်သော ဗိုလ်မှူး တပ်မှူးများ သာမက ဟံသာဝတီ မှူးမတ် သေနာပတိတို့ပါ တက်ရောက်ကြသည်။ ထိုအထဲတွင် ဟံသာဝတီ၏ အရေးပါ အရာရောက်သူများ ဖြစ်သော ပြည်ဘုရင်မင်းကြီးနှောင်း၊ အိမ်ရှေ့မင်း၏ ညီတော် မင်းရဲကျော်စွာတို့ ပါဝင်သည်။

မင်းကြီးနှောင်းက ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာမင်းမြတ်အား အယုဒ္ဓယစစ်ပွဲအကြောင်း လျှောက်ထား အစီရင်ခံသည်။ စစ်ပွဲတွင် ပါဝင်သော တပ်မှူး စစ်ကဲအချို့က မင်းကြီးနှောင်း၏ လျှောက်ထား အစီရင်ခံချက်ကို ထောက်ခံကြသည်။

ဘုရင်မင်းမြတ်သည် စစ်ပွဲ၌ နတ်ရှင်နောင် ပါဝင်သည်ကို သိလျက်နှင့် နတ်ရှင်နောင်အား စစ်ပွဲအကြောင်းကို မမေးဘဲ နေ၏။ ထိုအချိန်မှာပင် ချိုမြဝေစည်သော အသံတစ်သံ ပေါ်လာသည်။

‘‘အယုဒ္ဓယစစ်ပွဲမှာ ကေတုမတီတပ်မင်း နတ်ရှင်နောင်မင်းသားက ဥပရာဇာ ဒဏ်ရာရတာနဲ့ သစ္စာဖောက် မြနရာဇ်ကို အတင်းဝင်တိုက်တာ၊ မြနရာဇ်မခံနိုင်ဘဲ မြို့တွင်းကို ဝင်ပြေးသွားခဲ့တယ်၊ အဲဒီအချိန်မှာ နတ်ရှင်ငယ်က အယုဒ္ဓယအမတ် နှစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့တယ်လို့ ကြားရတယ်၊ ဒါအမှန်ပဲလား’’

အိမ်ရှေ့ဥပရာဇာ၏ နေရာတွင် ရှိနေသော ရာဇဓာတုကလျာက မင်းကြီးနှောင်း အပါအဝင် မှူးမတ်သေနာပတိများအား စူးစိုက်စွာ ကြည့်ရင်း မေးသည်။

"မှန်ပါတယ်၊ စစ်ပွဲဟာ နတ်ရှင်နောင်ကြောင့် အဆုံးသတ်သွားတာပါ နှမတော် ဓာတုကလျာ"

ရာဇဓာတုကလျာ၏ အစ်ကိုတော် ဇင်းမယ်ဘုရင် နော်ရထာစောက တည်ငြိမ်သော အသံဖြင့် ဝင်ပြောသည်။

"ဒါဆိုရင်တော့ နတ်ရှင်ငယ်ကို ဆုလာဘ်များ ချီးမြှင့်သင့်တာပေါ့"

ရာဇဓာတုကလျာက မတိုးမကျယ် ပြောရင်း သလွန်ထက်တွင် ထိုင်နေသော ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာ၏ အမိန့်ကို နှာခံဟန်ဖြင့် လှမ်းမျှော်ကြည့်သည်။

"နတ်ရှင်ငယ်ဟာ တာဝန်ကျေပွန်ခဲ့တဲ့အတွက် နှမတော်လေး ရာဇဓာတုကလျာ နှစ်သက်ရာ ဆုလာဘ်ကို ချီးမြှင့်စေဗျား"

ရာဇဓာတုကလျာ၏ မျက်နှာတွင် အပြုံးရိပ်တွေ ထင်သွားသည်။

"နတ်ရှင်ငယ်... ကေတုမတီကို မပြန်ခင် အစ်မတော်ဆီ့ အဆောင်ကို လာခဲ့ပါ၊ အဲဒီအခါကျမှ မောင်ငယ်ကို ဘာဆုလာဘ် ချီးမြှင့်သင့်တယ် ဆိုတာ စဉ်းစားမယ်"

ရာဇဓာတုကလျာ၏ စကားကို အကြားတွင် နတ်ရှင်နောင်မှာ ယခုပင် ဆုလာဘ်များ ရလိုက်သကဲ့သို့ ပျော်ရွှင်သွား၏။ ဘုရင်မင်းမြတ်က စစ်ပွဲတွင် ရဲစွမ်းသတ္တိပြခဲ့သူတို့အား ဆုလာဘ်များ ဆက်လက်ချီးမြှင့်သည်။ ဘုရင်မင်းမြတ်က နတ်ရှင်နောင်အား ဆုလာဘ် ချီးမြှင့်ခြင်းမပြု၊ ရာဇဓာတုကလျာကသာ ဆုချီးမြှင့်ရန် စဉ်းစားခဲ့ခြင်းအတွက် လေးလေးနက်နက် ခံစားရသည် မရှိ။ ရာဇဓာတုကလျာ၏ ရွှေဝါရောင်လမင်းပမာ ရွှန်းမြလှပသော မျက်နှာကို စူးစိုက်စွာ ကြည့်ရင်း ကြည်နူးနေလေ၏။

❑

# ချစ်ပိုင်ဆက်ရာ

အချိန်တန်သဖြင့် ကေတုမတီသို့ ပြန်ခဲ့ရသော်လည်း နတ်ရှင်နောင်၏ နှလုံးသားမှာ ဟံသာဝတီတွင် ကျန်ရစ်ခဲ့သလို ရှိ၏။

ဟံသာဝတီတွင် ရက်ကြာမြင့်စွာ နေလာခဲ့ရင်း နတ်ရှင်နောင်မှာ မိမိ၏ ရပ်ရွာသို့ မပြန်ချင်လောက်အောင် ဖြစ်လာ၏။ ဖြစ်နိုင်လျှင် ဟံသာဝတီမှာ နေလိုက်ချင်သည်။ ရာဇဓာတုကလျာ၏အနားမှာ ရစ်ဝဲ၍နေမိသည်။ သို့သော် နတ်ရှင်နောင်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်။ ခမည်းတော် တောင်ငူဘုရင် မင်းရဲသီဟသူက သူ့လက်ရုံးတစ်ဆူလို အားကိုးရသော သားကြီးအား ပြန်ခေါ်သဖြင့် ကေတုမတီ(တောင်ငူ မင်းနေပြည်တော်)သို့ နတ်ရှင်နောင်မှာ မပြန်ချင်ဘဲနှင့် ပြန်ခဲ့ရလေသည်။

ကေတုမတီ မင်းနေပြည်သည် မိုးလလယ်မှာပင် သာတောင့်သာယာ ရှိနေသည်။ ကေတုမတီတွင် ရွာသည့် မိုးမှာ အောက်အရပ်ဒေသမှာလို သဲမပြင်းထန်သည် မရှိ။ တဖွဲဖွဲ တစိမ့်စိမ့်နှင့် လွမ်းသည့်စိတ်တွေ ယိုဖိတ်လာအောင် ရွာသည်။

နတ်ရှင်နောင်သည် မင်းသားကြီးအဖြစ်နှင့် ကေတုမတီ နေပြည်တော်၏ အရေးကိစ္စများကို ဆောင်ရွက်ရင်း ချောင်းရေတိုး၍ မြစ်ရေလျှံသော ဟံသာဝတီတွင် ကျန်ရစ်ခဲ့သည့် ရာဇဓာတုကလျာကို လွမ်းနေမိသည်။

ထိုသို့ လွမ်းသည့်စိတ်တွေ ပေါ်လာတိုင်း အနားတွင် ရှိနေသော နေမျိုးသီရိအား မိမိ၏ရင်ထဲမှ ဝေဒနာကို ဖွင့်ဟပြောဆိုမိ၏။

"အရှင်မင်းသားက တောင်ငူထီးနန်းကိုသာမက ဟံသာဝတီထီးနန်းကိုပါ ဆက်ခံသင့်တဲ့သူ ဖြစ်ပါတယ်၊ အိမ်ရှေ့မိဖုရားဟောင်း ရာဇဓာတုကလျာနဲ့ မတူမတန်သူ မဟုတ်ပါဘူး၊ အရှင့်သား ဆန္ဒရှိရင် မရီးတော် ဖြစ်ခဲ့ဖူးတဲ့ ရာဇဓာတုကလျာရဲ့ မေတ္တာကို တောင်းခံသင့်ပါတယ်"

တပ်မှူးတစ်ဦး ဖြစ်သော်လည်း ငယ်ကတည်းက အတူတကွ ကြီးပြင်းလာကြသူများမို့ ငယ်ကျွန်အဖြစ် ခစားနေသည့် နေမျိုးသီရိ၏ စကားက နတ်ရှင်နောင့် နှလုံးသားကို လှုပ်ရှားသွားစေသည်။ ထိုအခါ ရတုကဗျာတို့ကို ဖွဲ့သီတတ်သည့် စာဆိုပီပီ မေတ္တာတရားဖြင့် ထုံမွှမ်းကာ သစ္စာတိုင်ရတုကို ရေးသီမိလေသည်။

**ရှစ်ဆိုင်ရွက်ကြာ၊ ဖြန့်မိုးကာလျက်၊**
**မင်းသာစံမှတ်၊ စက်ပြာသာဒ်သို့**
**ရှိညွှတ်ရည်ဆက်၊ ပူးသည့် ရက်ဝယ်**
**စိတ်စက်နှလုံး၊ စုရုံးကြွင်းမဲ့၊**
**ကြွေခဲ့မတတ်၊ ဆွတ်လွတ်လှည့်ကာ...**

**အာရုံမှာ ရာဇဓာတုကလျာ၏အသွင် ထင်လာသည်။ ထိုအခါ သစ္စာတိုင်** ရတုမှာ ပို၍လှပလာသည်။ ပို၍သိမ်မွေ့လာသည်။

သစ္စာတိုင်ရတုကို ရေး၍အပြီးတွင် နတ်ရှင်နောင်က နေမျိုးသီရိ၏ လက်တွင် အပ်လိုက်သည်။

"ဒီသစ္စာတိုင်ရတုကို အစ်မတော် လက်ထဲ ရောက်အောင် ပို့ဆက်ပါ နေမျိုးသီရိ"

"မှန်လှပါ... ဒီကိစ္စကို ကျွန်တော်မျိုးကိုယ်တိုင် ဆောင်ရွက်ပါမယ်"

နေမျိုးသီရိက ကတိပေးရင်း ရတုကို ဖတ်ကြည့်သည်။ လှပပြီး နှစ်လိုဖွယ်ရှိသော ရတုတွင် သူ့အာရုံ နစ်ဝင်သွား၏။ ရတုဆုံးသည့်အခါတွင် သူက သက်ပြင်းရှည်ကြီး ချလိုက်လေသည်။



"အရှင်မင်းသားရဲ့ ရတုကို ဖတ်ရရင် ရာဇဓာတုကလျာ မျက်ရည်ကျရှာမယ် ထင်ပါရဲ့၊ **ချစ်ပိုင်ဆက်ရာ... လက်ဆောင်လျာမူ၊ သက်သာဖြစ်သည့်၊ ပေထိုက်သင့်**... ဟုလို့ အရှင့်မင်းသားက အသက်ကို လက်ဆောင်အဖြစ် ဆက်သပါမယ် ဆိုလိုက်တော့ ရာဇဓာတုကလျာ စိတ်ထဲမှာ ကြည်နူးသွားမှာ အမှန်ပါပဲ"

"ဒါက အဖိုးအတန်ဆုံး လက်ဆောင် မဟုတ်လား နေမျိုးသီရိရဲ့၊ သဇင်... အင်ကြင်း... ခတ္တာ... စတဲ့ ပန်းတွေကို လက်ဆောင်အဖြစ် ဆက်သရင် တစ်ရက် တစ်မနက်နဲ့ တန်ဖိုးကျသွားနိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ် အရှင်မင်းသား၊ ဒါပေမဲ့ ငါးဆူဒါယကာမင်းကတော့ သူ့နှမတော်လည်း ဖြစ်၊ ချွေးမတော်လည်း ဖြစ်တဲ့ ရာဇဓာတုကလျာကို အခုလို သစ္စာတိုင်ရတု ပေးဆက်တာကို သဘောကျမယ် မထင်ဘူး"

ကြားရသည့် စကားကြောင့် နတ်ရှင်နောင်၏ မျက်နှာတွင် အပြောင်းအလွဲတွေ ပေါ်သွားသည်။

"ဘကြီးတော် ငါးဆူဒါယကာမင်းတရားက အလိုကြီးလွန်းတယ်၊ သူ မယုံကြည်တဲ့ အမတ် သုံးကျိပ်ကျော်ကို ကူလီဝင်းမှာ မီးလောင်တိုက်သွင်း သတ်ဖြတ်ခဲ့တာ ကြည့်ရင် ဒေါသအမျက် ကြီးလွန်းတာလည်း ပေါ်လွင်တယ်၊ ပြည်သူပြည်သားတွေအပေါ် မေတ္တာထား၊ လက်အောက်ခံ မှူးမတ် သေနာပတိတွေကို ရင်ဝယ်သားလို စောင့်ရှောက်ခဲ့တဲ့ ဘိုးတော်ဘုရားရဲ့ အမွေဆက်ခံသူ ဖြစ်ရဲ့နဲ့ အခုလို ပြုမူတာက ရာဇဝင်ရိုင်းလွန်းတယ်"

"ကျွန်တော်မျိုးကတော့ တိုက်ပွဲမှာ ရဲစွမ်းသတ္တိ ပြခဲ့ရဲ့နဲ့ အရှင့်ကို မချီးမြှင့် မမြှောက်စားတဲ့အပေါ် နည်းနည်းမှ မကျေနပ်ဘူး၊ ပြီးတော့ အရှင် ပြောသလိုပဲ အလိုကြီးလွန်းတာကြောင့် ဟံသာဝတီဘုရင်ကို မကြည်ညိုနိုင်ဘူး"

"မောင်မင်းရဲ့ စကားကို ဟံသာဝတီက ကြားရင် သစ္စာဖောက် ဆိုပြီး အပြစ်ပေးနေလိမ့်မယ်"

"ကျွန်တော်မျိုးက ဟံသာဝတီရဲ့ သစ္စာခံ မဟုတ်တဲ့အတွက် မကြောက်ပါဘူး အရှင့်သား"

"ကဲ ကဲ... ဒါတွေ ထားလိုက်တော့၊ မောင်မင်း အခု လုပ်ဆောင်ရမှာက သစ္စာတိုင်ရတုကို အစ်မတော် လက်ထဲ အရောက်ပို့ပေးဖို့ပဲ"

"ဒီအတွက် စိတ်ချပါ အရှင့်သား၊ ကျွန်တော်မျိုးရဲ့ နှမလေးဟာ

ဟံသာဝတီထိပ်ထား အဆောင်ကို ဝင်ထွက်ခွင့် ရထားတဲ့ အပျိုတော်တစ်ယောက်ပါ၊ သူ့အကူအညီနဲ့ သစ္စာတိုင်ရတုကို ရာဇဓာတုကလျာထိပ်ထား လက်ထဲရောက်အောင် ပို့ပေးပါ့မယ်''

နတ်ရှင်နောင်က ကျေနပ်သွားဟန်နှင့် ခေါင်း တဆတ်ဆတ် ညိတ်သည်။

''ငါ့ရင်ထဲက စကားကို အခုချက်ချင်းပဲ အစ်မတော် ကြားစေသိစေချင်နေပြီ နေမျိုးသီရိရဲ့''

''ကျွန်တော်မျိုး ချက်ချင်းပဲ ဟံသာဝတီကို ထွက်ခွာပါ့မယ်''

''ကေတုမတီက တပ်မှူးတစ်ဦးအဖြစ်နဲ့ မဟုတ်ဘဲ ကုန်သည်တစ်ယောက်အဖြစ်နဲ့ သွားပါ နေမျိုးသီရိ၊ မောင်မင်းဆီက ဝမ်းသာစရာ အဖြေစကားကို ငါ စောင့်မျှော်နေမယ်''

''ဒါလောက် အလောတကြီး ဖြစ်နေတဲ့ စိတ်ကို ချိုးနှိမ်ထားပါဦး အရှင်မင်းသား၊ ရာဇဓာတုကလျာထိပ်ထားဟာ ခုမှ စိတ်သောကဝေဒနာတွေ ငြိမ်စမို့ သည်းခံစောင့်ဆိုင်းတော်မူပါ''

''အင်း... ဟုတ်ပေသားပဲ၊ အစ်မတော် စိတ်သောက ပြေတဲ့အထိ စောင့်ရမှာပေါ့၊ ကဲ ကဲ... မောင်မင်း သွားပေတော့''

နေမျိုးသီရိက ဦးညွှတ်ပြီး နတ်ရှင်နောင်အပါးမှ ခွာသည်။ နတ်ရှင်နောင်မှာ ရီဝေသော မျက်လုံးအစုံဖြင့် အဝေးသို့ ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

❑

# သတိ ကိုယ်နှင့် မြဲပါစေ

ရက်၊ လတို့မှာ လွန်စွာ နှေးကွေးလေးလံစွာနှင့် ကုန်ဆုံးနေသကဲ့သို့ ရှိသည်။

လွှတ်တက်မင်းသားအဖြစ်နှင့် ခမည်းတော် ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရင်း နေ့တာ ညတာတို့ ရှည်လျားလွန်းသလို နတ်ရှင်နောင် စိတ်မှာ ထင်မိသည်။

အချိန်တွေ ကုန်ခဲ့သည်နှင့်အမျှ နတ်ရှင်နောင်မှာ အစ်မတော် ရာဇဓာတုကလျာအား လွမ်းဆွတ်စိတ်က ပိုလာသည်။ မတွေ့ရ မမြင်ရသည့် ရက်ကကြာလှပြီဟု တွေးရင်း ရင်ထဲမှ ဝေဒနာကို မခံစားနိုင်။ ထိပ်ထားသခင်မရှိရာ ဟံသာဝတီနေပြည်တော်သို့သာ အပြေးသွားလိုက်ချင်၏။

''သားအကြီးဆုံး ဖြစ်တဲ့ နတ်ရှင်က ခမည်းတော်ကို ကူညီရမယ်၊ လွှတ်တက်မင်းသားအဖြစ်နဲ့ တာဝန်ထမ်းဆောင်ရင်း စစ်ရေးကိစ္စတွေကိုလည်း မမေ့ပါနဲ့၊ ဟံသာဝတီရဲ့ လှုပ်ရှားမှုကို အကဲခတ်သလို ပြည်... စစ်ကိုင်းတို့ကိုလည်း ထောက်လှမ်းပါ''

ခမည်းတော်၏ စကားမှာ အမိန့် ဖြစ်၏။ နတ်ရှင်နောင်က ခမည်းတော်၏ အမိန့်အတိုင်း စစ်ရေးတာဝန်များကို ထမ်းဆောင်ရသည်။ အထောက်တော်များကို ဟံသာဝတီ၊ အင်းဝနှင့် ပြည်သို့ စေလွှတ်ကာ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်စေသည်။ အထောက်တော်များထံမှ သတင်းရရှိလာသည့်အခါ ခမည်းတော် ဘုရင်မင်းမြတ်အား ချက်ချင်း လျှောက်ထားတင်ပြသည်။

အထောက်တော်များ ပေးပို့သည့် သတင်းများမှာ စစ်၏ အငွေ့အသက်တွေ ပါနေသည်။ ထိုသတင်းများကို စီစစ်ရင်းက နတ်ရှင်နောင်မှာ စစ်ပွဲ၏ ရနံ့ကို ရှူရှိုက် ရရှိခဲ့သည်။

"မြန်မာရာဇ်က ဟံသာဝတီ အိမ်ရှေ့မင်း ကျဆုံးသွားပေမယ့် ကျေနပ်ပုံ မရဘူး၊ ဟံသာဝတီကို ချီတက် တိုက်ခိုက်ဖို့ စီစဉ်နေပါတယ်"

"ဒီသတင်းကို ဟံသာဝတီကို ပို့ပါ သားတော်၊ နောင်တော် ဟံသာဝတီ ဘုရင်မင်းမြတ်အနေနဲ့ အယုဒ္ဓယဘုရင်ရဲ့ သဘောထားကို သိဖို့ လိုတယ်"

"ပြည်နဲ့ ညောင်ရမ်းကလည်း အင်အားစုနေပါတယ်"

"မင်းရဲနန္ဒမိတ်က နောင်တော် ဟံသာဝတီဘုရင်ကို ဆန့်ကျင်ဖို့ မခဲယဉ်းပါဘူး၊ ဒါပေမဲ့ ပြည်ဘုရင် မင်းကြီးနှောင်းကတော့ ခမည်းတော်အရင်းခေါက်ခေါက်ကို တော်လှန်မယ် မထင်ဘူး၊ ဒီအကြောင်းတော့ ဟံသာဝတီကို အသိမပေးပါနဲ့ဦး သားတော်၊ အယုဒ္ဓယဘုရင်ရဲ့ သတင်းကို သားတော်ကိုယ်တိုင် နောင်တော့်နား ပေါက်အောင် သွားပြီး လျှောက်ထားပါ"

"မှန်လှပါ.... သားတော် ဟံသာဝတီကို အမြန်ဆုံး သွားပါ့မယ်"

နတ်ရှင်နောင်က ခမည်းတော် တောင်ငူဘုရင် ရှေ့မှ ဝမ်းသာအားရနှင့် ခွာသည်။ ဟံသာဝတီသို့ အကြောင်းကိစ္စနှင့် သွားရောက်ရင်း ရာဇဓေတုကလျာ၏ မျက်နှာငွေလ ရွှန်းမြမြကို တွေ့မြင်နိုင်မည်ဟု တွေးရင်း ခုန်ပေါက်ပြေးလွှားမိတော့မတတ် ပျော်မိလေသည်။

ခမည်းတော် မင်းရဲသီဟသူ၏ ရှေ့တော်မှောက်မှ ထွက်လာသော နတ်ရှင်နောင်မှာ ပျော်ရွှင်ကြည်နူးနေဟန်နှင့်ပင် မယ်တော် မင်းခင်စောထံသို့ ဝင်သည်။

အတုလအဂ္ဂမဟာဒေဝီဘွဲ့ခံ မင်းခင်စောမှာ ဘုရင့်နောင်မင်းတရားကြီးနှင့် အင်းဝ ရွှေနန်းကြော့ရှင်မင်းသမီး စန္ဒာဒေဝီဘွဲ့ခံ သီရိဘုန်းထွတ်တို့မှ ဖွားမြင်သူ ဖြစ်သည်။ တောင်ငူဘုရင် မင်းရဲသီဟသူ၏ မိဖုရားခေါင်ကြီးလည်း ဖြစ်သည်။



မိဖုရားခေါင်ကြီး မင်းခင်စောသည် သားတော် နတ်ရှင်နောင် ပြသော အမူအရာကို သတိပြုမိသည်။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နေလေ့ရှိသော သားတော် နတ်ရှင်နောင် ယခုလို ရွှင်ရွှင်ပျပျ ရှိနေခြင်းကြောင့် မယ်တော် မိဖုရားခေါင်ကြီးမှာလည်း ပျော်ရွှင်လာမိသည်။

"ခမည်းတော်ဆီက ဘာဆုလာဘ်များ ရလို့ ဒါလောက် ပျော်နေတာလဲ သားတော်၊ မယ်တော်ဖြင့် သားကို အခုလို မြင်ရတာ သိပ်ဝမ်းသာတာပဲ"

"ဆုလာဘ် ရတာ မဟုတ်ပါဘူး မယ်တော်၊ ခမည်းတော်ဘုရားအမိန့်နဲ့ သားတော် ဟံသာဝတီကို သွားရမှာကြောင့်ပါ"

"ဟံသာဝတီကို သွားရမယ် ဆိုတာနဲ့ အဲဒါလောက် ပျော်နေရသလား နတ်ရှင်ရဲ့"

"ဟံသာဝတီက ဘိုးတော်ရဲ့ နေပြည်တော်လေ၊ ပြီးတော့..."

"ပြီးတော့... ဘာဖြစ်သလဲ၊ ဟံသာဝတီကနေ မင်းကို မျှော်တဲ့သူများ ရှိနေပြီလား နတ်ရှင်"

နတ်ရှင်နောင်၏ မျက်နှာတွင် ရှက်ရိပ်သန်းနေသော အပြုံးတစ်ရပ် ဖျတ်ခနဲ ပေါ်လာသည်။ သူက ခေါင်းကို မသိမသာ ငုံ့လိုက်ပြီး-

"သားတော်ကို မျှော်တဲ့သူ မဟုတ်ပါဘူး မယ်တော်၊ သားတော်က တွေ့ချင်နေတဲ့ သူပါ"

"ဟင်... ဟုတ်လား"

နတ်ရှင်နောင်၏ မိခင် မိဖုရားခေါင်ကြီး မင်းခင်စောက ရှက်ဟန်ပေါ်နေသော သားတော်ကို ကြည့်ပြီး ပြုံးသည်။

"သားတော်ကို အခုလို ရှက်သလိုလို ပုံစံနဲ့ တွေ့ရတာက ထူးခြားလှတယ်၊ သားတော်က အငမ်းမရ တွေ့ချင်နေတဲ့သူက ဘယ်သူများလဲ၊ မယ်တော် သိနေတဲ့ သူများလား ဟင်"

နတ်ရှင်နောင်၏ မျက်နှာထား တည်သွားသည်။ လေးနက်တည်ကြည်ဟန်က သူ့မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်လာသည်။

"ဒီအကြောင်း အခုနေမှာ သားတော် မပြောပါရစေနဲ့ဦး မယ်တော်၊ တစ်ဖက်က သားတော်အပေါ် ဘယ်လို သဘောထားတယ် ဆိုတာ မသိသေးဘဲနဲ့ သူ့အကြောင်းကို မပြောချင်ဘူး"

မိဖုရားခေါင်ကြီး မင်းခင်စောက ခေါင်းကို ညင်သာစွာ ညိတ်သည်။

"ရတုကဗျာတွေ ရေးဖွဲ့ဖို့နဲ့ စစ်တိုက်ဖို့ကလွဲပြီး ဘာမှ စိတ်မဝင်စားတဲ့ သားတော်မှာ နောက်ထပ် စိတ်ဝင်စားစရာ ပေါ်လာပြီပေါ့လေ၊ အင်း... အချိန်ကလည်း တန်လာပြီကိုး၊ တစ်ခုတော့ သားတော်ကို မယ်မယ် မှာချင်တယ်၊ လူတစ်ယောက်ရဲ့ စိတ်ဆန္ဒကို အတင်းအဓမ္မ ပြောင်းအောင် ကြိုးစားတာမျိုး မလုပ်ပါနဲ့၊ အရှိန်အဝါနဲ့ အနိုင်ကျင့်တာမျိုးလည်း မလုပ်ပါနဲ့"

"စိတ်ချပါ... သားတော်က မယ်တော့် သားတော်ပါ၊ ဘယ်တော့မှ အကျင့်မပျက်ပါဘူး၊ ဟံသာဝတီက နောင်တော်တွေလို ဘယ်တော့မှ မဖြစ်စေရပါဘူး"

"အဲသလို ဖြစ်လာရင် မင်းကို မယ်တော်ကိုယ်တိုင် ဟောဒီလက်နဲ့ သတ်ပစ်မယ်"

"သတ်ပါ မယ်တော်၊ သတ်ပါ၊ သားတော် ကျေကျေနပ်နပ် ခံယူပါ့မယ်၊ မယ်တော့်သား နတ်ရှင်နောင်ဟာ ဘိုးတော် ဟံသာဝတီပြည့်ရှင်မင်းတရားကြီးရဲ့ အလိုနဲ့ ဆန့်ကျင်တဲ့သူ ဘယ်တော့မှ မဖြစ်စေရဘူး"

"အင်း... ကောင်းပါရဲ့ကွယ်၊ ကောင်းပါရဲ့၊ ဒီစိတ်ဓာတ်ကို ဘယ်တော့မှ မပျက်စေနဲ့ ကြားလား၊ မင်း ဟံသာဝတီကို သွားမယ်ဆိုရင်လည်း ပြင်ဆင်ပေတော့၊ ခရီးသွားတဲ့အခါ မပေါ့လျော့နဲ့၊ သတိ မလစ်ဟင်းနဲ့၊ တစ်ရပ်တစ်ရွာကို ရောက်တဲ့အခါကျလည်း သတိမြဲပါစေ၊ သားတော်က စစ်ပွဲတွေ နွှဲတဲ့သူ ဆိုတော့ မယ်တော် အထူးမမှာတော့ပါဘူး၊ အချိန်တိုင်းမှာ သတိရှိပါစေလို့ပဲ ပြောချင်တယ်"

"စိတ်ချပါ မယ်တော်... သားတော် အမြဲသတိရှိနေပါ့မယ်"

နတ်ရှင်နောင်က သူ၏ မိခင်ဖြစ်သူ မိဖုရားခေါင်ကြီး မင်းခင်စောအား ကန်တော့သည်။ ထိုနောက် မိဖုရားခေါင်ကြီး၏ အဆောင်မှ ထွက်ခဲ့လေသည်။

❑

# မျက်နှာငွေလ ဝင်းပပကို

ကမ္ဘောဇသာဒီနန်းမြို့တော်မှာ ခမ်းနားခြင်း၊ တင့်တယ်ခြင်းအတိပြီး၏။ အနီရောင်တစ်ဝက်၊ ရွှေရောင်တစ်ဝက်နှင့် အရောင်လက်နေသော နန်းမြို့မှာ တင့်တယ်ထည်ဝါခြင်းနှင့် ဆန့်ကျင်စွာ တိတ်ဆိတ်နေသည်။

ဘကြီးတော် ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်ထံ အခစားဝင်ပြီး ပြန်အထွက်တွင် နတ်ရှင်နောင်မှာ တွေ့နေ၊ မြင်နေရသော မြင်ကွင်းများအပေါ်နားမလည်နိုင် ဖြစ်မိရ၏။ ဟံသာဝတီပြည့်ရှင် ရှေ့တော်မှောက်သို့ အခစားဝင်နေသော မှူးမတ်သေနာပတိတို့မှာ စိုးရိမ်ထိတ်လန့်ဖွယ်ရာ အကြောင်းအရာတစ်ခုနှင့် ရင်ဆိုင်နေရသည့်ပမာ မျက်စိမျက်နှာ ပျက်နေလျက် ရှိသည်။ အပြုံး အရယ် ကင်းမဲ့နေသော မှူးမတ် သေနာပတိတို့၏ မျက်နှာ အမူအရာကို နတ်ရှင်နောင် အသေအချာ သတိပြုမိခဲ့သည်။

"ဒီတစ်ခါ ရွှေမြို့တော်ကို လာရတာ တစ်မျိုးပဲ နေမျိုးသီရိ၊ နန်းမြို့အတွင်းမှာ စိုစိုပြည်ပြည် မရှိဘူး၊ မှူးမတ်သေနာပတိတွေရဲ့ မျက်နှာ အမူအရာကလည်း ထူးခြားလှတယ်၊ ဒီမှာ တစ်ခုခုတော့ ဖြစ်နေပြီ"

“အဲဒီအကြောင်း ဒီက မပြန်ခင် သိရအောင် ကျွန်တော်မျိုး စုံစမ်းပါ့မယ် အရှင့်သား”

“အင်း… ရောက်တုန်းရောက်ခိုက် ဟံသာဝတီက ရသမျှ သတင်းကို ယူသွားကြမယ်၊ ကဲ… ဟိုမှာ အစ်မတော်ရဲ့ အဆောင်ကို ရောက်ပြီ၊ ခဏစောင့်ပေဦး”

ရာဇဓာတုကလျာ၏ အဆောင်ရှေ့သို့ အရောက်တွင် နတ်ရှင်နောင်က နေမျိုးသီရိအား ထားခဲ့ပြီး အဆောင်သို့ ဝင်သည်။

ရာဇဓာတုကလျာမှာ ရံရွေတော် နှစ်ယောက်နှင့်အတူ အဆောင်ဘေးပန်းဥယျာဉ်အတွင်း၌ ရှိနေသည်။ နတ်ရှင်နောင်မှာ ရာဇဓာတုကလျာ ရှိရာသို့ လျှောက်ခဲ့သည်။ ပန်းဥယျာဉ်အတွင်း၌ ငြိမ်းအေးစွာ စံနေသော ရာဇဓာတုကလျာကို မြင်သည်နှင့် နတ်ရှင်နောင်၏ ရင်မှာ ညင်သာသိမ်မွေ့စွာ လှုပ်ခုန်လာသည်။

ပန်းဥယျာဉ်အတွင်းရှိ ထိုင်ခုံပေါ်တွင် သက်သောင့်သက်သာ ထိုင်ရင်း ပန်းရနံ့သင်းသော လေပြည်ကို ရှူ၊ နေရောင်ခြည်တွင် ကခုန်နေသော ရောင်စုံပန်းကလေးများကို ကြည့်ရင်း အေးချမ်းမှု ရှာနေသော ရာဇဓာတုကလျာသည် မျက်လုံးတစ်ချက် အငေ့တွင် ပန်းဥယျာဉ်အတွင်းသို့ ဝင်လာနေသော နတ်ရှင်နောင်အား မြင်သည်။ ထိုသို့ မြင်လိုက်စဉ် ခဏ ရာဇဓာတုကလျာ၏ နှလုံးသားမှာ အလှုပ်အခုန် မြန်လာသည်။

ခက်ထန်ကြမ်းတမ်းသော နာကျင်တုန်လှုပ်ဖွယ်ရှိသော ဘဝအတွေ့အကြုံကြောင့် တရားရိပ်တွင် ခိုလှုံတော့မည်ဟု ဆုံးဖြတ်ထားပါလျက် နတ်ရှင်နောင်ကြောင့် တည်ငြိမ်စပြုသော နှလုံးသားမှာ လှုပ်ခါလာခြင်းအတွက် ရာဇဓာတုကလျာမှာ မိမိကိုယ်ကို မိမိ မကျေနပ်။ ထိန်းသိမ်းရခက်သော နှလုံးသားကိုလည်း ဒေါသဖြစ်မိသည်။ ရုတ်တရက် လှုပ်ရှားသွားသည့် စိတ်အစဉ်ကို ထိန်းသိမ်းနိုင်ရန် ကြိုးစားရင်းကပင် မျှော်လင့်သော အကြည့်များ နတ်ရှင်နောင်ထံ ရောက်နေခြင်းမှာ ဆိုးရွားလှပါလားဟု ရာဇဓာတုကလျာ တွေးမိသည်။

“အခုလို ပန်းဥယျာဉ်ထဲထိအောင် ကျူးကျူးကျော်ကျော် ရောက်လာလို့ စိတ်အနှောင့်အယှက်များ ဖြစ်သွားသလား အစ်မတော်၊ စိတ်အလိုမကျစရာများ ဖြစ်နေရင် အစ်မတော်ရဲ့ မျက်နှာကို ဖူးတွေ့ချင်လို့ ခရီးဝေးက လာရတဲ့ နောင်အပေါ် ခွင့်လွှတ်တော်မူပါ”



လှုပ်ရှားသော စိတ်ကို ထိန်းရန် ကြိုးစားနေသည့် ရာဇဓာတုကလျာအနားတွင် နတ်ရှင်နောင် လာရပ်သည်။ လွန်စွာသိမ်မွေ့သော အမူအရာနှင့် စကားအချိုအသာကို ဆိုသည်။ ထိုအခါ လှုပ်ရှားလွယ်သောစိတ်ကို ပို၍ ထိန်းရခက်သည်။

“ခရီးဝေးကနေ လာတဲ့ လူအပေါ် အလိုမကျ မရှိပါဘူး မောင်မောင်ရယ်၊ ထိုင်ပါကွယ်၊ ဥယျာဉ်တော်ထဲမှာတော့ နေရာထိုင်ခင်းက မကောင်းလှဘူး”

“စစ်မြေပြင်ထက်စာရင်တော့ ဥယျာဉ်တော်မှာက နေရာထိုင်ခင်းကောင်းပါတယ် အစ်မတော်”

နတ်ရှင်နောင်၏ စကားကြောင့် ရာဇဓာတုကလျာ ပြုံးသည်။ ရင့်ကျက်တည်ငြိမ်သော မျက်နှာအလှပေါ်တွင် ရွှင်ပျရိပ်တွေ ထင်လာ၏။

“အင်း… မောင်မောင်က စစ်မင်းသား၊ စစ်ပွဲတွေမှာ ပျော်တဲ့လူဆိုတာ အစ်မတော် သိပါတယ်လေ၊ ကြွားနေစရာ မလိုပါဘူး”

“ဟား ဟား… မကြွားပါဘူး အစ်မတော်ရယ်၊ ဒီလိုပဲ စကားအဖြစ်ပြောတာပါ၊ နောင်က စစ်ပွဲနဲ့ နီးစပ်သူမို့ စစ်မြေပြင်ကို ဥပမာပေးမိတာပါ”

နတ်ရှင်နောင်က ဥယျာဉ်တော်အတွင်း ထိုင်ခုံဖြစ်သော သစ်တုံးပေါ်တွင် ထိုင်လိုက်သည်။

“ကေတုမတီမှာ အေးအေးချမ်းချမ်း ရှိဝါရဲ့လား၊ မောင်မောင့်ခမည်းတော်နဲ့ မယ်တော်ကော ကျန်းမာပါရဲ့လား”

“ကေတုမတီမှာ အေးချမ်းသာယာပါတယ်၊ ခမည်းတော်နဲ့ မယ်တော်လည်း ကျန်းမာပကတိ ရှိပါတယ်၊ ဝေဒနာခံစားနေရသူဆိုလို့ နောင်တစ်ယောက်ပဲ ရှိပါတယ်”

“ဘယ်လို… မောင်မောင်က ဝေဒနာ ခံစားနေရတယ် ဟုတ်လား၊ ဘာဝေဒနာများ ခံစားနေရလို့လဲ ဟင်”

“လွမ်းတဲ့ ဝေဒနာလေ၊ ဟောဒီ ဟံသာဝတီ ရွှေနန်းတော်မှာ ရှိနေတဲ့ အစ်မတော်စုဖုရားကို လွမ်းနေတာလေ”

“အို…”

ရှက်စိတ်ကြောင့် ရာဇဓာတုကလျာ၏ မျက်နှာမှာ ပန်းနုရောင်သန်းသွားသည်။ ရှက်ရွံ့သော အကြည့်ဖြင့် အနားတွင် ခစားနေသော ရံရွေတော် နှစ်ယောက်အား လှမ်းကြည့်သည်။

ရုံရွှေတော် နှစ်ယောက်မှာ အနားတွင် မရှိတော့။ ခပ်လှမ်းလှမ်းရှိ ပန်းချုံတစ်ခုအနီးတွင် ရောက်နေကြသည်။

"ရုံရွှေတော်တွေ အနားက ရှောင်ထွက်သွားတာ ကြာလှပါပြီ အစ်မတော်ရဲ့၊ ရှက်ရွံ့မနေပါနဲ့တော့"

နတ်ရှင်နောင်၏ စကားကို အကြားတွင် ရာဇဓာတုကလျာ ပြုံးသည်။ နတ်ရှင်နောင်က ပြုံးလိုက်စဉ် လွန်စွာလှပသွားသော ရာဇဓာတုကလျာ၏ မျက်နှာကို ငေးကြည့်သည်။

"အဝေးကနေ ရတုကဗျာတွေ ရေးပို့နေတာ အားမရလို့ ကိုယ်တိုင် ရောက်လာတာလား မောင်တော်"

ရုတ်တရက် မေးလိုက်သော ရာဇဓာတုကလျာ၏ အမေးစကားကြောင့် နတ်ရှင်နောင် ပြုံးသည်။ ရာဇဓာတုကလျာ၏ မျက်နှာတွင် တွယ်ငြိနေသော သူ့အကြည့်ကို မလွှဲမဖယ်ဘဲ ထား၏။

"အစ်မတော် မေးတာကို ဖြေပါဦး မောင်မောင်ရဲ့"

နတ်ရှင်နောင်က ပြုံးနေရင်းမှ ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

"ဟုတ်ပါတယ် အစ်မတော်၊ အပြစ်ပေးရင်လည်း ခံတော့မယ် ဆိုပြီး အရဲစွန့်လာခဲ့တာပါ၊ ကေတုမတီကနေ လှမ်းပြီး လွမ်းနေရတာ နောင် မခံနိုင်တော့လို့ပါ"

"အင်း… ခက်တော့ ခက်နေပြီ မောင်မောင်၊ အစ်မတော်ရဲ့ အရွယ်က စိတ်ကစားရမယ့်အရွယ် မဟုတ်တော့ဘူး၊ မောင်တော်အိမ်ရှေ့စံ စစ်ပွဲမှာ ကျဆုံးခဲ့တာကြောင့် စိတ်သောကရောက်နေရတဲ့ အခုလို အချိန်မှာလား"

"နောင့်အတွက် မစဉ်းစားနိုင်ဘူးလို့ ပြောမလို့လား အစ်မတော်၊ အခု မစဉ်းစားချင်လည်း မစဉ်းစားပါနဲ့၊ ရပါတယ် အစ်မတော်၊ စိတ်သောကတွေ ပြေပြီဆိုရင်တော့ နောင့်အတွက် အဖြေလေး စဉ်းစားပေးပါ၊ လနဲ့ချီပြီး စောင့်ပါ ဆိုရင်လည်း နောင် စောင့်ပါ့မယ်၊ စောင့်ဆိုင်းနေရင်းက ဟံသာဝတီကို မကြာမကြာလာတာ၊ အစ်မတော်ရဲ့ မျက်နှာကို မကြာခဏ တွေ့မြင်နိုင်ဖို့ ကြိုးစားတာကိုတော့ ခွင့်ပြုပေးပါ"

နတ်ရှင်နောင်က စကားကို ရှည်လျားစွာ ပြောပြီး ရာဇဓာတုကလျာ၏ မျက်နှာငွေလ ဝင်းပပကို ငေးကြည့်သည်။ နတ်ရှင်နောင်၏ ထိုအကြည့်… ထိုမျက်လုံးတို့က ရာဇဓာတုကလျာအား ရင်တသိမ့်သိမ့် ခုန်သွားစေသည်။



"သတိရတုန်း ပြောရဦးမယ်၊ ရှေ့လကျရင် အိမ်ရှေ့စံ တင်မြှောက်ပွဲ ရှိတယ်။ မောင်တော် အဲဒီအချိန်ကျ ဟံသာဝတီမှာ ရှိဦးမှာလား"

ရာဇဓာတုကလျာကို ငေးကြည့်နေသော နတ်ရှင်နောင်မှာ ကြားရသည့် စကားကြောင့် မျက်မှောင်ကုတ်လိုက်စဉ်…

"အိမ်ရှေ့စံ တင်မြှောက်ပွဲ… ဟုတ်လား အစ်မတော်၊ ဘယ်သူက အိမ်ရှေ့စံ ဖြစ်မှာလဲ"

"ဘယ်သူရမှာလဲ… အင်းဝစားပေါ့၊ ဒီသတင်းအကြားမှာ ပြည်စားက မကျေမနပ် ဖြစ်နေတယ်လေ၊ ပုန်စားပုန်ကန် ပြုမယ်လို့တောင် ကြားတယ်"

"နောင်တော်မင်းကြီးနောင်က ခမည်းတော်ကို ပြစ်မှားမယ် မထင်ပါဘူး၊ သတင်းစကား ဆိုတာက ဒီလိုပဲ ကားတတ်ပါတယ် အစ်မတော်"

"အစ်ကိုတော် ဘုရင်မင်းမြတ်ကလည်း မောင်တော် ပြောသလိုပဲ ပြောပါတယ်၊ အစ်မတော်ကတော့ ဒီမင်းသား ပုန်စားပုန်ကန်ပြုမယ် ဆိုတာကို ယုံနေပါတယ်"

နတ်ရှင်နောင် အံ့အားသင့်သွားသည်။ ရာဇဓာတုကလျာသည် အခြေအနေ တစ်ရပ်ကို လိမ္မာပါးနပ်စွာ တွက်ချက်တတ်ပါလားဟု တွေးနေမိ၏။

"အစ်မတော်က ထီးရေးနန်းရေး ကိစ္စကို စိတ်မဝင်စားပါဘူး၊ သတင်းစကားတွေက နားနဲ့ မဆုံအောင် ကြားနေရတော့လည်း ဒီအကြောင်းတွေကို တွေးမိရတာပေါ့ကွယ်"

"အင်းဝစား မင်းရဲကျော်စွာကို အိမ်ရှေ့အရာနှင်းမယ် ဆိုတော့ မကျေနပ်တာတွေ… ပုန်စားပုန်ကန် ပြုတာတွေ ရှိမှာပဲ၊ ဘကြီးတော် ဘုရင်မင်းမြတ်က ဒါတွေကို ကြားပါ သိပါလိမ့်မယ်၊ သူ့သားတော်တွေနဲ့ ပတ်သက်တဲ့ ကိစ္စကို သူကိုယ်တိုင် ရှင်းလင်းပါလိမ့်မယ် အစ်မတော်"

လိမ္မာပါးနပ်စွာ ပြောဆိုနေသော နတ်ရှင်နောင်၏ စကားကို နားထောင်ရင်း ရာဇဓာတုကလျာ ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။ နတ်ရှင်နောင်က စကားပြောရင်း ပြီးလာလိုက်၊ ငေးငိုင်သွားလိုက်နှင့် ရှိနေသော ဓာတုကလျာ၏ မျက်နှာအလှကို ငေးငေးကြည့်မိသည်။ ညွှတ်နူးဖွယ် အလှအပတွင် ဝင်စားရင်း သူ့ရင် သိမ့်သိမ့်သာသာ ခုန်သည်။ ဟံသာဝတီအရေးထက် လတ်တလော အခြေအနေတွင် သူ့နှလုံးသားအရေးက ရှေ့တန်းသို့ ရောက်နေသကဲ့သို့ ရှိသည်။ ဓာတုကလျာနှင့် မျက်နှာချင်းဆိုင်နေရသော ကာလငယ်လေးသည် နတ်ရှင်နောင်

အတွက် ဆွတ်ပျံ့ကြည်နူးစရာ ဖြစ်နေ၏။ ဟံသာဝတီသို့ ရောက်နေသည့် ရက်များတွင် နတ်ရှင်နောင်မှာ ဓာတုကလျာထံ အကြောင်းရှာပြီး ဝင်သည်။ ဟံသာဝတီမှ ပြန်ရသည့်အခါ သူ့နှလုံးသားမှာ ဟံသာဝတီတွင် ကျန်ရစ်ခဲ့သလို ရှိ၏။

❑

# အလွမ်းများနှင့် ပျော်မိသည်

ဟံသာဝတီမှ ပြန်လာခဲ့ပြီးသည့်နောက်တွင် ကေတုမတီသည် တိတ်ဆိတ်ခြောက်သွေ့နေသကဲ့သို့ ရှိသည်။ ကျူလီပွဲများတွင် ရှေ့ဆုံးက ပါလေ့ရှိသော နတ်ရှင်နောင်မှာ ကျူလီကစားရန် စိတ်မဝင်စား။ ပြုနေကျ တာဝန်ဝတ္တရားများကိုလည်း ပျက်ကွက်လာသည်။

“ဟံသာဝတီက ပြန်လာတဲ့နောက်မှာ အရှင်မင်းသား ကျူလီရိုက်တာ မရှိသလို မိဖုရားခေါင်ကြီးဆီကိုလည်း အခစား မဝင်ပါဘူး၊ ဒီနေ့ ကျွန်တော်မျိုး အပျိုတော် မယ်အနဲ့ တွေ့လို့ အရှင်မိဖုရားခေါင်ကြီးက သားတော်မှ ရှိပါသေးရဲ့လားလို့ မေးတော်မူကြောင်း သိရပါတယ်၊ ဘဝရှင်မင်းတရားကြီးကလည်း ညီလာခံမှာ အရှင်မင်းသားကို မမြင်လို့ အမေးတော် ရှိနေပါသတဲ့”

တစ်ယောက်တည်း ငေးငိုင် တွေဝေနေစဉ် နေမျိုးသီရိ၏ စကားက နတ်ရှင်နောင်အား ကိုင်လှုပ်လိုက်သကဲ့သို့ ရှိသည်။

“မယ်တော်က တကယ်ပဲ အခုလို ပြောသတဲ့လား နေမျိုးသီရိ”

“မှန်လှပါ… ကျွန်တော်မျိုး အပိုမပြောရဲမဆိုရဲပါ အရှင်မင်းသား”

"အင်း… ငါလည်း စိတ်မရှင်လန်းတာနဲ့ အဆောင်က မထွက်ဘဲ နေနေလိုက်တာ၊ အပြစ်ပြုသလို ဖြစ်နေပါလား၊ အခုပဲ မယ်တော်နဲ့ ခမည်းတော်ဆီကို ဝင်မယ် နေမျိုးသီရိ"

နတ်ရှင်နောင်သည် ချက်ချင်းပင် မယ်တော်၏ အဆောင်သို့ ဝင်ရန် ပြင်ဆင်သည်။ နေမျိုးသီရိက နတ်ရှင်နောင် ထွက်ခွာသည့်အခါ နောက်တော်ပါးမှ လိုက်ရသည်။ နတ်ရှင်နောင်က မိဖုရားခေါင်ကြီးထံ ဝင်ရောက်သည့်အခါ နေမျိုးသီရိက အဆောင်အပြင်မှ စောင့်နေရ၏။

နတ်ရှင်နောင်သည် မယ်တော် မိဖုရားခေါင်ကြီးထံသို့ ဝင်သွားပြီးနောက် ခဏအကြာတွင် စိတ်ရှင်လန်းချမ်းမြေ့သော အမူအရာနှင့် ပြန်ထွက်လာသည်။

"နေမျိုးသီရိရေ… ငါတို့ ညီလာခံဝင်ကြရအောင်"

နတ်ရှင်နောင်က တက်ကြွစွာပင် ညီလာခံခန်းမသို့ ဝင်သည်။ နေမျိုးသီရိမှာ နတ်ရှင်နောင်၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာခဲ့သည်။

ညီလာခံခန်းမသည် အသံဗလံဟူသမျှ ဆိတ်သုဥ်းလျက် ငြိမ်သက်နေ၏။ တောင်ငူဘုရင် မင်းရဲသီဟသူကို ပလ္လင်ထက်တွင် ခံ့ညားစွာ တွေ့ရသည်။ မိဖုရားခေါင်ကြီး ထိုင်သော သလွန်တော်မှာ ထိုင်သူမရှိ ရှင်းလင်းနေသည်။ မှူးမတ်သေနာပတိတို့မှာ သတ်မှတ်ထားသည့် နေရာတွင် ပျပ်ဝပ်စွာ ထိုင်ကာ ဘုရင်မင်းမြတ်အား ခစားနေကြသည်။

နတ်ရှင်နောင်က မင်းသားကြီးအတွက် သတ်မှတ်ထားသည့် နေရာတွင် ဝင်ထိုင်သည်။ မလှမ်းမကမ်းတွင် ရှိနေသော ညီတော် မင်းရဲကျော်ထင်က နတ်ရှင်နောင်အား နှုတ်ဆက်ဟန်ဖြင့် လှမ်းကြည့်သည်။

တောင်ငူဘုရင် မင်းရဲသီဟသူသည် ပလ္လင်အောက်တွင် ဝင်ရောက်ခစားလာသော သားတော်ကြီး နတ်ရှင်နောင်အား တည်ငြိမ်သော အကြည့်ဖြင့် တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် နန်းရင်းဝန်ဘက်သို့ လှည့်လိုက်သည်။

"နောင်တောင်ဘုရင်မင်းမြတ်က အင်းဝစားကို ဟံသာဝတီ အိမ်ရှေ့စံအဖြစ် ခန့်အပ်ဖို့ ဆုံးဖြတ်လိုက်တာ မှားယွင်းတဲ့ ဆုံးဖြတ်ချက်ကြီးတစ်ရပ်ပဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး နေပြည်တော်အရပ်ရပ်က ကျေနပ်ကြရဲ့လား"

ဒူးတုပ်ပျပ်ဝပ်နေသော နန်းရင်းဝန်ကြီးက ချောင်းတစ်ချက် ဟန့်လိုက်သည်။



"မြို့စား ရွာစားတွေက အင်းဝစား မင်းရဲကျော်စွာကို အိမ်ရှေ့အရာ အပ်နှင်းဖို့ ဆုံးဖြတ်ထားတာ မကျေနပ်ကြပါဘူး အရှင်… အကျင့်ပျက်စရိုက်ကြမ်းတဲ့ အင်းဝစားဟာ အိမ်ရှေ့မင်း ဖြစ်လာရင် ပြည်တွင်းရေး မသာမယာ ဖြစ်မယ်၊ တစ်ဆင့်တက်ပြီး အင်းဝစား ပြည့်ရှင်ဘုရင် ဖြစ်မယ်ဆိုရင် တိုင်းပြည်ပျက်လိမ့်မယ်လို့ ဆိုကြပါတယ်ဘုရား"

"အင်း… ငါကိုယ်တော် ထင်တဲ့အတိုင်း အများပြည်သူက မကျေနပ်ကြဘူးကိုး"

"ပြည်သူတွေက အိမ်ရှေ့စံ မင်းရဲကျော်စွာဟာ ဘိုးတော်မင်းတရားကြီး တည်ထောင်ခဲ့တဲ့ နိုင်ငံကို တစ်စစီ ဖြိုခွဲလိမ့်မယ်လို့ ဆိုနေကြပါတယ်"

ခမည်းတော် ဘုရင်မင်းမြတ် အမေးကို ဖြေနေသည့် နန်းရင်းဝန်ကြီး၏ စကားက နတ်ရှင်နောင်အား ရင်ထိတ်ခုန်သွားစေသည်။ အိမ်ရှေ့စံ တင်မြှောက်မည့်ကိစ္စကို သူ ဟံသာဝတီသို့ ရောက်စဉ်က ကြားခဲ့ သိခဲ့ရပါလျက် ခမည်းတော် တောင်ငူဘုရင်အား အသိမပေးမိခဲ့။ ကေတုမတီသို့ ပြန်ရောက်စ ခမည်းတော် ရှေ့မှောက်သို့ ဝင်ရောက်စဉ်တွင် ထိုသတင်းကို ပြောကြားခဲ့ခြင်း မရှိသည်ကို ပြန်သတိရသည်။

"ငါဟာ အစ်မတော်ကို ချစ်ခင်မြတ်နိုးတဲ့စိတ်… အစ်မတော်နဲ့ ခွဲရချိန်မှာ လွမ်းဆွတ်တဲ့စိတ်နဲ့ တာဝန်ဝတ္တရားတွေ ပျက်ကွက် အမှားတွေ အများကြီး ရှိခဲ့တယ်၊ ခမည်းတော်ရဲ့ ယုံကြည်အားကိုးတာ ခံရတဲ့ သားတော်ကြီးအနေနဲ့… ငါ… ဒီလို မဖြစ်သင့်ဘူး"

ရုတ်တရက် အတွေးထဲသို့ ဝင်လာသည့် အသိက နတ်ရှင်နောင်အား သတိပေးလိုက်သကဲ့သို့ ရှိသည်။ မယ်တော်မိဖုရားခေါင်ကြီးထံ ဝင်ရောက်ပြီးနောက် စိတ်ကော လူပါ ပန်းစုပွင့်သို့ ပြန်လည်ပူးကပ်လာစဉ် ယခုလို အသိဝင်လာခြင်းကြောင့် ပုံမှန်အနေအထားသို့ ရောက်လာပေသည်။

"အိမ်ရှေ့စံ ရွေးချယ်တာကို ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ကေတုမတီက ကိုယ်စားလှယ် အိမ်ရှေ့မင်း တင်မြှောက်ပွဲကို သွားရလိမ့်မယ်၊ အဲဒီတာဝန်ကို သားတော်ကြီး နတ်ရှင်နောင်ပဲ ယူပါ၊ နောင်တော်ဘုရင်မင်းမြတ်ကို ဆက်သဖို့ လက်ဆောင်ပဏ္ဏာများလည်း ယူဆောင်သွားပါ၊ နန်းရင်းဝန်ကြီးက လိုအပ်တာတွေ စီစဉ်ဖြည့်ဆည်းပေးလိုက်ပါ"

ခမည်းတော် တောင်ငူဘုရင် အမိန့်က နတ်ရှင်နောင်အား စိတ်လှုပ်ရှားသွားစေသည်။ ညီလာခံမှာ သူ့အတွက် အခွင့်အလမ်းရှိလာသည်။ ခမည်းတော် အမိန့်ကို နာခံ နားထောင်ရသော သူ့မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ် လက်နေသည်။

''အိမ်ရှေ့မင်း အပ်နှင်းပွဲအတွက် ဟံသာဝတီကို သွားရောက်ရာမှာ ညီတော် မင်းရဲကျော်ထင်ကို ခေါ်သွားခွင့်ပြုပါ ခမည်းတော်၊ ညီတော်လေးက ဟံသာဝတီကို အရောက်အပေါက် နည်းပါတယ်''

''သားတော်ကြီးက ညီတော်ကို ထိန်းသိမ်းနိုင်တယ်ဆိုရင် ခေါ်သွားပါ၊ သားတော်ငယ်က နောင်တော်ရဲ့ အမိန့်စကားကို နားထောင်ရမယ်၊ မင်းပျိုမင်းလွင် တစ်ပါးအနေနဲ့ အမှား မရှိစေနဲ့''

''မှန်လှပါ… ညီတော်လေးနဲ့ ပတ်သက်ပြီး စိတ်ချတော်မူပါ''

''ဒီကိစ္စကို ကြိုတင်စီစဉ်ထား၊ ဟံသာဝတီက ဖိတ်ခေါ်စာ ရောက်လာတာနဲ့ ထွက်ခွာကြပေတော့''

ကြားရသည့် အမိန့်စကားက နတ်ရှင်နောင်၏ နားထဲသို့ ချိုမြစွာ စီးဝင်သွားသည်။ ထိုချိုမြခြင်း နှလုံးသွေးကြောထဲသို့ ဝင်ရောက်ပြီး တစ်ကိုယ်လုံး ပျံ့နှံ့၏။ ညီလာခံအစဲတွင် နတ်ရှင်နောင် တစ်ကိုယ်လုံး ပီတိတွေ ဖုံးနေ၏။ ဟံသာဝတီတွင် စံမြန်းနေသော ထိပ်ထားသခင်မကို လွမ်းရင်းနှင့် ကြည်နူးစွာနှင့် ပျော်နေမိသည်။

❑

# လူတစ်ကိုယ်စာ

ဟံသာဝတီ မင်းနေပြည်တွင် နှင်းပတ်လည်ဝိုင်းနေ၏။ နတ်ရှင်နောင် ဦးဆောင်သော ကေတုမတီ ကိုယ်စားလှယ်များသည် နှင်းနံနက်တွင် ဟံသာဝတီနန်းမြို့သို့ ဝင်ရောက်လာသည်။

''နတ်ရှင်နောင်မင်းသား ဦးဆောင်တဲ့ ကေတုမတီ ကိုယ်စားလှယ်ပါ''

''ခေတ္တဆိုင်းငံ့ပါ… တာဝန်အရ ကျုပ်တို့ကို စစ်ဆေးခွင့်ပြုပါ''

''ကျုပ်တို့က အိမ်ရှေ့စံတင်မြှောက်ပွဲကို တက်ရောက်မယ့် ကိုယ်စားလှယ်အဖွဲ့ပါ၊ ဘုရင်မင်းမြတ်ကို လက်ဆောင်ပဏ္ဏာများ ဆက်သပြီး အိမ်ရှေ့မင်းကို ဂါရဝပြုဖို့ လာကြသူတွေကို ဘာများ စစ်ဆေးမှာလဲ''

အဖွဲ့ရှေ့မှ နန်းမြို့အတွင်း ဝင်ရောက်ရန် ဦးဆောင်သော နေမျိုးသီရိ၏ အသံကို ကြားရသည်။ နတ်ရှင်နောင်သည် ညီတော် မင်းရဲကျော်ထင်နှင့်အတူ ရှိနေရာမှ ရှေ့ကို တိုးထွက်လိုက်သည်။ ထိုအခါ တံခါးစောင့် ရဲမက်များက နေမျိုးသီရိ အပါအဝင် ကေတုမတီ ကိုယ်စားလှယ်အဖွဲ့ကို တားဆီးနေမှန်း သိလိုက်ရ၏။

"နေပြည်တော်မှာ ဘာအရေးကိစ္စများ ရှိနေလို့လဲ၊ ငါတို့က ဘကြီးတော် ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ် အမိန့်ကို ခံယူပြီး ကေတုမတီက လာတဲ့ ကိုယ်စားလှယ်အဖွဲ့ပါ"

မင်းညီမင်းသား တစ်ပါး၏ အဆောင်အယောင် အသွင်အပြင်နှင့် ရှိနေသော နတ်ရှင်နောင်အား တံခါးစောင့်က အရိုအသေပြုလိုက်သည်။

"ခွင့်လွှတ်ပါ အရှင်မင်းသား… သားတော်လတ် မင်းရဲကျော်စွာ ကိုယ်တိုင်က လာသမျှ ဧည့်သည်တော်များကို စစ်ဆေးရမယ် အမိန့်ရှိလို့ ကျွန်တော်တို့ စစ်ဆေးနေရတာပါ၊ ကျွန်တော်မျိုးတို့ရဲ့ တာဝန်ကို နားလည်ပေးပါ အရှင်မင်းသား"

"သားတော်လတ် မင်းရဲကျော်စွာက အိမ်ရှေ့အရာ အပ်နှင်းခံရမယ့်သူ မဟုတ်လား"

"မှန်ပါတယ် အရှင်မင်းသား"

နတ်ရှင်နောင်၏ မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ တံခါးမှူးအား စူးရှ အရောင်လက်နေသော မျက်လုံးအစုံဖြင့် ကြည့်သည်။ တစ်ခဏအကြာတွင် သူက ပင့်သက် တစ်ချက်ရှိုက်ပြီး ခေါင်းညိတ်လိုက်၏။

"မောင်မင်းတို့မှာ တာဝန်ရှိနေတော့လည်း တာဝန်အတိုင်း လုပ်ကိုင်ပါ နေမျိုးသီရိ၊ တံခါးမှူးက အိမ်ရှေ့မင်း ဖြစ်မယ့် မင်းရဲကျော်စွာရဲ့ အမိန့်အရ စစ်ဆေးမှာကို လက်ခံလိုက်ပါ"

တံခါးမှူးက နတ်ရှင်နောင်နှင့် ပါလာသူ တစ်ယောက်စီကို စစ်ဆေးသည်။ အားလုံးကို စစ်ဆေးပြီးသည်နှင့် တံခါးမှူးက သူနှင့်အတူ ရှိနေသော တံခါးစောင့်များကို လက်ပြပြီး နောက်ဆုတ်လိုက်သည်။ တစ်ဆက်တည်းပင် နတ်ရှင်နောင်ကို အရိုအသေပြုလိုက်သည်။

"မြို့တွင်းကို ကြွပါ အရှင်မင်းသား… အရှင်မင်းသားလို ဟံသာဝတီ အကျိုးကို ဆောင်ရွက်ခဲ့သူအပေါ် အခုလို တားဆီး ရှာဖွေရတဲ့အတွက် ခွင့်လွှတ်ပါ၊ ကျွန်တော်တို့က အမိန့် နာခံရသူတွေ ဖြစ်လို့ မလွှဲမကင်းသာ လုပ်ရတာပါ"

နတ်ရှင်နောင်က တံခါးမှူးအား ဖျတ်ခနဲ လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ နှုတ်မှ တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုဘဲ ကိုယ်စားလှယ်အဖွဲ့နှင့် အတူ မြို့တွင်းသို့ ဝင်သည်။



"ဟံသာဝတီရဲ့ အခြေအနေက တစ်မျိုး ဖြစ်နေပါလား နေမျိုးသီရိ၊ အမှန်က ငါတို့ကို မြို့အဝင်ကနေ ဝမ်းသာအားရ ကြိုဆိုရမှာ၊ အခုတော့ မကြိုဆိုတဲ့အပြင် မယုံသင်္ကာနဲ့ ရှာဖွေစစ်ဆေးနေပါလား"

"အိမ်ရှေ့မင်း ဖြစ်လာမယ့် အင်းဝစားရဲ့ အစီအစဉ်က ဆိုးဝါးပါတယ်၊ အင်းဝစားဟာ မောက်မာရက်စက်ပြီး မယုံသင်္ကာစိတ်ကြီးသူ ဖြစ်ပါတယ်။ အင်းဝစားဘဝမှာကတည်းက ပြည်သူတွေရဲ့ အမုန်းကို ခံရသူ ဖြစ်ပါတယ်၊ သူ အပိုင်စားရတဲ့ နယ်ပယ်ဒေသက လူတွေအပေါ် အနိုင်ကျင့် စော်ကားတယ်ဆိုတဲ့ သတင်း ထွက်ပေါ်ခဲ့သူပါ"

"ကြားရတဲ့ သူ့သတင်းတွေမှာ ကောင်းကွက်တစ်ခုမှ မရှိဘူး၊ သူဟာ သိပ်အန္တရာယ်များတဲ့ လူပဲ၊ ပြည်သူတွေအတွက် ဘေးဒုက္ခတွေ ယူလာသူလို့ ပြောရမယ်၊ ဘကြီးတော် ငါးဆူဒါယကာက ဖိတ်ခေါ်တာ ခံရပြီး ဟံသာဝတီ ရောက်လာတဲ့ ဧည့်သည်တွေအပေါ် အခုလို ပြုမူဆက်ဆံတာဟာ ရိုင်းပျစော်ကားတာပဲ၊ ဒီအတွက် အိမ်ရှေ့စံဟာ တစ်နေ့ကျ ပေးဆပ်ရလိမ့်မယ်"

နတ်ရှင်နောင်က မျက်နှာထား တည်တည်နှင့် ပြောသည်။ ထို့နောက် သူက ကေတုမတီ ကိုယ်စားလှယ်များဘက်သို့ လှည့်ပြီး–

"ဟံသာဝတီမှာ ရန်အရှာမခံရအောင် နေပါ၊ အနေမမှားနဲ့၊ အသွား မမှားနဲ့၊ အစား မမှားနဲ့၊ စကား မမှားနဲ့၊ ဟံသာဝတီဟာ မကြာခင်မှာဘဲ ရန်စ စော်ကားသူ ဖြစ်လာလိမ့်မယ်၊ ကျုပ်တို့ ဟံသာဝတီနဲ့ အချိန်မတိုင်ခင် အမုန်းမပွားချင်တာကြောင့် ရန်ကို ရှောင်ပြီး နေကြပါ"

နန်းမြို့တွင်းသို့ အရောက်တွင် ကြိုဆိုသူများနှင့် တွေ့ရသည်။ မြို့စောင့် တပ်ဖွဲ့ဝင်များက ကေတုမတီကိုယ်စားလှယ်များအား နေရာမှ ထပေးသည်။

တည်းခိုရာသို့ ရောက်သည့်နောက်တွင် နတ်ရှင်နောင်က ကေတုမတီမှ ပါလာသော နန်းတွင်းသူ နှစ်ယောက်ကို လက်ဆောင်ပဏ္ဏာများနှင့် ရာဇဓာတုကလျာထံသို့ စေလွှတ်သည်။ နန်းတွင်းသူ နှစ်ယောက်က လက်ဆောင် ပဏ္ဏာများနှင့်အတူ နတ်ရှင်နောင် ရေးဖွဲ့ထားသည့် အလွမ်းရတုများကိုပါ ယူဆောင်သွား၏။

နတ်ရှင်နောင်သည် တည်းခိုဆောင်သို့ ရောက်သည်နှင့် မင်းညီမင်းသား များ ဝတ်ဆင်သည့် အဝတ်အစား၊ အသုံးအဆောင်တို့ကို ချွတ်ပယ်ပြီး သာမန်

လူတစ်ယောက် ဝတ်ဆင်သကဲ့သို့ ဝတ်ဆင်ကာ နန်းမြို့တွင်းမှ ထွက်ရန် ပြင်ဆင်သည်။ နတ်ရှင်နောင်၏ အခြေအနေကို ကြည့်နေသော နေမျိုးသီရိကလည်း သူ၏ အဆောင်အယောင်များကို ဖယ်ရှားပြီး အရပ်သားတစ်ဦးအဖြစ် ဝတ်ဆင်သည်။ နတ်ရှင်နောင် တည်းခိုဆောင်မှ အထွက်တွင် သူပါ နောက်က လိုက်၏။

''မင်းက ဘာဖြစ်လို့ ငါ့နောက် လိုက်လာရတာလဲ နေမျိုးသီရိ၊ ငါ တစ်ယောက်တည်း ဟံသာဝတီမြို့ထဲကို သွားပြီး အခြေအနေအရပ်ရပ်ကို လေ့လာမလို့၊ မင်း နေခဲ့ပါ''

နေမျိုးသီရိသည် နတ်ရှင်နောင်၏ ရှေ့တွင် ခေါင်းငုံ့လျက် ရပ်နေရင်းက ခေါင်းကို သွက်သွက်ပါအောင် ခါပြသည်။

''အရှင်မင်းသား တစ်ယောက်တည်း သွားလို့ မဖြစ်ပါဘူး၊ ကျွန်တော်မျိုး အကူအညီအဖြစ် လိုက်ခဲ့ရင် အရှင့်သားအတွက် အကူအညီ ရမှာပါ၊ တစ်ယောက်တည်း သွားရင် ကျော့မလုံပါဘူး''

နတ်ရှင်နောင် တွေခနဲ ဖြစ်သွားသည်။ စူးစိုက်သော အကြည့်ဖြင့် နေမျိုးသီရိအား အတန်ကြာအောင် ကြည့်သည်။ ပြီးလျှင် ခေါင်းကို ညင်သာစွာ ညိတ်လိုက်လေသည်။

''ဒါလည်း ဟုတ်တာပဲ၊ အခု ဟံသာဝတီဟာ အရင်က ဟံသာဝတီ မဟုတ်တော့တာတဲ့အတွက် သတိရှိတာ အကောင်းဆုံးပါပဲ၊ မောင်မင်း အခုလို စဉ်းစားတွေးခေါ်တတ်တာကြောင့် ငါ ယုံကြည်အားကိုးတာ''

''အရှင့်သားအတွက်ဆို ကျွန်တော်မျိုး အသက်စွန့်ရရင်တောင် တစ်ချက်ကလေးမှ နောက်မတွန့်ပါဘူး''

နတ်ရှင်နောင်က ရယ်ပြီး နေမျိုးသီရိ၏ ပခုံးကို လှမ်းပုတ်သည်။ ရင်းနှီးဟန်၊ ခင်မင်ဟန်၊ သံယောဇဉ်ရှိလွန်းဟန်ဖြင့် နတ်ရှင်နောင်၏ မျက်နှာမှာ နူးညံ့သိမ်မွေ့နေသည်။

''ငါ့အတွက် အသက်စွန့်တာထက် ကေတုမတီ ပြည်သူပြည်သား တွေအတွက် အသက်စွန့်ရဲတဲ့သူ ဖြစ်ဖို့ လိုတယ် နေမျိုးသီရိ၊ ငါကတော့ ကေတုမတီအတွက် ဘာမဆို လုပ်ရဲတယ်၊ ပြည်သူတွေ ဘေးအန္တရာယ် ကင်းစေဖို့အတွက် ငါ တာဝန်ယူရမယ်လို့ ခံယူထားတယ်၊ ငါတို့ အခု ကေတုမတီ ကနေ ဟံသာဝတီကို လာတာဟာ ရည်ရွယ်ချက်တွေ အများကြီးနဲ့ လာတာ



ဖြစ်တဲ့အတွက် ငါတို့ ရည်ရွယ်ချက်တွေ ထမြောက်အောင် လုပ်ရမယ်၊ ဒါမှ ငါတို့ဟာ ကေတုမတီအပေါ် သစ္စာထားရာ ရောက်မယ်''

နတ်ရှင်နောင်က စကားပြောရင်းမှ ဘေးပတ်ဝန်းကျင်ကို စူးရှသော အကြည့်ဖြင့် ကြည့်သည်။

''နန်းမြို့အပြင်ကို ထွက်ရင် ထူးခြားတာ တစ်ခုခု ရှိလိမ့်မယ်လို့ ငါ ထင်တယ်၊ ဒါကြောင့် တစ်ယောက်တည်း ထွက်လာခဲ့တာ''

နတ်ရှင်နောင်က ပတ်ဝန်းကျင်ကို ကြည့်နေရင်းမှ နေမျိုးသီရိအား ပြောသည်။

''နန်းမြို့အပြင်ကို ထွက်မယ်ဆိုရင်တော့ ခါတိုင်းလို လွယ်မယ် မထင်ဘူး အရှင်မင်းသား၊ နန်းမြို့တွင်း အဝင်အထွက်ကို သေသေချာချာ စစ်ဆေးနေတာ ဆိုတော့...''

''အပြင်ကို ထွက်ဖို့ မလွယ်ဘူးဆိုတာ ငါ သိပါတယ်၊ ထွက်နိုင်မယ့် နည်းလမ်းကော မရှိဘူးလား နေမျိုးသီရိ၊ အပြင်ကို ဘယ်လိုလုပ်ပြီး ရအောင် ထွက်ရမယ်လို့ မင်း စဉ်းစားမိတာ မရှိဘူးလား''

နေမျိုးသီရိ တွေခနဲ ဖြစ်သွားသည်။ ထို့နောက် အပြုံးရိပ် ထင်လာသော မျက်နှာအမူအရာနှင့် နတ်ရှင်နောင်ကို လှမ်းကြည့်ကာ ခေါင်းညိတ်လိုက်သည်။

''ကျွန်တော်မျိုး စဉ်းစားမိပါပြီ''

''ဒါဆိုရင် စဉ်းစားမိတဲ့အတိုင်း လုပ်၊ ပြီးတော့ အပြောအဆို အခေါ် အဝေါ်တွေကို ပြင်၊ ငါတို့ လျှို့ဝှက်လှုပ်ရှားသွားလာတော့မယ်လေ''

''ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ အစ်ကို''

နေမျိုးသီရိ၏ မျက်နှာမှာ ရွှင်လန်းတက်ကြွဟန်တွေ ပေါ်လာသည်။ သူက နန်းမြို့တောင်ဘက်သို့ ဦးဆောင်ပြီး လျှောက်သည်။ အဝင်အထွက် အသွားအလာ ပြုလေ့မရှိသော တံခါးမှ တံခါးမှူးကို ချဉ်းကပ်သည်။ နေမျိုးသီရိ ထံမှ အသပြာစများ တံခါးမှူးထံ ရောက်သွားသည်နှင့် တံခါးမှူးက သူ စောင့်ရသည့် တံခါးကို ဖွင့်ပေးလိုက်လေ၏။ နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့ လူတစ်ကိုယ်စာ ထွက်ပေါက်မှ အပြင်သို့ ထွက်လိုက်ကြလေသည်။

❑

# ရင်ဖွင့်သံ ကြားရခြင်း

ဟံသာဝတီသည် လွန်စွာ စည်ကားနေ၏။ နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့သည် အစည်ကားဆုံး နေရာ၊ လူမျိုးစုံရာသို့ ရောက်နေပြီ။ သတင်းစုံသော နေရာ ဖြစ်သည့် ဈေးတန်းသို့ ဝင်သည်။

ဟံသာဝတီဈေးတန်းတွင် အထက်အညာရပ်ဆီမှ ကုန်သည်များ၊ ဂန္ဓာလရာဇ်နိုင်ငံမှ လာရောက်သော ကုန်သည်များ ဓညဝတီမှ လာရောက်သော ကုန်သည်များ၊ ရေခြား မြေခြား တိုင်းတစ်ပါးမှ လာရောက်သော ကုန်သည်များကို တွေ့ရသည်။ ကုန်ပစ္စည်းအမျိုးမျိုးကို လိုချင်စဖွယ် ဖြစ်အောင် ခင်းကျင်းထားသော ဈေးတန်းအတွင်း လျှောက်ရင်းမှ ဂန္ဓာလရာဇ်သား ကုန်သည် တစ်ယောက် ရောင်းချနေသည့် ကျောက်မျက်ရတနာဆိုင်တို့တွင် ရပ်လိုက်သည်။ သူက တရားဝင် ရောင်းချနေသော ကျောက်မျက်ရတနာများထဲမှ ကျောက်စိမ်းဆံထိုးတစ်ခုကို ရွေးပြီး ဝယ်လိုက်သည်။

"အစ်ကို ဒီဆံထိုးက…"

"အစ်မတော်အတွက်လေ"



နတ်ရှင်နောင်က ကျောက်စိမ်းဆံထိုးကို ပဝါစတစ်ခုဖြင့် တယုတယ ရစ်ပတ်ပြီး သိမ်းသည်။

"ညနေကျရင် အစ်မတော်ဆီကို ဝင်မယ်၊ ဒီတစ်ခါတော့ မင်း မလိုက်ခဲ့ပါနဲ့"

"ဟုတ်ကဲ့"

"ဟိုဘက်မှာ အကြော်ဆိုင် မဟုတ်လား၊ ငါတို့ အကြော်စားကြရအောင်"

"အစ်ကို… အဲဒါ"

နေမျိုးသီရိက နတ်ရှင်နောင်ကို အံ့အားတသင့်နှင့် ကြည့်သည်။ နတ်ရှင်နောင်က ပြုံးပြီး-

"သွားကြရအောင်၊ ငါက သေရည်ဆိုင်ကိုတောင် ဝင်ချင်တာ၊ ရှာ မတွေ့လို့"

"အကြော်ဆိုင်ဘေးမှာ ရှိနေတာ သေရည်ဆိုင်ပါ၊ ဘေးမှာ အဲဒီဆိုင် ရှိနေလို့ ကျွန်တော်က သေရည်ဆိုင်ကို မဝင်စေချင်တာ"

"အတော်ပဲ…၊ငါတို့ အကြော်စားရင်း သေရည်မူးနေတဲ့ လူတွေရဲ့ စကားကို နားထောင်လို့ ရတာပေါ့၊ ငါ့ရည်ရွယ်ချက်ကို မင်း သဘောပေါက် တယ် မဟုတ်လား"

နေမျိုးသီရိက ယခုမှ သဘောပေါက်သွားဟန်နှင့် ခေါင်းညိတ်ပြသည်။

"အစ်ကိုက သိပ်သတိရှိတာပဲ၊ ကျွန်တော် အဲသလို လုပ်ဖို့ မစဉ်းစား မိဘူး"

"သတိဆိုတာ ပိုတယ် မရှိဘူး နေမျိုး၊ အကြော်ဆိုင်မှာ ထိုင်တဲ့အခါ ဘေးက လူတွေ ပြောဆိုတာကို နားထောင်၊ ကြားရသမျှ သတင်းစကားကို မှတ်သားထားပါ"

"ဟုတ်ကဲ့ အစ်ကို"

နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့သည် ဈေးတန်းမှ ထွက်ပြီး တဲထိုးထားသော အကြော်ဆိုင်သို့ ဝင်သည်။ အကြော်ဆိုင်ရှိ ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း တစ်ဖက်တွင် ရှိသော သေရည်ဆိုင်သို့ လှမ်းကြည့်သည်။

သေရည်ဆိုင်မှာ ဓနိမိုးတဲကလေး ဖြစ်ပြီး သေရည် သောက်သုံးသူများက တဲအပြင်ဘက် မြေကွက်လပ်တွင် ဖြစ်သလို ထိုင်နေကြသည်။

"ဟိုဘက်က ကြီးဒေါ်… ကြက်ကြော်လေး ဘာလေး မရှိဘူးလား"

"မရှိပါဘူးကွယ်၊ ကြီးဒေါ်တို့က ဘူးသီးကြော်၊ ပဲကြော်တို့လောက်ပဲ ရောင်းတာပါ"

"မင်းကလည်း ဘူးသီးကြော် ရောင်းနေတာ မြင်ရဲ့သားနဲ့ ကြက်ကြော် သွားမေးနေရသလား၊ မင်း တော်တော်မူးနေပြီနဲ့ တူတယ်"

"ဟား ဟား… မမူးပါဘူး၊ ဒီလိုပဲ ပါးစပ်ဆော့ကြည့်တာပါ"

အကြော်တဲနှင့် ကပ်လျက်ရှိ မြေကွက်လပ်တွင် ထိုင်နေသူ နှစ်ယောက်၏ အချီအချ ပြောနေသည့် စကားကို ကြားရသည်။

"မင်းဟာလေ… ပါးစပ်ဆော့တာနဲ့ ဒုက္ခရောက်ပေါင်းလည်း များပြီ၊ ခုထိအောင် နောင်တမရသေးဘူး"

"ဘူးသီးကြော်ဆိုင်မှာ ကြက်ကြော် ရှိလားလို့ မေးတာ ပြစ်မှုကြီး တစ်ခု ကျူးလွန်တာမှ မဟုတ်ဘဲ၊ ဒုက္ခရောက်စရာ မရှိပါဘူး၊ ငါက အင်မတန် ဆိုးတဲ့ မင်းသား အိမ်ရှေ့စံ ဖြစ်တော့မယ်လို့ ပြောနေတာမှ မဟုတ်ဘဲ"

"ဟာ… ဒီကောင်၊ ပြောရင်းနဲ့ နှုတ်က ဖွာလာပြီ"

"မဖွာပါဘူး၊ ငါက အမှန်ကို ပြောတာ၊ ငါတို့ရဲ့ ဟံသာဝတီနိုင်ငံကြီး ပျက်စီးခြင်းငါးပါး ဆိုက်တော့မယ်၊ သိရဲ့လား၊ အိမ်ရှေ့မင်း ဖြစ်မယ့် မင်းသား က ဆိုးသွမ်းရက်စက်တယ်ဆိုတာ မြို့ ရွာတင်မကဘူး၊ တစ်တိုင်းပြည်လုံး သိတယ်၊ မင်းသားဆိုးကို အိမ်ရှေ့မင်းအဖြစ် တင်မြှောက်မှာ၊ ဘယ်သူမှ မကြိုက်ဘူး၊ တိုင်းအနံ့ ပြည်အနှံ့က မကျေနပ်လို့ ပုန်ကန်မယ် ပြင်နေကြတာ မင်း သိသလား"

"ဟာ… ဒီကောင် ပြောရင်းက လာပြီ၊ မင်းဆီက မသာနဲ့ ရတယ်၊ တော်ပြီ… မင်းဘာသာ မင်း သောက်ပြီး နေရစ်ခဲ့၊ ငါ သွားတော့မယ်"

"ကြောက်လို့ သွားမှာ မဟုတ်လား၊ သွား သွား… ငါကတော့ မကျေနပ်တာကို စကားပြောဖော် မရှိလည်း တစ်ယောက်တည်း ပြောမယ်၊ ယောက်ျားဆိုတာ နှစ်ခါ မသေဘူး၊ မှတ်ထား"

အပြန်အလှန် ပြောနေသော အမူးသမား နှစ်ယောက်အနက် တစ်ယောက် က နေရာမှ ထသည်။ သူက နေရာမှ ခွာထွက်မည်ပြုပြီးမှ ပတ်ဝန်းကျင်ကို တစ်ချက် ကြည့်ကာ ပြန်ထိုင်ချလိုက်သည်။



"မင်း ပြောမယ်ဆိုလည်း တိုးတိုးပြောကွာ၊ ဒီနားမှာ မင်းနဲ့ ငါပဲ ရှိတာ၊ မင်း ပြောတာ ငါ ကြားရင် တော်ပြီပေါ့"

"အဲသလို လုပ်စမ်းပါကွ၊ မင်း ကြောက်မယ့်သာ ကြောက်နေတာ၊ တို့အသံက ထင်သလောက် မကျယ်ပါဘူး၊ ဒီမှာ ထွေန်း… ငါတို့တစ်တွေ အကြောက်တရားနဲ့ နေနေလို့ တိုင်းပြည်အခြေအနေ ဆိုးနေတာ၊ ငါကတော့ ထစ်ခနဲဆို ဓားမိုးတဲ့သူကို လှံနဲ့ ထိုးပစ်ချင်တာ၊ အဲဒါကြောင့် မနက်ဖြန် ငါ့ အမျိုးတွေ ရှိတဲ့ ပြည်ကို သွားမယ် စဉ်းစားတယ်"

"မင်းကလည်း မမူးဘူးတာ ဆိုတယ်၊ စကားပြောရင်းနဲ့ ပေါက် လာပြီ၊ မင်း လှံနဲ့ ထိုးချင်ပြီ ဆိုတာနဲ့ ပြည်ကို သွားမယ် ဆိုတာနဲ့က ဘာဆိုင် လို့လဲ"

ဒုတိယလူက ရယ်လိုက်သည်။

"ဆိုင်တယ် ထွေန်း၊ ပြည်က ဟံသာဝတီကို တိုက်ဖို့ စစ်ပြင်နေပြီ၊ ငါ ပြည်ကို သွားပြီး အမှုထမ်းမယ်၊ ပြည်တပ်နဲ့ လိုက်ပြီး ဟံသာဝတီကို တိုက်မယ်"

ပထမလူ ထိတ်လန့်တကြား ဖြစ်ပြီးနေရာမှ ဆတ်ခနဲ ထသည်။

"တော်ပြီ တော်ပြီ၊ မင်းက ရာဇဝတ်အိုးပဲ၊ ငါ သွားတော့မယ်"

"ဟား ဟား… သွားပေါ့၊ သွား သွား"

ပထမလူက ထိတ်လန့်တကြားနိုင်သော အကြည့်ဖြင့် ပတ်ဝန်းကျင်ကို ကြည့်ပြီး နေရာမှ ခွာထွက်သွားသည်။ ဒုတိယလူမှာ ရယ်မောရင်း အရက် ဆက်သောက်သည်။ အရက်သောက်နေရင်းက ဟံသာဝတီ အိမ်ရှေ့စံနှင့် ပတ်သက်၍လည်းကောင်း၊ ဟံသာဝတီဘုရင်နှင့် ပတ်သက်၍ လည်းကောင်း မကျေနပ်သည့် စကားများကို ပြောသည်။ သူ့စကားက တစ်ယောက်တည်း မကျေမနပ် ရေရွတ်သည့် စကားပင် ဖြစ်၏။

နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့သည် တစ်ဖက်ကလူ ပြောသမျှကို အကြော်စားရင်း နားထောင်သည်။ တစ်ဖက်မှ လူသည် အဖော်ရှိစဉ်က အသံ ခပ်ကျယ်ကျယ်ဖြင့် ပြောခဲ့သော်လည်း တစ်ယောက်တည်း ကျန်ခဲ့သည့်အခါ ပြောသည့် စကားက တိုးလာသည်။ ထို့ကြောင့် နတ်ရှင်နောင်တို့မှာ ပြောသမျှ စကားကို ကုန်အောင် မကြားရ။ ကြားသမျှကိုသာ နားဝေတိမ်တောင် မှတ်သား ထားလိုက်ကြ၏။

တစ်ဖက်မှ လူသည် နတ်ရှင်နောင်တို့ အကြော်ဆိုင်မှ ထွက်ခွာသည့် အချိန်အထိ သူ့ရင်ထဲတွင် ပြည့်သိပ်နေပုံရသော မကျေနပ်သည့် စကားတို့ကို တတွတ်တွတ် ပြောရင်း ကျန်ရစ်ခဲ့သည်။

‘‘ကဲ… ဘယ်လိုလဲ နေမျိုးသီရိရဲ့၊ ဒီမှာ မကျေမနပ် ပြောဆိုတာကို ကြားခဲ့ရပြီ၊ နောက်ထပ် ဘယ်မှာ ကြားရဦးမလဲ မသိဘူး၊ လူစည်တဲ့ နေရာတွေကို သွားကြည့်ကြရအောင်’’

‘‘ကောင်းပါပြီ အ… အ… အစ်ကို’’

နေမျိုးသီရိက အရှင်မင်းသားဟု ခေါ်မိတော့မလို ရှိရာက သတိထားပြီး ခေါ်ရင်း ရယ်သည်။ နတ်ရှင်နောင်ကလည်း နေမျိုးသီရိ၏ အဖြစ်ကို သိသဖြင့် ရယ်သည်။ ရယ်ရင်းနှင့် သူတို့နှစ်ယောက် လှေဆိပ်၊ လှည်းဆိပ်များဆီသို့ ထွက်ခဲ့ကြလေသည်။

□

# ငြိမ်းချမ်းနယ်မြေ

လေပြည်အဝေ့တွင် ကုပ်သား ဝင်းဝင်းပေါ်၌ ခွေခွေလိပ်လိပ်လေး ရှိနေသော ဆံနွယ်စတို့ လှုပ်ခတ်သွားသည်။ လေပြည်၏ စိတ်အေးသော အထိအတွေ့ကို နှစ်သက်ဟန်ဖြင့် မျက်တောင်ကော့တို့ ဝန်းရံနေသော မျက်လုံးအစုံ မှေးစင်းသွားသည်။ တစ်ပြိုင်နက်တည်းမှာပင် မြတ်နိုးစဖွယ်ရှိသော မျက်နှာလှလှ၊ မျက်နှာ ဝင်းဝင်း၌ အပြုံးတွေ ထင်လာ၏။

နတ်ရှင်နောင်သည် ရာဇဓာတုကလျာအား ငေးရင်း ကြည့်ရင်း တွေ့မြင်နေရသည့် အလှအပများကို တစ်ခုစီ ခွဲခြမ်းစိတ်ဖြာနေမိသည်။ ထိုအလှများကြောင့် သူ၏ နှလုံးသားမှာ ကြည်နူးခြင်းတွင် နှစ်မြုပ်ပျော်ဝင်နေသည်။

‘‘မောင်မောင်တို့ နေပြည်တော်ကို မနက်က ရောက်တာ မဟုတ်လား’’

‘‘ဟုတ်ပါတယ် အစ်မတော်၊ မနက်က ရောက်ရောက်ချင်း လာချင်ပေမယ့် မသင့်တော်လို့ ခု ညနေကျမှ လာခဲ့တာ၊ အစ်မတော်ဆီကို မရောက်ဖြစ်တဲ့ မနက်က နောင် နန်းမြို့ပြင်ကို ခိုးထွက်တယ်’’

''ဟယ်… မောင်မောင်ရယ်… နေပြည်တော်မှာ အပြောင်းအလဲတွေ များပြီး အဝင် အထွက် တင်းကျပ်နေတဲ့ဟာ ခိုးထွက်ရတယ်လို့၊ အစ်ကိုတော် ဘုရင်မင်းတရားက ခုတစ်လောမှာ အကွပ်အညှပ်တွေ ကြမ်းပါဘိသနဲ့''

''စိတ်မပူပါနဲ့ အစ်မတော်ရယ်၊ အဲဒီအလုပ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်ပါတယ်၊ အပြင်ကို ခိုးထွက်ပြီး လူတွေကြားထဲကို ဝင်မိတဲ့အတွက် သိလာရတာတွေ အများကြီးပဲ၊ နောင် သိလာတာတွေ ပြန်ပြောပြရင် အစ်မတော် ထိတ်လန့်သွားလိမ့်မယ်''

ရာဇဒေဝီတုကလျာက စူးစမ်းဟန် အကြည့်ဖြင့် နတ်ရှင်နောင်အား ကြည့်သည်။ သိလိုစိတ်ဖြင့် ဒေဝီတုကလျာ၏ မျက်လုံးအစုံမှာ အရောင်တဖျပ်ဖျပ် လက်နေသည်။

''ဘာလဲ ဟင်၊ မောင်မောင် ဘာတွေ သိလာလို့လဲ၊ ပြောပါဦး''

''အင်းဝစားကို အိမ်ရှေ့တင်မှာ လူတွေက မကြိုက်ကြဘူး၊ ပြည်က လည်း စစ်ပြင်နေပြီ၊ ညောင်ရမ်းကလည်း အင်အားစုနေပြီ''

''ဒါများ မောင်မောင်ရယ်၊ ဒီအကြောင်းက သတင်းကြားနေရတာ ကြာပြီ မဟုတ်လား''

''နောင့်စကားက မဆုံးသေးဘူးလေ အစ်မတော်၊ နောက်သတင်း တစ်ခု ရှိသေးတယ်၊ နောင် အဓိက ပြောချင်တာက အဲဒါပဲ''

''ဘာသတင်းများလဲ မောင်မောင်''

''မင်းရဲကျော်စွာက အိမ်ရှေ့အရာ ရပြီးတာနဲ့ အစ်မတော်ကို သိမ်းပိုက်မယ်တဲ့''

''ဘာ…''

ရာဇဒေဝီတုကလျာ၏ အသံက အနည်းငယ် ကျယ်သွားသည်။ နူးနူး ညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ပြောဆို နေထိုင်လေ့ရှိသော ဒေဝီတုကလျာ၏ မျက်နှာတွင် ဒေါသကြောင့် သွေးရောင်လွှမ်းလာသည်။ ဒေဝီတုကလျာ၏ နှုတ်ထွက်စကားသံက တင်းမာဟန်တွေ ပါလာသည်။

''သင်းကများ… ဒီလို ကြံရွယ်သတဲ့လား၊ အခု ကြားရတဲ့ သတင်း စကားက အမှန်ပဲလား မောင်မောင်''

''ဈေးထဲမှာ… လှေဆိပ်မှာ… လှည်းဆိပ်မှာ ဒီစကားပဲ ပြောနေကြတယ်၊ လူတွေက သူတို့ရဲ့ သခင်မကို စော်ကားတာဆိုပြီး မင်းရဲကျော်စွာ အပေါ် ဒေါသထွက်နေကြတယ်''



ဒေဝီတုကလျာထံမှ စကားသံ ပေါ်ထွက်လာခြင်း မရှိ။ သူမသည် စူးရဲသော အကြည့်ဖြင့် လေသာပြတင်း အပြင်ဘက်သို့ ကြည့်နေသည်။ သူမ၏ နှုတ်ခမ်းငုံတို့မှာ တစ်စုံတစ်ရာကို ပြောချင်ဟန်ဖြင့် တဆတ်ဆတ် တုန်နေသည်။

''နောင်က အစ်မတော်ကို သူ့လက် မအပ်နိုင်ပါဘူး၊ အစ်မတော် အနားမှာ သူ လာရပ်တာတောင် မခံနိုင်ပါဘူး၊ နောင်က အစ်မတော်ကို ကေတုမတီအရောက် ခေါ်သွားချင်ပါတယ်၊ အစ်မတော်ရဲ့ လက်ကို မလွှတ် စတမ်း ဆုပ်ကိုင်ထားချင်ပါတယ်''

နတ်ရှင်နောင်က စကားပြောနေရင်းမှ ဖွေးနုဖြူသော ဒေဝီတုကလျာ၏ ဖယောင်းသွယ် လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။ ဒေါသရှိန်မပြေနိုင် ရှိနေပုံရသော ဒေဝီတုကလျာ၏ မျက်နှာကိုလည်း အပြုံးရိပ်နေသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

''အစ်မတော် စိတ်ထဲမှာ မခံမရပ်နိုင် ဖြစ်နေတယ် မဟုတ်လား၊ ဒေါသစိတ်ကို လျှော့ချလိုက်ပါ အစ်မတော်၊ ပြီးတော့… နောင့်ဆီကို လိုက်ခဲ့ပါ''

''မဖြစ်ဘူး ၊မောင်မောင်၊ အစ်မတော်… အဲသလို မလုပ်နိုင်ဘူး''

''ဗျာ… ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ အစ်မတော်''

နတ်ရှင်နောင် အံ့အားသင့်သွားသည်။ ဒေဝီတုကလျာအား မယုံကြည်နိုင် သလို ကြည့်ရင်း အသံတုန်တုန်ဖြင့် မေးသည်။ ဒေဝီတုကလျာက မဖြေ။ နတ်ရှင်နောင်အား ရီဝေသော မျက်လုံးအစုံဖြင့် ကြည့်နေ၏။

''အစ်မတော်က နောင် ခေါ်ရာကို လိုက်ခဲ့ဖို့ ဝန်လေးနေတာလား ဟင်၊ နောင်က အစ်မတော်ကို ကေတုမတီအရောက် အမြတ်တနိုးနဲ့ ဆောင်ကြဉ်း သွားမှာပါ၊ တန်ဖိုးထားပြီး ခေါ်သွားမှာပါ''

''မဟုတ်ဘူး မောင်မောင်၊ အဲသလို အစ်မတော် မလိုက်နိုင်ဘူး၊ အစ်မတော်ကြောင့် ကေတုမတီနဲ့ ဟံသာဝတီကြားမှာ စစ်ပွဲကြီးတစ်ပွဲ မဖြစ်စေ ရဘူး၊ နောင်လာနောက်သားတွေရဲ့ နှုတ်ဖျားမှာ ရာဇဒေဝီတုကလျာဟာ စစ်ပွဲကို ဖန်တီးသူလို့ ပြောစမှတ် အပြုခံရတာမျိုး မရှိစေရဘူး''

''စစ်ပွဲကတော့ မလွှဲမသွေ ဖြစ်တော့မှာပါ၊ အစ်မတော်ကြောင့် မဟုတ်ဘဲ အကြောင်းတစ်ခုခုနဲ့ စစ်ပွဲ ဖြစ်လာမှာ သေချာပါတယ်''

''ဒါကို အစ်မတော် တွေးမိပါတယ်၊ စစ်ပွဲက မလွှဲမကင်းသာ ဖြစ်လာမယ်ဆိုရင် ရင်ဆိုင်ရုံအပြင် မရှိပါဘူး၊ ဒါပေမဲ့ အဲဒီစစ်ပွဲဟာ အစ်မတော် ကြောင့် ဖြစ်ရတာမျိုး မဟုတ်ရဘူး၊ အစ်မတော် ဒါကို ပြောနေတာပါ''

စိတ်အားထက်သန်ခြင်းဖြင့် အရောင်တဖျပ်ဖျပ် လက်နေသော နတ်ရှင်နောင်၏ မျက်လုံးအစုံမှာ အရောင်ပြောင်းသွား၏။ ထိုမျက်လုံးအစုံတွင် အရိပ်တစ်ရိပ် ဖြတ်သွားသည်။ မျက်တောင်တစ်ခတ်မျှအတွင်း ထိုအရိပ် ပျောက်ကွယ်သွားသည်။ သို့သော် သူ အံကို တင်းတင်းကြိတ်သည်။ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။

"အစ်မတော် ဆန္ဒမရှိဘူးဆိုရင်လည်း နောင် အတင်းအကျပ် မပြောပါဘူး၊ မင်းရဲကျော်စွာက ဒုက္ခမပေးသမျှ ကိုယ်ထိလက်ရောက် မလုပ်လာသမျှတော့ နေပါ၊ သူ့ဘက်က လွန်လာပြီဆိုရင်တော့ နောင် လက်ပိုက်ပြီး ကြည့်နေမှာ မဟုတ်ဘူးနော်၊ အဲဒီအချိန်ကျမှ စစ်ပဲဖြစ်ဖြစ် တိုင်းပြည်ပဲပျက်ပျက် နောင် ဂရုမစိုက်တော့ဘူး၊ အစ်မတော်ကို ရအောင် လာခေါ်မှာပဲ၊ အချိန်ကျလို့ နောင် လုပ်သင့်တာကို လုပ်ရင် အစ်မတော် နောင့်ကို အပြစ်မတင်ပါနဲ့"

နတ်ရှင်နောင်က စိတ်လိုက်မာန်ပါ ပြောသည်။ ထိုသို့ ပြောနေပုံကို ကြည့်ပြီး ဓာတုကလျာ ပြုံးသည်။ စောစောက တင်းမာဟန်တွေ ထင်သွားသည့် ဓာတုကလျာ၏ မျက်နှာ ကြည်လင်ရွှင်ပျလာသည်။

"မောင်မောင်ရယ်... စိတ်ကလည်း လက်တစ်ဆစ်နဲ့ပါလား၊ အခု အစ်မတော် ဘာမှ မဖြစ်သေးပါဘူး၊ အခုအချိန်မှာ ဘယ်သူ့ကိုမှ ရန်လုပ်ဖို့ မလိုသေးပါဘူးကွယ်၊ မောင်မောင့်ကိုယ်ကို မောင်မောင်လည်း သတိထားပါဦး"

ဓာတုကလျာ၏ စကားက စိတ်လှုပ်ရှားသွားသော နတ်ရှင်နောင်အား သတိပြန်ဝင်လာစေသည်။ သူက ကျစ်ကျစ်ပါအောင် ဆုပ်ထားသည့် လက်သီးဆုပ်ကို ဖြန့်သည်။

"စကားပြောရင်း နောင့်စိတ်တွေ အရမ်းလှုပ်ရှားသွားတယ်၊ ခွင့်လွှတ်ပါ... အစ်မတော်"

ရာဇဓာတုကလျာက သက်ပြင်းချသည်။ ပြုံးလက်စ မျက်နှာနှင့် ခေါင်းကို အသာအယာ ခါသည်။

"အစ်မတော်က မောင်မောင့်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး၊ မောင်မောင့်ကို သတိပေးနေတာပါ၊ တစ်ခုတော့ စိတ်ချထားပါ မောင်မောင်၊ အရေးကြုံလာပြီဆိုရင် နောင် လာခေါ်ဖို့ မလိုပါဘူး၊ အစ်မတော်ဘာသာ အစ်မတော် ပြေးထွက်လာမှာပါ၊ အစ်မတော်က ကိုယ့်ကြောင့် စစ်မဖြစ်စေချင်သလို၊ ကိုယ့်ကြောင့် မိဘဘိုးဘွားတွေရဲ့ ဂုဏ်သတင်း ညှိုးနွမ်းမှာမျိုးလည်း



မဖြစ်စေချင်ပါဘူး၊ အစ်မတော် ပြောတာကို မောင်မောင် နားလည်ပါတယ်နော်"

နတ်ရှင်နောင် ခေါင်းညိတ်ပြသည်။

"အိမ်ရှေ့စံတင်မြှောက်ပွဲ ပြီးလို့ ကေတုမတီကို ပြန်မယ်ဆိုရင် မောင်မောင် နောက်ဆံမတင်းဘဲနဲ့ ပြန်ပါ၊ အရေးကြုံလာရင် အစ်မတော် မောင်မောင့်ကို ချက်ချင်း ဆက်သွယ်မယ်၊ နောင့်လက်ကို ဆွဲပြီး လိုက်ရမယ်ဆိုလည်း ရဲရဲတင်းတင်းပဲ လိုက်မယ်၊ အစ်မတော်အတွက် စိတ်ချပြီး နေပါ မောင်မောင်"

နတ်ရှင်နောင် ခေါင်းညိတ်ပြနေသည်။

"အစ်ကိုတော် ဘုရင်မင်းမြတ်က တစ်ခုခု ဆုံးဖြတ်မယ်ဆိုရင် အစ်မတော် မသိဘဲနဲ့ ဆုံးဖြတ်မှာ မဟုတ်ပါဘူး၊ အစ်မတော်ရဲ့ သဘောထားကိုလည်း အရေးထားမှာပါ"

နတ်ရှင်နောင်က ဓာတုကလျာအား မြတ်နိုးခြင်းတွေ ပြည့်လျှံနေသော အကြည့်ဖြင့် အတန်ကြာအောင် ကြည့်သည်။ ဓာတုကလျာမှာ နတ်ရှင်နောင်၏ အကြည့်တွင် ပျော်ဝင်သွားဟန် ရှိသည်။ ထိုအကြည့်ကြောင့် အင်အားတွေ ယုတ်လျော့သွားသည့်ပမာ နတ်ရှင်နောင်အား နွဲ့မှီလိုက်သည်။ နတ်ရှင်နောင်က ဓာတုကလျာ၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်၏။ ထိုခဏလေးတွင် ငြိမ်းချမ်းခြင်းကြောင့် သူတို့ ရင်ထဲတွင် အေးမြသွားလေ၏။

❑

# အသွား အပြန်

လွန်စွာစည်ကားသော အိမ်ရှေ့အရာ အပ်နှင်းသည့် အခမ်းအနားသည် မလိုလား ခြင်း၊ မုန်းတီးခြင်း၊ ဆန့်ကျင်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းတို့ဖြင့် ပြီးဆုံးသွား၏။

မင်းရဲကျော်စွာသည် ရာဇဓာတုကလျာအား အိမ်ရှေ့မိဖုရားအဖြစ် သိမ်းပိုက်နိုင်ရန် ကြိုးစားခဲ့သော်လည်း ထိုကြိုးစားမှု မအောင်မြင်။ အိမ်တော်ပါ ဇနီးမယားကိုသာ မိဖုရားမြှောက်ရလေသည်။ ရာဇဓာတုကလျာမှာ အန္တရာယ် တစ်ခုမှ လွတ်မြောက်သွား၏။ အိမ်ရှေ့အရာ အပ်နှင်းသည့် အခမ်းအနားသို့ ရင်တထိတ်ထိတ်နှင့် တက်ရောက်နေရသော နတ်ရှင်နောင်မှာလည်း ယခုမှပင် စိတ်သက်သာရာရပြီး သက်ပြင်းချနိုင်တော့၏။

အိမ်ရှေ့မင်း အပ်နှင်းသည့် အခမ်းအနား ပြီးသွားပြီးနောက် ကေတုမတီ သို့ ချက်ချင်း မပြန်သေးဘဲ နတ်ရှင်နောင်တို့ ဟံသာဝတီမှာ ထပ်နေသည်။ ထိုရက်အတွင်း နေမျိုးသီရိနှင့် အပေါင်းပါတို့က ဟံသာဝတီမြို့အတွင်း၌ လှည့်လည်သွားလာပြီး သတင်းများ ထောက်လှမ်းသည်။



နတ်ရှင်နောင်သည် နေမျိုးသီရိတို့နှင့်အတူ မြို့တွင်းသို့ လှည့်လည် သွားလာကာ သတင်းထောက်လှမ်းရာသို့ လိုက်သည့်အခါ လိုက်သည်။ တစ်ကိုယ် တည်း ဘုရားပုထိုးများကို လှည့်လည်ဖူးမြော်ရင်း ရတုကဗျာတွေ ရေးဖွဲ့သည့် အခါ ရေးဖွဲ့သည်။ ညနေစောင်းများမှာတော့ ရာဇဓာတုကလျာထံသို့ ရောက် သည်။ ချစ်ရသော ဟံသာဝတီ သခင်မလေး၏ မျက်နှာကို ငေးမောရင်း စိတ်ပင်ပန်းခဲ့သမျှ ဖြေရသည်။

နတ်ရှင်နောင်သည် ရက်ပိုင်းအတွင်း ဟံသာဝတီနှင့် ရင်းနှီးကျွမ်းဝင် လာ၏။ ဟံသာဝတီ၏ လှေဆိပ်၊ လှည်းဆိပ်သည် နတ်ရှင်နောင်အား ပြင်ပ ကမ္ဘာနှင့် ရင်းနှီးလာစေ၏။

လှေဆိပ်၊ လှည်းဆိပ်တို့တွင် ရှိသော ကုန်သည်ပွဲစားများတို့သည် နတ်ရှင်နောင်အား အထက်အညာအရပ်မှ လာသော ကုန်သည်လေးအဖြစ် အရေး တယူ ဆက်ဆံကြသည်။ ထိုကုန်သည်ပွဲစားများက အနယ်နယ်အရပ်ရပ်မှ သတင်း များကို ဖောက်သည်ချသည်။ ရပ်ဝေးရှိ မြို့ရွာများအကြောင်းကို ပြန်ပြောင်း ပြောကြသည်။

ရေခြား မြေခြား တစ်ရပ်တစ်ပါးမှ ကုန်သည်များနှင့် အရောင်းအဝယ် ပြုနေသော ပွဲစားများ၊ ကုန်သည်ငယ်များကြောင့် ရေခြား မြေခြား အရပ်ဒေသမှ တိုင်းနိုင်ငံအကြောင်း ထိုဒေသတွင် နေထိုင်သူတို့အကြောင်းကို သိခွင့်ရခဲ့သည်။

တိုင်းတစ်ပါးသား ကုန်သည်များတွင် မြန်မာစကားကို ရေလည် ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ တစ်ယောက် ရှိသည်။ ထိုသူမှာ ပေါ်တူဂီကုန်သည် တစ်ယောက် ဖြစ်ပြီး ဟံသာဝတီသို့ ရောက်နေသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့် ခဲ့ပြီ ဖြစ်သည်။

နတ်ရှင်နောင်သည် မြစ်ဆိပ်သို့ ဆင်းရင်း ပေါ်တူဂီကုန်သည် ဆီဇာနှင့် ခင်မင်ရင်းနှီးလာသည်။ ဆီဇာကြောင့် နတ်ရှင်နောင်မှာ ပြင်ပကမ္ဘာအကြောင်း ကို သိလာရသည်။ ယဉ်ကျေးသိမ်မွေ့သော အရှေ့နိုင်ငံများအကြောင်း၊ တိုးတက် ထွန်းကားနေသော အနောက်နိုင်ငံများအကြောင်းသည် နတ်ရှင်နောင်အတွက် အသစ်အဆန်းများ ဖြစ်နေ၏။

နတ်ရှင်နောင်က ဆီဇာအား ကေတုမတီသို့ ကုန်စည်ရောင်းဝယ်ရန် လာရောက်ဖို့ ဖိတ်ခေါ်သည်။

''ကေတုမတီကို ရောက်ရင် ပွဲစားကြီး ဦးခင်ကို မေးပါ၊ ဦးခင်က ကျုပ်ကို တစ်ဆင့် အကြောင်းကြားလိမ့်မယ်၊ ဖြစ်နိုင်ရင် လက်နက်ခဲယမ်းတွေ သယ်ခဲ့ပါ၊ ကေတုမတီမှာ အရောင်းအဝယ် လုပ်လို့ရအောင် ကျုပ် ကူညီပါမယ်''

နတ်ရှင်နောင်က ဖိတ်ခေါ်သဖြင့် ဆီဗာ ဝမ်းသာအားရ ဖြစ်သွားသည်။ သူက ကေတုမတီသို့ အရောက်လာမည့်အကြောင်း အကြိမ်ကြိမ် အထပ်ထပ် ပြောသည်။ ထို့နောက် နတ်ရှင်နောင်အား သူ၏ နေအိမ်သို့ အလည်လိုက်ခဲ့ရန် ခေါ်သွားသည်။

ဆီဗာသည် အောက်အရပ်သူ တစ်ယောက်နှင့် အိမ်ထောင်ကျနေသဖြင့် ဟံသာဝတီမှ မခွာနိုင် ဖြစ်နေရကြောင်း၊ သူ့အိမ်သို့ ရောက်မှ သိရသည်။ ဆီဗာသည် ဇနီးအပေါ် သံယောဇဉ်ကြီးသလို သူ၏ တစ်ဦးတည်းသောသားကို လည်း သည်းသည်းလှုပ်မျှ ချစ်သည်ဟု ဆိုရလောက်အောင် ချစ်ခင်သည်။

နတ်ရှင်နောင်သည် မိတ်ဆွေသစ် ဖြစ်သော ဆီဗာ့အကြောင်းကို ရာဇဓာတုကလျာအား ပြောပြသည်။ ရာဇဓာတုကလျာက ဆီဗာနှင့် ပတ်သက်ပြီး အယုံမလွယ်ရန် သတိပေးသည်။ အယုံမလွန်ရန် ပြော၏။ နတ်ရှင်နောင်က ဓာတုကလျာ၏ စကားကို တလေးတစား နားထောင်သည်။

''စိတ်ချပါ အစ်မတော်၊ နောင်က သူစိမ်းတွေအပေါ် အယုံမလွယ်ပါဘူး၊ အစစအရာရာ သတိရှိနေပါတယ်''

ရာဇဓာတုကလျာထံမှ အပြန်တွင် နတ်ရှင်နောင်က နေမျိုးသီရိအား တာဝန်တစ်ခု ပေးသည်။ ထိုတာဝန်မှာ ဆီဗာ့အကြောင်းကို စုံစမ်းပေးရန် ဖြစ်၏။ ဆီဗာသည် တစ်နေ့တွင် သူ့အတွက် အသုံးကျမည့်သူ ဖြစ်လာနိုင်သလို သူ့အား အသုံးချမည့်သူ၊ ဒုက္ခပေးမည့်သူလည်း ဖြစ်လာနိုင်ကြောင်း နေမျိုးသီရိ သိအောင် ပြောပြသည်။ နေမျိုးသီရိက ညနေစောင်း နတ်ရှင်နောင်နှင့် အေးအေးချမ်းချမ်း တွေ့ရချိန် ဖြစ်၍ သူ စုံစမ်းသိရှိလာသည့် သတင်းများ၊ သူ့လက်အောက် ငယ်သားများထံမှ ကြားရသည့် သတင်းစကားများကို နတ်ရှင်နောင်အား အစီရင်ခံသည်။

''အိမ်ရှေ့မင်း မင်းရဲကျော်စွာရဲ့ အထောက်တော်တွေက နေရာတကာမှာ ရှိနေတယ် အရှင်မင်းသား၊ ဒါကြောင့် အသွားအလာ အနေအထိုင် သတိထားဖို့ လိုပါလိမ့်မယ်၊ ပြီးတော့ ဟံသာဝတီမှာ အခုထက်ပိုပြီး ရက်ကြာကြာနေရင် အိမ်ရှေ့မင်းရဲ့ အငြိုအငြင် ခံရလိမ့်မယ် ထင်ပါတယ်''



''အင်း… ဒီမှာ ရက်ကြာကြာ ထပ်နေဖို့ မရှိတော့ပါဘူး။ အစ်မတော်ကို စိတ်ချရပြီဆိုရင် ဒီကနေ ပြန်မယ်၊ ခုချက်ချင်းကျပြန်တော့ ပြန်ဖို့အတွက် ဆုံးဖြတ်ချက်ချလို့ မရသေးဘူး''

နတ်ရှင်နောင်က ကေတုမတီသို့ ပြန်ရန် ရက်ရွေးနေစဉ်မှာပင် အိမ်ရှေ့မင်းသား မင်းရဲကျော်စွာ၏ အခေါ်တော် ရောက်လာသည်။ နတ်ရှင်နောင်မှာ အခေါ်ရောက်လာသဖြင့် အိမ်ရှေ့မင်း ရှေ့တော်သို့ ဝင်ရ၏။

''ကေတုမတီမင်းသားကြီး… ဟံသာဝတီက မခွာနိုင် ဖြစ်နေတာကိုး၊ ဟံသာဝတီမှာ ကိစ္စကြီးငယ်တော့ မရှိဘူး မဟုတ်လား''

''မရှိပါဘူး၊ ဘုရားစုံအောင် ဖူးပြီးရင် မနက်ဖြန် သန်ဘက် ကေတုမတီကို ပြန်ပါတော့မယ်''

''ကောင်းပါရဲ့၊ ဖခမည်းတော်ရဲ့ အရိုက်အရာကို ဆက်ခံမယ့် မင်းသားကြီးဆိုတာ အခုလို တစ်ရပ်တစ်ကျေးမှာ အချိန်ကုန်မနေသင့်ဘူး''

အိမ်ရှေ့စံ မင်းရဲကျော်စွာ၏ စကားကြောင့် နတ်ရှင်နောင်၏ ရင်မှာ မျက်ခနဲ ဖြစ်သွားသည်။ သို့သော် သူက ထူးထူးခြားခြား မခံစားရဟန်ဖြင့် မျက်နှာမပျက်ဘဲ နေသည်။

''အခုနေ ကေတုမတီကို ပြန်ပြီး မကြာခင်မှာ ပြန်လာဖို့ ပြင်ဆင်ထားပါ၊ မကြာခင် ကျုပ် မင်္ဂလာပွဲ ဆင်နွှဲဖြစ်မယ် ထင်ပါတယ်၊ ကျုပ် ဘယ်သူ့ကို ကြင်ရာတော်မြှောက်မယ် ထင်သလဲ၊ အိမ်ရှေ့မိဖုရားအဖြစ် တစ်ကြိမ် နေခဲ့ဖူးလို့ နောက်တစ်ကြိမ် နေဖို့ ငြင့်ပယ်တဲ့ မရီးတော်ကိုပဲပေါ့''

ကြားရသည့် စကားကြောင့် မင်းရဲကျော်စွာသည် ရာဇဓာတုကလျာအား ရယူပိုင်ဆိုင်ဖို့အတွက် အားမလျှော့သေး၊ လက်မလျှော့သေးပါလားဟု တွေးမိ၏။ အိမ်ရှေ့မင်း မင်းရဲကျော်စွာကို နှုတ်ဆက်ပြီး ထွက်လာချိန်တွင် နတ်ရှင်နောင်၏ ရင်မှာ ဆူးတစ်ချောင်း စူးဝင်နေသကဲ့သို့ ခံစားရ၏။ သူ့စိတ်ကလည်း ထိန်းသိမ်းရ ခက်လောက်အောင် လှုပ်ရှားနေလျက် ရှိသည်။

နတ်ရှင်နောင်သည် ရည်ရွယ်ထားခြင်း မရှိပါဘဲလျက် ရာဇဓာတုကလျာ၏ အဆောင်ရှေ့သို့ ရောက်လာသည်။ ရာဇဓာတုကလျာက ဝေဒနာတစ်ရပ်ကို အပြင်းအထန် ခံစားရပြီး အားအင်ကုန်ခမ်းနေသကဲ့သို့ ရှိသော နတ်ရှင်နောင်အား ထွက်တွေ့သည်။

''မောင်မောင် ဘာဖြစ်လို့လဲဟင်၊ မောင်မောင့်ကို ကြည့်ရတာ ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရသလိုပါပဲလား၊ အစ်မတော် လေသာပြတင်းကနေ ကြည့်နေရင်းနဲ့ မောင်မောင့်ကို လှမ်းမြင်ပြီး စိုးရိမ်တာနဲ့ ပြေးဆင်းလာတာ၊ ဘာဖြစ်လာသလဲ ဆိုတာ ပြောပါဦး မောင်မောင်''

နတ်ရှင်နောင်က အိမ်ရှေ့မင်း မင်းရဲကျော်စွာက ခေါ်သဖြင့် သူ သွားခဲ့ရသည်မှစပြီး အိမ်ရှေ့မင်း၏ စကားကြောင့် စိတ်ပူပင်သောကနှင့် ပြန်လာခဲ့ပုံတို့ကို ပြောပြသည်။ ရာဇဒေဝီကလျာက နတ်ရှင်နောင်၏ စကားကို မျက်မှောင်ကြုတ်လျက် နားထောင်ပြီးနောက် တစ်ခဏအကြာတွင် အားရပါးရ ရယ်သည်။

''မောင်မောင်ရယ်... ထီးရေးနန်းရေးမှာ ကိုယ် ထင်သလို လုပ်လို့ မရပါဘူး၊ သတ်မှတ်ချက်တွေ... စည်းကမ်းတွေ ရှိပါတယ်၊ အိမ်ရှေ့မင်း တင်မြှောက်ပွဲက ပြီးသွားပြီလေ၊ သူက အခုမှ နောက်ကြောင်းပြန်လှည့်ချင်လို့လည်း မရတော့ဘူး၊ ပြီးတော့ အစ်မတော်ရဲ့ သဘောထားကလည်း ရှိပါသေးတယ်၊ အစ်ကိုတော် ဘုရင်မင်းမြတ်ကို အစ်မတော် အေးအေးချမ်းချမ်းပဲ နေချင်တယ်... နောက်တစ်ခါ အိမ်ရှေ့မိဖုရား မဖြစ်ချင်ဘူးလို့ အပြတ်အသား ပြောထားပါတယ်''

''အစ်မတော်... ဒီလို ပြောထားတယ်ဆိုတာ နောင်မှ မသိတာဘဲ၊ ဒီတော့ စိတ်ပူတာပေါ့''

''အခု သိပြီ မဟုတ်လား၊ အစ်ကိုတော်က ထင်တိုင်း မလုပ်ပါဘူး၊ အစ်မတော်ကို အကာအကွယ်ပေးပါတယ်၊ ပြီးတော့ အိမ်ရှေ့မင်း ဖြစ်နေတဲ့ မင်းရဲကျော်စွာကလည်း အစ်မတော်ကို အနိုင်မကျင့်ရဲ၊ မရမ်းကားရဲပါဘူး''

ရာဇဒေဝီကလျာက သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိဟန်ဖြင့် ပြောသည်။ ထိုသို့ ပြောနေရင်း တစ်ခါက အိမ်ရှေ့စံ မင်းကြီးစွာ၏ အသိမ်းအပိုက် ခံခဲ့ရသည့်အဖြစ်ကို ပြန်သတိရသည်။

''နောင်က ပြန်ရတော့မှာဆိုတော့ အစ်မတော်အတွက် စိတ်ပူတယ်၊ ဘာပဲပြောပြော စိတ်မချနိုင်ပါဘူး''

''အမယ်လေး... မောင်မောင်ရယ်၊ ပူစရာမရှိ ပူနေပြန်ပြီ၊ ဒီမှာ တစ်ခုခုဖြစ်ရင် အစ်မတော် မောင်တော့်ဆီကို အပြေးလာခဲ့မယ်၊ အခြေအနေ



တင်းမာလာရင် အစ်မတော်က အားလုံးကို အချိုအသာနဲ့ အနိုင်ယူပြီး ထွက်လာမှာပါ၊ မောင်တော် စိတ်အေးချမ်းသာနဲ့ ပြန်ပါနော်''

ရာဇဒေဝီကလျာက နှစ်သိမ့်စကားများ ပြောပြီး နတ်ရှင်နောင်၏ စိတ်ကို အေးချမ်းစေသည်။ နတ်ရှင်နောင် စိတ်ချလက်ချနှင့် ပြန်သွားသည့်အခါ ပူပင်သောကတွေ ပြေလျော့စေရန် သက်ပြင်းရှည်ကြီး ချသည်။ တစ်ဆက်တည်းပင် တစ်ခါက အဖြစ်ကို သတိရသည်။

နန္ဒဘုရင် သားတော်ကြီး ဖြစ်သော ပထမအိမ်ရှေ့စံ မင်းကြီးစွာက မိမိအား အဓမ္မ သိမ်းပိုက်ခဲ့သည်ကို ပြန်တွေးမိ၏။ ကြည်နူးစရာမကောင်းသော အဖြစ်များသည် အရိပ်ပမာ ပြန်ထင်လာလေသည်။

❑

# နောင်ဖွဲ့လာခြင်း

လေသာပြတင်းမှ တိုးဝင်လာသည့် လေက စိမ့်အေးနေသည်။ လေထဲတွင် ချိုအီပျံ့မွှေးသော သဇင်ပန်းရနံ့တွေ နိုတွယ် လိုက်ပါနေသည်။

ရာဇဓာတုကလျာသည် လက်ထဲတွင် ကိုင်ထားသည့် စာလွှာကို သလွန်ပေါ် တင်လိုက်သည်။ စာလွှာသည် အစည်းလိုက် ရှိနေသော သဇင်ပန်းစည်းဘေးတွင် ကျသွား၏။

"အိမ်ရှေ့မင်းက ထိပ်ထားသခင်မကို ဆက်သလိုက်တဲ့ စာလွှာနဲ့ သဇင်ပန်းပါ"

နားထဲတွင် အထိန်းတော် ဒေါ်ရွှေသင်၏ စကားကို ပြန်ကြားသည်။ ဓာတုကလျာ၏ အကြည့်က မွှေးပျံ့သော ရနံ့တွေ ထွက်နေသည့် သဇင်ပန်းခိုင်များဆီသို့ ရောက်သွားသည်။ လတ်ဆတ်လှပစွာနှင့် မွှေးပျံ့နေသော သဇင်ပန်းကို ကြည့်ရင်းမှ သဇင်ပန်း လက်ဆောင်ပေးလိုက်သော အိမ်ရှေ့မင်း၏ စာတွင် ပါသည့် အကြောင်းအရာကို ပြန်တွေးမိသည်။



အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာက သူ၏စာတွင် ချစ်သက်လက်ဆောင် သဇင်ပန်းကို လက်ခံပါမည့်အကြောင်း။ သူသည် ထိပ်ထားသခင်မလေးကို ငယ်စဉ်ကတည်းက စွဲလမ်းချစ်ခင်ခဲ့သော်လည်း အရီးတော်မို့ စိုးရွံ့စိတ်နှင့် နေခဲ့ရကြောင်း။ ဘိုးတော်ဘုရား အနိစ္စရောက်ပြီးနောက်တွင်လည်း ခမည်းတော်က နှမတော် ထိပ်ထားကို အရေးပေး အရာထားသဖြင့် အနားသို့ မကပ်ဝံ့ခဲ့ကြောင်း။ ယခု အိမ်ရှေ့စံဘဝတွင် မိဖုရား ရှိပါလျက် ထိပ်ထားသခင်မကို ချစ်ခွင့်ပန်ရခြင်းမှာ စော်ကားခြင်း မဟုတ်။ တောင်းပန်ခြင်းသာ ဖြစ်ကြောင်း။ သူ့မှာ သဲမဲကြီးစွာ ချစ်ခင်တွယ်တာမိသော စိတ်ကြောင့် စားမဝင်၊ အိပ်မပျော်၊ နေမထိ ထိုင်မသာ ရှိနေရပါကြောင်းများ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားသည်။

"အင်း… မင်းကြီးစွာက တစ်နေ့တခြား ပိုပိုသည်းလာပါလား၊ အခုအတိုင်းဆိုရင်တော့ ခက်ပြီ၊ အိမ်ရှေ့မိဖုရား ရှိရဲ့နဲ့ မင်းကြီးစွာ ငါ့အနားကို ရစ်ဝဲလာတာ တော်တော်ဆိုးဝါးတာပဲ"

ရာဇဓာတုကလျာက မင်းကြီးစွာ၏ စာလွှာကို ကိုင်ထားရင်းမှ တွေးသည်။ ထိုအချိန်လေး၌ ရင်ထဲတွင် မွန်းကျပ်သော ဝေဒနာတစ်ရပ် ရှိနေသည်ကို ဓာတုကလျာ သိလိုက်၏။

ဪ… ခမည်းတော်သာ ရှိရင် အခုလို အဖြစ်မျိုး မဖြစ်ဘူး ထင်ပါရဲ့၊ အင်း… ခမည်းတော်ရဲ့ အရိပ်ဟာ တကယ် အေးချမ်းပြီး ဘေးကင်းတာပဲ။

ရာဇဓာတုကလျာက တစ်ယောက်တည်း အတွေးတွေ ဝေနေစဉ် အထိန်းတော်ကြီး၏ ခြေသံကို ကြားရသည်။

"ထိပ်ထားသခင်မလေး… တူမတော် ခင်မနှောင်း အခစား ဝင်လာပါတယ်"

"ဘာပြောတယ် အထိန်းတော်ကြီး၊ ခင်မနှောင်း… ဟုတ်လား"

"ဟုတ်ပါတယ် သခင်မလေး"

"ဪ… လွှတ်လိုက်ပါ၊ အစ်ကိုတော် ငါးဆူဒါယကာက လွှတ်လိုက်တာ ထင်တယ်"

အထိန်းတော်ကြီးက အဆောင်တံခါးဆီသို့ ပြန်သွားပြီး ခင်မနှောင်းအား ခေါ်လာသည်။ ခင်မနှောင်းသည် ချစ်ခင်စဖွယ် အမူအရာနှင့် ရာဇဓာတုကလျာ ရှေ့တွင် ဝင်ထိုင်သည်။

"ခွေးတော်လေးရဲ့ မျက်နှာကို မဖူးရ မမြင်ရတာ ကြာလို့ ဝင်လာတာ၊ နေကောင်းထိုင်သာ ရှိပါရဲ့လား၊ အခုတလော ဥပုသ်ဆောင်ပဲ ဝင်ဝင်နေတယ်လို့ ကြားရတယ်၊ စိတ်သောကတွေများ မပြေနိုင် ရှိနေလို့လား ခွေးတော်"

"ခမည်းတော်လည်း မရှိ၊ မယ်တော်လည်း မရှိတော့ အားကိုးအားထားစရာက ဘုရား၊ တရား အရိပ်ပဲ ရှိတယ်လေ၊ တူမတော်ရဲ့ မယ်မယ်ကော ကျန်းမာပါရဲ့လား"

"မယ်မယ်က ကျန်းကျန်းမာမာပါပဲ၊ စိတ်သောကဝေဒနာ ခံစားနေရတာက အစ်ကိုတော် အိမ်ရှေ့စံပါဘုရား"

ခင်မနှောင်း၏ စကားကို အကြားတွင် ရာဇဓာတုကလျာ မျက်မှောင်လေး မသိမသာ ကုတ်သွားသည်။ တစ်ခဏအကြာတွင် သူ့မျက်လုံးအစုံ၌ ရယ်ရွှင်သည့် အရိပ်အယောင်များ ယှက်သန်းလာ၏။

"တူမတော်က ခွေးတော်ကို နှုတ်ဆက်ချင်လို့ ဝင်လာတာ ဟုတ်ပုံမရပါဘူး၊ အစ်ကိုတော် အိမ်ရှေ့စံအတွက် အောင်သွယ်လုပ်ဖို့ လာတာ ထင်ပါရဲ့"

"အို… ခွေးတော် လက်မခံပုံပါဘူး ဘုရား"

ခင်မနှောင်း၏ မျက်နှာတွင် ရှက်ရွံ့အားနာဟန်တွေ ထင်သွားသည်။ အနေအေးသော ရာဇဓာတုကလျာထံမှ ယခုလို ပွင့်လင်းသည့် စကားများ ကြားရပါလိမ့်မည်ဟု ထင်မထားသဖြင့် မိမိ၏ စကားအတွက် အနေခက်နေ၏။

"ခမည်းတော်ဘုရား နတ်ရွာစံသွားတာ နှစ်ကာလ ကြာပြီလို့ ဆိုကြပေမယ့် ခွေးတော်အတွက်ကတော့ မနေ့တစ်နေ့ကလိုပါပဲ၊ ခမည်းတော်ရဲ့ အငွေ့အသက်တွေကို ခုထိအောင် ရရှိခံစားနေရတုန်းပဲလို့ စိတ်က ထင်မိပါတယ်"

ခင်မနှောင်းသည် တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်း မရှိ၊ ခွေးလေးတော် ရာဇဓာတုကလျာ၏ မျက်နှာကိုသာ ကြည့်နေမိသည်။

"တူမတော်လေးက ငယ်သေးတော့ ဒီလို အရေးကိစ္စတွေကို နားလည်မှာ မဟုတ်ဘူး၊ ခွေးတော်မှာ ရွှေတောင်ကြီး ပြိုလဲသွားသလို ခံစားရပါတယ်၊ တကယ်လို့များ တူမတော်ရဲ့ ခမည်းတော် ငါးဆူဒါယကာ ဘုရင်မင်းမြတ်ကသာ အစ်ကိုတစ်ယောက်အဖြစ်သာမက အဖေရဲ့ မေတ္တာကိုပါ မပေးခဲ့ရင် ခွေးတော် ရပ်တည်ပြီးတော့တောင် နေနိုင်မှာ မဟုတ်ပါဘူး"

ခင်မနှောင်းသည် မိန်းမချင်းပင် ငေးယူရလောက်အောင် ချောမောလှပသော ရာဇဓာတုကလျာအား ငေးကြည့်သည်။ ရာဇဓာတုကလျာ၏ စကားကို နားထောင်ရင်းမှ စာနာ နားလည်စိတ်တွေ လှုပ်ရှားလာသည်။



"ခွေးတော်က တကယ် စိတ်ဆင်းရဲသောက ရောက်ခဲ့မှာပဲနော်၊ အခုဆိုရင် ဘိုးတော်ဘုရား နတ်ရွာစံတာ လေးနှစ်ကျော်ခဲ့ပြီဆိုတော့ နာကျင်ခံစားရတာတွေ ပြေလျော့အောင် ကြိုးစားသင့်ပါပြီ၊ ဒီအတိုင်းသာနေရင် ခွေးတော်အတွက် ပင်ပန်းခက်ခဲလွန်းမယ် ဆိုတာ တွေးကြည့်တာနဲ့ သိနိုင်ပါတယ် ဘုရား"

ရာဇဓာတုကလျာသည် တူမတော် ခင်မနှောင်း၏ စကားကို အလိုက်သင့် နားထောင်နေရင်းမှ အသာအယာ ပြုံးသည်။ ထိုစကား၏ ဦးတည်ရာလမ်းကြောင်းကို သိနေသလို စိတ်က ထင်မိလေ၏။

"ခွေးတော်မှာ အားကိုးအားထားစရာ ရှိပါတယ်ကွယ်၊ တရားဓမ္မနဲ့နေတော့ ဖြစ်တာတွေ ပျက်တာတွေအတွက် ခံနိုင်ရည် ရှိလာပါတယ်၊ ဒါကြောင့် ခွေးတော် နောက်ထပ် အားကိုးအားထား မရှာတော့ပါဘူး၊ တရားဓမ္မအရိပ်မှာပဲ အေးအေးချမ်းချမ်းနဲ့ နေတော့မယ်လို့ ဆုံးဖြတ်ပါတယ်"

ခင်မနှောင်းက ဝေခွဲရခက်ဟန်၊ နားမလည်နိုင်ဟန် အကြည့်ဖြင့် ဓာတုကလျာအား ကြည့်သည်။ တစ်ခဏအကြာမှ သိမ်မွေ့စွာ ပြုံးသည်။

"ခွေးတော်ကလည်း အသက်ဖြင့် ဘယ်လောက်မှ မကြီးသေးဘဲနဲ့ အိုမင်းရင့်ရော်တဲ့ လူတစ်ယောက်လို ပြောနေပြန်ပြီ၊ အခုလို နုပျိုနေတဲ့ အချိန်မှာ ပျော်ပျော်နေရမှာပေါ့၊ အစ်ကိုတော် အိမ်ရှေ့မင်းသာ ခွေးတော် အခုလို ခံစားနေရတယ်… တရားဓမ္မရိပ်မှာပဲ နေတော့မယ်လို့ ဆုံးဖြတ်တယ်ဆိုတာ သိရင် အဝေးကနေ ငြိမ်ပြီး ကြည့်နေမယ် မထင်ဘူး ဘုရား"

"ဘယ်လို တူမတော်… အဲဒါဆိုရင် အိမ်ရှေ့မင်းက အတင်းအကျပ် ပြုမယ်ဆိုတဲ့ သဘောလား"

"ဘိုးတော်ရဲ့ သမီးကို အတင်းအကျပ် ပြုရဲပါ့မလား၊ အနားမှာ တရစ်ဝဲဝဲ လာလုပ်မှာ၊ အနားက မခွာဘဲ ကပ်နေတာမျိုးတွေ လုပ်မှာကို ပြောတာပါ ဘုရား၊ အဲဒါကလည်း စိတ်အနှောင့်အယှက် ဖြစ်စရာ မဟုတ်လား ခွေးတော်"

ရာဇဓာတုကလျာက စကားအပြောအဆို လိမ္မာသော ဖြတ်ထိုးဉာဏ်ရှိပြီး ပါးနပ်သော ခင်မနှောင်း၏ ပခုံးကို အသာအယာ ဆုပ်ကိုင်သည်။ ခင်မနှောင်း၏ နုပျိုချောမောသော မျက်နှာလေးကို အပြုံးရိပ် ထင်သော မျက်နှာနှင့် ကြည့်လေသည်။

"တူမတော်ကလည်း အိမ်ရှေ့မင်းအတွက် အောင်သွယ်လုပ်တာ မဟုတ်ဘူးဆိုပြီး နောက်ဆုံးတော့ အောင်သွယ်စကားပဲ ပြောနေပါလား၊

ဒွေးတော်က ဒါတွေ မစဉ်းစားပါဘူး၊ အိမ်ရှေ့မင်းမှာ တူမတော် နတ်ရှင်မယ်က ရှိပြီးသားလေ၊ စဉ်းစားကြည့်ရင် နောင်တစ်ချိန်ကျ ရှုပ်ထွေးလာမယ့် ကိစ္စတွေကို မြင်တယ်၊ ဒီအကြောင်းကို ဒီမှာပဲ ရပ်ကြစို့ တူမတော်၊ အိမ်ရှေ့မင်းကို ဒွေးတော်ရဲ့ စိတ်ထားအမှန် သိအောင်သာ လျှောက်ထားလိုက်ပါ''

ဓာတုကလျာ၏ စကားကို ခင်မနှောင်း သဘောတွေ့ဟန် မတူ။ သို့သော် သူက ရာဇဓာတုကလျာအား မလွန်ဆန်ရဲသဖြင့် ပြောသမျှ စကားကို ငြိမ်သက်စွာ နားထောင်သည်။

''ဒွေးတော်ရဲ့ သဘောထားကို အစ်ကိုတော် အိမ်ရှေ့မင်း သိအောင် လျှောက်ထားလိုက်ပါ့မယ်''

''အင်း… တူမတော်က လိမ္မာရေးခြား ရှိပါပေတယ်၊ မပြန်ပါနဲ့ဦးနော် တူမ… ရောက်တုန်းရောက်ခိုက် စကားစမြည် ပြောကြရအောင်ပါ၊ ပြီးရင် ဒွေးတော်က တူမကို လက်ဆောင်ပဏ္ဏာတွေ ပေးမယ်''

ခင်မနှောင်းက စိတ်လျှော့လိုက်ဟန် ဆိုသည်။ သူက အိမ်ရှေ့မင်း မင်းကြီးစွာ အကြောင်းကို ထပ်မပြောဘဲ ရာဇဓာတုကလျာနှင့်အတူ စကားတွေ ဖောင်ဖွဲ့ ပြောဆိုနေလေသည်။

❑

# ရန်စ

ဓာတုကလျာကို ချစ်ခင်စွဲလမ်းမိသော အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာမှာ နေမြင့်လေ အရှုးရင့်လေ ဆိုသလို အချိန်ကြာလာသည်နှင့်အမျှ နေမရထိုင်မရ ဖြစ်လာသည်။ ထို့ကြောင့် ငယ်စဉ် ကလေးဘဝကတည်းက ချစ်ခင်စွဲလမ်းခဲ့သော ရာဇဓာတုကလျာ၏အနားသို့ ချဉ်းကပ်နိုင်ရန် ကြိုးစားသည်။

မင်းကြီးစွာထံမှ လက်ဆောင်များက တပင်တိုင်မြနန်းတွင် စံမြန်းနေသော ရာဇဓာတုကလျာထံ နေ့စဉ်ပင် ရောက်လာတတ်သည်။ ဟံသာဝတီတွင် ရှိနေလျှင် လက်ဆောင်ပဏ္ဏာများကို ကိုယ်တိုင် လာရောက် ပေးဆက်တတ်သည်။ စစ်ထွက်သည့်အခါ တာဝန်ဝတ္တရားဖြင့် နေပြည်တော် ပြင်ပသို့ ထွက်ရသည့်အခါများတွင် အစေအပါးများမှတစ်ဆင့် လက်ဆောင်ပဏ္ဏာများ ပေးပို့သည်။

ရာဇဓာတုကလျာအပေါ် သဲမဲကြီးစွာ စိတ်ဝင်စားနေသော အိမ်ရှေ့မင်း၏ သတင်းမှာ နန်းတွင်း၌ ပျံ့နှံ့နေသည်။ ထိုသတင်းက အိမ်ရှေ့မိဖုရား နတ်ရှင်မယ်များသို့တိုင် ပေါက်၏။

သတင်းစကား ကြားသည်နှင့် နတ်ရှင်မယ်က မင်းကြီးစွာ၏ ခြေလှမ်းကို စောင့်ကြည့်သည်။ အိမ်ရှေ့မင်း မင်းကြီးစွာ၏ လှုပ်ရှားမှုမှန်သမျှ သိရှိအောင် ကြည့်ရှုနိုင်ဖို့ သူ၏ အစေအပါးများကို တာဝန်ပေးသည်။

နတ်ရှင်မယ်သည် ပျော့ပျော့ညံ့ညံ့ မဟုတ်။ ရာဇဓာတုကလျာလို သဘောကောင်း မနောကောင်းနှင့် သည်းခံတတ်၊ ခွင့်လွှတ်တတ်သူ မဟုတ်။ သူသည် ဘုရင့်နောင်မင်းတရားကြီး၏ မြေးအရင်း၊ အင်းဝဘုရင် သတိုးမင်းစောနှင့် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်မှ မွေးဖွားလာသူ ဆိုသည့် အသိနှင့် အရာရာတွင် မိမိကသာ အသာရလိုသူ ဖြစ်၏။

နတ်ရှင်မယ်သည် ငါးဆူဒါယကာ နန္ဒဘုရင်၏ တူမတော်အရင်း ဖြစ်သဖြင့် သူ၏ အမိန့်အာဏာကို ဖီဆန်ဝံ့သူ ရှားသည်။ နတ်ရှင်မယ်၏ ဘဝတွင် အရှုံးပေးရခြင်း ဆိုသည်ကို နားမလည်။ သည်းခံခွင့်လွှတ်ခြင်း ဆိုသည်ကို မသိ။ သူက မျိုးနွယ်အဆင့်အတန်း မြင့်မားသလို ရုပ်ရည်အဆင်းကလည်း လှပသဖြင့် မာနတံခွန်ထူနေသူ ဖြစ်၏။

"အိမ်ရှေ့မင်းက ရာဇဓာတုကလျာကို အရူးအမူး စွဲလမ်းနေပါတယ်၊ ငယ်ရွယ်နုပျိုပြီး အလှတံခွန်ထူနေတဲ့ ပင်တိုင်စံရဲ့အနားက မခွာနိုင် ဖြစ်နေပါတယ်၊ ရွှေနန်းတော်ထဲမှာ အိမ်ရှေ့မင်းက ထီးနန်းရတဲ့အခါ ရာဇဓာတုကလျာကို တောင်ညာစံအဖြစ် တင်မြှောက်မယ်လို့ ပြောဆိုနေကြပါတယ်ဘုရား"

ရုံရွှေတော်တစ်ယောက် လျှောက်တင်သည့် စကားက နတ်ရှင်မယ်၏ နားစည်ကို ချွန်ထက်သော အပ်ပေါင်းများစွာနှင့် ထိုးဆွလိုက်သကဲ့သို့ ရှိသည်။ ထို့ကြောင့် နတ်ရှင်မယ်က အိမ်ရှေ့မင်း အဆောင်သို့ ရောက်လာသည့်အခါ ဆန့်ကျင် အပြစ်တင်စကားတွေ ပြောသည်။ အိမ်ရှေ့မင်းက နတ်ရှင်မယ်အား အရေးမထားသည့်ဟန်ဖြင့် တုံ့ပြန်ဆက်ဆံ၏။

"မောင်တော်... ခြေလှမ်းတွေ ဘယ်လောက် မှားနေတယ်ဆိုတာ နှမတော် မသိဘူးများ ထင်နေလား၊ ဟုတ်ရင် ကျော်တယ်တဲ့၊ မောင်တော် ဘာလုပ်နေတယ်... ဘယ်ခြေလှမ်းမျိုးတွေ လှမ်းနေတယ်ဆိုတာ နှမတော် သိပြီးပါပြီ"

"ဒါများ အဆန်းလုပ်လို့၊ ယောက်ျားကောင်း မောင်းမတစ်ထောင်လို့ ဆိုတယ် မဟုတ်လား၊ မောင်တော်က အိမ်ရှေ့မင်းလေ၊ မောင်တော်က အိမ်ရှေ့မင်းတစ်ပါးနဲ့ ကိုက်ညီတဲ့ ခြေလှမ်းကိုပဲ လှမ်းနေတာပါ"



မာန်မာနကြောင့် ခက်ထန်တင်းမာနေဟန်များ နတ်ရှင်မယ်၏ မျက်နှာပေါ်တွင် ဖျတ်ခနဲ ထင်လာသည်။ သူက အိမ်ရှေ့စံ၏ မျက်နှာကို စိန်းစိန်းကြီး ကြည့်သည်။

"မောင်တော်က အိမ်ရှေ့မင်း ဖြစ်လို့ မောင်းမငယ်တွေနဲ့ အချိန်ဖြုန်းနေတာကို နှမတော် ဘာမှ မပြောလိုပါဘူး၊ အခုဟာက အရီးတော် ဓာတုကလျာနဲ့ ပတ်သက်နေတာ၊ မောင်တော်က ဘိုးတော်ဆင်ဖြူရှင်ရဲ့ သမီးကို ကိုယ်လုပ်မောင်းမအဖြစ် ထားမှာလား၊ အဲဒါကို ရာဇဓာတုကလျာကကော လက်ခံသလား"

"တိတ်စမ်း... ဘာကိုယ်လုပ် မောင်းမလဲ"

"အိုး... မောင်တော်မှာ အိမ်ရှေ့မိဖုရား ရှိပြီးသားလေ၊ ဒါနဲ့တောင် အရီးတော်ကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်ဆိုတော့ နန်းမလေ့ကို ပယ်မယ့်သဘောလား၊ စည်းကမ်းဖောက်မယ့် သဘောလား၊ အဲဒါဆိုရင်တော့ နှမတော် သည်းခံမှာ မဟုတ်ဘူး၊ နှမတော်..."

နတ်ရှင်မယ် စကားမဆုံးခင် အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာ အနားသို့ ရောက်လာသည်။ သူက ချော့မော့နှစ်သိမ့်မည့်ဟန်ဖြင့် နတ်ရှင်မယ်၏ ပခုံးကို ညင်သာစွာ လှမ်းကိုင်သည်။

"ဒါ ဘာလုပ်တာလဲ... လွှတ်"

"နှမတော်ကလည်း... သဝန်ကြောင်စရာမရှိ ကြောင်နေပါပြီ၊ မောင်တော်က..."

"အို... မပြောနဲ့၊ မပြောနဲ့၊ မကြားချင်ဘူး"

"မကြားချင်လို့ မရဘူး၊ မင်း ကျုပ် ပြောတာကို နားထောင်ရမယ်"

"အို... မထောင်ဘူး၊ မထောင်ဘူး"

နတ်ရှင်မယ်က အကိုင်မခံ အထိမခံ၊ ခါးခါးသီးသီး ဖြစ်နေသဖြင့် မင်းကြီးစွာမှာ စိတ်မရှည်နိုင် ရှိလာသည်။ သူက နတ်ရှင်မယ်၏ လက်မောင်းရင်းကို ခပ်ကြမ်းကြမ်း လှမ်းဆွဲ၏။

"ဒါ ဘာလုပ်တာလဲ လွှတ်"

မင်းကြီးစွာက နတ်ရှင်မယ်၏ လက်မောင်းကို ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်သည်။ ငြင်းဆန်ရုန်းကန်နေသော နတ်ရှင်မယ်၏ အပြုအမူကြောင့်

သူ့မျက်နှာက ရုတ်ခြည်း တင်းမာလာသည်။ သူက နတ်ရှင်မယ်အား စိန်းစိန်းကြီး ကြည့်ပြီး ကျောခိုင်းလိုက်သည်။

''ကောင်းပြီ… မယ်မင်းမက ကျုပ် ပြောတာ နားမထောင်ချင်တဲ့နောက် ဘာမှ ပြောစရာ မရှိတော့ဘူး၊ ကျုပ် ရာဇဓာတုကလျာဆီကို သွားဖို့ပဲ ရှိတယ်''

နတ်ရှင်မယ် ချက်ချင်း အမူအရာ ပြောင်းသွားသည်။ သူက နေရာမှ ခွာထွက်နေသော အိမ်ရှေ့မင်းအား လှမ်းဆွဲလိုက်၏။

''နေပါဦး မောင်တော်''

''လွှတ်စမ်း… အခုကိစ္စက မင်း ဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ဘူး၊ ကျုပ် ဆုံးဖြတ်ရမယ့်ကိစ္စ၊ ဖယ်… လွှတ်''

''အို… မလွှတ်ဘူး၊ မလွှတ်ဘူး''

နတ်ရှင်မယ်က မင်းကြီးစွာ၏ လက်မောင်းကို အတင်းဆွဲထား၏။ မင်းကြီးစွာက အံတင်းတင်းကြိတ်ပြီး နတ်ရှင်မယ်ကို တွန်းဖယ်လိုက်သည်။

''သွားစမ်း''

အားကောင်းကောင်းနှင့် အတွန်းခံခဲ့ရသဖြင့် နတ်ရှင်မယ် ခွေခနဲ လဲကျသည်။ ထိမိ ဆောင့်မိသံ… နာကျင်စွာ အော်သံတို့ ပေါ်လာသည်။ အိမ်ရှေ့မင်းက နတ်ရှင်မယ်အား လှည့်မကြည့်။ အဆောင်တွင်းမှ ခြေသံပြင်းပြင်း နင်းထွက်သွားသည်။

''ဟဲ့ ဟဲ့… ဟိုမှာ သခင်မကို ကြည့်ကြပါဦး၊ သခင်မ… လှုပ်တောင် မလှုပ်တော့ဘူး''

''ဟယ်… သွေးတွေ သွေးတွေ၊ သခင်မ နဖူးမှာ ဒဏ်ရာရပြီး သွေးစိမ်းရှင်ရှင် ထွက်နေတယ်''

အပျိုတော်တွေ၊ ရံရွေတော်တွေ ဗျာများသွား၏။ နတ်ရှင်မယ်ကို ပွေ့ထူသူက ပွေ့ထူ၊ သွေးသုတ်ပေးသူက သုတ်ပေးနှင့် ရှိကုန်ကြ၏။

နတ်ရှင်မယ်သည် နာကျင်သော ဝေဒနာကြောင့် တခဏမျှ ငြိမ်သွားပြီးနောက် သူ့ကိုယ်သူ ထိန်းသည်။ သွေးယိုစီးနေသော နဖူးပြင်ကို လက်ဖြင့် ဖိကာ နေရာမှ ထသည်။ လက်ကြားမှ ယိုစီးနေသော သွေးများက ပခုံးပေါ်၊ ရင်ဘတ်ပေါ်သို့ ကျသည်။ နတ်ရှင်မယ် ဝတ်ထားသည့် ဝတ်လဲတော်မှာ သွေးတို့ဖြင့် နီသွား၏။



''သင်းက ငါ့ကို သွေးမြေကျအောင် လုပ်တယ်၊ ငါက သင်းတို့ကို သွေးချောင်းစီးစေမယ်''

နတ်ရှင်မယ်က နဖူးပြင်မှ သွေးကို သုတ်ရင်း အံကြိတ်ပြီး ပြောသည်။ ထိုအချိန်၌ သူ့မျက်လုံးအစုံမှာ အမုန်းတရားကြောင့် မီးထတောက်တော့မည့်ပမာ အရောင်လက်နေ၏။

❑

# အမုန်းချေပွဲ

အိမ်ရှေ့မင်း မင်းကြီးစွာ၏ စကားဖြင့် နှိပ်စက်ခြင်း၊ သစ္စာဖောက်၍ နှိပ်စက်ခြင်း အပြင် ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းတို့ကြောင့် နတ်ရှင်မယ်မှာ မခံမရပ်နိုင် ရင်မှာ မီးတောက်လောင်နေသည့်ပမာ ရှိ၏။ သူက သွေးစွန်းပေနေသော ဝတ်လဲ တော်ကို တစိမ့်စိမ့်ကြည့်ရင်း စိတ်မချမ်းသာနိုင် ဖြစ်ရသည်။

အိမ်ရှေ့မင်းသည် သူ၏ အပြုအမူအတွက် တာဝန်ယူခြင်း မရှိ။ မိမိ ကြောင့် အိမ်ရှေ့မိဖုရား အနာတရ ဖြစ်သွားမှန်း သိသော်လည်း တစ်ခေါက်မှ လာရောက်ကြည့်ရှုခြင်း မပြု။ သတင်းမေးခြင်းလည်း မရှိ။

အိမ်ရှေ့မင်း မိမိထံသို့ မလာရောက်သော်လည်း ရာဇဓာတုကလျာ၏ အဆောင်သို့မူ ရေထွက်မတတ် ဝင်ထွက်သွားလာနေကြောင်း နတ်ရှင်မယ် သတင်းကြားသည်။ ထိုအခါ သွေးစွန်းနေသော ဝတ်လဲတော်ကို သတိရတိုင်း ထထကြည့်ပြီး နာကြည်းစိတ်ဝင်နေသော နတ်ရှင်မယ်သည် အိမ်ရှေ့ကို တုံ့ပြန် ရန် စဉ်းစားသည်။ သူက ဝတ်လဲတော်ကို သွေးစွန်းလျက်နှင့် သေတ္တာငယ်တွင် ထည့်ပြီး သူ အနိုင်ကျင့်ခံရကြောင်း စာရေးကာ အင်းဝရှိ ခမည်းတော်နှင့် မယ်တော်ထံသို့ ပို့သည်။

ဘုရင့်နောင်မင်းတရားကြီး၏ ညီတော်တစ်ပါး ဖြစ်သော အင်းဝဘုရင် သတိုးမင်းစောနှင့် မိဖုရားသည် ဟံသာဝတီရှိ သမီးတော် အိမ်ရှေ့မိဖုရား၏ စာနှင့် သွေးစွန်းနေသည့် ဝတ်လဲတော်ကို တွေ့ရသည့်အခါ မခံမရပ်နိုင် ဖြစ်ရ သည်။ တစ်ဦးတည်းသော သမီးတော်လေးကိုမှ ပြုရက်လေခြင်းဟု နာကြည်း စိတ်တွေ ဝင်သည်။ ထိုအရေးကိစ္စတွင် တူတော်လည်းဖြစ်၊ ယောက်ဖတော် လည်း ဖြစ်သော ဟံသာဝတီဘုရင်က မျက်နှာလွှဲနေပါလားဟု တွေးပြီး ဒေါသပင်လယ်ဝေရသည်။

"သင်းက ဟံသာဝတီဘုရင် ဆိုပြီး သားတော်ဘက်ကနေ ကာကွယ် ဖို့ စဉ်းစားထားပုံရတယ်"

အင်းဝဘုရင် သတိုးမင်းစောက နှလုံးကြေကွဲပြီး စိတ်ထဲက မခံမရပ် နိုင် ဖြစ်နေစဉ် နတ်ရှင်မယ်၏ မယ်တော်က သမီးတော်အတွက် မခံမရပ်နိုင်၊ လင်သားဖြစ်သူအပေါ် မကျေမနပ် ဖြစ်ကာ စကားတစ်ခွန်းကို အထပ်ထပ် အခါခါ ဆိုသည်။

"ငါဟာ မောင်ကောင်း နှမ၊ အဖကောင်း သမီးတော့ ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ လင်ကောင်းမယား မဖြစ်ရဘူး"

မိဖုရား၏ စကားက အင်းဝဘုရင် သတိုးမင်းစော၏ နှလုံးသားကို ဆုပ်ညှစ်နေ… ထိုးဆွနေသကဲ့သို့ ရှိသည်။ သွေးစွန်းနေသော ဝတ်လဲတော်ကို ကြည့်ရာမှ အံတင်းတင်းကြိတ်သည်။

"အင်း… မဟာဉပရာဇာက သမီးတော်ကို အရေးမထား၊ မကြင်နာဘဲ ဇင်းမယ်ဘုရင် နှမ ရာဇဓာတုကလျာဆီကိုပဲ စိတ်ရောက်နေတယ် ဆိုပါလား၊ သမီးတော်ကို မချစ်မနှစ်သက်ဘဲ တခြားတစ်ပါးကို စိတ်ရောက်နေရုံမကဘူး၊ ကိုယ်ထိလက်ရောက် နှိပ်စက်ကလူပြုတာကတော့ အတိုင်းထက်လွန်နေပြီ၊ ငါ မရှိရင် ငါ့သမီး သူ့ကျွန် ဖြစ်ရမယ့်ကိန်းပဲ၊ ငါ ငြိမ်နေလို့ မရတော့ဘူး"

အင်းဝဘုရင် သတိုးမင်းစောက အံတင်းတင်းကြိတ်ပြီး ဆုံးဖြတ်ချက် တစ်ရပ်ကို ပြတ်ပြတ်သားသား ချနိုင်ရန် ကြိုးစားသည်။

"ငါက ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီးရဲ့ ညီတော်ပါ၊ ဟံသာဝတီဘုရင်ဟာ ဦးလေးတော် ဖြစ်တဲ့ ငါ့မျက်နှာကို ထောက်ထားသင့်

တယ်၊ တစ်ဖက်က ကြည့်ရင် ငါ့မိဖုရားဟာ ဟံသာဝတီဘုရင်ရဲ့ နှမတော် အရင်း၊ သမီးတော် နတ်ရှင်မယ်ဟာ ဟံသာဝတီဘုရင်ရဲ့ တူမအရင်းခေါက်ခေါက် ဖြစ်တယ်၊ ဒါပေမဲ့ ဟံသာဝတီဘုရင်နဲ့ အိမ်ရှေ့ဥပရာဇာတို့က ဒါကို အရေးထားပုံမရဘူး၊ ငါ့သမီးကို နှိပ်စက်စော်ကားတဲ့ သင်းတို့ကို ငါ ခွင့်မလွှတ်နိုင်ဘူး၊ ဟံသာဝတီကို တိုက်မယ်''

အင်းဝဘုရင် သတိုးမင်းစောက ဆုံးဖြတ်ချက် ပိုင်ပိုင်ချပြီး ဟံသာဝတီကို စစ်ပြုရန် ပြင်သည်။ ပထမဆုံး သူက ရှမ်းစော်ဘွားများထံ သံတမန်စေလွှတ်ပြီး စစ်ရေးအကူအညီ တောင်းခံသည်။ ထို့နောက် နောင်တော် တောင်ငူဘုရင်မင်းခေါင်ထံသို့ မင်းတရားကျွန်သီးမှူးကို စေလွှတ်၍ လည်းကောင်း၊ နောင်တော် ပြည်ဘုရင်ထံသို့ မြင်းမူစားကို စေလွှတ်၍ လည်းကောင်း၊ ဇင်းမယ်ဘုရင်ထံသို့ တောင်သမန်စားကို စေလွှတ်၍လည်းကောင်း စစ်ရေးအကူအညီ တောင်းခံသည်။ အင်းဝဘုရင် စစ်ပြင်နေစဉ် ရှမ်းစော်ဘွားများက စစ်ရေးအကူအညီပေးမည်ဟု စကားပြန်လာသည်။ အင်အားကောင်းသော တပ်တစ်တပ် ချီလာပြီဟုလည်း အကြောင်းကြား၏။ တောင်ငူဘုရင်၊ ပြည်ဘုရင်နှင့် ဇင်းမယ်ဘုရင်တို့မှာ အင်းဝကို မကူ။ ဟံသာဝတီကိုသာ သစ္စာခံကြ၏။

ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်သည် တောင်ငူ၊ ပြည်နှင့် ဇင်းမယ်တို့မှ စစ်ကူများ တောင်းခံသည်။ တပ်ကြီး တစ်ဆယ့်ခုနစ်တပ်၊ တိုက်ဆင် တစ်ထောင့်ငါးရာ၊ မြင်း တစ်သောင်းငါးထောင်၊ စစ်သည်ရဲမက် တစ်သိန်းငါးသောင်းတို့ပါသော တပ်ကြီးသည် စစ်ကြောင်းများ ခွဲပြီး ချီခဲ့ကြသည်။ ဟံသာဝတီတပ်များသည် ပင်းယသို့ ရောက်သည့်အခါ တပ်ချ ရပ်နားသည်။

အင်းဝဘုရင် သတိုးမင်းစောသည် ဟံသာဝတီက အင်အားကောင်းကောင်းနှင့် ချီလာသည့် သတင်းကို ကြားသည်။ သူ မျှော်လင့်ထားသည့် ရှမ်းစော်ဘွားတို့၏ စစ်ကူတပ်ကလည်း ယခုအချိန်အထိ ရောက်မလာသေး။

''ဟံသာဝတီတပ်အပေါင်း ပင်းယမှာ တပ်ချ ရပ်နားပြီး တပ်အပေါင်းက အင်းဝကို တစ်ဟုန်ထိုး တိုက်ခိုက်ဖို့ ပြင်နေပါပြီ''

စစ်သူကြီး၏ စကားက အင်းဝဘုရင် သတိုးမင်းစောအား သတိပေးလိုက်သလို ရှိသည်။ စစ်ပြင်ထားပြီး ဖြစ်သော်လည်း မိမိ၏အင်အားနှင့် ဟံသာဝတီကို မတွန်းလှန်နိုင်ကြောင်း သူ သိသည်။ သို့သော် အင်းဝတပ်သည်



ဟံသာဝတီကို အညံ့မခံဘဲ ရက်ရှည်လများ တင်းခံနိုင်သည့် အခြေအနေ ရှိသည်။

''ဟံသာဝတီက စစ်အင်အားကောင်းလှတယ်၊ သူတို့က တစ်ဟုန်ထိုး တိုက်ခိုက်လာရင် ရဲမက်တွေ အထိအပါး အရှုအနာ များမယ်၊ အင်းဝ ပတ်ဝန်းကျင်က မြို့ ရွာတွေလည်း ပျက်စီးမယ်၊ ပြည်သူတွေ ဒုက္ခရောက်ကြလိမ့်မယ်၊ ဒီအရေးကို ငါ့ခွန်ငါ့အားနဲ့ ရှင်းတာပဲ ကောင်းမယ်''

အင်းဝဘုရင် သတိုးမင်းစောက နန္ဒဘုရင်အား ခုခံတိုက်ခိုက်ရန် နည်းလမ်းရှာ စဉ်းစားနေရင်း လင်းဇင်းပြည်၊ မိုင်းစံမြို့ကို ချီတက်တိုက်ခိုက် သိမ်းပိုက်စဉ်က အဖြစ်ကို ပြန်သတိရသည်။

အင်းဝဘုရင် သတိုးမင်းစောသည် ဘုရင့်နောင်မင်းတရားကြီး အားကိုးအားထားပြုရလောက်အောင် သေနင်္ဂဗျူဟာ စစ်ပညာ ကျွမ်းကျင်သူ ဖြစ်သည်။ ရဲစွမ်းသတ္တိ ရှိရာတွင်လည်း စံတင်လောက်သူ ဖြစ်၏။

မိုင်းစံတိုက်ပွဲတွင် ဆင်စီးရာတိုက်ပွဲဝင်နေသော သတိုးမင်းစောမှာ မြို့ထိပ်မှ ပစ်ထိုးသော လှံချက်မိခဲ့သည်။ အရှိန်ပြင်းစွာ ထိုးပစ်လိုက်သော ရန်သူ့လှံသွားသည် သတိုးမင်းစော၏ လက်ယာပေါင်ကို ထုတ်ချင်းခတ်ရုံသာမက စီးတော်ဆင်၏ ကိုယ်ထံသို့ပင် လက်သုံးသစ်ခန့် စူးဝင်သွားခဲ့သည်။

ပြင်းထန်သော လှံထိုးစိုက်ခံရသည့် ဒဏ်ရာ ရထားသော်လည်း သတိုးမင်းစောက တိုက်ပွဲတွင် တာဝန်အလစ်ဟင်းမခံဘဲ ဒဏ်ရာကို အံကြိတ်ခံသည်။ လှံသွားကို ဆွဲနုတ်ခြင်း မပြုဘဲ လှံအရိုးကို လက်သုံးတော်ဓားဖြင့် ဖြတ်ကာ တိုက်ပွဲ ဆက်ဝင်ခဲ့သည်။ မြို့ကို သိမ်းပိုက် အောင်ပွဲခံရပြီးသည့်အခါကျမှ ပေါင်တွင် စိုက်ဝင်နေသော လှံကို နုတ်၊ ဒဏ်ရာကို ဆေးကုခံခဲ့သည်။

အင်းဝဘုရင် သတိုးမင်းစောသည် မိုင်းစံတိုက်ပွဲအကြောင်း၊ ပေါင်တွင် လှံစိုက်ခံရသည့် အကြောင်းတို့ကို စဉ်းစားမိသည်နှင့် ကိုယ်အတွင်း၌ အင်အားတွေ ပြည့်လာသလို ခံစားရသည်။ တစ်ဆက်တည်းပင် ဟံသာဝတီတပ်ကို ရင်ဆိုင်တိုက်ခိုက်ခြင်းထက် အများပြည်သူတို့ မနစ်နာရအောင် စီးချင်းထိုး တိုက်ခိုက်သည်က ပိုကောင်းမည်ဟု စဉ်းစားမိသည်။

''ဟံသာဝတီက စစ်အင်အားကောင်းတယ်၊ ငါတို့ တစ်ဖက်နဲ့ တစ်ဖက် အသေအကျေ တိုက်ရင် နှစ်ဖက်စလုံး နာကြမယ်၊ ငါ့ရဲမက်တွေ ထိခိုက်ရုံမက

ဘူး၊ ပြည်သူတွေလည်း အထိနာကြလိမ့်မယ်၊ ဒါကြောင့် ဟံသာဝတီဘုရင်နဲ့ စီးချင်းထိုး တိုက်ခိုက်ပြီး အနိုင် အရှုံး ဆုံးဖြတ်တာ အကောင်းဆုံးပဲ''

သတိုးမင်းစောက ချက်ချင်းပင် ဟံသာဝတီဘုရင်ထံ အနိုင် အရှုံးကို စီးချင်းထိုး တိုက်ခိုက်ပြီး ဆုံးဖြတ်မည့်အကြောင်း သဝဏ်လွှာပါးသည်။ ဟံသာဝတီဘုရင်က သတိုးမင်းစော၏ အလိုအတိုင်း စီးချင်းထိုး တိုက်ခိုက်ရန် သဘောတူလိုက်၏။

''မနက်ဖြန် သက္ကရာဇ် ၉၄၆ ခု ကဆုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့မှာ ငါ အင်းဝဘုရင် သတိုးမင်းစော ဟံသာဝတီ နန္ဒဘုရင်နဲ့ စီးချင်းထိုး တိုက်ခိုက်မယ်၊ ငါ့ရဲ့ ဆင်တော် သန်မြန်စွာကို အသင့်ပြင်ထားပေတော့''

အင်းဝဘုရင် သတိုးမင်းစောက မင်းချင်းများကို အမိန့်ပေးသည်။ ထို့နောက် သူကိုယ်တိုင်လည်း စိတ်အင်အား ပြည့်နေစေရန် ကြိုးစား ပြင်ဆင်လေသည်။

❑

# အဆိုးကို ရင်ဆိုင်ခြင်း

ရတနာပူရ အင်းဝဘက်တွင် အင်အားများပြားလှသော တပ်ကြီး ရှိနေသည်။ ထိုတပ်မှာ အင်းဝဘုရင်၏ တပ်ကြီး ဖြစ်၏။ ထိုတပ်က အင်းဝကို ထိလျှင် မခံဆိုသည့် သဘောနှင့် စစ်ခင်းရန် အသင့်ပြင်ထားကြ၏။

ဟံသာဝတီတပ်ကလည်း ပင်းယဘက်တွင် အင်အားအနိုင်အလုံနှင့် အင်းဝကို တိုက်ခိုက် ရှင်းလင်းရန် တပ်ချထားသည်။ တပ်များမှ စစ်မောင်းသံများ တဝေဝေ စစ်ကြွေးကြော်သံများ တဆူဆူနှင့် ရှိနေသည်။

ဟံသာဝတီဘုရင်သည် ဆင်တော် စောရန်နှင်းကို ရွှေကွန်ရက်လွှမ်း၍ စီးလာသည်။ ဇေယျဗလကို နောက်ထိုင် ထားကာ ရာဇတမန်ကို ကုန်းလယ်တည်ပြီး လက်ဝဲဘက်တွင် ဆင်အကူ သုံးဆယ်၊ လက်ယာဘက်တွင် ဆင်အကူ သုံးဆယ်ဖြင့် ပင်းယမြောက်တက် သစ်ဆိမ့်အရပ်တွင် စစ်အင်ခင်းကျင်းပြီးနေသည်။

အင်းဝဘုရင် သတိုးမင်းစောကလည်း ဆင်တော် သန်မြန်စွာကို ရွှေကွန်ရက်လွှမ်းပြီး စီးသည်။ ကျောက်ရစ်စားကို နောက်ထိုင်၊ ဘယရာဇသူကို

ကုန်းလယ်တင်ပြီး ဆင်အကူ သုံးဆယ်စီကို လက်ဝဲ၊ လက်ယာရံလျက် မြို့မှ ထွက်သည်။

မင်းနှစ်ပါးသည် ဆင်အကူများ ရံလျက် ထွက်လာရာ စီးချင်းထိုး တိုက်ခိုက်ရန် သတ်မှတ်ထားသော တံတားဦးစစ်မျက်နှာသို့ ရောက်ကာ တပ်များ ဖြန့်သည်။ ပထမဆုံး ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်၏ နောက်လိုက် တရုတ်မော်စားက အင်းဝဘုရင်ထံ တစ်ဟုန်ထိုး ထွက်လာသည်။

စီးချင်းထိုး တိုက်ခိုက်မည့်ပွဲတွင် ဟံသာဝတီဘက်တော်သား တရုတ်မော်စားက စည်းဖောက်သဖြင့် အင်းဝဘုရင် ဘက်တော်သားများ အော်ကြ၊ ဟစ်ကြ၊ ကန့်ကွက်ကြနှင့် ဆူညံသွား၏။ အင်းဝဘုရင် နောက်လိုက် ပြင်စည်စား က ဟံသာဝတီမှ စည်းဖောက်သည်ကို မခံနိုင်သဖြင့် သူ၏ ဆင် နာဂဝရကို ချွန်းဖွင့်ပြီး ထွက်သည်။

''ဟ‥ ဟံသာဝတီသား မင်းနှစ်ပါး တိုက်မယ့်ပွဲမှာ စည်းမစောင့်ဘူးလား၊ နင် စည်းဖောက်ရင် ငါကလည်း တိုက်ခွင့်ရှိတယ်''

ပြင်စည်စား၏ ဆင်က တရုတ်မော်စား၏ဆင် ရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်သည်။ ဆင်ချင်း အပြန်အလှန် တိုးဝှေ့တိုက်ခိုက်နေစဉ် အင်းဝဘုရင် သတိုးမင်းစောက ဆင်တော် သန်မြန်စွာကို ချွန်းဖွင့်ထွက်ပြီး တရုတ်မော်စား၏ဆင် ရဲမြတ်စွာကို ဝင်တိုက်သည်။ ရဲမြတ်စွာ မခံနိုင်သဖြင့် လှည့်ပြေး၏။ အင်းဝဘုရင်၏ ဆင်တော် ကုန်းလယ်စီး ဗလရာဇသူက လှံဖြင့် ပစ်လွှတ်သည်။ တစ်ဟုန်ထိုး ပြေးထွက်သွားသည့် လှံက တရုတ်မော်စား၏ နံကြားသို့ တိုးဝင်သည်။ တရုတ်မော်စား ဆင်ပေါ်က ကျကာ သေဆုံး၏။ အင်းဝဘုရင်၏ ဆင်အကူတို့က ဟံသာဝတီဆင် ရဲမြတ်စွာကို ဖမ်းဆီးလိုက်သည်။

''အခုပွဲဟာ ငါတို့ပွဲ၊ မင်းတို့ တစ်ယောက်မှ စည်းမဖောက်ကြနဲ့''

အင်းဝဘုရင် သတိုးမင်းစောက ဆင်အကူများဘက်သို့ လှည့်ပြောပြီး ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်နှင့် တိုက်ခိုက်ရန် ပြင်သည်။ နန္ဒဘုရင်က ဆင်တော် စောရန်နှင်းကို ချွန်းဖွင့်ထွက်၏။

မင်းနှစ်ပါးသည် တိုက်ပွဲပေါင်းများစွာကို ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့သူများ ပီပီ၊ ဆင်ချင်းဝှေ့၍ တိုက်သည်။ အင်းဝဘုရင် သတိုးမင်းစောက ဆင်တော် သန်မြန်စွာကို လျင်မြန်စွာ အဆုတ် အတက် ပြုသည်။ တစ်ခဏမျှ ဆင်ချင်း ယှဉ်၍ တိုက်နေပြီးနောက် သတိုးမင်းစော၏ ဆင် ရုတ်တရက် နောက်ဆုတ်လိုက်သည်။ ထိုအခါ ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်၏ နောက်လိုက်များက လှောင်ပြောင်ပြီး ဟေးခနဲ အော်သည်။



သတိုးမင်းစောသည် လှောင်ပြောင် ရယ်မောကြသည်ကို အရေးမထား။ သူ၏အာရုံကို တိုက်ပွဲတွင်သာ နှစ်ထား၏။ သူက ဆင်တော် သန်မြန်စွာကို နောက်တစ်လှမ်း ဆုတ်စေပြီး နောက်ချွန်းဖွင့်ကာ ရှေ့ကို တစ်ဟုန်ထိုး တိုးထွက်၍ ဟံသာဝတီဆင် စောရန်နှင်းကို တိုက်သည်။ ဆင်တော် သန်မြန်စွာ၏ အစွယ်က ဟံသာဝတီဆင် စောရန်နှင်းကို ထိုးမိ၏။ စွယ်လုံး ကျွံမတတ် ထိုးမိသဖြင့် စောရန်နှင်း မခံနိုင်၊ လဲမလို ပြိုမလိုနှင့် ယိမ်းယိုင်ကာ ခြေလှမ်းတွေ မှားသည်။

အင်းဝဘုရင် သတိုးမင်းစောက နန္ဒဘုရင်အား ဆက်တိုက်၏။ နန္ဒဘုရင်၏ဆင် စောရန်နှင်း အထိနာသည်ကို မြင်သည်နှင့် ဟံသာဝတီ ဆင်အကူတို့က မိမိတို့၏ အရှင်သခင်ဘက်မှ ဝင်ရောက်ကူညီ တိုက်ခိုက်သည်။

နန္ဒဘုရင်အပါးတွင် ဆင်အကူတွေ များလာသဖြင့် သတိုးမင်းစောက ဆင်တော် သန်မြန်စွာကို ဆုတ်စေသည်။ ထိုအချိန်မှာပင် နန္ဒဘုရင်က ဆင်တော် စောရန်နှင်းပေါ်မှနေ၍ ဥပေါသထဆင်တော်ပေါ်သို့ ပြောင်းရွှေ့စီးနင်းသည်။ ဆင်အကူတို့က ဆင်တော် စောရန်နှင်းကို ဆင်နှစ်စီး ညှပ်ပြီး တွဲခေါ်သည်။ စောရန်နှင်းသည် နောက်သို့ ဆုတ်ရင်း ပြင်းထန်သော ဝေဒနာကြောင့် လဲကျ သေဆုံးလေ၏။

အင်းဝဘုရင်၏ နောက်လိုက်ကျေးကျွန်တို့က အောင်ပွဲရပြီဟု အော်ဟစ် ကြွေးကြော်ကြသည်။ စစ်မောင်းကို အဆက်မပြတ် တီးခတ်၏။

အင်းဝဘုရင်၏ ဆင်တော် သန်မြန်စွာသည် အပြင်းအထန် တိုက်ခိုက်ခဲ့သဖြင့် ခြေကုန်လက်ပန်းကျနေသကဲ့သို့ ရှိ၏။ ထိုအချိန်တွင် နန္ဒဘုရင်က ဆင်တော် ဥပေါသထဆင်နှင့် ဆင်အကူများ ခြံရံလျက် ရှေ့ကို တိုးထွက်လာသည်။ ဆင်အကူများက အောင်စည်အောင်မောင်းများ တီးခတ်ကြ၏။

ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်က အင်နှင့်အားနှင့် ထွက်လာသည့်အခါ အင်းဝဘုရင်မှာ အရေးမလှနိုင်မှန်း သိသဖြင့် နောက်ဆုတ်ရ၏။ ဟံသာဝတီ

ဘုရင်က အင်အားနှင့် အတင်းလိုက်သည့်အခါ သတိုးမင်းစောသည် စုရုံးမိသမျှ စစ်သည်ရဲမက်များနှင့် တံတားဦးမှနေ၍ အင်းဝမြစ်ကို ကူးကာ မန္တလေးအရှေ့ ဖုန်းကန်ကြီးတောင်ခြေရင်းအနီးသို့တိုင်အောင် ဆုတ်၏။

ဟံသာဝတီတပ်သည် အောင်စည်အောင်မောင်း တီးခတ်ကာ အင်းဝသို့ အရောက်ချီသည်။ ပင်းယတွင် ဖြန့်ထားသည့် တပ်များက ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်နောက်မှ ပါလာ၏။

အင်းဝတွင် ရှိသော မြို့စောင့်တပ်မှာ ဟံသာဝတီ၏ အင်အားကို မယှဉ်နိုင်။ အညံ့ခံကြရ၏။ ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်တပ်က အင်းဝသို့ ဝင်ရောက်ကာ ရွှေနန်းတော်ကို သိမ်းပြီး အောင်ပွဲခံသည်။

''ငါတို့အရှင်ဟာ အသက်ငယ်ငယ်ကတည်းက အယုဒ္ဓယဘုရင်ရဲ့ သမက်ဆင်ကို နောက်ပြန်လှည့်ပြေးအောင် တိုက်ခဲ့ဖူးလို့ မင်းတရားရွှေထီးက မင်းရဲကျော်စွာဘွဲ့ ပေးတာ ခံရတဲ့သူ၊ အင်းဝစားလောက်ကို ဘယ်မှုလိမ့်မတုံး''

နန္ဒဘုရင်၏ နောက်လိုက် သွေးသောက်တစ်ယောက်က ဂုဏ်ယူဝင့်ကြွားစွာ ပြောသည်။ နန္ဒဘုရင်သည် အင်းဝရှိ စစ်သည်ရဲမက်များကို မိမိဘုန်းကံရိပ်အောက်သို့ ဝင်ရောက်ခိုလှုံလျှင် အသက်ချမ်းသာခွင့်ပေးမည်ဟု ကြေညာ၏။ ထိုအခါ အင်းဝစစ်သည် အများအပြား နန္ဒဘုရင်လက်အောက်သို့ ဝင်လာသည်။

အင်းဝဘုရင် သတိုးမင်းစောသည် တစ်သက်တွင် တစ်ခါဆိုသလို ရှုံးနိမ့်သော ရှုံးနိမ့်ခြင်းအတွက် မကျေနပ်နိုင်။ အင်အားစုပြီး နန္ဒဘုရင်ကို ပြန်တိုက်မည်ဟု ဆုံးဖြတ်ကာ လူအင်အား နှစ်ထောင်၊ မြင်း ခုနစ်ဆယ်ဖြင့် တရုတ်ဘုရင် ဥတည်ဘွားထံ စစ်ကူတောင်းရန် ထွက်ခွာသည်။

''သင်းက ငါ့တူတော် ဖြစ်သလို ယောက်ဖတော်လည်း ဖြစ်တယ်၊ ပြီးတော့ ခမည်းခမက်လည်း တော်တယ်၊ ဒါပေမဲ့ သင်းဟာ ဘာမျက်နှာမှ မထောက်တဲ့ ရက်စက်လွန်းလှတယ်၊ သင်းကို လက်တုံ့မပြန်ရရင် ငါ မနေဘူး''

သတိုးမင်းစောက မကျေနပ်စိတ်နှင့် ခရီးပြင်းနှင်သည်။ ဟံသာဝတီတွင် ရှိနေသော သမီးတော် နတ်ရှင်မယ်ကို သနား၊ အင်းဝတွင် ကျန်ခဲ့သော မိဖုရားကို လွမ်းနှင့် အအိပ်အနေ အစား မမှန်တော့ဘဲ အားနည်းပင်ပန်းနေချိန်တွင် အဖျားဝေဒနာ ကပ်ငြိလာသည်။



သတိုးမင်းစောက ဖျားနေသော်လည်း မနား။ ခန္တီးသို့ အရောက်ချီ၏။ ခန္တီးသို့ အရောက်တွင် အဖျားက ပြင်းထန်လာသည်။ အင်းဝတပ်တွင် ပါလာသော သမားတော်များသာမက ခန္တီးရှိ ဒေသခံသမားတော်များကိုပါ ခေါ်ပြီး ကုသည်။ ကုနေရင်းကပင် အင်းဝဘုရင် သတိုးမင်းစော အဖျားဝေဒနာသည်းပြီး အနိစ္စရောက်လေသည်။

❑

# ရန်းမထွက်သာ

ရုတ်တရက် ဖြစ်ပွားခဲ့သော ဟံသာဝတီ အင်းဝစစ်သည် ဓာတုကလျာ၏ နှလုံးသားမှာ အနာတရ ဖြစ်စေ၏။ ထိုစစ်သည် မိမိကြောင့် ဖြစ်ရသည့်စစ်ဟု ဓာတုကလျာက တွေးထင် သတ်မှတ်သည်။

အိမ်ရှေ့ဥပရာဇာက ဓာတုကလျာ၏ အဆောင်သို့ အဝင်အထွက် များလာ၏။ သို့သော် ခမည်းတော် နန္ဒဘုရင်၏ အမျက်တော်ရှမှာစိုးသဖြင့် ပေါ်ပေါ်ထင်ထင် မဝင်ထွက်ရဲဘဲ ပုန်းလျှိုးကွယ်လျှိုးနှင့် အဝင်အထွက်ပြုသည်။

နန္ဒဘုရင်သည် မင်းတရားရွှေထီး၏ သားတော် မင်းလက်ျာကို အင်းဝစားအဖြစ် တာဝန်ပေးအပ် ခန့်ထားသည်။ နေပြည်တော်တွင် အိမ်ဖြူ ဆောက်စေပြီး အင်းဝမိဖုရား ဖြစ်သော ၎င်း၏ အစ်မတော်ကို အေးချမ်းစွာ စံစားနေစေသည်။

အိမ်ရှေ့မင်းသည် နတ်ရှင်မယ်ကို မကြည်ဖြူ။ ရန်သူတစ်ယောက်လို ဆက်ဆံလာ၏။ လင်နှင့်မယားကြား ပြဿနာတစ်ခုကို အကျယ်ချဲ့သဖြင့် အင်းဝနှင့် ဟံသာဝတီ စစ်ဖြစ်ခဲ့ရသည့်အတွက် အိမ်ရှေ့စံအနေနှင့် နတ်ရှင်မယ်



ကို မကျေနပ်။ ထိုအခါ သူ၏ စိတ်က ရာဇဓာတုကလျာထံသို့သာ တရစ်ဝဲဝဲ နှင့် ရောက်ရှိနေသည်။

ရာဇဓာတုကလျာသည် မိမိ၏ မေတ္တာကို ရရှိနိုင်ရေးအတွက် ခွဲနပဲ ကြီးစွာနှင့် ချဉ်းကပ်နေသော အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာအပေါ် မကျေမနပ် ဖြစ်နေရာမှ တဖြည်းဖြည်း သဘောထား ပြောင်းလာသည်။ မိမိအပါးသို့ မရောက် ရောက်အောင်လာပြီး ချစ်ခွင့်ပန်နေသော အိမ်ရှေ့မင်းကို အားနာလာ သည်။ တွေ့ဖန်များ၊ မြင်ဖန်များလာသဖြင့်လည်း သံယောဇဉ်ထားမိစပြုလာသည်။

အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာသည် ရာဇဓာတုကလျာအား မြတ်နိုးခြင်း ကြီးစွာနှင့် ချဉ်းကပ်သည်။ ရာဇဓာတုကလျာ၏ စိတ်တွေ မိမိအပေါ် ယိမ်းယိုင်စ ပြုလာချိန်တွင် အယုဒ္ဓယသို့ စစ်ချီရန် အကြောင်းဖန်လာသည်။

အယုဒ္ဓယနှင့် ဟံသာဝတီ၏ စစ်သည် မပြီးဆုံးနိုင်သော စစ်ဟု ဆိုရလောက်၏။ အင်းဝအရေး ပြီးသည့်နောက် အိမ်ရှေ့ဥပရာဇာကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် အယုဒ္ဓယသို့ ချီသည်။ အိမ်ရှေ့မင်း ဒုတိယအကြိမ် အယုဒ္ဓယ သို့ ချီစဉ် တောင်ငူဘုရင် မင်းခေါင် အနိစ္စရောက်သဖြင့် ဘုရင် ဖြစ်လာသော မင်းရဲသီဟသူနှင့် သူ့သားတော် ပါလာသည်။

အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာ တိုက်ပွဲသို့ ထွက်ခွာသွားသည့်အခါ ရာဇဓာတုကလျာမှာ စိတ်ချမ်းမြေ့စွာ နေခွင့်ရလာသည်။ သို့သော် ရာဇဓာတုကလျာ မှာ အပြည့်အဝ စိတ်ချမ်းသာသည်ဟု မရှိ။ လာနေကျဖြစ်သော အိမ်ရှေ့ဥပရာဇာ မလာသဖြင့် လည်းကောင်း၊ မြင်နေကျ မျက်နှာကို မမြင်ရသဖြင့် လည်းကောင်း ရင်မှာ ဟာနေသကဲ့သို့ ရှိ၏။

အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာသည် အယုဒ္ဓယစစ်ပွဲမှ အရေးမလှဘဲ ပြန်လာသည်။ ထိုအခါ တွေ့နေ မြင်နေကျ မျက်နှာကို မမြင်ရသဖြင့် ရင်ထဲမှာ ဟာသလိုလို၊ လွမ်းသလိုလို ရှိနေခဲ့သော ရာဇဓာတုကလျာ စိတ်အနှောင့်အယှက် ဖြစ်ရသည်။

မင်းကြီးစွာသည် ဟံသာဝတီနေပြည်တော်သို့ ရောက်ရောက်ချင်း ရာဇဓာတုကလျာထံသို့ ဝင်ရန် ကြိုးစားသည်။ သို့သော် နန္ဒဘုရင်က စစ်ရှုံးသော မင်းကြီးစွာအား ရှေ့တော်မှောက်သို့ ချက်ချင်း ဝင်ရမည်ဟု အမိန့်ရှိသဖြင့် ဘုရင့်ရှေ့တော်မှောက်သို့ အခစားဝင်ရသည်။

နန္ဒဘုရင်သည် စစ်ရှုံးလာသော သားတော် မင်းကြီးစွာကို အပြစ်တင်သည်။ ဆူပူကြိမ်းမောင်းသည်။ မင်းကြီးစွာက အပြစ်ရှိသူမို့ ဆူသမျှ၊ ပြောသမျှ ခံ၏။ အဆူအပူ အကြိမ်းအမောင်း ခံပြီးလျှင် ရာဇဓာတုကလျာထံသို့ ဝင်မည်ဟု စိတ်ကူးနေခဲ့သည်။ သို့သော် ခမည်းတော် ဘုရင်မင်းမြတ်က စစ်ပွဲအကြောင်းကို မေးနေသဖြင့် နေရာမှ မခွာနိုင်ဘဲ ရှိသည်။

ခမည်းတော် ဘုရင်မင်းမြတ်က ရှေ့တော်မှ ထွက်ခွာခွင့်ပြုသောအခါ အချိန်မရှိတော့။ မင်းကြီးစွာက အဆောင်သို့ ပြန်ပြီး ဓာတုကလျာထံသို့ အပျိုတော်တစ်ယောက်ကို စေလွှတ်သည်။ ထိုအပျိုတော်သည် လက်ဆောင်ပစ္စည်းများနှင့်အတူ ဓာတုကလျာထံသို့ ရောက်လာ၏။ သူက အိမ်ရှေ့မင်း၏ လက်ဆောင်ကို အထိန်းတော်ကြီးမှတစ်ဆင့် ဓာတုကလျာထံသို့ ဆက်သစေသည်။

"အိမ်ရှေ့မင်းက ပေးတဲ့ လက်ဆောင်ပါ၊ အယုဒ္ဓယက မြတဘက်လို့ ဆိုပါတယ်"

"အထိန်းတော်ကြီးပဲ သိမ်းဆည်းထားလိုက်ပါ၊ အိမ်ရှေ့မင်းကိုလည်း လက်ဆောင်အတွက် ကျေးဇူးတင်ကြောင်း ပြောပါ"

ရာဇဓာတုကလျာက လက်ဆောင်ပစ္စည်းကို ကြည့်ပင် မကြည့်ဘဲ အတွင်းတော်သို့ ဝင်သည်။ နောက်ရက်များတွင် အိမ်ရှေ့မင်းထံမှ လက်ဆောင်တွေ ရောက်ရောက်လာသည်။ ရာဇဓာတုကလျာက အရေးမထားဘဲ နေ၏။ ရက်ပိုင်းအတွင်းမှာပင် အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာကိုယ်တိုင် တပင်တိုင်နန်းတွင် စံမြန်းနေသော ဓာတုကလျာထံသို့ ရောက်လာသည်။ ဓာတုကလျာက ဥပုသ်ဆောင်ဝင်နေသည်ဟု အကြောင်းပြပြီး ရှောင်နေသည်။

"အခုအတိုင်းကတော့ အိမ်ရှေ့မင်းကို ရှောင်လို့ လွတ်မယ် မထင်ဘူး၊ သူနဲ့ လွတ်ကင်းဖို့ဆို တရားရိပ်ခိုမှ ဖြစ်တော့မယ် ထင်တယ်"

ဓာတုကလျာက အထိန်းတော်ကြီး၏ စကားကို လက်ခံဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"ထိပ်ထားလည်း အဲသလိုပဲ တွေးမိတယ်၊ ထိပ်ထားတို့ တပင်တိုင်မြနန်းမှာ မစံမြန်းတော့ဘဲ ဒက္ခိဏာရုံကျောင်းသို့ သွားကြမယ်၊ ကျောင်းမှာပဲ ဥပုသ်စောင့် တရားကျင့်ပြီး နေကြမယ်"

"ကောင်းတယ် ထိပ်ထား၊ ကောင်းတယ်"



ရာဇဓာတုကလျာက အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာ၏ ကျော့ကွင်းမှ လွတ်အောင် မဟာစေတီအနီးရှိ ဒက္ခိဏာရုံဆရာတော်၏ ကျောင်းတိုက်သို့ ထွက်ခဲ့သည်။ ထိုကျောင်းတိုက်တွင် ဆရာတော်၏ တရားဓမ္မများကို နာယူပြီး တရားကျင့်သည်။

ရာဇဓာတုကလျာ ဒက္ခိဏာရုံကျောင်းတိုက်သို့ ရောက်နေစဉ်တွင် အယုဒ္ဓယက ရန်စကျူးကျော်သဖြင့် ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ်ကိုယ်တိုင် အယုဒ္ဓယသို့ စစ်ချီသည်။ ဟံသာဝတီနန်းကို သားတော် အိမ်ရှေ့မင်းက ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်သည်။

ခမည်းတော် နန္ဒဘုရင် စစ်ထွက်သွားသည်နှင့် အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာက သူ့အား အတွေ့မခံဘဲ နေသော ရာဇဓာတုကလျာကို တွေ့ရန် တပင်တိုင်မြနန်းသို့ ဝင်သည်။ ရာဇဓာတုကလျာ တပင်တိုင်မြနန်းတွင် မရှိသောကြောင့် ဒက္ခိဏာရုံကျောင်းသို့ ရောက်နေကြောင်း သိသည်နှင့် ကျောင်းသို့ လိုက်သည်။ တရားစခန်းဝင်နေသော ရာဇဓာတုကလျာကို အမိန့်အာဏာနှင့် ဆင့်ခေါ်သည်။

"ကျုပ်က ထိပ်ထားအပေါ် မေတ္တာထားမိလို့ ဘာကိုမှ မစဉ်းစား မဆင်ခြင်နိုင် ဖြစ်ခဲ့ရတယ်၊ ဒါပေမဲ့ ကျုပ်အတွက် အခွင့်အရေး မရခဲ့ဘူး၊ ဒီတစ်ခါတော့ ရလာတဲ့ အခွင့်အရေးကို ကျုပ် အလွတ်မခံတော့ဘူး၊ ထိပ်ထား ကျုပ်ခေါ်ရာကို လိုက်ခဲ့ပါ"

ရာဇဓာတုကလျာက ရှောင်တိမ်းရန် ကြိုးစားသည်။ သို့သော် ယခုအချိန်တွင် အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာက တန်ခိုးအထွားဆုံး၊ အာဏာအရှိဆုံး ဖြစ်နေသဖြင့် မရှောင်နိုင်တော့ဘဲ ရှိ၏။ အိမ်ရှေ့မင်းသည် ခမည်းတော် မရှိခိုက် သက္ကရာဇ် ၉၄၈ တွင် ရာဇဓာတုကလျာကို အဓမ္မ သိမ်းပိုက်လိုက်လေသည်။

❑

# အတိတ်၏ ပစ္စုပ္ပန်

မဟာစေတီတော်၏ အရိပ်သည် အေးမြလှ၏။ လေအလာတွင် ချိုသာစွာ တလွင်လွင် တလွင့်လွင့် ပေါ်ထွက်နေသည့် ဆည်းလည်းသံတို့ကြောင့် အေးမြရုံမက သာယာကြည်နူးသော ခံစားချက်ကိုပါ ပေးနေသည်။

အိမ်ရှေ့မိဖုရားဘဝသို့ ရောက်နေပြီဖြစ်သော ရာဇဒေဝီ ကလျာသည် စေတီတော်၏ အေးရိပ်တွင် ထိုင်ရင်း ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးဆီသို့လည်းကောင်း၊ ဟံသာဝတီနေပြည်တော်နှင့် အဝေးတွင် မှိုင်းညို့ပြာမှောင်စွာ တည်နေသော တောင်တန်းများဆီသို့ လည်းကောင်း ငေးမျှော်ကြည့်နေသည်။ သူ၏ အတွေးများကမူ ငယ်စဉ် ကလေးဘဝက ခမည်းတော် ဘုရင့်နောင် ကျော်ထင်နော်ရထာ၊ မယ်တော် ရာဇဒေဝီတို့နှင့်အတူ ပျော်ရွှင်ကြည်နူးစွာ ဆော့ကစားခဲ့သည့် အဖြစ်ကို သတိရသည်။ တစ်ဆက်တည်းပင် မိမိ ငယ်စဉ်ကလေးဘဝတွင် မယ်တော် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည့်အဖြစ်၊ ခမည်းတော်၏ မေတ္တာရိပ်မှာ ခိုပြီး အခြွေအရံ အသင်းအပင်းများကြားမှာ ကြီးပြင်းခဲ့ရသည့်အဖြစ်တို့ကို တွေးမိသည်။



သက္ကရာဇ် ၉၂၁ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ မဟာစေတီတော်အတွက် ဓာတ်တော် မွေတော်များ အပူဇော်ခံရသည့် နေ့တွင် မွေးဖွားသန့်စင်သဖြင့် ရာဇဓာတုကလျာ အမည်သမုတ်ခြင်း ခံရသော မိမိသည် ယခုအချိန်တွင် မပျော်သော်လည်း ပျော်သည့်ဟန်နှင့် အိမ်ရှေ့စံ မင်းကြီးစွာ၏ မိဖုရားအဖြစ် နေနေရသည်ကို စဉ်းစားမိပြန်သည်။

မိမိက အိမ်ရှေ့မိဖုရားအဖြစ် အိမ်ရှေ့ အိမ်တော်သို့ ရောက်နေချိန်တွင် တစ်ချိန်က အိမ်ရှေ့မိဖုရား ဖြစ်ခဲ့သော နတ်ရှင်မယ်မှာ အိမ်နိမ့်စံဘဝသို့ ရောက်နေရလေပြီ။

ရာဇဓာတုကလျာသည် မိမိကြောင့် အိမ်ရှေ့စံ မင်းကြီးစွာနှင့် နတ်ရှင်မယ်တို့ အချင်းများခဲ့ကြ… ထိုမှတစ်ဆင့် နတ်ရှင်မယ်၏ ခမည်းတော် အင်းဝစားနှင့် ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်တို့ စစ်မက်ဖြစ်ပွားခဲ့ရသည်တို့ကို မမေ့နိုင်ဘဲရှိသည်။

စစ်ပွဲတွင် အင်းဝစား ရှုံးနိမ့်သည်။ နန္ဒဘုရင်က နှမတော် ဖြစ်သော အင်းဝမိဖုရားကို လှေအရံများနှင့် ဟံသာဝတီသို့ ဆောင်ယူကာ အင်းဝအိမ်တော်ကဲ့သို့ အိမ်ဖြူတော် ဆောက်၍ အခြွေအရံများနှင့် ငြိမ်းချမ်းစွာ နေရအောင်ထားသည်။ ယခုအခါ မင်းကြီးစွာ စွန့်ပစ်ခြင်း ခံရသော နတ်ရှင်မယ်ကိုပါ မယ်တော် အင်းဝမိဖုရားထံသို့ ပို့ထားလေသည်။

အစ်ကိုတော် နန္ဒဘုရင်သည် နတ်ရှင်မယ် အရေးကိစ္စနှင့် ပတ်သက်ပြီး ‘ငါ့တူမတော်ကို မချစ်မကြည် ပြုသည်၊ တူမတော်ကို နှမတော် အင်းဝမိဖုရားထံ ပို့ထားလေ’ ဟု ဆိုခဲ့သည်ကို ရာဇဓာတုကလျာ မမေ့။ ထိုအချိန်ကတည်းက နတ်ရှင်မယ်မှာ မယ်တော် အင်းဝမိဖုရား စံမြန်းရာ အိမ်ဖြူတော်သို့ ရောက်ရလေသည်။

“သခင်မ… နေညိုစပြုနေပါပြီ၊ အဆောင်ကို ပြန်ကြွဖို့ သင့်ပါပြီ”

ရံရွေတော်တစ်ယောက်၏ စကားကြောင့် အတွေးမှာ နစ်နေသော ရာဇဓာတုကလျာ ဖျတ်ခနဲ သတိဝင်လာသည်။ သူက လွင့်နေသည့် စိတ်ကို ထိန်းပြီး ရံရွေတော်အား လှမ်းကြည့်သည်။ ပြီးလျှင် ပတ်ဝန်းကျင်ကို ကြည့်၏။

နေရောင်ခြည်မှာ အားပျော့စပြုနေပြီ။ အနီရောင် ရောနေသော အလင်းဖျော့ဖျော့သည် ဟံသာဝတီကို မခွဲနိုင် မခွာရက်နှင့် တွေးပိုက်ထားသည့်ဟန်

ရှိသည်။ အနောက်ဘက် ကောင်းကင်ပြင်ရှိ တိမ်တို့မှာ ရွှေရောင်ပျော့ပျော့ဖြင့် ရွှေ့လျားနေ၏။ တောင်တန်းတို့မှာ ပြာရီမှိုင်းနေသည်။

မကြာခင် နေဝင်တော့မှာပါလား ဆိုသည့် အသိနှင့် ရာဇဓာတုကလျာ နေရာမှ ထသည်။ ကောင်းကင်ကို မော့ကြည့်စဉ် အိပ်တန်းပြန်ငှက်တစ်အုပ်ကို မြင်၏။ အလင်းပျော့ပျော့ နေရောင်ခြည်တွင် အိပ်တန်းပြန်ငှက်တို့ ပျံသန်းနေသည်ကို တွေ့ရသည်မှာ လွမ်းချင့်စဖွယ် ရှိနေသည်။

''အချိန်တန်တော့လည်း အဆောင်ကို ပြန်ရမှာပေါ့လေ၊ သွားကြမယ် ကွယ်''

ရာဇဓာတုကလျာက ရံရွေတော်များနှင့်အတူ မဟာစေတီရင်ပြင်တော်မှ ခွာထွက်သည်။ ခပ်ဝေးဝေးမှ စိုင်းနှင်သွားသည့် မြင်းစီးသမားများ၊ ဓားလှံ လက်နက် ကိုင်စွဲထားသော စစ်သည်ရဲမက်များကို မြင်သည့်အခါ ဓာတုကလျာ ခြေလှမ်းတုံ့၏။

''စစ်သည်ရဲမက်တွေ လှုပ်ရှားနေကြပါလား''

''အယုဒ္ဓယကို စစ်ချီတော့မယ် ကြားတယ်၊ ဒါကြောင့် စစ်ပြင်နေတာ ဖြစ်မယ်''

ငယ်စဉ် ကလေးဘဝကတည်းက ကြားခဲ့ရသည့် စစ်ပွဲဆိုသည့်စကားက ဓာတုကလျာ၏ နားမှာ မယဉ်ပါးသေး။ စစ်ဆိုသည့် အသံကို အကြားတွင် ရင်ခုန်သံ မြန်ချင်နေ၏။

အဆောင်သို့ ပြန်ရာ လမ်းတစ်လျှောက်တွင် စစ်အတွက် ပြင်ဆင်နေသည်များကို ရိုးခနဲ ရိပ်ခနဲ လှမ်းမြင်ရ တွေ့ရသည်။ ဟံသာဝတီရဲမက်တို့က စစ်ပွဲတစ်ပွဲကို အမှန်တကယ် ဆင်နွှဲတော့မှာပဲဟု ဓာတုကလျာ တွေးမိသည်။ စစ်ပွဲတွင် အိမ်ရှေ့ဥပရာဇာ မင်းကြီးစွာလည်း ပါလိမ့်မည် ထင်သည်။

အဆောင်သို့ ပြန်ရောက်ပြီး တစ်ခဏအကြာတွင် မင်းကြီးစွာ ရောက်လာသည်။ မောကြီးပန်းကြီးနှင့် ပြန်လာသော မင်းကြီးစွာအား ဇနီးကောင်းတစ်ယောက်ပီပီ ဓာတုကလျာက လိုအပ်သမျှ လုပ်ကိုင်ပြုစုပေးရ၏။ ထိုအချိန်မှာပင် စစ်ပွဲနှင့် ပတ်သက်သည့် သတင်းစကားကို မင်းကြီးစွာထံမှ ကြားရသည်။

''နံနက်မိုးသောက် အလင်းရောက်တာနဲ့ မောင်တော်တို့ စစ်ထွက်ရလိမ့်မယ်၊ အယုဒ္ဓယစား ဗြနရာဇ်က ထောင်ထားနေ၊ မောက်မာနေတာ ကြာပြီ၊ ဒီတစ်ခါတော့ သင်းကို အပြတ်အသား ချေမှုန်းရလိမ့်မယ်၊ ဒီတစ်ခါ တပ်ပေါင်း နှစ်ဆယ့်ကိုးတပ်၊ အင်အား နှစ်သိန်းကျော်နဲ့ ချီတက်တိုက်ခိုက်မှာ၊ မောင်တော်တို့ သေချာပေါက် အောင်ပွဲရလိမ့်မယ် နှမတော်''



အိမ်ရှေ့ဥပရာဇာမင်းကြီးစွာ၏ စကားကို နားထောင်ရင်း အသက်ပေါင်း များစွာတို့ သေကျေပျက်စီးဦးမှာပဲဟု ဓာတုကလျာ တွေးသည်။ တစ်ဆက်တည်းမှာပင် မနက်ဖြန် ဆိုသည်မှာ သက္ကရာဇ် ၉၅၄ ခု နတ်တော်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ပါလားဟု မှတ်သားလိုက်၏။

''မောင်တော်တို့နဲ့အတူ ညီတော် ပြည်စား မင်းကြီးနှောင်း ဦးဆောင်တဲ့ ပြည်တပ်၊ နတ်ရှင်နောင် ဦးစီးတဲ့ တောင်ငူတပ်တွေလည်း ပါမယ်၊ နတ်ရှင်နောင်ဆိုတဲ့ တောင်ငူမင်းသားက ရတုကဗျာတွေ အရေးကောင်းသလို တိုက်ရေးခိုက်ရေးလည်း ကောင်းတယ်၊ စစ်ပွဲတွေမှာ အားကိုးရတဲ့ သူရဲကောင်းပဲ နှမတော်''

မင်းကြီးစွာ ပြောသမျှ စကားကို နားထောင်နေသော်လည်း ရာဇဓာတုကလျာမှာ စိတ်ဝင်စားခြင်း မရှိ။ စစ်ပွဲဆိုသည့် အသိက သူ့နှလုံးသားကို ဆုပ်နယ်ဖျစ်ညှစ်နေသကဲ့သို့ ရှိသည်။

''နှမတော်က စစ်ဆိုတာနဲ့ ထိတ်လန့်နေပြီလား၊ မောင်တော်တို့ ဆင်နွှဲတဲ့ စစ်က အာခံသူ ပုန်စားပုန်ကန်ပြုသူကို အပြစ်ပေး ဆုံးမတဲ့အနေနဲ့ ပြုတဲ့ စစ်ပါ''

မင်းကြီးစွာက ပြုံးပြီး ပြောသည်။ ဓာတုကလျာက မင်းကြီးစွာအား ကြည့်နေရင်းမှ အိမ်ရှေ့မင်း မင်းကြီးစွာမှာ သူ့ အလိုရှိလျှင် အဓမ္မသိမ်းယူတတ်သူပါလားဟု တွေးမိသည်။ အဓမ္မ အသိမ်းပိုက်ခံရသည့်အဖြစ်ကို အသက်ရှင်နေသမျှ ကာလပတ်လုံး မေ့နိုင်မည် မထင်ပေ။ ဓာတုကလျာသည် ရင်ထဲမှ မကျေနပ်နိုင်သော ခံစားချက်ကြောင့် မင်းကြီးစွာအား ကြည့်နေရင်း ရင်မှာ ဗလောင်ဆူလာလေသည်။

''မောင်တော် အခု စစ်ရေးညီလာခံကို တက်ရမှာမို့ နှမတော် စိတ်အေးချမ်းသာ နားနေပါ''

မင်းကြီးစွာက ဓာတုကလျာ၏ ပါးပြင်မို့မို့ကို ဖျစ်ညှစ်ပြီး အဆောင်မှ ပြန်ထွက်သည်။ ခပ်ပြင်းပြင်း နင်းလျှောက်သွားသည့် မင်းကြီးစွာ၏ ခြေသံမှာ တဖြည်းဖြည်း ဝေးသွားသည်။

''သခင်မလေး… သခင်မလေး''

ရုတ်တရက် အနားကပ်ပြီး ခေါ်လိုက်သံကို ကြားရသည်။ ဓာတုကလျာက အသံလာရာဆီသို့ ဖြည်းညင်းစွာ ကြည့်၏။ ထိုအခါ အနားသို့ လျှောက်လာနေသော အထိန်းတော်ကြီးကို တွေ့ရသည်။

"ဟင်... အထိန်းတော်ကြီးပါလား၊ ထိပ်ထားတို့ ဟံသာဝတီမှာပါပဲနော်"

"ဟုတ်ပါတယ် သခင်မလေး၊ ဒါ ဟံသာဝတီပါ၊ စောစောလေးကပဲ ဒီအဆောင်ကို တောင်ငူမင်းသားလေး လာသွားသေးတယ်လေ"

"သြော်..."

ဓာတုကလျာက မျက်မှောင်ကုတ် စဉ်းစားသည်။ ထို့နောက် တဖြည်းဖြည်းနှင့် မိမိသည် အတိတ်ကာလက အဖြစ်ကို စဉ်းစားနေမိပါလားဟု သိသည်။

မင်းကြီးစွာနှင့် ပတ်သက်ခဲ့သည်တို့ကို စီကာစဉ်ကာ တွေးရင်းမှ အတွေးအသိမှန်သမျှ ပစ္စုပ္ပန်သို့ ပြန်ရောက်လာချိန်တွင် ရာဇဓာတုကလျာ၏ ရင်မှ နာကျင်ခြင်းများ လျော့ပါး ပျောက်ကွယ်သွားသလို ရှိလေသည်။

❑

## နတ်ရှင် သူ့ကြောင့်

# တာဝန်

ကေတုမတီ၏ ဆောင်းသည် နှင်းတွေ သဲသဲမဲမဲ ကျပြီး အအေးပို၏။ ကေတုမတီရဲမက်တို့သည် ဆောင်းညအေးအေးတွင် နွေးထွေးသော အိပ်ရာကို စွန့်ပစ်ပြီး မြို့တော်ကို ကာကွယ်ရေးအတွက် အသင့်နေနေကြသည်။

ကင်းတာဝန်ကျသူများက မိမိတို့၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေကြသည်။ ကင်းတာဝန် ကင်းလွတ်သူတို့က မီးပုံများရှေ့တွင် ထိုင်ကာ အအေးဒဏ်ကို ကာကွယ်နေကြသည်။

ဆောင်း၏ အအေးဒဏ်ကို ကာကွယ်ရန် စောင်ကြမ်းကိုယ်စီ ခြုံထားသူ နှစ်ယောက်သည် လရောင်ကို အားပြုပြီး မြို့တံခါးဆီသို့ ရောက်လာသည်။ မြို့တံခါးအနီးတွင် မီးလှုံနေသော ကင်းသမား ငါးယောက် ရှိနေသည်။ တံခါးမှူးမှာ တံခါးအနီး လှုပ်ရှားသွားလာရင်း အခြေအနေကို ကြည့်ရှုနေသည်။

စောင်ကြမ်း ခြုံထားသူ နှစ်ယောက် မြို့တံခါးအနီးသို့ ရောက်လာသည်။ မီးလှုံနေသူများထဲမှ ဓားသမား နှစ်ယောက် ဖျတ်ခနဲ ခုန်ထပြီး လမ်းပိတ်ရပ်လိုက်သည်။

"ရပ်စမ်း… မင်းတို့ ဘယ်သူတွေလဲ၊ ဒီအချိန်ကြီး မြို့တံခါးကို ဘာလာလုပ်ကြတာလဲ"

"ကျွန်တော်တို့ မြို့ပြင်ကို ထွက်ချင်လို့ပါ"

"ဘာပြောတယ်၊ ဒီအချိန်ကြီး မြို့ပြင်ကို ထွက်လို့ဖြစ်မလား၊ မင်းတို့ မြို့ပြင်ကို ထွက်မယ်ဆိုတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး"

"ကျွန်တော်တို့ မရိုးမသား ကြံစည်ထားတာ မရှိပါဘူး၊ ဟံသာဝတီကို အရေးတကြီး သွားစရာရှိလို့ပါ၊ ဗိုလ်မင်းတို့ မလွယ်ပေါက်တံခါးပဲ ဖွင့်ပေးပါ၊ ဒီမှာ ဗိုလ်မင်းတို့အတွက် အသင့်ပြင်လာပါတယ်"

စောင်ခြုံနှင့် လူက ငွေအပြည့်ပါပုံရသော ကတ္တီပါအိတ်ရှုံ့ကို ထုတ်ပြီး အစောင့်လက်ထဲသို့ ထည့်သည်။ အစောင့်ရဲမက်က အိတ်ကို မယူဘဲ နောက်ဆုတ်လိုက်သည်။

"ဒါ ဘာလုပ်တာလဲ"

"အိတ်ထဲမှာ ငွေအပြည့်ပါပါတယ် ဗိုလ်မင်းရဲ့၊ ငွေသားချည်းပါ"

"တံစိုးပေးပြီး အချိန်မတော် မြို့ပြင်ထွက်ဖို့ တံခါးဖွင့်ခိုင်းတာပေါ့၊ ဟုတ်လား"

"ဗိုလ်မင်းကလည်းဗျာ၊ ဟံသာဝတီမှာဆို အခုလိုတောင် စကားပြောဖို့ မလိုဘူး၊ ငွေပါတဲ့အိတ် ထိုးပေးလိုက်ရင် ပြီးတယ်"

အစောင့်ရဲမက်၏ မျက်နှာ တင်းသွားသည်။ သူက အနားသို့ လျှောက်လာနေသော တံခါးမှူးအား ဖျတ်ခနဲ ကြည့်သည်။ ထို့နောက် စောင်ခြုံနှင့် လူများဘက်သို့ လှည့်လိုက်သည်။

"ဘာလဲဟေ့"

"ကျွန်တော်တို့ အရေးတကြီးကိစ္စနဲ့ မြို့ပြင်ကို ထွက်ချင်လို့ပါ၊ ဒီအိတ်ထဲမှာ ငွေသားတွေ ပါပါတယ်၊ ငွေသားစစ်စစ်ပါ"

"ငွေသားစစ်စစ် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဗိုလ်မင်း"

"ဒါ လာဘ်ထိုးတာပေါ့၊ ငါတို့က လာဘ်မယူရဘူး၊ တံစိုးလက်ဆောင် ပေးရင် မယူရဘူး၊ မင်းတို့ အခုရောက်နေတာ ကေတုမတီလေ၊ ဟံသာဝတီ မဟုတ်ဘူး၊ ကေတုမတီမှာ မြို့တံခါးပိတ်ပြီးရင် မြို့ပြင်ထွက်ခွင့်မရှိဘူး"



"ဟံသာဝတီမှာလည်း မြို့တံခါးပိတ်ပြီးရင် မြို့ပြင်ထွက်ခွင့် မရှိတော့ပါဘူး၊ ဒါပေမဲ့…"

"တော်တော့… မင်းတို့ အခုလို လာလုပ်နေတာ အရေးယူလို့ရနေပြီ၊ ဟေ့… ဒီနှစ်ယောက်ကို ဖမ်းလိုက်စမ်း၊ လက်ပြန်ကြိုးတုပ်ပြီး ထိပ်တုံးခတ်ထား၊ မနက်မိုးလင်းတာနဲ့ သေနာပတိလက်ကို အပ်ရမယ်"

"မလုပ်ပါနဲ့ ဗိုလ်မင်း၊ ကျွန်တော်တို့ ပေးတာ နည်းတယ်ထင်ရင် နောက်ထပ်တိုးပြီး ပေးပါ့မယ်"

"တိတ်စမ်း၊ ဟေ့… ဒီနှစ်ယောက်ကို ငါ ပြောသလိုလုပ်၊ မင်းတို့ ကိုယ်ပေါ်က စောင်တွေ ဖယ်လိုက်စမ်း"

"စောင်ကို ဖယ်လိုက်စမ်း… ဟုတ်လား၊ စောင်ခြုံအောက်က ငါ့လက်ထဲမှာ ဓားရှိရင် မင်း သေပြီ၊ အဲဒါကို သတိထားစမ်း၊ ရန်သူဆိုတာ ပုံစံအမျိုးမျိုးနဲ့ လာတတ်တယ်၊ သိလား"

စောင်ခြုံထားသူက စောင်ကို ဖယ်ချရင်းမှ ပြောသည်။ ထိုသူ့စကားကြောင့် တံခါးမှူး ဆတ်ခနဲ ဖြစ်သွား၏။ ခါးတွင် ချိတ်ထားသည့် ဓားဆီသို့ လက်ရောက်သွားသည်။ သို့သော် စောင်ခြုံထားသူ၏ မျက်နှာကို မြင်ရသည့် အခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဟင်… အရှင့်သား"

"ဟာ… သေနာပတိ"

တံခါးမှူးနှင့် တံခါးစောင့် ရဲမက်များ ထိတ်လန့်တကြား ဖြစ်သွားကြသည်။ သူတို့က စောင်ခြုံအောက်မှ ဘွားခနဲ ပေါ်လာသော နတ်ရှင်နောင်ကို ကြည့်ပြီး မြေပြင်ပေါ် ဒူးထောက် ထိုင်ချလိုက်ကြသည်။

"ထပါ… မောင်မင်းတို့ တာဝန်ကျေပါတယ်၊ နေမျိုးသိရိ… ဒီ တံခါးမှူးနဲ့ ကင်းသမားတွေကို ဆုလာဘ် ချီးမြှင့်လိုက်ပါ၊ မင်းတို့ တာဝန်ဝတ္တရား ထမ်းဆောင်တဲ့အခါ သစ္စာတရားကို ဦးထိပ်ပန်ဆင်တာ၊ စည်းကမ်းရှိပြီး လာဘ်လာဘကြောင့် မဖောက်ပြန်တာဟာ စစ်သည်ရဲမက်တွေ၊ အမှုထမ်းအရာထမ်းတွေအတွက် တန်ဖိုးအရှိဆုံးအရာပဲ၊ တစ်ခုတော့ ရှိတယ်၊ မင်းတို့တစ်တွေ သတိမြဲဖို့တော့ လိုတယ်၊ အချိန်မတော် ရောက်လာတဲ့လူဟာ ဒုစရိုက်မှုကျူးလွန်မယ့်သူ ဖြစ်မယ်၊ ဒါမှမဟုတ် ရန်သူ ဖြစ်ချင်ဖြစ်မယ်၊ တကယ်လို့

ငါတို့သာ ရန်သူဆိုရင် မင်းတို့ စားစာမိသွားပြီ၊ ရန်သူက မင်းတို့ကို ရှင်းလင်းပြီး မြို့တံခါး ဖွင့်လိုက်လို့ရတယ်၊ တကယ်လို့များ သူတို့လူတွေ မြို့ပြင်မှာရှိနေရင် မြို့တွင်းကို လွယ်လွယ်လေး ဝင်လို့ရတာပေါ့"

တံခါးမှူးနှင့် ကင်းသမားတို့က နတ်ရှင်နောင်၏ စကားကို ခေါင်းငုံ့ပြီး နားထောင်ကြသည်။

"ခမည်းတော်က ဟံသာဝတီကို စစ်ကူ သွားနေချိန်မှာ ကေတုမတီကို ငါတို့ ဘေးအန္တရာယ်မရှိအောင် စောင့်ရှောက်ထားဖို့ လိုတယ်၊ ကဲ ကဲ… သတိဝီရိယနဲ့ နေကြ၊ နေမျိုးသီရိ…၊ ငါတို့ သွားကြမယ်"

နတ်ရှင်နောင်က သူ့အနီးတွင် ရှိနေသော နေမျိုးသီရိအား ခေါ်ပြီး နေရာမှ ခွာသည်။ ထိုအခါကျမှပင် တံခါးမှူးနှင့် ရဲမက်များ သက်ပြင်းချနိုင်ကြသည်။

"ကေတုမတီက ရဲမက်တွေ ဘယ်လောက် သစ္စာရှိတယ်ဆိုတာ မင်း သိပြီမဟုတ်လား နေမျိုးသီရိ၊ မြို့တံခါး လေးရပ်စလုံးမှာ ငါတို့ရဲ့ စမ်းသပ်မှု အောင်မြင်တယ်၊ တံခါးမှူးနဲ့ ကင်းသမားတွေ… သစ္စာရှိကြတယ်၊ စာရိတ္တ မပျက်ကြဘူး"

"အရှင်မင်းသားက ရဲမက်တွေ အမှုထမ်း အရာထမ်းတွေရဲ့ အခြေအနေကို မပြတ် ကြည့်ရှုပြီး သစ္စာရှိသူကို ရှိသလို… စာရိတ္တကောင်းသူကို ကောင်းသလို… ထက်မြက်သူကို ထက်မြက်သလို… သတ္တိရှိသူ စွန့်စားရဲသူတွေကို သူတို့နဲ့ ထိုက်တန်သလို ချီးမြှင့်မြှောက်စား ဆုလာဘ်တွေ ပေးပြီး အပြစ်ရှိသူ… တာဝန်မကျေသူ… စည်းကမ်းပျက်သူ… သစ္စာမဲ့သူတွေကို ပြတ်ပြတ်သားသား အပြစ်ပေး ဆုံးမတတ်တာတွေကြောင့် ကေတုမတီမှာ လူတော်လူကောင်းတွေ များလာတာပါ"

နေမျိုးသီရိ၏ စကားကြောင့် နတ်ရှင်နောင် ပြုံးသည်။ သူက တစ်စုံတစ်ရာ ပြောမည်အပြုတွင် သူတို့ ကျောခိုင်း ထွက်ခွာလာခဲ့သည့် အရှေ့တံခါးဆီမှ အချက်ပေးမောင်းသံကြောင့် နောက်ပြန် လှည့်ကြည့်သည်။

"ဒါ အရှေ့တံခါးက အချက်ပေးသံပဲ"

"ဟုတ်ပါတယ် အရှင်မင်းသား"

"ငါတို့ အဲဒီကို ပြန်သွားကြရအောင်"



နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့သည် ရောက်နေရာမှနေ၍ နောက်ပြန်လှည့်ပြေးသည်။ စောစောက သူတို့ စစ်ဆေးခဲ့သည့် မြို့တံခါးအနီးသို့ အရောက်တွင် ရှေ့ကိုထွက်ပြီး ကြိုနေသည့် တံခါးမှူးအား တွေ့ရ၏။

"ဘာဖြစ်တာလဲ… ဟေ့"

"ပြည်က အထောက်တော်တစ်ယောက် ရောက်လာပါတယ် အရှင့်သား၊ အရှင့်ကို အရေးတကြီး လျှောက်ထားစရာ ရှိတယ်လို့ ပြောနေပါတယ်"

နတ်ရှင်နောင်က နေမျိုးသီရိအား ဖျတ်ခနဲ လှမ်းကြည့်သည်။ နေမျိုးသီရိက ခေါင်းကို မသိမသာ ညိတ်ပြရင်း-

"ကျွန်တော်မျိုး စစ်ဆေးကြည့်လိုက်ပါမယ်၊ တံခါးမှူး… အဲဒီလူ ဘယ်မှာလဲ"

"မြို့ပြင်မှာပါ၊ သူ့ကို မြို့ထဲ ဝင်ခွင့်မပေးသေးပါဘူး"

"ငါ့ကို မလွယ်ပေါက်တံခါး ဖွင့်ပေး၊ ဒီပတ်ဝန်းကျင်မှာလည်း ထိန်သွားအောင်၊ မီးတုတ်တွေလည်း ထွန်းညှိလိုက်"

"မြို့ရိုးပေါ်ကနေ အရင်မေးမြန်း စစ်ဆေးကြည့်ပါဦး ဗိုလ်မင်း"

"မလိုဘူး၊ မလွယ်ပေါက်တံခါးကနေ ငါတစ်ယောက်တည်း ထွက်ပြီး စစ်ဆေးမယ်၊ မင်း လုပ်စရာရှိတာ မြန်မြန်လုပ်"

တံခါးမှူးက တံခါးစောင့်ရဲမက်တို့အား မီးတုတ်များ ထွန်းညှိရန် အမိန့်ပေးသည်။ ထို့နောက် မလွယ်ပေါက်တံခါးကို ဖွင့်ကာ တံခါးအနီးတွင် ဓားကိုင်ပြီး ရပ်သည်။ နေမျိုးသီရိက တံခါးအပြင်သို့ ထွက်လိုက်၏။

"ဟေ့… ဘယ်သူလဲ၊ နာမည်ပြောစမ်း၊ ပြည်က ခေင်လား"

"နာမည် မရှိပါဘူး"

"ငါ… နေမျိုးသီရိစား"

"ဗိုလ်မင်း… ကျွန်တော် ခေင်ပါ၊ အရေးတကြီးကိစ္စနဲ့ ပြည်ကနေ လာခဲ့တာ၊ ပြည်ဘုရင် မင်းကြီးနောင်းရဲ့ တပ်တွေ ကေတုမတီကို ချီလာနေပါပြီ၊ ကေတုမတီမှာ ဘုရင်မင်းမြတ် မရှိဘူး၊ ဟံသာဝတီကို စစ်ကူသွားနေတယ် ဆိုတာ သိလို့ ကေတုမတီကို သိမ်းပိုက်ဖို့ လာနေပါပြီ"

# ညတိုက်ပွဲ

ဆင်သံ၊ မြင်းသံ၊ တံပိုးခရာသံ၊ စစ်မောင်းသံ၊ အော်ဟစ် အမိန့်ပေးသံ စသည့် စစ်ပွဲတစ်ပွဲ၏ အသံဗလံတွေ ညံစီနေသည်။

ကေတုမတီမြို့ရိုး၏ အပြင်ဘက်မှ အသံဗလံတို့သည် မြို့တွင်းသို့တိုင် တိုးဝင်ရိုက်ခတ်နေ၏။ နတ်ရှင်နောင်က သူရဲခိုပေါ်သို့ တက်ရင်း မြို့တွင်းသို့ လှမ်းကြည့်သည်။

မြို့တွင်း၌ ကေတုမတီ၏ စစ်သည်ရဲမက်တို့ တိုက်ပွဲဝင်ရန် အသင့် ရှိနေကြပြီ။ မြို့ရိုးတံတိုင်းပေါ်၊ သူရဲပြေး၊ သူရဲလျှောက်တို့တွင်လည်း လက်နက် အပြည့်အစုံနှင့် စစ်သည်ရဲမက်များ အသင့်ရှိနေကြပြီ။

မြို့ရိုးတံတိုင်း အပြင်ဘက်တွင် ရန်သူရဲမက်များဖြင့် ပြည့်နေ၏။ အပြာရောင်ဝတ်စုံ ဝတ်ထားသော ထိုသူတို့မှာ ပြည်ဘုရင်၏ တပ်သားများ ဖြစ်သည်။ အခွင့်အရေးရခိုက်တွင် ကေတုမတီကို စိစိညက်ညက် ချေရအောင် လာကြသူများ ဖြစ်သည်။



နတ်ရှင်နောင်သည် စစ်မောင်းသံ ပေးရင်း ဆင်တွေ၊ မြင်းတွေ အထွေထွေ နှင့် ရှိနေသော ပြည်ဘုရင်၏ စစ်သည်ရဲမက်များကို ကြည့်ရင်း အံကြိတ်လိုက် သည်။ ခါးတွင် ချိတ်ထားသည့် ဓား၏အရိုးကို တင်းတင်းဆုပ်ကိုင်လိုက် သည်။

"တောင်ငူဘုရင်နဲ့ တောင်ငူတပ် ဟံသာဝတီကို စစ်သွားကူနေတယ်၊ အယုဒ္ဓယက ချီလာတဲ့ ဖြနရာဇ်ရဲ့ တပ်ကို ဟံသာဝတီနဲ့အတူ တိုက်ခိုက်နေ တယ် ဆိုတဲ့ သတင်းကြားပြီး မင်းကြီးနှောင်းက ကေတုမတီကို လာတိုက်တာ၊ ဒါ ငါတို့ကို အထင်သေးတာ၊ ငါတို့ကို စော်ကားတာပဲ"

"ဟုတ်ပါတယ် အရှင်မင်းသား၊ အခုအချိန်မှာ ကေတုမတီရဲ့ အစွမ်းကို ပြသဖို့ အခွင့်အရေး ရတယ်လို့ လက်ခံထားရင် ပိုကောင်းပါလိမ့်မယ်၊ မင်းကြီး နှောင်းက ကေတုမတီဟာ စစ်ကို ကြိုနေမယ်၊ စစ်ပွဲအတွက် အသင့်ပြင်ပြီးသား ဖြစ်မယ်ကို ထင်ပုံမရပါဘူး"

"ဒီစစ်ပွဲက မင်းကြီးနှောင်းကို သင်ခန်းစာပေးပါလိမ့်မယ်၊ မြို့ရိုး ပေါ်မှာ ဆင်ထားတဲ့ အမြောက်တွေ ပစ်ခတ်ဖို့ အသင့်ပဲလား နေမျိုးသီရိ"

"အသင့်ပါ အရှင်မင်းသား၊ စိန်ပြောင်းတွေ… တစ်လုံးထိုး သေနတ် သမားတွေ အသင့်ရှိနေသလို၊ လေးသည်တော်တွေနဲ့ ဓားကိုင် လှံကိုင် ရဲမက်တွေ လည်း အသင့်ပါပဲ၊ ဆင်တပ်၊ မြင်းတပ်တွေလည်း မြို့တံခါးဖွင့်တာနဲ့ ထွက်တိုက် ဖို့ အဆင်သင့် ဖြစ်နေကြပါပြီ"

နတ်ရှင်နောင်က ကျေနပ်အားရဟန်နှင့် ခေါင်းတဆတ်ဆတ် ညိတ် သည်။ ထို့နောက် မြို့အပြင်ဘက်၌ လှုပ်လှုပ်ရှုရှု ဖြစ်နေကြသော ရန်သူ့တပ်ဆီသို့ လှမ်းကြည့်သည်။

"မင်းကြီးနှောင်းက ငါတို့ကို ပေါ့ပေါ့ဆဆ သဘောထားပုံရတယ်၊ သူ့ဘက်က အင်အားပြလိုက်တာနဲ့ ကေတုမတီသားတွေ ကြောက်လန့်သွားမယ် လို့ ထင်နေပုံရတယ်"

နတ်ရှင်နောင်က ပြုံးရိပ်ထင်နေသော မျက်နှာနှင့် ပြောသည်။ ထိုစကား အဆုံးမှာပင် သူရဲခိုပေါ်သို့ ပြေးတက်လာသည့် အကြပ်တစ်ဦးကို တွေ့လိုက်ရ၏။

"ဟိုမှာ ပြေးလာတာ မြင်းတပ်က အကြပ် မဟုတ်လား"

“ဟုတ်ပါတယ် အရှင်မင်းသား၊ တစ်ခုခု လျှောက်တင်စရာရှိလို့ ပြေးလာတယ်လို့ ထင်ပါတယ်”

ပြေးလာသည့် အကြပ်က နတ်ရှင်နောင်ရှေ့သို့ အရောက်တွင် တုံ့ခနဲ ရပ်သည်။ သူက အရိုအသေပြုရင်း နတ်ရှင်နောင်အား ပေထက် အက္ခရာတင်ထားသည့် စာတစ်စောင်ကို ပေးသည်။

“ပြည်ဘုရင်ရဲ့ ဆက်သားတစ်ယောက်က လာပေးသွားတာပါဘုရား”

နေမျိုးသီရိက စာကို ယူပြီး နတ်ရှင်နောင်အား ဆက်သသည်။ နတ်ရှင်နောင်က သူ့လက်ထဲသို့ ရောက်လာသည့်စာကို ဖတ်ရှုလိုက်၏။

*ညီတော် မဟာဓမ္မရာဇာ…*

*အခုအချိန်မှာ ခမည်းတော် ဘုရင်မင်းမြတ် မရှိခိုက်မို့ ညီတော်ဟာ ကေတုမတီကို တာဝန်ခံ အုပ်ချုပ်နေရတယ်ဆိုတာ နောင်တော် သိပါတယ်၊ ညီတော်ဟာ တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ခဲ့တဲ့ စစ်သူကြီးတစ်ယောက်မို့ အခြေအနေအရပ်ရပ်ကို သဘောပေါက်နားလည်ပြီးသား ဖြစ်ပါလိမ့်မယ်၊ နောင်တော်က စစ်သည်ရဲမက်တွေရဲ့ အသက်ကို နှမြောပါတယ်၊ မြို့ရွာမှာ နေတဲ့ ရဟန်း ရှင်လူတွေ ဒုက္ခရောက်မှာကိုလည်း မလိုလားပါဘူး၊ ပြီးတော့ ညီတော်နဲ့လည်း စစ်မက် ဖက်ပြိုင် မပြုလိုပါဘူး၊ ဒါကြောင့် ညီတော်က နောင်တော့်လက်အောက်ကို အသာတကြည် ခိုဝင်မယ်ဆိုရင် စစ်နဲ့ဝေးပါလိမ့်မယ်၊ ညီတော်နဲ့တကွ ကေတုမတီသားတွေ အသက်ချမ်းသာခွင့် ရပါလိမ့်မယ်၊ နောင်တော်ရဲ့ စာကို ရတာနဲ့ ညီတော့်သဘောထား ဘယ်လိုဆိုတာ အကြောင်းပြန်ပါ။*

*သတိုးဓမ္မရာဇာ*
*ပြည်ဘုရင်မင်းကြီးနောင်း*

စာကို ဖတ်အပြီးတွင် နတ်ရှင်နောင်က အားရပါးရ ပြုံးသည်။

“သူ့လက်အောက်ကို အသာတကြည် ဝင်ရင် အသက်ချမ်းသာခွင့်ရမယ်၊ မြို့ ရွာလည်း မနာဘဲ ရှိမယ်တဲ့ နေမျိုးသီရိ၊ မင်းကြီးနောင်းရဲ့ ရဲမက်တွေ အမြောက်တစ်ကမ်းအကွာကို ရောက်ရင် စ,တိုက်ပေတော့”



“မှန်လှပါ၊ အမိန့်တော်အတိုင်းပါ အရှင်မင်းသား”

နေမျိုးသီရိ နေရာမှ ခွာပြီး အမြောက်များ ဆင်ထားရာသို့ ထွက်သွားသည်။ နတ်ရှင်နောင်က စာလာပို့သည့် အကြပ်ဘက်သို့ လှည့်လိုက်၏။

“မောင်မင်း တာဝန်ကျရာကို ပြန်ပေတော့၊ မြို့တံခါး ဖွင့်တာနဲ့ မြင်းတပ်ထွက်၊ ဆင်တပ်ထွက်၊ ရန်သူတွေကို အပြတ်အသား တိုက်ခိုက်ရမှာမို့ အသင့်ရှိနေပါ”

“မှန်လှပါ… အမိန့်တော်အတိုင်းပါ အရှင်မင်းသား”

အကြပ်က နတ်ရှင်နောင်အား ဂါရဝပြုရင်း အနားမှ ခွာထွက်သည်။ ထိုအချိန်မှာပင် မြို့ရိုးထိပ်၌ ဆင်ထားသည့် အမြောက်က ရှူးခနဲ မြည်ကာ ပေါက်ကွဲသည်။ အမြောက်ဆန်က ကေတုမတီမြို့ပြင်ရှိ ပြည်တပ်ဆီသို့ ပြေးထွက်သည်။

ကေတုမတီ မြို့ရိုးထိပ်မှ ရုတ်တရက် ပစ်လွှတ်သည့် အမြောက်ကျည်ဆန်ကြောင့် မြို့ပြင်တွင် ဆင်ရေး၊ မြင်းရေးပြနေသော ပြည်တပ် ဖရိုဖရဲဖြစ်သည်။ ဆင်တွေ၊ မြင်းတွေ အစည်းပြေပြီး ဝရုန်းသုန်းကားနှင့် ပြေးသည်။

အမြောက်သံတစ်ချက်၏ နောက်တွင် ထပ်ပြီးပစ်လွှတ်သည့် အမြောက်သံတွေ ဆင့်ကဲဆင့်ကဲ ပေါ်လာသည်။

ပြည်တပ်သည် ကေတုမတီမြို့ထိပ်က အဆက်မပြတ် ပစ်လွှတ်နေသော အမြောက်ကျည်များကြောင့် ဖရိုဖရဲ ဖြစ်လျက် နောက်ကို ဆုတ်သည်။ ဆုတ်ရင်းနှင့် သူတို့တွင် ပါလာသော အမြောက်စိန်ပြောင်းတို့ဖြင့် ပြန်လည်ပစ်ခတ်သည်။ အမြောက်ဆံ အချို့ မြို့ရိုးနှင့် မနီးမဝေးမှာ ကျသည်။

မြို့ရိုးပေါ်မှ ကေတုမတီသားတို့၏ ကြွေးသံပေး အော်ဟစ်သံ တစ်ခဲနက် ပေါ်လာသည်။ ပြည်သားတို့သည် ကျုံးမြောင်းထူပြီး ဆင်ခလုတ်၊ မြင်းခလုတ်များ ဆင်ထားသော မြို့အနီးသို့ မကပ်နိုင်၊ အမြောက်မမီနိုင်သည့် နေရာသို့တိုင် ဆုတ်သည်။

နတ်ရှင်နောင်သည် သူရဲခိုပေါ်မှနေ၍ မြို့ရိုးထိပ်တွင် ဆင်ထားသည့် အမြောက်များ ရှိရာသို့ လျှောက်လာသည်။ ရန်သူတို့၏ အခြေအနေကို ကြည့်နေသော နေမျိုးသီရိက နတ်ရှင်နောင် နောက်မှ လိုက်ပါလာခဲ့၏။

“သူတို့ ဘယ်လောက်ပဲ အင်အားကောင်းကောင်း၊ အမြောက်တစ်ကမ်း အကွာထိတော့ ကပ်မလာရဲဘူး၊ မင်းကြီးနောင်းက ငါ့အမြောက်နဲ့ ပစ်ပြီး

အကြောင်းပြန်လိုက်တာကြောင့် ဒေါသဖြစ်နေမှာ အသေအချာပဲ၊ မြို့အနား မကပ်နိုင်တဲ့အတွက် သူက မြို့ကို ဝိုင်းထားလိမ့်မယ်'

နတ်ရှင်နောင် ခန့်မှန်းသည့်အတိုင်းပင် ပြည်တပ်သည် ရှေ့သို့ တိုးလာခြင်း မပြုတော့ဘဲ မြို့ပြင်မှနေ၍ ဝိုင်းထားသည်။ နေ့မှ ည… ။ ညမှ နောက်တစ်နေ့သို့ ကူးသည်ထိ အဝေးမှသာ ရံပြီး စောင့်ကြည့်နေသဖြင့် မြို့တွင်း၌ ရိက္ခာပြတ်လပ်သည်ထိ ရှေ့မတိုးဘဲနေမည့် လက္ခဏာရှိသည်။

"သူတို့ မြို့အနားကို မကပ်ရဲဘူးဆိုတော့ ငါတို့ မြို့ပြင်ထွက်ရမှာပေါ့၊ လက်ရွေးစင်တပ်ကို အသင့်ပြင်ပါ နေမျိုးသီရိ၊ ငါကိုယ်တိုင် တပ်ကို ဦးစီးပြီး မြို့ပြင်ထွက်တိုက်မယ်"

"ဒီအချိန်မှာ အရှင့်သားကိုယ်တိုင် ထွက်တိုက်ဖို့ မလိုသေးပါဘူး၊ ကျွန်တော်မျိုးနဲ့ နန္ဒကျော်ထင် တပ်ကို ဦးစီးပြီး မြို့ပြင်ထွက်တိုက်ပါ့မယ် အရှင်မင်းသား၊ မြို့ကို စောင့်ကြပ်ပြီးတော့ဘဲ နေပါ"

"ဘာဖြစ်လို့လဲ… မောင်မင်းတို့က ငါ့ကို စိတ်မချလို့ အခုလို ပြောနေတာလား"

"စိတ်မချတာ မဟုတ်ပါဘူး အရှင်၊ စိုးရိမ်တာပါ၊ အရှင့်အတွက် တင်မကဘူး၊ ကေတုမတီအတွက်… ပြည်သူတွေအတွက် စိုးရိမ်လို့ပါ။ အရှင် ရှိနေမှ ကေတုမတီကို ထိန်းသိမ်းနိုင်မှာ၊ အရှင့်သား တစ်ခုခုဖြစ်ရင် ကေတုမတီရဲ့ နောင်ရေးက မအေးနိုင်ပါဘူး"

"မောင်မင်းတို့က ငါ့ကို အကြောင်းအမျိုးမျိုးပြပြီး တားဆီးနေကြတယ်ပေါ့… ဟုတ်လား၊ ဒါလောက်တောင် ငါ့ကို ဘေးဖယ်ထားချင်တယ်ဆိုလည်း ငါ ဖယ်နေမယ်၊ ဒီည မင်းတို့ အပြင်ထွက်ပြီး ပြည်တပ်ကိုတိုက်ကြ၊ ကဲ… ကျေနပ်ပြီလား"

နတ်ရှင်နောင်၏ စကားတွင် မကျေနပ်ဟန်တွေ သိသိသာသာ ပါနေသည်။ နေမျိုးသီရိမှာ နတ်ရှင်နောင်နှင့် ငယ်စဉ်ကတည်းက ရင်းနှီးခင်မင်လာသူ ဖြစ်၍ အတွင်းသိ အစင်းသိပီပီ စိတ်ပြေနိုင်မည့် စကားကို ပြောနိုင်ရန် စဉ်းစားရှာကြသည်။

"အခုတိုက်ပွဲက အရှင်မင်းသားကိုယ်တိုင် ဦးစီးပြီး တိုက်ရမယ့်ပွဲပါ၊ အဲသလို တိုက်မယ်ဆိုရင် အောင်မြင်ဖို့ပဲ ရှိပါတယ်၊ ဒါပေမဲ့ တကယ်လို့များ ခြေချော်လက်ချော် ရှိခဲ့ရင် အရှင်မင်းသား ရင်ဆိုင်ဖြေရှင်းရမယ့် ပြဿနာကြီး၊



အရှင်မင်းသား ဆက်ပြီး လုပ်ကိုင်ရမယ့် လုပ်ငန်းတွေ အားလုံး ပျက်စီးသွားပါလိမ့်မယ်၊ တကယ်တော့ အခုတိုက်ပွဲက ကျွန်တော်မျိုးတို့အတွက် ဝန်လေးပင်ပန်းလောက်စရာပေမယ့် အရှင်မင်းသားအတွက်တော့ လွယ်ကူတဲ့ ကိစ္စလေးပါ"

"နေမျိုးသီရိ… မောင်မင်း ငါ့ကို မြှောက်ပင့်လွန်းနေပြီ"

"မှန်လှပါ… မြှောက်ပင့်တာ မဟုတ်ပါဘူး အရှင်မင်းသား၊ ပညာရှိ သတိဖြစ်ခဲ ဆိုသလို ဖြစ်မှာစိုးလို့ ပြောနေတာပါ"

နေမျိုးသီရိ၏ စကားအဆုံးတွင် နတ်ရှင်နောင် ပြုံးသည်။ ထို့နောက် သူက နေမျိုးသီရိ၏ ပခုံးကို လက်ဖြင့် အသာပုတ်လိုက်၏။

"မင်းတို့ ရန်သူကို ထွက်တိုက်မယ် ဆုံးဖြတ်တာကို ငါ ကျေနပ်တယ်၊ အချိန်သင့်တာနဲ့ ထွက်ကြ၊ ငါ သူရဲခိုပေါ်မှာ ရှိနေမယ်"

နေမျိုးသီရိက နတ်ရှင်နောင်အား နန်းတွင်းသို့ ပြန်နေစေချင်သော်လည်း စကားမစရဲ။ ညတိုက်ပွဲသို့ ကိုယ်တိုင် ထွက်မလိုက်ခြင်းကပဲ တော်လှပြီဟု တွေးကာ နှုတ်ပိတ်နေလိုက်၏။

နတ်ရှင်နောင်က လက်ရွေးစင်တပ်သားများ ညတိုက်ပွဲ ဆင်နွှဲရန် မြို့ပြင်ထွက်မည့်အချိန်တွင် ရဲမက်တစ်ယောက်ကို ခေါ်ပြီး သူရဲခိုပေါ်သို့ တက်သည်။ သူရဲခိုပေါ်သို့ အရောက်တွင် သူ့အား စောင့်နေသော ပေါ်တူဂီ အမြောက်တပ်ဗိုလ်အား တွေ့ရသည်။

အမြောက်တပ်ဗိုလ်မှာ ဟံသာဝတီသို့ ရောက်စဉ်က နတ်ရှင်နောင် တွေ့ခဲ့၊ သိခဲ့သော ပေါ်တူဂီ ခေါ်လာပေးသူ ဖြစ်သည်။ သူက တိုင်းတစ်ပါးသား ဖြစ်သော်လည်း အမှုတော်ကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်တတ်သူ၊ ပါးနပ်ထက်မြက်သူ ဖြစ်၍ နတ်ရှင်နောင်က ယုံကြည်စိတ်ချခြင်း ခံရသည်။

"ဘာများ လျှောက်တင်စရာ ရှိလို့လဲ ဗိုလ်မင်း"

"အရှင်က လက်ရွေးစင်တပ်သားတွေကို မြို့ပြင်ထွက်ပြီး ညတိုက်ပွဲ ဆင်နွှဲဖို့ တာဝန်ပေးတယ်လို့ ကြားရတယ်၊ လက်ရွေးစင်ရဲမက်တွေ တိုက်ခိုက်ပြီး ပြန်လာတဲ့အခါ ကျွန်တော် ရန်သူ့တပ်ထဲကို အမြောက်နဲ့ လှမ်းပစ်ချင်ပါတယ်"

"ရန်သူက အမြောက်တစ်ကမ်းအကွာထိအောင် ထွက်လာပါ့မလား"

"သူတို့ ထွက်လာမယ်လို့ ကျွန်တော် ထင်ပါတယ်"

"ဒါဆိုရင်လည်း လုပ်ကြည့်ပေါ့၊ စစ်မြေပြင်ဆိုတာ ညာတာထောက်ထားမှု မရှိတဲ့ လူသတ်ကွင်းပဲ၊ ငါတို့ လူထပ်သတ်လိုက်ကြတာပေါ့"

ပေါ်တူဂီ အမြောက်တပ်ဗိုလ်က နတ်ရှင်နောင်အား အရိုအသေပေးပြီး ထွက်သွားသည်။ ထိုအချိန်မှာပင် ညငှက်တစ်ကောင်၏ စူးစူးရှရှနိုင်သော အော်သံကို ကြားရသည်။ ထိုအသံကြောင့် ညတိုက်ပွဲစပြီဟု နတ်ရှင်နောင် သိလိုက်လေ၏။

❑

# အလွမ်းစာ

ညတိုက်ပွဲအပြီးတွင် ကေတုမတီကို လာဝိုင်းထားသည့် ရန်သူ့တပ် ပျောက်ချင်းမလှ ပျောက်သွား၏။ တပ်ကြီးတစ်တပ် တိတ်ဆိတ်စွာနှင့် ပြောင်းရွှေ့သွားခြင်း အတွက် နတ်ရှင်နောင် အံ့အားတသင့် ဖြစ်ရသည်။

"သူတို့က ညတိုက်ပွဲမှာ အထိနာလို့ ဆုတ်ခွာသွားတာလား၊ မင်းကြီးနှောင်းက ဒီလောက် သွေးနည်းမယ် မထင်ပါဘူး"

ရန်သူ့တပ်တွေ ဆုတ်ခွာသွားပြီ ဆိုသည့် သတင်းက တစ်မြို့လုံးသို့ ချက်ချင်း ပျံ့နှံ့သွားသည်။ တိုက်ပွဲကို ကြောက်လန့်ပြီး နေအိမ်အတွင်း၌ ပုန်းအောင်းနေသူများ မြို့ပြင်သို့ ထွက်လာကြသည်။

ရန်သူတပ်များ ဆုတ်ခွာသွားပြီး နောက်တစ်နေ့တွင် ဟံသာဝတီသို့ စစ်ကူသွားနေသည့် ဘုရင်ကိုယ်တိုင် ဦးစီးသော ကေတုမတီတပ် ပြန်လာနေပြီ ဆိုသည့် သတင်းကို ကြားရသည်။ ထိုသတင်းက ရန်သူများ ဆုတ်ခွာသွားခြင်းနှင့် ပတ်သက်ပြီး နားမလည်နိုင် ဖြစ်နေသော နတ်ရှင်နောင်တို့အား အဖြေပေးလိုက်သကဲ့သို့ ရှိသည်။

"ကေတုမတီတပ်တွေ ပြန်လာနေပြီဆိုတဲ့ သတင်းကို ငါတို့ထက် အရင် ပြည်တပ်က သိလို့ ဆုတ်ခွာသွားတာပဲ၊ အခုလို ဆုတ်ခွာသွားတာက လည်း ကောင်းပါတယ်၊ ပြည်သူတွေ စစ်ဘေးစစ်ဒဏ် မခံရတော့ဘူးပေါ့"

ဝန်ကြီးများ၊ တပ်မင်းများတို့၏ ဝေဖန်ပြောဆိုသံကို နတ်ရှင်နောင် ကြားသည်။ ထို့အတွက် သူ စိတ်ချမ်းသာရ၏။ ကေတုမတီ၏ အင်အားကို ပြည်ဘုရင်က လေးစားခန့်ညားနေရပါလားဟု တွေးရင်း ကျေကျေနပ်နပ် ရှိရသည်။

ပြည်ဘုရင်၏တပ် ဆုတ်ခွာသွားပြီး နောက်နှစ်ရက်အကြာတွင် ကေတုမတီပြည့်ရှင် မင်းရဲသီဟသူ ဦးစီးသော တပ်ကြီး ဟံသာဝတီမှ ပြန်ရောက် လာသည်။ ကေတုမတီ မြို့သူမြို့သားများသည် တပ်တော်ကြီးကို ဝမ်းပန်းတသာ နှင့် ကြိုဆိုကြသည်။

နတ်ရှင်နောင်သည် ခရီးရောက်မဆိုက်မှာပင် ခမည်းတော် မင်းရဲသီဟသူ ရှေ့တော်သို့ ဝင်၍ ပြည်ဘုရင် မင်းကြီးနောင်းက လာရောက်ထိပါးပုံကို တင်ပြလျှောက်ထားသည်။ မင်းရဲသီဟသူက သားတော်ကြီး နတ်ရှင်နောင်၏ လျှောက်တင်စကားကို ဂရုတစိုက် နားထောင်သည်။ ထို့နောက်တွင် အားရ ကျေနပ်သော အမူအရာနှင့် ပြုံးသည်။

"သားတော်ရဲ့ စွမ်းဆောင်မှုက ကျေနပ်အားရစရာ ကောင်းပါတယ်၊ ပြည်ဘုရင်ကို အညှံ့မခံ အရှုံးမပေးဘဲ တိုက်ခိုက်ခဲ့တာ··· အင်နဲ့အားနဲ့ ချီလာတဲ့ ပြည်တပ်ကို မြို့အနားတောင် ချဉ်းကပ်ခွင့်မပြုခဲ့တာဟာ ကေတုမတီရဲ့ ဂုဏ်ကို တင်လိုက်တာပဲ၊ သားတော်ဟာ မျက်နှာလွှဲလောက်သူလို့ ခမည်းတော် ယုံကြည် စိတ်ချမိတယ်၊ လွှတ်တက်မင်းသားအဖြစ်နဲ့ လွှတ်တော်တာဝန်··· စစ်ရေး ခေါင်းဆောင်အနေနဲ့ စစ်သေနာပတိတာဝန်တွေကို ထမ်းဆောင်ရင်း အရေးပေါ် ကိစ္စတွေ ရှိလာရင် ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လုပ်ကိုင်ပါ"

ဗိုလ်မှူး၊ တပ်မှူးများ၊ ဗိုလ်အကြပ်၊ တပ်သားများ၊ အမှုထမ်း အရာထမ်း များက ချစ်ခင်လေးစားစိတ်ဖြင့် သေနာပတိဟု ခေါ်ခဲ့သည်တို့ကို သတိရပြီး နတ်ရှင်နောင် ပြုံးသည်။ မိမိသည် သေနာပတိတာဝန်၊ မင်းသားကြီးတစ်ပါး၏ တာဝန်၊ အိမ်ရှေ့မင်း၏ တာဝန်တို့ကို ထမ်းဆောင်နေရသော်လည်း သေနာပတိ အဖြစ်သို့ မရောက်သေး။ အိမ်ရှေ့မင်းအဖြစ်သို့ ရောက်ရန်မှာ သာ၍ဝေးသေး



သည်။ သို့သော် ခမည်းတော် ဘုရင်မင်းမြတ်က ထိုတာဝန်များကို ထမ်းဆောင် ရန် နှုတ်မိန့်ပေးသည့်အတွက် ကျေနပ်မိလေသည်။

နတ်ရှင်နောင်သည် ခမည်းတော်၏ ရှေ့မှ ထွက်ခဲ့ပြီးနောက် မယ်တော့် ထံသို့ ဝင်သည်။ သားကို တွေ့လျှင် ရင်ခွင်ပိုက် ကလေးတစ်ယောက်ပမာ ဆက်ဆံလေ့ရှိသော မယ်တော်၏ အပြုံးရိပ်တွင် ကြည်နူးချမ်းမြေ့စွာ နားနေပြီးမှ မိမိ၏ အဆောင်သို့ ပြန်သည်။

နတ်ရှင်နောင်၏ အဆောင်မှာ လွန်စွာ အေးချမ်းတိတ်ဆိတ်နေ၏။ သူ့အပါးတွင် ပြုစုစောင့်ရှောက်ရန် ခစားနေသော အခြွေအရံများ ရှိသည်။ ထိုအခြွေအရံများသည် ပြုစုလုပ်ကိုင်ပေးစရာ ရှိမှသာ နတ်ရှင်နောင်အပါးကို လာပြီး ကျန်အချိန်များတွင် ခပ်ဝေးဝေးကသာ နေသည်။

နတ်ရှင်နောင်သည် အားလပ်ချိန်၌ စက်ရာခန်းဆောင်တွင် တစ်ယောက် တည်း နေသည့်အခါ နေ၊ အပြင်ဘက် ပန်းဥယျာဉ်တွင် ထိုင်သည့်အခါ ထိုင် သည်။ ထိုအခါများ၌ သူသည် တေးဂီတတွင် လည်းကောင်း၊ ရတုကဗျာများ ရေးဖွဲ့ရာတွင် လည်းကောင်း အာရုံဝင်စားနေလျက် ရှိနေတတ်၏။

ဟံသာဝတီမှ ကေတုမတီတပ် ပြန်ရောက်လာရာတွင် ဟံသာဝတီ ထိပ်ထား၏ သဝဏ်လွှာများ ပါလာလေမည်လားဟု နတ်ရှင်နောင် မျှော်လင့် မိ၏။ ယခုအချိန်အထိ စာလည်းမရ၊ သတင်းစကားလည်း မကြားရသဖြင့် သူ့ရင်မှာ ဟင်းလင်းပြင်တစ်ခုလို ဖြစ်နေ၏။ သူက ဥယျာဉ်အတွင်းတွင် ထိုင်ရင်း ရောင်စုံပန်းများ ဝေအောင် ပွင့်နေသော ပန်းတောဆီသို့ ငေးသည်။ ကြည်လင်ပြာလဲ့သော ကောင်းကင်နှင့် ထိုကောင်းကင်အမြင့်တွင် ပျံဝဲနေသော အမျိုးအမည်မသိ ငှက်တို့ကို ငေးသည်။ ဟံသာဝတီ နေပြည်တော် ရှိရာဘက်သို့ လှည့်ပြီး မျက်စိရှေ့တွင် တွေ့နေ မြင်နေရသော တောင်ပြာပြာ၊ တောင်မှိုင်းမှိုင်း တို့ကို ငေးသည်။

"ကေတုမတီတပ် ဟံသာဝတီကို စစ်ကူပေးဖို့ ချီသွားချိန်မှာ အစ်မတော် အတွက် ငါ ရတုကဗျာတွေ ပေးပို့ဆက်သခဲ့ပါတယ်၊ အခု တပ်တွေ ပြန်လာ တော့ အစ်မတော်ဆီက စာလေးတစ်စောင်တောင် မပါဘူး၊ ငါ မျှော်နေမှာကို အစ်မတော် မေ့များ မေ့နေပြီလား"

နတ်ရှင်နောင်သည် လွမ်းဆွတ်သည့် ဝေဒနာကို တစိမ့်စိမ့် ခံစားနေရရင်း နှုတ်မှ တီးတိုးရေရွတ်သည်။ ထိုသို့ ရေရွတ်ပြောဆိုနေသံကို အနားသို့ ရောက်

လာသည့် နေမျိုးသီရိက ကြားသွား၏။ သူက အသာအယာပြုံးပြီး နတ်ရှင်နောင် အနီးတွင် ရပ်လိုက်သည်။

"အရှင်မင်းသား…"

"သြော်… နေမျိုးသီရိ၊ ခမည်းတော်တို့ ဟံသာဝတီက ပြန်ရောက်နေကြချိန်မှာ မင်းက ဘယ်ပျောက်နေတာလဲ၊ စောစောက ခမည်းတော်ဆီ အခစားဝင်တော့ မင်းကို ကြည့်သေးတယ်"

"ကျွန်တော်က အရေးပေါ်ကိစ္စနဲ့ ဟံသာဝတီပြန်တွေဆီ သွားနေတာ"

"အရေးပေါ်ကိစ္စ… ဟုတ်လား၊ ဘာအရေးပေါ်ကိစ္စလဲ… ပြောပါဦး၊ မင်း ဘယ်သူ့ကိုများ တွေ့တာလဲ"

"ဟံသာဝတီကို ပါသွားတဲ့ အထောက်တော်ဆီကို သွားတာပါ၊ သူ့ဆီမှာ အရှင့်အတွက် သတင်းကောင်းတွေ ပါလာမယ်ထင်လို့ သွားတွေ့တာပါ"

"အဲဒါက အရေးပေါ်ကိစ္စလား"

နေမျိုးသီရိက အသာအယာပြုံးပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် အရှင်မင်းသား… ဟံသာဝတီထိပ်ထားဆီက သတင်းစကား… ဒါမှမဟုတ် စာသဝဏ်ဟာ အရှင့်အတွက် အားဆေးဖြစ်မှန်း သိလို့ အရေးပေါ်ကိစ္စလို့ ပြောတာပေါ့၊ အရှင်မင်းသားက အားပြတ်လုလု ဖြစ်နေတယ် မဟုတ်လား"

နေမျိုးသီရိ၏ ပြောဆိုပုံကြောင့် နတ်ရှင်နောင်၏ မျက်နှာ ပြုံးယောင် သန်းသွား၏။

"အခု ကျွန်တော်… အရှင်မင်းသားအတွက် ဟံသာဝတီထိပ်ထားရဲ့ သဝဏ်လွှာ ယူလာခဲ့ပါတယ်"

"ဟင်… တကယ်လား"

နေမျိုးသီရိက နှုတ်မှမဖြေ။ သူ့လက်ထဲမှ စာလွှာကို နတ်ရှင်နောင်အား ပေးအပ်သည်။ နတ်ရှင်နောင်က စာကို ချက်ချင်း ဖတ်သည်။

ရာဇဓာတုကလျာက နတ်ရှင်နောင်အား ကျန်းမာစေရန် ဆုတောင်းကြောင်း၊ တစ်နေ့မှ မမေ့ဘဲ သတိရနေကြောင်း ပေးပို့လာသည်။ ရတုကြောင့် ပို၍လွမ်းဆွတ်မိကြောင်း၊ စစ်ပွဲများကို အတတ်နိုင်ဆုံး ရှောင်စေလိုကြောင်း စသည်ဖြင့် စာတွင် ရေးသားထားသည်။ နတ်ရှင်နောင်မှာ သာမန်စာတစ်စောင် ထက်ပိုပြီး မထူးခြားသော စာကို ဖတ်ရင်း စိတ်တွင် ကြည်နူးချမ်းမြေ့နေလေ၏။

□

# သပွတ်အူ

"ပြည်ဘုရင်က ဟံသာဝတီကို ပုန်ကန်တယ်တဲ့"

"သားက အဖေကို ထောင်ထားခြားနားတာ၊ အရပ်ရပ် နေပြည်တော် ကြားလို့ မတော်ပါဘူး"

"သတိုးဓမ္မရာဇာ ဆိုတဲ့ ပြည်ဘုရင် မင်းကြီးနောင်က ခမည်းတော် ဟံသာဝတီဘုရင်ကို ပုန်ကန်ခြားနားတာ အကြောင်းရှိတယ်၊ အဲဒီအကြောင်းက အိမ်ရှေ့မင်း မရှိတော့ချိန်မှာ အင်းဝစား မင်းရဲ့ကျော်စွာကို အိမ်ရှေ့အရာ ပေးလိုက်လို့ပဲ"

"မင်းရဲ့ကျော်စွာက အိမ်ရှေ့အရာနဲ့ မတန်တဲ့လူ၊ ပြည်သူတွေကို နှိပ်စက်တာ ကမ်းကုန်အောင်ပဲ"

"အိမ်ရှေ့မင်းက ဆင်းရဲသားတွေရဲ့ လယ်ယာတွေကို သိမ်းတယ်၊ ပြီးတော့ ကျွဲအရှည်းပေါင်း သုံးထောင်နဲ့ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စေတယ်၊ ရသမျှ စပါးတွေကို အိမ်ရှေ့မင်းရဲ့ စပါးကျီထဲသွင်း၊ ဆန်စပါး ရှားတဲ့အခါ သူပိုင် စပါးကျီထဲက စပါးတွေကို ထုတ်ပြီး ဈေးတင်ရောင်းတယ်"

"ဒါတင် ဘယ်ကမလဲ၊ အိမ်ရှေ့မင်း မူးယစ်ရမ်းကားတာ ခဏခဏပဲ၊ အထက်အညာကျော်စဉ်တစ်တန်းက လူတွေကို ဟံသာဝတီအတွက် အတင်းအဓမ္မ ခေါ်ဆောင်ခဲ့တယ်"

"အိမ်ရှေ့မင်းဟာ တိုင်းသူပြည်သားတွေ မျက်ရည်ကျ၊ ဒုက္ခရောက်မှ စားဝင်အိပ်ပျော်တဲ့ လူမျိုးပဲ"

အရပ်ထဲတွင် လှေဆိပ်၊ လှည်းဆိပ်တွင်၊ ဈေးတန်းတွင် လူစုမိတိုင်း ပြောဆိုကြသည့် စကားကို အထောက်တော်များက မှတ်သားပြီး နတ်ရှင်နောင်ထံ တင်ပြကြရသည်။ ကြားရသမျှ အိမ်ရှေ့မင်း၏ သတင်းမှာ ဆိုးရွားလှ၏။

နတ်ရှင်နောင်က အိမ်ရှေ့မင်း ဖြစ်နေသော မင်းရဲကျော်စွာ အကြောင်းကို ပြန်စဉ်းစားသည်။ မင်းရဲကျော်စွာနှင့် ပတ်သက်ပြီး သူ ကြားဖူးသမျှ၊ သူ သိရသမျှတို့၌ ကောင်းကွက်တစ်ကွက်မျှ မမြင်။

"သူ့အဖေက သဘောထားချင်း မတိုက်ဆိုင်တဲ့ မှူးမတ်ကို ကူလီကွင်းထဲမှာ မီးရှို့သတ်ခဲ့တယ်၊ ပြီးတော့ အယုဒ္ဓယဘုရင် ဖြနရာဇ်နဲ့ စတုတ္ထအကြိမ် တိုက်တုန်းက အိမ်ရှေ့မင်း မင်းကြီးစွာ ဦးစီးတဲ့ တပ်နှစ်ဆယ့်လေးတပ် ရှုံးနိမ့်ပြီး ဆုတ်ခွာလာတဲ့အခါ ဘုရင်မင်းမြတ်က ဗိုလ်မှူး၊ စစ်ကဲတွေကို လည်လှီးဖောက်ပြီး အပြစ်ပေးတယ်၊ အဓိကတာဝန်ရှိတဲ့ အိမ်ရှေ့မင်းကိုတော့ ဆုပ္ပရုံပဲ လုပ်ခဲ့တယ်၊ မင်းရဲကျော်စွာဟာ အဲဒီလို ဘုရင်ရဲ့သား ဖြစ်နေတော့လည်း ဆိုးသွမ်းတာ မဆန်းလှပါဘူး"

နတ်ရှင်နောင်က ကြားရသည့် သတင်းစကားများအပေါ် ထိုသို့ မှတ်ချက်ချနေစဉ် နေမျိုးသီရိက ပို၍ဆိုးရွားသော သတင်းစကားကို သယ်ဆောင်လာသည်။

"မင်းကြီးနှောင်းက မင်းတုန်း၊ မင်းတပ်၊ မြေထဲ၊ သရက်၊ စကု၊ စလင်း၊ ပုခန်းကြီး စတာတွေကို တိုက်ခိုက်သိမ်းပိုက်လိုက်ပြီတဲ့"

"ဘကြီးတော်နန္ဒဘုရင်အတွက် အကျပ်အတည်းပေါ့၊ အိမ်ရှေ့မင်းက အားမကိုးရတဲ့ကြားထဲ မင်းကြီးနှောင်းက ပြတ်ပြတ်သားသား တော်လှန်ပုန်ကန်တော့ ဘယ်လို ဖြေရှင်းရမှန်း မသိ ဖြစ်မှာပဲ"

နတ်ရှင်နောင်နှင့် နေမျိုးသီရိတို့ နန္ဒဘုရင်အကြောင်းကို ဝေဖန်ပြောဆိုနေစဉ် ဗိုလ်မှူးတစ်ယောက်၏ အဆောင်အယောင်နှင့် ဖြစ်သော နန္ဒကျော်ထင်က အရေးကြီးသော အမူအရာနှင့် အပြေးတစ်ပိုင်း ရောက်လာသည်။



"ဘာအရေးပေါ်လို့လဲ နန္ဒကျော်ထင်"

"ဟံသာဝတီက သံတမန်တွေ ရောက်လာလို့ပါ အရှင်မင်းသား၊ ဘုရင်မင်းမြတ်က ဒီနေ့ ညီလာခံမှာ လက်ခံတွေ့ဆုံပါလိမ့်မယ်"

"ဒါဆို ငါ ညီလာခံတက်ရမှာပေါ့၊ ဟံသာဝတီ သံတမန်တွေက ဘာကိစ္စ ရောက်လာကြတာတဲ့လဲ"

"ဘာကိစ္စဆိုတာတော့ ညီလာခံကျမှ သိရမှာပါ၊ တော်တော်အရေးကြီးတဲ့ကိစ္စ ဖြစ်ပုံရပါတယ်"

"နေ့ညီလာခံဆိုတော့ ခုချက်ချင်း နန်းတော်ကို ဝင်ရမှာပေါ့၊ မောင်မင်းသွားနှင့်တော့၊ ငါတို့ အခုပဲ လိုက်လာခဲ့မယ်"

နန္ဒကျော်ထင်က ဦးညွှတ် နှုတ်ဆက်ပြီး နေရာမှ ခွာထွက်သွားသည်။ နတ်ရှင်နောင်က အရေးပေါ်ညီလာခံဖြစ်သော နေ့ညီလာခံသို့ တက်ရန် ပြင်ဆင်သည်။ ပြင်ဆင်ပြီးသည့်အခါတွင် နေမျိုးသီရိနှင့်အတူ အဆောင်မှ ထွက်သည်။

"ဟံသာဝတီကနေ ခမည်းတော်နဲ့ တပ်တွေ ပြန်လာတာမှ မကြာသေးဘူး၊ ရက်ပိုင်းအတွင်း ဟံသာဝတီ သံတမန်တွေ ရောက်လာတာ ထူးခြားတယ်၊ ဘာကိစ္စကြောင့်လို့ မင်း ထင်သလဲ နေမျိုးသီရိ"

"မင်းကြီးနှောင်း တော်လှန်ပုန်ကန်တာကို နှိမ်နင်းဖို့အတွက် နောက်တစ်ကြိမ် စစ်ကူတောင်းတာ ဖြစ်လိမ့်မယ် အရှင်မင်းသား"

"အဲသလို စစ်ကူတောင်းတာ ဆိုရင်တော့ ဟံသာဝတီက လွန်ပြီလို့ ဆိုရမယ်၊ ငါတို့ ကေတုမတီတပ်ဟာ ဟံသာဝတီကို ကာကွယ်ဖို့ ဖွဲ့စည်းထားတာ မဟုတ်ဘူး၊ ကေတုမတီကို ကာကွယ်ဖို့ ဖွဲ့စည်းထားတာ၊ အကူအညီလိုအပ်တိုင်း သူတို့ကို ကူညီဖို့ ငါတို့မှာ တာဝန်မရှိဘူး"

နေမျိုးသီရိက ပြတ်ပြတ်သားသား ပြောနေသော နတ်ရှင်နောင်ကို အံ့အားတသင့်နှင့် ကြည့်သည်။ နတ်ရှင်နောင်က နေမျိုးသီရိ၏ ကြည့်ပုံကို သဘောပေါက် နားလည်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"ဟံသာဝတီမှာ ရာဇဓာတုကလျာ ရှိနေတဲ့အတွက် ဆန့်ကျင်စကား မပြောသင့်ဘူးလို့ မင်းက ပြောချင်နေတာလား နေမျိုးသီရိ၊ ငါနဲ့ အစ်မတော်ဓာတုကလျာရဲ့ ပတ်သက် ဆက်နွယ်မှုက တစ်ပိုင်း၊ ဟံသာဝတီက ငါတို့အပေါ် စိုးမိုးအနိုင်ကျင့်တာကို မခံချင်တာက တစ်ပိုင်းပါ၊ ဘိုးတော်မင်းတရား ရှိစဉ်က ငါတို့တစ်တွေ ဟံသာဝတီရဲ့ အရိပ်ကိုခို၊ ဟံသာဝတီကို လေးစား အရာထားခဲ့

တယ်၊ အခု ဟံသာဝတီက အရိပ်နိမိတ်လောက်စရာလည်း မရှိဘူး၊ လေးစားအပ်တာလည်း မဟုတ်ဘူး''

နေမျိုးသီရိက နတ်ရှင်နောင်၏ စကားကို ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်သည်။

''ဘကြီးတော် ဟံသာဝတီဘုရင်က တိုက်ပွဲတွေမှာ ငါတို့ကို စစ်ကူခေါ်တယ်၊ စစ်ကူခေါ်တိုင်း ငါတို့ ကေတုမတီတပ် လိုက်ပြီး တိုက်ပေးခဲ့တယ်၊ အဲဒီအတွက် ငါတို့ ဘာအခွင့်အရေးမှ မယူခဲ့ဘူး၊ ဘကြီးတော် ဟံသာဝတီဘုရင်ကလည်း တိုက်ပွဲကို နိုင်အောင် တိုက်ခဲ့တယ်ဆိုပြီး ဆုလာဘ်လေး အနည်းအကျဉ်းပေး၊ လက်ဆောင်လေး ပေးပြီး ဂုဏ်ပြုခဲ့တယ်၊ သူ့သားတွေကိုတော့ ရာထူးဂုဏ်သိမ်တွေ ချီးမြှင့်မြှောက်စားတယ်၊ ချီးမြှင့်ထိုက်သူကို ချီးမြှင့်မယ်ဆိုတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးရဲ့ စိတ်မျိုး မရှိဘူး''

နေမျိုးသီရိက နတ်ရှင်နောင်ကို တုံ့ပြန်စကား မဆိုဘဲ နားထောင်သည်။ စကားသံ ပေါ်မလာသော သူ၏ နှုတ်ခမ်းအစုံမှာ ပြုံးယောင်ယောင် တွန့်ကွေးနေ၏။

နတ်ရှင်နောင်သည် စကားကို အဆက်မပြတ် ပြောရင်း ညီလာခံကျင်းပမည့် နန်းတော်သို့ ခြေလှမ်းသွက်သွက် လှမ်းပြီး လျှောက်သည်။ သူ့နောက်မှ ပါလာသော နေမျိုးသီရိကို လည်းကောင်း၊ ကိုယ်ရံတော်ရဲမက်နှစ်ယောက်ကို လည်းကောင်း တစ်ချက်ကလေးမှ လှည့်မကြည့်။

''ဟံသာဝတီက အခုလို သံတမန်တွေ ရုတ်တရက်ကြီး ရောက်လာတာဟာ ကောင်းသောလာခြင်းတော့ မဖြစ်နိုင်ဘူး၊ ဟံသာဝတီက ဖိနှိပ်မှုတစ်ခု လုပ်တာမျိုး မဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းတယ်''

နတ်ရှင်နောင်က စကားကို အဆုံးသတ်ပြီး လှံကိုင်စစ်သည်များ စောင့်ကြပ်နေသော နန်းတော်၏ တော်ဝင်ပေါက်တွင် တုံ့ခနဲ ရပ်သည်။ ပြီးလျှင် စူးရှ အရောင်လက်နေသော အကြည့်ဖြင့် နေမျိုးသီရိကို လည်းကောင်း၊ ကိုယ်ရံတော် နှစ်ယောက်ကို လည်းကောင်း ကြည့်သည်။

''အပြင်မှာ ဟံသာဝတီ ရဲမက်တွေကို မတွေ့ရပုံထောက်တော့ ဟံသာဝတီ သံတမန်တွေ ဒီကို မရောက်သေးဘူး၊ မင်းတို့ မျက်စိဖွင့်၊ နားစွင့်ပြီး စောင့်ကြပ်နေကြပါ၊ ကြားလား''

''ဟုတ်ကဲ့ပါ၊ အရှင်မင်းသား''



ဓား လှံ လက်နက် မပါသော နတ်ရှင်နောင်က ပုဆိုးစကို သိမ်းပြီး နန်းဆောင်ထဲသို့ ဝင်သည်။ နေမျိုးသီရိနှင့် ကိုယ်ရံတော်နှစ်ယောက်က နန်းတော်စောင့် ရဲမက်များနှင့်အတူ ကျန်ရစ်ခဲ့၏။

နန်းတော်အတွင်းသို့ ရောက်သည်နှင့် စင်္ကြံလမ်းရှည်ရှည်ကို ဖြတ်ရသည်။ စင်္ကြံလမ်းရှိ ရွှေရောင်နှင့် အစိမ်းရင့်ရောင် ရောနေသော တိုင်လုံးကြီးများ နောက်ကွယ်တွင် တိတ်ဆိတ်စွာ စောင့်ကြပ်နေသော အစောင့်များ ရှိနေသည်ကို တွေ့ရ၏။

စင်္ကြံလမ်းအဆုံးတွင် အလင်းတွေ ပြန့်နေသော ညီလာခံနန်းဆောင်ကို လှမ်းမြင်ရသည်။ ပလ္လင်ထက်တွင် ကေတုမတီပြည့်ရှင် မင်းရဲသီဟသူ၊ သလွန်ထက်တွင် မိဖုရားခေါင်ကြီး မင်းခင်စောတို့ ထိုင်နေကြသည်။ ပလ္လင်ကြမ်းပြင်ပေါ်တွင် ကေတုမတီကို စောင့်ရှောက်နေသော မှူးမတ် သေနာပတိများ၊ ဝန်ကြီးများ ငြိမ်ဝပ်စွာ ခစားနေသည်ကို တွေ့ရ၏။

နတ်ရှင်နောင်က ပလ္လင်ထက်တွင် ရှိနေသော ဖခင် ဘုရင်မင်းမြတ်အား အရိုအသေပြုပြီး သူ့အတွက် သတ်မှတ်ထားသည့် နေရာတွင် ဝင်ထိုင်လိုက်သည်။ ထိုအချိန်မှာပင် လွင်သာဝေစည်သော မောင်းသံတစ်ချက် ပေါ်လာသည်။

''ဟံသာဝတီ သံတမန်တွေ အခစား ဝင်လာကြပါပြီဘုရား''

❑

# ဟံသာဝတီမှ စိန်ခေါ်ခြင်း

နန်းရင်ပြင်တွင် အသံဗလံဟူသမျှ ချုပ်ငြိမ်းတိတ်ဆိတ်နေသည်။ ပလ္လင်အောက်တွင် ပျပ်ဝပ်ခစားနေသော မှူးမတ်ပညာရှိတို့မှာ တုတ်တုတ်မှ မလှုပ်။ ပလ္လင်ထက်တွင် သက်သောင့်သက်သာ ထိုင်နေသော ကေတုမတီ ရွှေနန်းတည် ဘုရင်မင်းမြတ် မင်းရဲသီဟသူက ညီလာခံခန်းမ အဝင်လမ်းဆီသို့ စူးစိုက်ကြည့်နေသည်။ ပလ္လင်အောက်ဘက် သလွန်ထက်တွင် ထိုင်နေသော မိဖုရားကြီး မင်းခင်စောကလည်း စိတ်အားထက်သန်သော အမူအရာနှင့် အဝင်လမ်းဆီသို့ ကြည့်နေသည်။

နတ်ရှင်နောင်သည် ခမည်းတော် ဘုရင်မင်းမြတ်ကို လည်းကောင်း၊ မယ်တော် မိဖုရားခေါင်ကြီးကို လည်းကောင်း ပလ္လင်အောက် နန်းရင်ပြင်တွင် ပျပ်ဝပ်ခစားနေသော မှူးမတ်များကို လည်းကောင်း အကဲခတ် ကြည့်ရှုသည်။ ထို့နောက် သူ့အကြည့်ကို အဝင်လမ်းဆီသို့ ရွှေ့လိုက်သည်။

အမတ်စစ်သည်တစ်ဦး၏ အဆောင်အယောင်နှင့် ဟံသာဝတီ သံတမန်သည် နောက်လိုက် နှစ်ဦးနှင့်အတူ နန်းတွင်းသို့ ဝင်လာသည်။



"ဟံသာဝတီ သံအဖွဲ့ပါ ဘုရင်မင်းမြတ်"

သံအဖွဲ့မှူးက ပလ္လင်အောက်တည့်တည့်ဆီသို့ လျှောက်လာသည်။ ထို့နောက် သံအဖွဲ့ ရောက်ရှိနေသည့် နားခံတော်မှူးဘက်သို့ တစ်ချက် လှမ်းကြည့်ကာ ပလ္လင်ဘက်သို့ လှည့်လိုက်၏။

"ဟံသာဝတီပြည့်ရှင်… ငါးဆူဒါယကာ ဘုရင်မင်းမြတ်ရဲ့ အမိန့်စာချွန်ကို ဆက်သပါတယ်"

နားခံတော်မှူးက သံအဖွဲ့ခေါင်းဆောင်ထံမှ အမိန့်စာကို ယူပြီး ဘုရင်ရှိရာ ပလ္လင်အနီးသို့ ချဉ်းကပ်သည်။

"နောင်တော် မင်းတရားရဲ့ စာချွန်ကို နားခံတော်မှူးကိုယ်တိုင် ဖတ်ကြားပါ"

နားခံတော်မှူးက အမိန့်စာချွန်ကို ဖြန့်သည်။ အမိန့်စာချွန် ဖတ်ရန်ပြုရင်း တစ်ခဏမျှ တုံ့ဆိုင်းသွား၏။ ထို့နောက် လည်ချောင်းရှင်းရန် ချောင်းတစ်ချက်ဟန့်ပြီး အမိန့်စာချွန်ကို ဖတ်သည်။

*ကေတုမတီ နေပြည်တော်ကို အုပ်ချုပ်ရသော ညီတော် မင်းရဲသီဟသူထံ နောင်တော် ဟံသာဝတီပြည့်ရှင် ဘုရင်မင်းမြတ် စာချွန်တော် ပါးလိုက်သည်၊ ဟံသာဝတီ နေပြည်တော် လုံခြုံရေးအတွက် ညီတော်က သားတော်ကြီး မဟာဓမ္မရာဇာ(နတ်ရှင်နောင်)နှင့် ဆင်တော် ဥပေါသထကို ဟံသာဝတီသို့ အလျင်အမြန် ပို့ဆောင်ပေးရန် သံအဖွဲ့ခေါင်းဆောင် လက်ဝဲဗေးမှူး ရာဇသင်္ကြံအား ရာဇအာဏာ အပ်နှင်း၍ စေလွှတ်လိုက်သည်။*

*ဟံသာဝတီပြည့်ရှင်*
*ငါးဆူဒါယကာ နန္ဒဘုရင်မင်းမြတ်*

နားခံတော်မှူးက အမိန့်စာချွန်ကို ဖတ်ပြီးနောက် ပလ္လင်ထက်တွင် ရှိနေသော ဘုရင်ထံသို့ ဆက်သလိုက်သည်။ ကေတုမတီဘုရင် မင်းရဲသီဟသူက နန္ဒဘုရင်၏ စာချွန်ကို ယူပြီး ဘေးတွင် ချထားလိုက်သည်။ ထို့နောက်တွင် သံအဖွဲ့ခေါင်းဆောင် လက်ဝဲဗေးမှူးအား စူးလက်တောက်ပသော မျက်လုံးအစုံဖြင့် လှမ်းကြည့်၏။

ညီလာခံခန်းမတစ်ခုလုံးမှာ အပ်ကျသံ ကြားရမတတ် တိတ်ဆိတ်သွား၏။ ထိုအချိန်တွင် ပေါ့ပါးညင်သာသည်နှင့်အမျှ လျင်မြန်သွက်လက်သော ခြေသံတစ်သံ ပေါ်လာသည်။ ခြေသံရှင်မှာ နေမျိုးသီရိ ဖြစ်ပြီး သူက နတ်ရှင်နောင် အပါးသို့ ချဉ်းကပ်ကာ စာတစ်စောင်ကို ပေးသည်။ နတ်ရှင်နောင်က စာကို ဖတ်ပြီး နေရာမှထကာ ပလ္လင်တော်အနီးသို့ ချဉ်းကပ်သည်။ တစ်စုံတစ်ရာ ရှင်းလင်းပြောဆိုခြင်း မပြုဘဲ သူက ခမည်းတော်အား လက်ထဲမှ စာကို ဆက်သလိုက်သည်။

မင်းရဲသီဟသူသည် လက်ထဲသို့ ရောက်လာသည့် စာကို ဖတ်သည်။ စာဖတ်အပြီးတွင် သူ့မျက်နှာက တင်းမာခက်ထန်သွား၏။ တစ်ခဏအကြာတွင် လက်ထဲမှ စာလွှာကို ချထားပြီး အသာအယာ ပြုံးလေသည်။

"ဟံသာဝတီ သံခေါင်းဆောင် လက်ဝဲဓားမှူး... ငါ ကေတုမတီဘုရင်မင်းမြတ် မင်းရဲသီဟသူက နောင်တော် ဟံသာဝတီပြည့်ရှင်ရဲ့ စာကို ဖတ်ပြီး အကြောင်းပြန်လိုက်မယ်၊ အကြောင်းအချက်နဲ့ ပြောရရင် ပထမအချက်- ဟံသာဝတီပြည့်ရှင်ဟာ ငါ့ကို ကေတုမတီ နန်းတည်မင်း ဖြစ်လျက် ဘုရင်တစ်ပါးလို့ အသိအမှတ်မပြုတာဟာ ကေတုမတီကို စော်ကားလိုက်ခြင်းပဲ ဖြစ်တယ်၊ ဒုတိယအချက်- နောင်တော် နန္ဒဘုရင်က ငါ့သားတော်ကြီးနဲ့ ဥပေါ်သထဆင်ကို ဟံသာဝတီအရောက် ပို့ဆက်ရမယ် ဆိုတာ၊ ဓားစာခံ တောင်းလိုက်ခြင်းပဲ၊ တတိယအချက်- နောင်တော် နန္ဒဘုရင်ဟာ ကေတုမတီနန်းလျာ ဖြစ်တဲ့ သားတော်ကြီးနဲ့ ဥပေါ်သထဆင်ကို တောင်းသလို ဇင်းမယ်ဘုရင်ရဲ့ သားတော် မင်းတုလောင်းနဲ့ ဇမ္ဗူကျက်သရေဆင်တော်၊ ညောင်ရမ်းမင်းရဲ့ သားတော် သခင်လတ်နဲ့ ဇမ္ဗူတံဆိပ်ဆင်တော်တို့ကိုပါ တောင်းတဲ့အတွက် ငါတို့ အချုပ်အခြာအာဏာကို ထိပါး နှောင့်ယှက်တာ၊ စော်ကားမော်ကား ပြုတာပဲ ဖြစ်တယ်၊ စတုတ္ထအချက်- နောင်တော် နန္ဒဘုရင်ဟာ သားတော် ပြည်ဘုရင် ပုန်ကန်တာကို မနှိမ်နင်းနိုင်တာနဲ့ ငါတို့အပေါ် အနိုင်ကျင့်ဖို့ ကြိုးစားတာဟာ မတရားပြုကျင့်တာပဲ"

မင်းရဲသီဟသူက လွန်စွာ ရှင်းလင်းပီသသော အသံဖြင့် ပြန်ကြားပြောဆိုနေရင်း ခေတ္တရပ်ကာ သံအဖွဲ့မှူးအား လှမ်းကြည့်သည်။ ထို့နောက် စကားဆက်၏။



"သံအဖွဲ့ခေါင်းဆောင် လက်ဝဲဓားမှူး... သင်ဟာ သင့်သခင်ရဲ့ ရာဇအာဏာ အပ်နှင်းခံရသူ ဖြစ်တဲ့အတွက် ကေတုမတီပြည့်ရှင် ဖြစ်တဲ့ ငါ မင်းရဲသီဟသူရဲ့ စကားကို အမိန့်တစ်ရပ်အဖြစ် နောင်တောင် နန္ဒဘုရင်ဆီ ဆောင်ကြဉ်းသွားပါ၊ ငါ့အနေနဲ့ ငါ့သားတော်ကြီးနဲ့ ဥပေါ်သထဆင်ကို ဟံသာဝတီ မပို့နိုင်ဘူး၊ ငါတို့ ကေတုမတီဟာ ဟံသာဝတီနဲ့ သစ္စာပြုထားတာကို ကနေ့ပဲ ဖျက်လိုက်ပြီ၊ ဒါဟာ ငါ့သဘောထားပဲ"

"မှန်လှပါ၊ ကျွန်တော်မျိုးတို့ဟာ တာဝန်ရှိတဲ့အလျောက် အရှင်မင်းမြတ်ရဲ့ ပြန်ကြားစကားကို ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာမင်းတရား ကြားသိစေဖို့ လျှောက်ထားတင်ပြလိုက်ပါမယ်"

မင်းရဲသီဟသူက သံအဖွဲ့ကို ကြည့်နေရာမှ လွှတ်တော်ဝန်ချုပ်ဘက်သို့ လှည့်လိုက်သည်။

"လွှတ်တော်ဝန်ချုပ်... သံအဖွဲ့ကို ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံ ကျွေးမွေးပြုစုပြီး ဟံသာဝတီ ပြန်ပါစေ"

"မှန်လှပါ အရှင်မင်းမြတ်"

"လက်ဝဲဓားမှူး နားထောင်ပါ... ကေတုမတီပြည့်ရှင် မင်းရဲသီဟသူက ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်ရဲ့ အမိန့်ကို မလိုက်နာနိုင်ဘူး၊ ပြတ်ပြတ်သားသား ငြင်းပယ်တယ်ဆိုတဲ့ စကား ဆောင်ယူပြီး ဟံသာဝတီကို ပြန်ပေတော့"

ဟံသာဝတီသံအဖွဲ့ ညီလာခံမှ ထွက်ခွာသည်။ မင်းရဲသီဟသူသည် ခန်းမအပြင်ခန်းသို့ ထွက်ခွာသွားနေသော သံအဖွဲ့အား စူးစိုက်စွာ ကြည့်နေသည်။ သံအဖွဲ့ ခန်းမဆောင်အပြင်သို့ ရောက်သွားမှ ချောင်းတစ်ချက် ဟန့်လိုက်၏။

"ဟံသာဝတီ သံအဖွဲ့က မဟာမိတ်အဖြစ် လာတာ မဟုတ်ဘဲ ငါတို့ကို အနိုင်ကျင့် ချုပ်ချယ်ဖို့လာတာ ဖြစ်တယ်၊ အရေးကြီးတဲ့ ဒီအချိန်မှာ အထောက်တော်တွေဆီက ရတဲ့ သတင်းကို နေမျိုးသီရိက လာပို့တာ ပြဿနာတစ်ခုကို အလွယ်တကူ ဖြေရှင်းနိုင်လိုက်စေတယ်၊ နေမျိုးသီရိရဲ့ ဇင်းမယ်ဘုရင်ဆီက သတင်း၊ ညောင်ရမ်းက သတင်းတွေ ပေးပို့တဲ့ အထောက်တော်တွေကို ဆုလာဘ်များ ချီးမြှင့်ရမယ်၊ ဒီနေ့ ညီလာခံက မောင်မင်းတို့ အားလုံးကို စစ်ပြင်ဖို့ ရာဇသံပေးလိုက်ပြီ၊ ကေတုမတီဟာ ဟံသာဝတီ.. အယုဒ္ဓယ..

ပြည်နဲ့ ညောင်ရမ်းတို့က စစ်ပြုလာတာကို မလွဲမသွေ ခံရမှာဖြစ်တဲ့အတွက် အသင့်ရှိကြပါစေ''

မင်းရဲသီဟသူက အောင်မြင်ခန့်ညားသော အသံဖြင့် မိန့်ကြားသည်။ ခမည်းတော် ဘုရင်မင်းမြတ်၏ အမိန့်စကားကို နားထောင်ရင်း နတ်ရှင်နောင်၏ ရင်မှာ စစ်စိတ်စစ်သွေးများ ပြည့်လျှမ်းလာသလို ရှိလေ၏။

❑

# ပြိုကွဲမှုများ

ဟံသာဝတီကို ဆန့်ကျင်သည့် စစ်ပွဲများ တိုင်းအနှံ့ ပြည်အနှံ့မှ ပေါ်လာသည်။

ညောင်ရမ်းစား မင်းရဲနန္ဒမိတ်သည် ရမည်းသင်း၊ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ပေါက်မြိုင်၊ သာဂရ၊ ပင်းတလဲ၊ ပြင်စည် စသည် အထက်အရပ်ဒေသမှ မြို့ ရွာများကို သိမ်းပိုက်လိုက်သည်။

မင်းရဲနန္ဒမိတ်သည် အင်အားကောင်းသည်ထက် ကောင်းအောင် ပတ်ဝန်းကျင်ရှိ မြို့ ရွာ နယ်ပယ်များကို စည်းရုံးသိမ်းသွင်းသည်။ ထို့နောက် အထက်အရပ်ဒေသတွင် ဟံသာဝတီက အားထားရသော အင်းဝကို သိမ်းသည်။

အင်းဝကို ရရှိပြီးသည့်နောက် မြေဒူး၊ ဒီပဲယင်း၊ စည်ပုတ္တရာ၊ ဗဒုံ၊ အမြင့်၊ ကမ်းနီ၊ စေဥ့်ကူး၊ တကောင်း၊ ကောင်းတုံ စသည့် မြို့ ရွာတို့က မင်းရဲနန္ဒမိတ် လက်အောက်သို့ ခိုဝင်သစ္စာခံလာကြသည်။

အထက်အရပ်ဒေသတွင် မင်းရဲနန္ဒမိတ်က နယ်မြေ တိုးချဲ့ရင်း အင်အားကောင်းသည်ထက် ကောင်းလာစဉ် အောက်အရပ်ဒေသရှိ ပြည်ဘုရင်ကလည်း အင်အားကောင်းသည်ထက် ကောင်းအောင် ကြိုးစားနေသည်။

ပြည်ဘုရင် မင်းကြီးနော်ရထာသည် ရေလမ်းအတိုင်း အင်းဝသို့ ချီတက်ရန် လှော်ကားသံလှေ တစ်ရာ၊ စစ်သည်ရဲမက် နှစ်သောင်းတို့ကို မြစ်ဆိပ်၌ အသင့်ရှိစေသည်။ စစ်ထွက်မည့်အချိန်၌ မင်းကြီးနော်ရထာ မင်္ဂလာဖောင်တော်သို့ အတက်တွင် စစ်သည်ရဲမက်တို့အား စည်းရုံးသိမ်းသွင်းထားပြီး ဖြစ်သော အထိန်းတော် ရန်နိုင်စားက ပုန်ကန်မှု စတင်သည်။ ရန်နိုင်စား၏ အမိန့်နှင့် ရဲမက်များက မင်းကြီးနော်ရထာအား ဖမ်းဆီးမည်ပြုရာ မင်းကြီးနော်ရထာသည် အဖမ်းမခံဘဲ မြစ်ထဲသို့ ခုန်ဆင်းပြီး မိမိကိုယ်ကိုမိမိ အဆုံးစီရင်သည်။

ရန်နိုင်စားသည် မင်းကြီးနော်ရထာ၏ ညီတော်၊ သားတော်တို့ကို လုပ်ကြံသတ်ဖြတ်သည်။ သားတော် မင်းရဲဥဇနာနှင့် စလင်းမင်း ငွေတပြားတို့ အန္တရာယ်မှ လွတ်မြောက် ထွက်ပြေးကာ ညောင်ရမ်း မင်းရဲနန္ဒမိတ်ထံ ခိုလှုံသည်။

မင်းရဲနန္ဒမိတ်က ညောင်ရမ်းဆက်ကို စတင်ထူထောင်၏။ ညောင်ရမ်းမင်းက မကြာမီ ဟံသာဝတီကို လည်းကောင်း၊ ကေတုမတီကို လည်းကောင်း လုပ်ကြံတိုက်ခိုက်လိမ့်မည် ဆိုသည့် သတင်းများ ကေတုမတီသို့ အထောက်တော်များမှတစ်ဆင့် ရောက်လာ၏။

ကေတုမတီပြည့်ရှင် မင်းရဲသီဟသူက ပြည့်အင်အား ကောင်းအောင် ကြိုးစားရင်း ရခိုင်ဘုရင် မင်းရာဇာကြီးနှင့် မဟာမိတ်ပြုသည်။ ကျည်တောင်စားနှင့် ကင်းသာစားတို့ကို သံအဖြစ် စေလွှတ်သည်။ ရခိုင်ဘုရင်အား ဆင်ကြီး၊ မြင်းကြီး၊ သမီးကညာ ပေးပါမည်ဟု ရွှေပေတွင် ရေးကာ ပေးဆက်၏။ ရခိုင်ဘုရင်က သဘောတူညီပြီး မဟာမိတ်အဖြစ်နှင့် ဟံသာဝတီကို တိုက်ခိုက်ရာတွင် ကူညီမည်ဟု အကြောင်းပြန်သည်။ ကေတုမတီဘုရင်က သံတမန်များ၏ ဆောင်ရွက်မှုကို ကျေနပ်တော်မူသဖြင့် ကျည်တောင်စားကို ဇေယျတမန်၊ ကင်းသာစားကို ရာဇတမန် အမည်ဖြင့် ဆုလာဘ်များ ပေးသည်။

သက္ကရာဇ် ၉၅၉ ခုနှစ် တန်ခူးလတွင် ကေတုမတီတပ်ကြီး ဟံသာဝတီသို့ ချီသည်။ ကေတုမတီပြည့်ရှင်ကပင် တစ်တပ်၊ မြို့လုစားက တစ်တပ်၊ ဘယနန်းသူက တစ်တပ်၊ အဲမြပိုက်က တစ်တပ်၊ ညီတောင်မင်းရဲကျော်ထင်က တစ်တပ်၊ သားတော် နတ်ရှင်နောင်က တစ်တပ် စုစုပေါင်း တပ်ခုနစ်တပ်၊ တိုက်ဆင် သုံးရာ၊ မြင်းငါးထောင်၊ စစ်သည်ရဲမက် ငါးသောင်းနှင့် ဟံသာဝတီသို့ ချီကာ ကောလိယတွင် တပ်ချနေသည်။



ရခိုင်ဘုရင်၏ သားတော် မဟာဥပရာဇာသည် ကုလ္လပ်၊ သမ္ဗန်၊ တိုက်လှေ ငါးရာကျော်နှင့် သန်လျင်သို့ ရောက်ရှိ တိုက်ခိုက်ကာ သန်လျင်ကို သိမ်းပိုက်ပြီးနောက် ဟံသာဝတီသို့ ချီလာ၏။ ကောလိယတွင် တပ်ချနေသော ကေတုမတီတပ်သည် တန်ခူးလအကုန်တွင် ရခိုင်ဥပရာဇာ၏ တပ်နှင့် ပေါင်းကာ ဟံသာဝတီမြို့ကို ဝန်းရံလေသည်။

ရခိုင်ဘုရင် သားတော် မဟာဥပရာဇာ၏ တပ်က မြို့တောင်မှ ရံသည်။ ကေတုမတီဘုရင်တပ်က မြို့ရှေ့က ရံသည်။ နတ်ရှင်နောင်၏ တပ်က မြို့မြောက်ဘက်မှ ရံသည်။ ကေတုမတီနှင့် ရခိုင်ဘုရင်၏ တပ်များ ဝန်းရံထားသဖြင့် ဟံသာဝတီသား မှုးမတ်အချို့ လက်နက်ချ အညံ့ခံလာ၏။

နတ်ရှင်နောင်သည် ကေတုမတီတပ်များကို အုပ်ချုပ်ပြီး ခမည်းတော် ပေးအပ်သည့် တာဝန်ကို ထမ်းသည်။ သူသည် မြင်းတစ်စီး၊ ဓားတစ်လက်၊ လှံတစ်စင်းဖြင့် ဟံသာဝတီမြို့ကိုပါ ပတ်ပြီး တပ်များသို့ ဝင်ထွက်စစ်ဆေးသည်။ ညီတော် မင်းရဲကျော်ထင် အုပ်ချုပ်သည့် တပ်ကို စစ်ဆေးစဉ် ဟံသာဝတီမြို့တွင်းမှ ထွက်လာပြီး အညံ့ခံသူတစ်ယောက်အား တွေ့ရသည်။

“ဟံသာဝတီက တပ်မင်းတစ်ယောက် အညံ့ခံလာပါတယ်”

နတ်ရှင်နောင်က တပ်ကို စစ်ဆေးနေစဉ် ဗိုလ်မှူးလေးတစ်ယောက်က အညံ့ခံလာသူအား ဆွဲခေါ်လာ၏။ ထိုသူက မျက်နှာကို အဝတ်ဖြင့် အုပ်ထားသဖြင့် မည်သူမည်ဝါဟု မသိရ။

“တပ်မင်း… ဟုတ်လား၊ မျက်နှာတောင် မမြင်ရတဲ့ လူကို မင်းက ဘယ်လိုလုပ်ပြီး တပ်မင်းလို့ သိနေတာလဲ”

“ဒီလူက သူ့ကိုယ်သူ တပ်မင်းလို့ ပြောပါတယ်၊ ဘုရင်မင်းမြတ်ရှေ့ … ဒါမှမဟုတ် အရှင်မင်းသားရှေ့ကို ပို့ပေးဖို့ ပြောနေပါတယ်”

“သူ့မျက်နှာပေါ်က အဝတ်ကို ဖယ်လိုက်စမ်း”

အညံ့ခံသူအား ခေါ်လာသူက ထိုသူ့ မျက်နှာပေါ်မှ အဝတ်ကို ဖယ်လိုက်သည်။ ထိုအခါ ဟံသာဝတီ အိမ်ရှေ့စံကို တွေ့လိုက်ရသည်။

“အိမ်ရှေ့ကိုယ်တော်ပါလား၊ ဘယ်လို ကလိန်ဉာဏ်နဲ့ အညံ့ခံလာတာလဲ”

“ကလိန်ဉာဏ် မဟုတ်ပါဘူး ညီတော်… ငါက ရှုံးမယ့်စစ်ကို မတိုက်ချင်လို့ ဘထွေးတော် လက်အောက်ကို ခိုဝင်လာတာပါ၊ ငါ့ကို ဘထွေးတော်ဆီ ပို့ပေးပါ”

နတ်ရှင်နောင်သည် မယုံသင်္ကာစိတ်ဖြင့် ဟံသာဝတီအိမ်ရှေ့စံ မင်းရဲကျော်စွာအား စူးစိုက်ကြည့်သည်။ ထို့နောက် မင်းရဲကျော်စွာအား ခေါ်လာသူဘက်သို့ လှည့်လိုက်သည်။

“မောင်မင်းက ညီတော် မင်းရဲကျော်ထင် လက်အောက်က ဗိုလ်မှူးလေး မဟုတ်လား”

“ဟုတ်ပါတယ် အရှင်မင်းသား”

“မောင်မင်း… သူ့ကို ခမည်းတော်ဆီ အရောက် ခေါ်သွားလိုက်ပါ၊ မောင်မင်းတစ်ယောက်တည်း မဟုတ်ဘဲ အစောင့်အရှောက်တွေနဲ့ ခေါ်သွား”

ဗိုလ်မှူးလေးက နတ်ရှင်နောင်၏ အမိန့်ကို နာခံပြီး သူ့လက်အောက်ရှိ ရဲမက်အချို့နှင့်အတူ မင်းရဲကျော်စွာအား ခေါ်သွားသည်။ နတ်ရှင်နောင်က နှိမ့်ချသော အမူအရာနှင့် ဗိုလ်မှူးလေး ခေါ်ရာသို့ လိုက်ပါသွားသော အိမ်ရှေ့စံ မင်းရဲကျော်စွာကို ကြည့်ရင်း မယုံသင်္ကာစိတ်တွေ တိုး၍လာသည်။

“သူက ရက်စက်တဲ့နေရာ… ယုတ်မာတဲ့နေရာမှာ ကမ်းကုန်တဲ့သူ၊ အခု… ငါတို့ဆီကို အညံ့ခံ ဝင်လာတာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး၊ သူ့ကို ခမည်းတော်ဆီ ပို့ရာမှာ ငါကိုယ်တိုင် လိုက်သွားမှ ဖြစ်မယ်”

နတ်ရှင်နောင်က မင်းရဲကျော်စွာအား ခေါ်သွားသူများနောက်သို့ မြင်းဖြင့် အမီလိုက်သည်။ ထိုသူတို့အား မီသည့်အခါ ခမည်းတော် မင်းရဲသီဟသူ ရှိရာသို့ အတူတကွ ထွက်ခွာသည်။

ကေတုမတီပြည့်ရှင် မင်းရဲသီဟသူသည် ဟံသာဝတီ အိမ်ရှေ့စံ အညံ့ခံ ရောက်ရှိလာသည်ကို အကြောင်းစုံ သိနေပြီးဟန်နှင့် လက်ခံသည်။ ထိုအခါ နတ်ရှင်နောင်က မနေနိုင်ဘဲ ခမည်းတော်အား မေးမြန်းစုံစမ်းသည်။

“မင်းရဲကျော်စွာ အညံ့ခံလာတာ ခမည်းတော်က ကြိုပြီး သိနေတယ်လို့ သားတော် ထင်မိတယ်”

မင်းရဲသီဟသူက ပြုံးသည်။

“ဟုတ်တယ်… သားတော်၊ ငါက ငါ့လက်အောက်ကို ဝင်ရင် သမီးတော်နဲ့ လက်ဆက်ပေးပြီး သူကောင်းပြုမယ်လို့ ခေါ်လိုက်တာပါ၊ မင်းရဲကျော်စွာ ငါ့လက်အောက်ကို ဝင်လာတဲ့အတွက် နောင်တော် ဟံသာဝတီဘုရင် အားပျက်သွားမှာ အမှန်ပဲ၊ ငါ့လက်အောက်ကို အငတ်မခံနိုင်တဲ့ ဟံသာဝတီ မှူးမတ်အတော်များများ ရောက်လာကြပြီး မကြာခင်မှာ ဟံသာဝတီ အညံ့ခံလာတော့မယ်”



နတ်ရှင်နောင်က ကျေနပ်အားရနေ၊ ဝမ်းသာပီတိ ဖြစ်နေသော ခမည်းတော်ကို ကြည့်ပြီး သက်ပြင်းချသည်။ ခမည်းတော်၏ အစီအစဉ်နှင့် ပတ်သက်ပြီး သူ့စိတ်ထဲတွင် မကျေမနပ် ဖြစ်နေ၏။ သို့သော် သူက မကျေမနပ် ဟန်မပြဘဲ နေသည်။

ကေတုမတီပြည့်ရှင် မင်းရဲသီဟသူသည် မင်းရဲကျော်စွာကို အလုပ်အကျွေးပြုမည့်လူ သုံးဆယ်ကျော်နှင့် ကေတုမတီသို့ ပို့ရန်ပြင်သည်။ အလုပ်အကျွေးပြုမည့်သူများထဲတွင် မိန်းမသားများပါ ပါနေ၏။

နတ်ရှင်နောင်သည် မင်းရဲကျော်စွာအား ပို့ရန် ကေတုမတီသို့ သွားမည့်သူများကို အုပ်ချုပ်သွားရန် နေမျိုးသီရိအား တာဝန်ပေးသည်။ နေမျိုးသီရိက ထိုတာဝန်ကို ဝမ်းသာအားရ ယူသည်။

“မောင်မင်းက မင်းရဲကျော်စွာကို ကေတုမတီအရောက် ခေါ်သွားပြီးတော့ မယ်တော့်အကူအညီနဲ့ ရှင်းလင်းပစ်၊ သင်းဟာ အိမ်ရှေ့စံဘဝမှာ ပြည်သူတွေကို ညှဉ်းဆဲခဲ့တယ်၊ ဆိုးသွမ်းယုတ်မာမှုတွေကို အများကြီး ပြုခဲ့တယ်၊ ခုတစ်ခါ စစ်ရှုံးတော့မယ်ဆိုတာ သိလို့ ခမည်းတော်ကို သစ္စာဖောက်တယ်၊ သူ့လိုလူမျိုးဟာ ချမ်းသာခွင့်မပေးထိုက်သူမျိုးပဲ”

နတ်ရှင်နောင်က တီးတိုးမှာကြားစရာ ရှိသည်တို့ကို မှာကြားသည်။ ပြီးသည့်နောက်တွင် နေမျိုးသီရိတို့အား ဟံသာဝတီစစ်မြေပြင်မှ ထွက်ခွာစေသည်။ မင်းရဲကျော်စွာ ကေတုမတီသို့ အရောက်တွင် နတ်ရှင်နောင်၏ အမှာစကားကြောင့် မယ်တော် မင်းခင်စောက မင်းရဲကျော်စွာအား ရှင်းလင်းရန် အမိန့်ချမှတ်၏။ ဖခင်ကို သစ္စာဖောက်သော မင်းရဲကျော်စွာမှာ လိုရာမရောက်၊ သေရွာသို့ ရောက်ရလေ၏။

မင်းရဲကျော်စွာအား ကေတုမတီသို့ ပို့ကာ ရှင်းလင်းလိုက်ပြီး မကြာခင်မှာပင် ဟံသာဝတီပြည့်ရှင် ငါးဆူဒါယကာ နန္ဒာဘုရင်ထံမှ စေလွှတ်သူတို့ ရောက်လာသည်။ နတ်ရှင်နောင်က ထိုသူတို့အား စစ်ဆေးပြီး ခမည်းတော်ထံသို့ ပို့သည်။

"ငါ့နောင်တော်က စစ်မက် ဖက်ပြိုင်တာကို မလိုချင်တော့ဘူး၊ အညံ့ခံမယ်လို့ အကြောင်းကြားလာတယ်၊ ငါ့ညီတော် ငါ့စည်းစိမ်ကို ယူပါ၊ ငါ့ကို မြတ်စောညီနောင်ခြေရင်းမှာ သီတင်းသုံးခွင့်ပြုပါလို့ ဆိုတယ်၊ မြို့ကြီးစားနဲ့ မြို့လုစား ဟံသာဝတီမြို့တွင်းကို ဝင်သိမ်းပေတော့"

ဟံသာဝတီက အညံ့ခံပြီး မိမိတို့ ဟံသာဝတီမြို့တွင်းသို့ ဝင်ရတော့မည်ဆိုသည့် အသိက စစ်သေနာပတိ ဖြစ်နေသော နတ်ရှင်နောင်အား ကလေးငယ်တစ်ယောက်ပမာ ရွှင်မြူးသွားစေသည်။ စစ်ပွဲတွင် ရဲရင့်ပြတ်သားသော နတ်ရှင်နောင်သည် ဟံသာဝတီသို့ ဝင်ရာ ရာဇဓာတုကလျာနှင့် တွေ့ရမည့် အရေးတွင် ပျော်ရွှင်ကြည်နူးပြီး နူးညံ့သိမ်မွေ့နေလေသည်။

□

# အောင်ပွဲ

ဟံသာဝတီ ရွှေနန်းတော်တံခါးမှာ ဟင်းလင်းပွင့်နေပြီ။ နတ်ရှင်နောင်သည် အတားအဆီးမရှိ ဖြစ်နေသော နန်းတော်အတွင်းသို့ ဝင်သည်။

"နောင်… လာပါပြီ အစ်မတော်၊ တစ်နယ်စီ ဝေးပြီး လွမ်းနေရသမျှတွေ ပြေရပါတော့မယ်"

နတ်ရှင်နောင်က ဝမ်းသာရွှင်မြူးစွာနှင့် ရာဇဓာတုကလျာထံသို့ ဝင်သည်။ အားငယ်ထိတ်လန့်နေသော ရာဇဓာတုကလျာအား ချော့မော့ နှစ်သိမ့်သည်။

"ဟံသာဝတီက အညံ့ခံလိုက်ပြီ၊ စစ်ရှုံးပြီဆိုပြီး အားငယ်ကြောက်လန့်နေတာလား အစ်မတော်၊ အနိုင်ရတာက တခြားလူ မဟုတ်ဘူးလေ၊ နောင်တို့ပါ… ဒီစစ်ကြောင့် အစ်မတော်ရဲ့ ကိုယ်မှာ ပွန်းရာပဲ့ရာလေးတောင် မထင်စေရပါဘူး"

"မောင်မောင်ရယ်… အစ်မတော်က ရှုံးတာ နိုင်တာကို မသိဘူး၊ စစ်ဆိုရင် ကြောက်တယ်၊ သားနဲ့ အဖေ ရန်သူတွေ ဖြစ်ကြ၊ ညီအစ်ကိုအရင်းတွေ သတ်ဖြတ်ကြ၊ သွေးသားအရင်းအချာတွေ ရန်သူ ဖြစ်ကြတဲ့ ဒီစစ်ကို

မုန်းတယ်၊ မောင်မောင် အခုလို စစ်ပွဲမှာ ပျော်နေတာကိုလည်း အစ်မတော် မကြိုက်ဘူး''

နတ်ရှင်နောင်က ရာဇဓာတုကလျာ၏ လက်ဖဝါးနုနုကို ညင်သာစွာ ဆွဲယူဆုပ်ကိုင်သည်။ နူးညံ့သော ဓာတုကလျာ၏ လက်ဖဝါးမှာ အေးစက်နေ၏။ နတ်ရှင်နောင်က ထိုလက်ဖဝါး နွေးထွေးသွားအောင် ဆုပ်နယ်ပေးသည်။

''နောင်က စစ်ပွဲမှာ ပျော်နေတာ မဟုတ်ပါဘူး၊ အစ်မတော်အတွက် စစ်ကို တိုက်နေတာ၊ ဘိုးတော် တည်ထောင်ခဲ့တဲ့ နိုင်ငံကို ပြန်စုစည်းပြီး နိုင်ငံတော်အသစ်တစ်ခုအဖြစ် တည်ဆောက်ချင်တယ်၊ ပြီးတော့ အဲဒီနိုင်ငံတော်ကြီးကို အစ်မတော် လက်ထဲ အရောက် ပေးဆက်ချင်တယ်''

ရာဇဓာတုကလျာသည် လွန်စွာတက်ကြွနေသော နတ်ရှင်နောင်အား ကြည့်ပြီး သက်ပြင်းချသည်။ သူ့မျက်လုံးအစုံတွင် မှိုင်းညို့ဟန်တွေ ရိပ်ခနဲ ထင်သည်။ သို့သော် မျက်တောင် တစ်ခတ်မျှသော အချိန်အတွင်း၌ ထိုမှိုင်းညို့ဟန်တွေ ပျောက်သွား၏။

''ဒါလောက်တောင်ပဲ ရှုးသွပ်ရသလား မောင်မောင်ရယ်၊ အစ်မတော်က အဲဒီစည်းစိမ်ချမ်းသာကို မလိုချင်ပါဘူး၊ မောင်မောင်နဲ့အတူ အေးချမ်းငြိမ်သက်တဲ့ဘဝမှာ နေရရင် တော်ပါပြီ''

စစ်ပွဲများတွင် ရဲရင့်တက်ကြွသော ရက်စက်ကြမ်းတမ်းသော နတ်ရှင်နောင်သည် ရာဇဓာတုကလျာ၏ စကားကို အကြားတွင် ချက်ချင်းပင် အပြစ်ကင်းစင်သော ယုန်သူငယ်ပမာ နူးညံ့သိမ်မွေ့သွားသည်။

''အစ်မတော်ကို အေးချမ်းငြိမ်သက်တဲ့ဘဝမှာ နောင် ထားပါမယ်၊ အခုအချိန်ကစပြီး အစ်မတော်ရဲ့ ဘဝမှာ ဘာအပူအပင်မှ မရှိစေရဘူး၊ ဘာအနှောင့်အယှက်မှ မတွေ့စေရဘူး၊ အစ်မတော်ဆီ ရောက်လာတဲ့ ဘေးရန်မှန်သမျှကို နောင် ဖြေရှင်းပေးပါ့မယ်''

''ကြားရတာနဲ့တင်ပဲ အစ်မတော် စိတ်ချမ်းသာနေပါပြီ မောင်မောင်''

နတ်ရှင်နောင်က ဓာတုကလျာ၏ ရင်ခွင်တွင် နှံ့မှီလိုက်၏။ ဓာတုကလျာက ချစ်ခြင်းမေတ္တာဖြင့် အရောင်လက်နေသော မျက်ဝန်းအကြည့်ဖြင့် နတ်ရှင်နောင်အား ကြည့်သည်။

''အခုအချိန်ကစပြီး အစ်မတော်ကို နောင် ပိုင်ပြီ၊ အစ်မတော်ကို နတ်ရှင်နောင်က သိမ်းပိုက်လိုက်ပြီ''



''အင်း… အစ်မတော်က စစ်ရှုံးဘုရင်ရဲ့ နှမတော်ဆိုတော့လည်း စစ်နိုင်သူက သိမ်းပိုက်တယ်ဆိုရင် အသိမ်းပိုက်ခံရမှာပေါ့လေ''

အားလျော့ဟန်ဖြင့် ပြောလိုက်သည့် ဓာတုကလျာ၏ စကားက နတ်ရှင်နောင်အား တုန်လှုပ်သွားစေသည်။ သူက အံ့အားတသင့်နိုင်သော အကြည့်ဖြင့် ဓာတုကလျာကို ကြည့်သည်။

''ဒါ… ဘယ်လို ပြောလိုက်တာလဲ အစ်မတော်၊ နောင်က စစ်နိုင်သူတစ်ယောက်အဖြစ်နဲ့ အစ်မတော်ကို သိမ်းပိုက်မှာ မဟုတ်ပါဘူး၊ ဆယ်နှစ်ဆယ်မိုးတိတ်တခိုး ချစ်ကြိုးသွယ်ရသူအဖြစ်နဲ့ အစ်မတော်ကို ထွေးပွေ့ထားမှာပါ၊ မောင်မောင့်အတွက်တော့ အစ်မတော်ဟာ ချစ်သူပါပဲ၊ အစ်မတော်ဟာ ဘယ်သူ့နှမဖြစ်ဖြစ် အကြောင်းမဟုတ်ပါဘူး၊ အဲဒါကို နောင် အရေးမထားပါဘူး''

နတ်ရှင်နောင်က ရာဇဓာတုကလျာ၏ ပခုံးကို ညင်သာစွာ ဆုပ်ကိုင်ရင်းမှ ပြောသည်။ ထိုအခါ ငိုင်တွေတွေလေး ဖြစ်နေသော ဓာတုကလျာ၏ မျက်နှာမှာ အပြောင်းအလဲတွေ ပေါ်လာသည်။ သူက နတ်ရှင်နောင်အား ရွှန်းရွှန်းစားစား ကြည့်ရင်း ပြုံးလေသည်။

''အစ်မတော်ရဲ့ စကားကြောင့် နိုးရိမ်ထိတ်လန့်သွားသလား မောင်မောင်၊ အစ်မတော်က မောင်မောင့်ကို တမင်သက်သက် ကျီစယ်လိုက်တာပါ''

''ဒီလိုစကားမျိုးနဲ့ မကျီစယ်ပါနဲ့ အစ်မတော်ရယ်၊ နောင် မခံစားနိုင်ပါဘူး၊ စစ်ရှုံးသူတို့ စစ်နိုင်သူတို့ ဆိုတာတွေကို ဘေးဖယ်ထား၊ အခုအချိန်မှာ နတ်ရှင်နောင်နဲ့ ရာဇဓာတုကလျာပဲ ရှိတယ်၊ ဒီနေ့ ဒီအချိန်ကစပြီး နောင် ဟောဒီအဆောင်မှာ အစ်မတော်နဲ့အတူ စံမြန်းမယ်၊ ဘာအမိန့် ဘာအာဏာနဲ့မှ မဟုတ်ဘဲ နောင်တို့နှစ်ယောက်ရဲ့ ဘဝကို မေတ္တာနဲ့ တည်ဆောက်ကြမယ်''

ဓာတုကလျာမှာ ဣန္ဒြေဆောင်ရင်း ကျီစားရင်းနှင့် နတ်ရှင်နောင်၏ စကားတွင် ပျော်ဝင်သွားသည်။ နတ်ရှင်နောင်ကိုယ်တိုင်မှာလည်း သူ၏ တာဝန်ဝတ္တရားများကို မေ့လျော့ပြီး ဓာတုကလျာ၏ အယုအယတွင် မူးရစ်သွားသည်။

နတ်ရှင်နောင်သည် ဓာတုကလျာ၏ အဆောင်တွင် အချိန်ကုန်အောင် နေခဲ့ပြီးနောက် ခမည်းတော် မင်းရဲသီဟသူထံ အခစားဝင်သည်။ ခမည်းတော်၏ အမိန့်ကို နာခံပြီးနောက် ဟံသာဝတီနေပြည်တော်၏ အရေးကိစ္စများကို ဆောင်ရွက်သည်။

ခမည်းတော်နှင့်အတူ ဟံသာဝတီ၏ အုပ်ချုပ်ရေးတာဝန်ကို ယူထားသော်လည်း နတ်ရှင်နောင်က ရာဇဓာတုကလျာကို ပစ်မထား၊ အချိန်ရပြီး အားပြီဆိုသည်နှင့် ဓာတုကလျာထံသို့ ပြေးသည်။

မင်းရဲသီဟသူက ဟံသာဝတီမှ သစ္စာခံလာသူတို့အား လက်ခံ၊ ဟံသာဝတီအရေးကို ဆောင်ရွက်နေစဉ် အယုဒ္ဓယဘုရင် ချီလာကြောင်း သတင်းရသဖြင့် စစ်ရေးညီလာခံကို အလျင်အမြန် ခေါ်သည်။

ညီလာခံတွင် အယုဒ္ဓယတပ်ကို ဟံသာဝတီမှ ခုခံသင့်၊ မသင့်။ ကေတုမတီသို့ ပြောင်းရွှေ့ပြီး ခုခံလျှင် ကောင်း၊ မကောင်း ဆွေးနွေးကြသည်။ စစ်ရေးညီလာခံက ဗြနရာဇ်၏ အယုဒ္ဓယတပ်ကို ဟံသာဝတီမှ မခုခံဘဲ ကေတုမတီသို့ ပြန်ပြီး ခုခံသည်က အကောင်းဆုံးဟု ဆုံးဖြတ်ချက်ချ၏။

ဟံသာဝတီအရေးတွင် ရခိုင်ဘုရင်နှင့် မဟာမိတ်ပြုရာတွင် ကတိစကား ရှိသည်နှင့်အညီ နန္ဒဘုရင်၏ သမီးတော် ခင်မနောင်းကို ရခိုင်ဘုရင်သို့ ပေးဆက်သည်။ ရခိုင်ဘုရင့်တပ်ကိုလည်း လက်ဆောင်ပဏ္ဏာအမျိုးမျိုး ပေးအပ်၏။ ထို့နောက်တွင် မင်းရဲသီဟသူ ဦးစီးသောတပ် ကေတုမတီသို့ ထွက်ခွာသည်။ နတ်ရှင်နောင်က ရာဇဓာတုကလျာကို ကေတုမတီသို့ အပါခေါ်ခဲ့သည်။

ဟံသာဝတီတွင် ရခိုင်ဘုရင့်တပ် ကျန်ခဲ့၏။ ၎င်းတို့က ဟံသာဝတီရှိ အိမ်ကြီးအိမ်ကောင်းများကို မီးရှို့ဖျက်ဆီးသည်။ ထို့နောက် မြို့က ခွာသည်။ အယုဒ္ဓယက ရိက္ခာပို့လာသည့် တပ်ကို လမ်းမှ ဆီးကြိုတိုက်ခိုက်သည်။ ထိုအခါ ဗြနရာဇ်၏ အယုဒ္ဓယတပ် ရိက္ခာ ရှားပါးငတ်မွတ်ခြင်းနှင့် ကြုံရသည်။

နတ်ရှင်နောင်နှင့် ခမည်းတော်တို့၏ တပ် ကေတုမတီကို ရောက်ပြီးနောက် မြို့ကို လုံခြုံအောင် စီမံပြီး ဗြနရာဇ် လာရောက် တိုက်ခိုက်မည်ကို စောင့်သည်။ ဗြနရာဇ်က နတ်ရှင်နောင်တို့ တပ် ဟံသာဝတီတွင် မရှိ၊ ကေတုမတီသို့ ထွက်ခွာသွားကြောင်း သိလျှင် ကေတုမတီသို့ လိုက်သည်။

ဗြနရာဇ်သည် မြို့ကို ဝန်းရံထားပြီးနောက် ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်ကို ပြုစုစောင့်ရှောက်လိုသဖြင့် ပေးအပ်ရန် တောင်းဆိုသည်။

''ငါက ငါ့နောင်တော်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်စောင့်ရှောက်ဖို့ ခေါ်လာတာမို့ သင့်လက်ကို မအပ်နိုင်ဘူး''

ကေတုမတီပြည့်ရှင် မင်းရဲသီဟသူ၏ တုံ့ပြန်စကားကို ကြားသိသည့်တိုင် ဗြနရာဇ် မပြန်။ တပ်အပေါင်းနှင့် ကေတုမတီကို ဝိုင်းထားလျက် တိုက်ခိုက်



သည်။ နတ်ရှင်နောင်က တပ်များကို ဦးစီးပြီး ကျူးကျော်လာသော ဗြနရာဇ်တပ်ကို တိုက်သည်။ ဗြနရာဇ်၏ အယုဒ္ဓယတပ် ကေတုမတီမှ ခွာ၍ အယုဒ္ဓယသို့ ပြန်လေသည်။

''ဘကြီးတော် နန္ဒဘုရင် ရှိနေရင် ဗြနရာဇ်က အခုလိုပဲ လာနှောင့်ယှက်လို့ ရန်စရှာနေလိမ့်မယ်၊ ဘကြီးတော်ဟာ သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကြောင့် သေသင့်တာမို့ အဆုံးစီရင်ပါ ခမည်းတော်''

နတ်ရှင်နောင်က ရန်စရှာမည်ကို တွေးပြီး ခမည်းတော်အား လျှောက်ထားသည်။ ခမည်းတော်က လက်မခံသဖြင့် မယ်တော်နှင့် တိုင်ပင်ပြီး နန္ဒဘုရင်ကို သုတ်သင်ရှင်းလင်းလိုက်သည်။

ကေတုမတီ၏ အာဏာစက် အောက်အရပ်ဒေသတစ်ခုလုံးသို့ ပြန့်သည်ထက် ပြန့်လာသည်။ နတ်ရှင်နောင်မှာ ဓာတုကလျာအပေါ်တွင် ပျားပိတုန်းပမာ ရစ်ဝဲရင်း ကြည်နူးပျော်ရွှင်နေ၏။

❑

# လုလင့်မျက်ရည်

## နှမ်းလျှမာလာ

ကေတုမတီ နန်းတော်သစ်ကြီးသည် ခံ့ခံ့ညားညား ခမ်းခမ်းနားနား ရှိနေသည်။ နန်းတော်သစ်ကြီး၌ ဆင်ယင်ကျင်းပသော နန်းတက်ပွဲကလည်း ခမ်းခမ်းနားနား ရှိလွန်းသည်။

မင်းရဲသီဟသူသည် သက္ကရာဇ် ၉၆၄ ခု၊ တန်ခူးလဆန်း ၁၀ ရက် သောကြာနေ့၊ နက္ခတ်ခြောက်လုံး၊ တစ်ဆယ့်ငါးဃဋီ၊ မေထုန်စန်းကုံလဂ်နှင့် တကွ ညဥ့်သုံးချက်တီးကျော်တွင် မိဖုရားခေါင်ကြီးနှင့်တကွ နန်းတက်တော်မူသည်။ မိဖုရားခေါင်ကြီးမှာ ဘုရင့်နောင်မင်းတရားကြီးနှင့် အင်းဝရွှေနန်းကြော့ရှင်မင်း၏ သမီးတော်၊ စန္ဒာဒေဝီဘွဲ့ခံ သီရိဘုန်းထွတ်တို့၏ သမီးတော် မင်းခင်စောဖြစ်သည်။

ကေတုမတီ ရွှေနန်းတည် မင်းရဲသီဟသူသည် နန်းတက်သည့်အခါ မဟာဓမ္မရာဇာ အမည်ကို ခံယူသည်။ မိဖုရားခေါင်ကြီး မင်းခင်စောကို အတုလအဂ္ဂမဟာဒေဝီဘွဲ့ပေး၏။ သားတော် နတ်ရှင်နောင်ကို အိမ်ရှေ့ဥပရာဇာ



အဖြစ် ဒိုင်းစု၊ သင်းစု၊ မြင်းစုကို ပေးသည်။ ရာဇဓာတုကလျာနှင့်လည်း စုံဖက်ပေးလေသည်။

နတ်ရှင်နောင်မှာ သူ ချစ်သော ဓာတုကလျာနှင့် အတူနေရသဖြင့် ပျော်၍မဆုံးနိုင် ရှိနေသည်။ သူက အိမ်ရှေ့မင်း၏ တာဝန်ဝတ္တရားများကို တက်တက်ကြွကြွ ဆောင်ရွက်သည်။ ဓာတုကလျာနှင့်လည်း ပျော်ပျော်ရွှင်ရွှင် နေသည်။ ညီတော်၊ ဦးရီးတော်တို့နှင့်လည်း စိတ်ချမ်းမြေ့စွာ ကူလီရိုက်ကစားသည်။

အိမ်ရှေ့စံ နတ်ရှင်နောင် စံအိမ်တော်မှာ တေးကဗျာ သီဆိုသံ၊ စောင်းညင်း စသည့် ပတ်သာ တူရိယာပစ္စည်း တီးခတ်သံတို့ ညံညံစီစီ ရှိနေသည်။ ဂီတသံ၊ တေးသီချင်းသံတို့ တိတ်ဆိတ်နေချိန်၌ နတ်ရှင်နောင်သည် စာဆိုဖက်များ ဖြစ်သော ဇေယျရန္တမိတ်၊ ရဝေရှင်ထွေးတို့နှင့်အတူ ကဗျာလင်္ကာများ ရေးဖွဲ့နေတတ်သည်။

နှစ်ရှည်လများ တိတ်တခိုး မြတ်နိုးချစ်ကြင်ခဲ့ရသော ရာဇဓာတုကလျာနှင့် နေရချိန်လေးသည် နတ်ရှင်နောင်အတွက် ကြည်နူးစရာအကောင်းဆုံးအချိန် ဖြစ်နေ၏။ သို့သော် ကေတုမတီသို့ ရောက်ပြီးနောက် တဖြည်းဖြည်း သဲသဲလာသော ရောဂါဝေဒနာတစ်ရပ်က ဓာတုကလျာအား နှိပ်စက်လာသည့်အခါ အပျော်များကြားသို့ သောကဝေဒနာတွေ ဝင်လာသည်။

ဓာတုကလျာသည် အိမ်ရှေ့မင်း အိမ်တော်တွင် နတ်ရှင်နောင် ရှိနေသည့် အခါမျိုး၌ ရယ်ရယ်မောမောနှင့် အနာရုပ်ကို ဟန်လုပ်နေသော်လည်း နတ်ရှင်နောင် လွှတ်တက်နေသည့်အခါ၊ ကူလီရိုက် ကစားရန် သွားနေသည့်အခါ၊ အခြားတစ်ပါးသော ကိစ္စများနှင့် နတ်ရှင်နောင် အပြင်ထွက်နေသည့် အခါများတွင် ဝေဒနာကို တင်းမခံတော့ဘဲ သလွန်ညောင်စောင်းတွင် လဲလျောင်းနေတတ်၏။

သမားတော်တို့ကို ကျိတ်ပြီးပြကာ ကုသနေတတ်သည်။ ဓာတုကလျာ ခံစားနေရသည့် ဝေဒနာမှာ မသက်သာ။ တစ်နေ့တခြား ဆိုး၍ ဆိုး၍လာသည်။ ထိုအခါ ဓာတုကလျာ၏ ကိုယ်တွင် ကပ်ငြိနေသော ရောဂါဝေဒနာအကြောင်း နတ်ရှင်နောင် သိသွားလေသည်။

"အစ်မတော် ရောဂါဝေဒနာ ခံစားနေရတာ ကြာပြီဆို၊ ဘယ်လိုကြောင့် နောင့်ကို မပြောဘဲ ဖုံးထားရတာလဲ"

"ဝေဒနာက သိပ်ဆိုးဆိုးရွားရွား မဟုတ်ပါဘူး၊ ဒါကြောင့် မောင်မောင့်ကို အသိမပေးတာပါ"

"ဘယ့်နှယ်… ဆိုးဆိုးရွားရွား မဟုတ်ရမှာလဲ၊ သမားတော်နဲ့ နောင်တွေ့ပြီးပြီ၊ အစ်မတော် ခံစားနေရတဲ့ ဝေဒနာက ကုသရခက်တဲ့ ဝေဒနာဆိုတာ သိခဲ့ရပြီ၊ ဒီလို မလုပ်ပါနဲ့ အစ်မတော်ရယ်၊ နောင်က အစ်မတော်ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး စိတ်ချမ်းသာနေရသူပါ၊ အစ်မတော်ရဲ့ အခြေအနေကို အကဲခတ်ပြီး ပျော်နေရတဲ့သူပါ၊ အလိမ်အညာတွေနဲ့ ဟန်ဆောင်ပြီး နောင့်ကို မလှည့်စားပါနဲ့"

"အို… မောင်မောင်ရယ်၊ ဒီလို မပြောပါနဲ့၊ အစ်မတော် မောင်မောင့်ကို မလှည့်စားပါဘူး၊ မောင်မောင့်ကို စိတ်ချမ်းချမ်းသာသာ ရှိစေချင်လို့ အသိပေးသင့်တာကို မပေးဘဲ နေခဲ့တာပါ"

နတ်ရှင်နောင်က ကြေကွဲဝမ်းနည်းဟန်ဖြင့် ပြောနေသော ဓာတုကလျာကို ထွေးဖက်လိုက်သည်။ ဓာတုကလျာမှာ ယခင်ကလို ဟန်ဆောင်ခြင်း မပြုတော့ဘဲ နတ်ရှင်နောင် ရင်ခွင်တွင် ပျော့ခွေစွာ တိုးဝင်လိုက်၏။

"အစ်မတော်.. အခု နေလို့ကောင်းရဲ့လား၊ သမားတော်ကို ပင့်ခေါ်ပေးရမလား"

"သမားတော်က မောင်မောင် ပြန်မရောက်ခင်လေးမှာဘဲ လာသွားပြီးပါပြီ"

"သမားတော်က ဆေးပေးမသွားဘူးလား၊ အခုလို အခြေအနေမှာ ဆေးသောက်ဖို့ မလိုဘူးလား အစ်မတော်"

"သမားတော်က ဝေဒနာသည်းလာရင် သောက်ဖို့ ပေးသွားတဲ့ဆေး ရှိတယ်၊ မောင်မောင်ကိုယ်တိုင် ဆေးတိုက်ပါနော်"

"တိုက်မှာပေါ့ အစ်မတော်ရယ်၊ တိုက်မှာပေါ့"

နတ်ရှင်နောင်က ကပျာကယာ ရေခပ်သည်။ ဓာတုကလျာ ပေးသော ဆေးထုပ်ကို ဖြေပြီး တိုက်သည်။ ဓာတုကလျာက နတ်ရှင်နောင်၏ ရင်ခွင်တွင် နွဲ့မှီပြီး ခါးသက်လှသော ဆေးကို ကြိတ်မှိတ်ပြီး သောက်သည်။

"အစ်မတော်လေ… မောင်မောင်နဲ့အတူ အကြာကြီး နေချင်တယ်၊ ပျော်ပျော်ကြီး နေချင်တယ်၊ မောင်မောင့်အတွက် သားတော်လေးတစ်ပါးလည်း မွေးပေးချင်တယ်၊ ဒါပေမဲ့…"



"သားတော်က နောင်တို့နဲ့ မထိုက်လို့ မရခဲ့ဘူးလေ၊ ထိုက်တဲ့အခါ ရမှာပေါ့ အစ်မတော်ရယ်၊ ခုအချိန်မှာ တခြားကိစ္စတွေ မတွေးပါနဲ့၊ စိတ်ကို ထိန်းပါ၊ နောင့်ရင်ခွင်ထဲမှာ အေးအေးချမ်းချမ်းနဲ့ နေပါ"

ဓာတုကလျာ ပြုံးသည်။ ဖြူဖျော့ဖျော့နိုင်သော မျက်နှာပေါ်မှ အပြုံးက ရွှင်လန်းခြင်းမရှိ၊ ညှိုးနွမ်းနေ၏။ ထိုအပြုံးနွမ်းနွမ်းကို ကြည့်ရင်း နတ်ရှင်နောင်၏ ရင်မှာ နင့်သီးစွာ နာလာသည်။

"အစ်မတော်… နောင်နဲ့ စတွေ့တဲ့အချိန်ကို မှတ်မိသလားဟင်"

"မှတ်မိတာပေါ့၊ မောင်မောင်တို့ အယုဒ္ဓယက အပြန် အိမ်ရှေ့မင်းရဲ့ အလောင်းတော်ကို သယ်လာတော့…"

"ဟာ… မဟုတ်ဘူး၊ အဲဒါ စတွေ့တာမှ မဟုတ်တာ၊ ဘကြီးတော်ကို ကန်တော့ဖို့ အလာမှာ တွေ့ခဲ့တာလေ၊ အဲဒါကို အစ်မတော် မေ့နေပြီလား"

ဓာတုကလျာက မဖြေ။ နတ်ရှင်နောင်အား ပြုံးငေးငေးနှင့် ကြည့်နေသည်။

"အစ်မတော်က ပထမဆုံး တွေ့ခဲ့ကြတာကို မေ့နေတာကိုး"

"မဟုတ်ပါဘူး မောင်မောင်၊ မမေ့ပါဘူး၊ အဲဒီကတည်းက မောင်မောင် အစွဲအလမ်းကြီးတာကို သိခဲ့ပါတယ်၊ ဖြစ်နိုင်ရင်တော့ ကံနည်းခဲ့တဲ့ အဲဒီတုန်းက အကြောင်းကို အစ်မတော် မစဉ်းစားချင်ပါဘူး"

"အဲဒီတုန်းက ကံနည်းပေမယ့် အခုတော့ ကံမနည်းတော့ဘူးလေ၊ အစ်မတော် ခံစားနေရတဲ့ ဝေဒနာ ပျောက်ကင်းသက်သာရင် ပိုပြီးကံကောင်းလာမှာပါ"

ဓာတုကလျာက နတ်ရှင်နောင်၏ ပူနွေးပြီး အားပါသော လက်ကို အားကိုးတကြီးနှင့် ဆုပ်ကိုင်သည်။ နတ်ရှင်နောင်၏ မျက်နှာကို ချစ်ခင်မြတ်နိုးခြင်းဖြင့် ပြည့်သိပ်နေသည့် အကြည့်ဖြင့် ကြည့်ရင်း ပြုံးသည်။ ထိုအပြုံးမှာ တွေ့မြင်နေကျအတိုင်း နွမ်းလျမြဲ နွမ်းလျနေလေသည်။

□

# အရှုံး အနိုင်

"သန်လျင်စား ဇေင်ကာက သူ့သမီးကို မုတ္တမစား ဗညားဒလရဲ့သား ဗညားနွယ်နဲ့ လက်ဆက်ပေးလိုက်တဲ့အတွက် သန်လျင်နဲ့ မုတ္တမ ပေါင်းစည်းမိသွားပါပြီ"

နေမျိုးသီရိ ပြောကြားလာသည့် သတင်းစကားက နတ်ရှင်နောင်အတွက် မထူးခြားလှ။ မြို့စား၊ ရွာစားများ၊ နယ်စားပယ်စားများသည် တစ်ဦးနှင့်တစ်ဦး သမီးပေး… နှမပေးနှင့် မဟာမိတ်ဖွဲ့ကြသည်မှာ ၎င်းတို့၏ လုံခြုံရေး၊ ဘေးကင်းနိုင်ရေးအတွက် ဖြစ်ကြောင်း နတ်ရှင်နောင် ကောင်းကောင်းသိသည်။

"ဇေင်ကာ ဆိုတာ ရခိုင်ဘုရင် မင်းရာဇာကြီးရဲ့ ကျွန်ယုံပဲ၊ မင်းရာဇာကြီးက ကေတုမတီနဲ့ ရခိုင် အလျင်အမြန် ဆက်သွယ်နိုင်ဖို့ ကြားခံအဖြစ် ဇေင်ကာကို သန်လျင်မှာ အခြေစိုက် နေထိုင်ခွင့်ပြုဖို့ ခမည်းတော်ဆီမှာ ပန်ကြားခဲ့တာပဲ၊ ဇေင်ကာဟာ သိပ်အရေးထားလောက်စရာ မဟုတ်ဘူး ထင်ပါတယ်"

"ဖွင်ကာကူလို့ ခေါ်တဲ့ ဇေင်ကာဟာ အိမ်ရှေ့ကိုယ်တော် ထင်သလို သာမန်ကျွန်ယုံတစ်ယောက် မဟုတ်ပါဘူး၊ အကြံကြီးပြီး ကြောက်စရာကောင်း



တဲ့ လူမျိုးပါ၊ သူဟာ အခွင့်အရေးရမယ်ဆိုရင် သခင်ရင်းကို သစ္စာဖောက်ဖို့ ဝန်လေးမှာ မဟုတ်ပါဘူး"

နတ်ရှင်နောင်က နေမျိုးသီရိ၏ စကားကို လက်မခံနိုင်ဟန်ဖြင့် ခေါင်းခါသည်။

"ဇေင်ကာဟာ ပါးရည်နပ်ရည် ရှိတာမှန်ပေမယ့် ငါတို့ကို ထောင်ထားခြားနားလောက်အောင်တော့ အစွမ်းအစရှိမယ် မထင်ပါဘူး၊ တစ်ခုတော့ ရှိတယ်၊ သူနဲ့ ပတ်သက်ပြီး ပေါ့ပေါ့လျော့လျော့တော့ မနေနဲ့၊ သူ့ကို အကဲခတ်ပါ၊ သူနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးဖို့အတွက် နန္ဒကျော်ထင်ကို တာဝန်ပေးပါ"

နေမျိုးသီရိက နတ်ရှင်နောင် အလိုကျ လုပ်ဆောင်ပေးမည့်အကြောင်း တင်လျှောက်မည်အပြုတွင် ခန်းမဆောင်အတွင်းသို့ ရေးကြီးသုတ်ပျာ ဝင်လာသည့် ခြေသံကို ကြားရသည်။

"အထောက်တော်မှူး နန္ဒကျော်ထင်… ရှေ့တော်ကို ဝင်ခွင့်တောင်းနေပါတယ် အရှင်"

ခန်းမဆောင်အတွင်းသို့ ဝင်လာသော အစောင့်ရဲမက်က အကြောင်းကြားသည်။ နတ်ရှင်နောင်က ခေါင်းညိတ်လိုက်၏။

"နန္ဒကျော်ထင်… ဝင်ပါစေ"

ရေးကြီးသုတ်ပျာနိုင်သော ခြေသံ ခန်းမဆောင်အတွင်းမှ ပြန်ထွက်သွားသည်။ တစ်ခဏအကြာတွင် လေးလေးမှန်မှန် နင်းလျှောက်လာသော ခြေသံကို ကြားရသည်။ ခြေသံနှင့်အတူ အားကောင်းမောင်းသန် ထွားကျိုင်းသန်မာသော နန္ဒကျော်ထင် နတ်ရှင်နောင်တို့ ရှိနေရာသို့ ရောက်လာသည်။

"အရေးတကြီး လျှောက်ထားစရာ ရှိပါတယ်၊ အိမ်ရှေ့ကိုယ်တော်"

"ဘာများလဲဟေ့… ဘာတွေဖြစ်နေလို့လဲ"

"သန်လျင်စား ဇေင်ကာ ထောင်ထားခြားနားနေပါပြီ၊ သန်လျင်က ပေးဆက်နေကျ လက်ဆောင်ပဏ္ဏာတွေ မဆက်တာ လနဲ့ချီကြာလို့ စုံစမ်းစစ်ဆေးကြည့်တဲ့အခါ ဇေင်ကာက သန်လျင်ကို အခိုင်အမာ တည်ဆောက်နေတာ တွေ့ရပါတယ်"

"ဟင်… ဟုတ်လား… ဒီအကြောင်း ရခိုင်ဘုရင်ကို အသိပေးရမှာပေါ့"

"ဒီသတင်းကို ကျွန်တော်မျိုး ရခိုင်ဘုရင့်အထောက်တော်ဆီက ရတာပါ၊ အခုဆိုရင် ရခိုင်တပ်တွေ သန်လျင်ကို ချီနေလောက်ပြီ ထင်ပါတယ်၊ ကျွန်တော်မျိုးက ရခိုင်ဘုရင် ပေးပို့တဲ့ စာလွှာကို ယူလာပါတယ်"

နန္ဒကျော်ထင်က သူ့လက်ထဲမှစာကို နတ်ရှင်နောင်အား ပေးသည်။ နတ်ရှင်နောင်က စာကို သိလိုစိတ်ကြီးစွာနှင့် ဖတ်သည်။ စာဖတ်နေရင်း သူ့မျက်နှာထားက တင်းမာခက်ထန်လာ၏။

"နန္ဒကျော်ထင် လျှောက်ထားတဲ့အတိုင်း ဇေင်ကာက ထောင်ထားခြားနားနေပြီ၊ မောင်မင်းတို့ စစ်ထွက်ဖို့ တပ်တွေကို အသင့်ပြင်ရမယ်၊ ငါ့ခမည်းတော်ဆီကို ဝင်မယ်၊ အခု ငါတို့ စစ်ရေးကိစ္စ ဆွေးနွေးကြရအောင်"

နတ်ရှင်နောင်က သူ၏ လူယုံများ ဖြစ်သော နေမျိုးသီရိနှင့် နန္ဒကျော်ထင်တို့အား အနားသို့ ခေါ်ပြီး စစ်ရေးကိစ္စများကို တိုင်ပင်သည်။ ထို့နောက် နေမျိုးသီရိတို့အား တပ်များ အသင့်ပြင်ထားစေရန် စေလွှတ်သည်။ သူကိုယ်တိုင်က ခမည်းတော် ကေတုမတီပြည့်ရှင် မင်းရဲသီဟသူထံသို့ ဝင်သည်။ ရခိုင်ဘုရင် မင်းရာဇာကြီးထံမှ စာကို ခမည်းတော်အား ဆက်သပြီး ကြားသိထားသမျှ အခြေအနေ အရပ်ရပ်ကို လျှောက်ထားသည်။

မင်းရဲသီဟသူက သန်လျင်သို့ ချက်ချင်း ချီတက်တိုက်ခိုက်ရန် အမိန့်ပေးသည်။

"သင်းကို ငါက ခံတပ်မြို့စောင့်တစ်ဦးအဖြစ်နဲ့ လက်ခံထားခဲ့တယ်၊ အခု အင်အားလေး ကောင်းလာတာနဲ့ သင်းက ထောင်ထားဖို့ ကြိုးစားလာတယ်၊ သင်းကို သားတော်ကိုယ်တိုင် သွားရောက်ရှင်းလင်းပါ"

ခမည်းတော် ဘုရင်မင်းမြတ်ထံမှ မျှော်လင့်ထားပြီးသား အမိန့်စကားနားထောင်ပြီးနောက် နတ်ရှင်နောင်သည် အိမ်ရှေ့မိဖုရား ဓာတုကလျာထံသို့ ဝင်သည်။ နာမကျန်းဖြစ်နေသော ဓာတုကလျာကို အားပေးစကား ပြောရင်း နှုတ်ဆက်သည်။

"တိုက်ပွဲမှာ အောင်ပန်းဆင်ပြီး ပြန်လာပါ မောင်မောင်၊ အစ်မတော် အောင်ပွဲနဲ့အတူ ပြန်လာမယ့် မောင်မောင်ကို ဝမ်းပန်းတသာ ကြိုနေပါ့ရစေ"

နတ်ရှင်နောင်သည် အသားအရေ ဖြူဖျော့ဖျော့နှင့် အားနည်းနေပုံရသော ဓာတုကလျာအနားမှ မခွာရက်။ သို့သော် ပြည်ထဲရေးက အရေးကြီးနေ



သဖြင့် စိတ်တင်းပြီး ထွက်ခဲ့ရသည်။ မချိတရိနိုင်သော ခံစားချက်တွေ ရင်မှာ ကပ်ငြိလျက်ပါလာ၏။

နေမျိုးသီရိနှင့် နန္ဒကျော်ထင်တို့သည် စစ်ထွက်ရန် အမြန်ဆုံး စီစဉ်ပြင်ဆင်သည်။ ကြီးလေးသော တာဝန်တစ်ရပ် ဖြစ်သဖြင့် သူတို့ မပေါ့ဆရဲ။ နတ်ရှင်နောင် ရောက်လာချိန်ထိ စီစဉ်၍မပြီးနိုင် ရှိနေ၏။

နတ်ရှင်နောင်သည် နေမျိုးသီရိတို့ စီစဉ် ပြင်ဆင်ထားသည်ကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်စွက်သည်။ စစ်ဆင်၊ စစ်မြင်း၊ စစ်သည်ရဲမက်၊ စစ်လက်နက်၊ မျိုးရိက္ခာတို့ ပြည့်စုံသည်နှင့် စစ်ထွက်သည်။

စစ်ထွက်ခဲ့စဉ် ဓာတုကလျာအတွက် ရတက်မအေးနိုင် ရှိရသည်။ စိုးရိမ်စိတ်၊ လွမ်းဆွတ်စိတ်နှင့် ရတု ကဗျာတွေ ရေးဖွဲ့ဖြစ်သည်။ ထိုအလွမ်းကဲသော စစ်ချီရတုများသည် ဓာတုကလျာ၏ သောကကို ဖြေနိုင်ပါစေဟု နတ်ရှင်နောင် ရည်ရွယ်သည်။ သူ့ရင်ထဲက အလွမ်းတွေမှ ပြေသည်ဟု မရှိ။

**နန်းမြေအောင်ချာ၊ လှနတ်မှာမူ**
**ဗျာပါပြေဘွယ်၊ ရှင်မခြယ်တည့်**
**ညှိုးငယ်မယ့်ရုပ်၊ တဲ့ယောင်ချုပ်လည်း**
**မှိုင်းအုပ်ထွေထွေ၊ တိမ်သို့ဝေမျှ၊**
**မျော်ဖြေမစ၊ ယုယဆည်ထား**
**သူနှင့်ခြားတည်း၊ မျော်ပါးမေ့ကျန်ပေလိမ့်မည်**

စစ်ချီရတုကို အဆုံးသတ်ချိန်တွင် နတ်ရှင်နောင်၏ ရင်မှာ လွမ်းတမြမြနှင့် ရှိနေသည်။ သို့သော် သူက စစ်ထွက်သူမို့ ထိုခံစားချက်ကို ကြာရှည်ကြာမြင့် သိမ်းပိုက်ထားနိုင်ခြင်း မရှိ။ စစ်ရေးကိစ္စအဝဝကို စီစဉ်ရသည့်အခါ အလွမ်းများကို ဖယ်ထားရသည်။

ရခိုင်ဘုရင့်သားတော် မင်းခမောင်း၏ တပ်က သန်လျင်ကို ဝင်တိုက်ခိုက်နေပြီဆိုသည့် သတင်းကို အကြားတွင် နတ်ရှင်နောင်မှာ လွမ်းဆွတ်နေခြင်းများ ကြားမှ ရုန်းထွက်ရ၏။

ကေတုမတီမှ ချီလာသည့် တပ်များ ဖြစ်သော ဘယကာမဏိတပ်၊ သီရိဇေယျကျော်ထင်တပ်၊ စည်သူကျော်ထင်တပ်၊ တရဖျားတပ်၊ သားတော် မင်းရဲကျော်ထင်တပ်၊ သားတော် မင်းရဲကျော်စွာတပ်၊ ညီတော် သတိုးဓမ္မရာဇာတပ်၊ သားတော် အိမ်ရှေ့မင်းတပ် စသည့် တပ်ရှစ်တပ်၊ တိုက်ဆင် သုံးရာ၊

မြင်း သုံးထောင်၊ စစ်သည်ရဲမက်အင်အား ငါးသောင်းသည် မကော်သို့ အရောက်တွင် တပ်ရပ်ပြီး တိုက်ပွဲသတင်းကို စုံစမ်းသည်။

ရခိုင်ဘုရင့်သားတော် မင်းခမောင်း အုပ်ချုပ်သည့် ကတ္တူလွန်းကြင် တိုက်လှေကြီး တစ်ရာ၊ တံခွက်လှေငယ် တစ်ရာပါ ရခိုင်ရေတပ်က ကေတုမတီတပ် ရောက်မလာမီ သန်လျင်ကို တိုက်ခိုက်သည်။ ဇေင်ကာက အပြင်းအထန် ပြန်လည်တိုက်ခိုက်သဖြင့် ရခိုင်ရေတပ် ပျက်ပြီး မင်းခမောင်းမှာ ဇေင်ကာ၏ အကျဉ်းသား ဖြစ်ရလေသည်။

ရခိုင်ဘုရင် မင်းရာဇာကြီးသည် ဇေင်ကာက မင်းခမောင်းအား ဖမ်းဆီးထားကြောင်း သတင်းကြားသည်နှင့် တိုက်လှေ သုံးရာကို ကိုယ်တိုင် အုပ်ချုပ်ပြီး သန်လျင်သို့ ချီလာသည်။ မကော်အရပ်တွင် တပ်အခိုင်အလုံနှင့် နေနေသော ကေတုမတီတပ်နှင့် တွေ့သည့်အခါ ရပ်နားပြီး အိမ်ရှေ့စံ နတ်ရှင်နောင်နှင့် စစ်ရေးကိစ္စကို ဆွေးနွေးသည်။ နောက်ဆုံးတွင် သန်လျင်မြို့ကို ဝန်းရံထားရုံအပြင် အခြားနည်းလမ်းမရှိကြောင်း အဖြေပေါ်သည်နှင့် တပ်များ ဖြန့်လျက် သန်လျင်မြို့ကို ဝန်းရံသည်။ သို့သော် ဇေင်ကာက သူ၏တပ်များကို ဟာကွက်မရှိအောင် နေရာချထားပြီး ကေတုမတီနှင့် ရခိုင်တပ်တို့ကို ခုခံသည်။

ကေတုမတီနှင့် ရခိုင်မဟာမိတ်တပ်သည် သန်လျင်မြို့ကို ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိ။ မြို့ရိုးအနားသို့ ကပ်သည်နှင့် မြို့ရိုးပေါ်ရှိ မြို့စောင့်တပ်၏ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းကို ခံရသည်။

နတ်ရှင်နောင်သည် တပ်များကို လိုက်လံစစ်ဆေးရင်း သန်လျင်မြို့တွင်းမှ ခုခံနေသော ဇေင်ကာ၏ တပ်အခြေအနေကို စုံစမ်းသည်။ အင်အားအခိုင်အမာနှင့် ရှိနေပြီး တိုက်ခိုက် အနိုင်ယူရန် မလွယ်ကြောင်း သိသဖြင့် ရခိုင်ဘုရင် မင်းရာဇာကြီးအား အိမ်ရှေ့ဥပရာဇာ မင်းခမောင်းကို ပြန်ရရန် ဦးစွာကြိုးစားသင့်ကြောင်း၊ သံတမန်များ စေလွှတ်ပြီး ညှိနှိုင်းလျှင် ဇေင်ကာက မင်းခမောင်းကို ပြန်လည်ပေးအပ်မည် ထင်ကြောင်း ပြော၏။ ရခိုင်ဘုရင်က နတ်ရှင်နောင် အဆိုပြုသည်ကို နှစ်သက်သဖြင့် ဇေင်ကာနှင့် ပြေငြိမ်းစကားပြောသည်။ သားတော် အိမ်ရှေ့ဥပရာဇာကို ပြန်ပေးပါဟု တောင်းသည်။

ဇေင်ကာသည် ရခိုင်ဘုရင်က သံတမန် စေလွှတ်ပြီး ပြေငြိမ်းစကား ပြောသည်နှင့် ချက်ချင်း တုံ့ပြန်သည်။ သူ၏ သဘောထားကို ရခိုင်ဘုရင် သိသာစေရန် သံတမန်မှတစ်ဆင့် -



*'ကျွန်ုပ်ကို ကျွန်လို မဆက်ဆံဘဲ ပြည်ထောင်ဖက် မင်းတစ်ပါးအဖြစ် ဆက်ဆံပါ၊ သန်လျင်ကို တိုက်ခိုက်ခြင်း မပြုဘဲ စစ်ရုပ်သိမ်း၍ ပြန်ပါ၊ ကျွန်ုပ်၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြုလျှင် ရခိုင် ဥပရာဇာကို ပြန်ပေးပါမည်'*

ရခိုင်ဘုရင် မင်းရာဇာကြီးက သားတော်၏ အသက်ဘေးမှ ဇေင်ကာ အလိုကို လိုက်ချင်သည်။ ဇေင်ကာ တောင်းသည့်ကတိကို ပေးချင်သည်။ သို့သော် နှစ်ပြည်ထောင် ချစ်ကြည်မှုပြုထားသော ကေတုမတီဘုရင်၏ သဘောထားကို အလေးထားရမှာမို့ နတ်ရှင်နောင်နှင့် တိုင်ပင်သည်။

''ညီတော်တို့ သဘောတူရင် နောင်တော့်အနေနဲ့ သင်းရဲ့ အဆိုပြုစကားကို လက်ခံလိုက်ချင်တယ်''

''ဥပရာဇာ မင်းခမောင်း သူ့လက်ထဲမှာ ရှိနေမှတော့ သူ အဆိုစကားကို လက်ခံရုံအပြင် ဘာမှ မရှိပါဘူး နောင်တော်''

ကေတုမတီ ဘုရင့်သားတော် အိမ်ရှေ့ဥပရာဇာ ဖြစ်သော နတ်ရှင်နောင်နှင့် ရခိုင်ဘုရင်တို့က ဇေင်ကာအား ဘုရင်တစ်ပါးအဖြစ် အသိအမှတ်ပြုကြောင်း၊ တိုက်ပွဲရပ်ပြီး သန်လျင်ကို လွှတ်လပ်ခွင့်ပေးကြောင်း အကြောင်းပြန်ရသည်။ ထိုအခါ ဇေင်ကာက မင်းခမောင်းကို ပြန်ပေးသည်။ ရခိုင်ဘုရင်က သားတော်ကို ခေါ်ပြီး ရခိုင်သို့ ပြန်သည်။ နတ်ရှင်နောင်ကလည်း တပ်အပေါင်းကို အုပ်ချုပ်ပြီး ကေတုမတီသို့ ပြန်ခဲ့လေသည်။

❑

# ပြေမပြေ

ကေတုမတီတွင် နှင်းပတ်လည်ဝိုင်းနေသည်။ အိမ်ရှေ့အိမ်တော်မှာ နှင်းငွေ့အောက်တွင် ငြိမ်ဝပ်နေ၏။ ထိုငြိမ်ဝပ်နေသော အိမ်တော်အတွင်း၌ ရံရွေတော်များ၊ အထိန်းတော် အချီတော်များနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပင့်ခေါ်လာသော သမားတော်များ ရောက်ရှိနေသည်။

အိမ်တော်အတွင်း၌ စုရုံးနေသူများစွာ ရှိသော်လည်း အသံဗလံဟူ၍ တစ်စွန်းတစ်စမှ မထွက်။ အားလုံးသည် ငြိမ်သက်စွာနှင့် ညောင်စောင်းပေါ်တွင် ရှိနေသော ရာဇဓာတုကလျာအား လည်းကောင်း၊ ရာဇဓာတုကလျာဘေးတွင် စိုးရိမ်ပူပန်ခြင်းကြီးစွာနှင့် ထိုင်နေသော နတ်ရှင်နောင်အား လည်းကောင်း ကြည့်နေကြ၏။

နတ်ရှင်နောင်သည် အေးစက်နေသော ဓာတုကလျာ၏ လက်ကို ဆုပ်ကိုင်ရင်း ဖြူဖျော့ဖျော့နိုင်သော မျက်နှာကို စူးစိုက်ကြည့်နေသည်။ သူ့မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်အိုင်နေသဖြင့် ကြည့်သာ ကြည့်သော်လည်း



ဓာတုကလျာ၏ မျက်နှာကို ထင်ရှားပြတ်သားစွာ မမြင်။ မျက်ရည်ရိပ်ကြောင့် မှုန်ရီဝေဝါးနေ၏။

ရာဇဓာတုကလျာက ဝေသီနေဟန်ရှိသော အကြည့်ဖြင့် နတ်ရှင်နောင်ကို ကြည့်သည်။ ဖြူဖျော့နေသော်လည်း လှပနေဆဲဖြစ်သော မျက်နှာတွင် သောကရိပ်တွေ ထင်နေလျက် ရှိ၏။

လေပြည်တစ်ချက် ဝှေ့ခတ်လာသည်။ ညောင်စောင်းပေါ်တွင် မှီအုံးကို မှီပြီး သက်သောင့်သက်သာ ရှိနေသော ဓာတုကလျာ၏ နဖူးပြင်မှ ဆံနွယ်စတို့ လေအလာတွင် ဖွာရရာကြဲပြန့်သည်။

နတ်ရှင်နောင်က နဖူးပြင်ပေါ်မှ ဆံနွယ်စများကို အသာအယာ သိမ်းပေး၏။

"မောင်… မောင်…"

ဖြူဖျော့သော နှုတ်ခမ်းနှစ်လွှာ အလှုပ်တွင် တိုးတိုးသဲ့သဲ့ ခေါ်သံပေါ်လာသည်။ နတ်ရှင်နောင်က ထူးဟန်ဖြင့် ဓာတုကလျာ၏ လက်ကို ဖျစ်ညှစ်လိုက်၏။

"ဒီကနေ မြတ်စောညီနောင်ကို လှမ်းမျှော်ကြည့်ချင်တယ်"

ဓာတုကလျာ၏ အသံက တိုးလွန်းသဖြင့် နတ်ရှင်နောင်မှာ ဂရုတစိုက် နားထောင်ရင်း စကားအဆုံးတွင် ဓာတုကလျာ၏ ဆန္ဒအတိုင်း ဖြစ်စေရန် ပွေ့ချီထူမတ်လိုက်၏။

"လေသာပြတင်းကနေ လှမ်းပြီး မှန်းဆဖူးမြော်ပါ အစ်မတော်"

နတ်ရှင်နောင်က ပါးလုပ်လုပ်လေး ဖြစ်နေသော ဓာတုကလျာ၏ ကိုယ်ကို ကြင်နာစွာ ထွေးပွေ့ထားသည်။ ဓာတုကလျာသည် ပိန်သွယ်သွယ် လက်နှစ်ဖက်ကို ပင့်မြှောက်ကာ လက်အုပ်ချီ၏။ လက်နှစ်ဖက် နဖူးနှင့်အထိတွင် သူ့ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။

"မြတ်စောညီနောင်ကို အာရုံထဲမှာ မြင်ကြည့်ပါ အစ်မတော်"

ဓာတုကလျာထံမှ ပင့်သက်ရှိုက်သံသဲ့သဲ့လေး ပေါ်လာသည်။ သူသည် နတ်ရှင်နောင်၏ ရင်ခွင်တွင် နွဲ့မှီနေလျက် ချီထားသော လက်အုပ်ကို နဖူးနှင့် ထိထားလျက်နှင့် ငြိမ်သွား၏။

"အစ်မတော်…"

နတ်ရှင်နောင်က တိုးတိုးခေါ်သည်။ ငြိမ်လွန်းမက ငြိမ်နေသော ဓာတုကလျာ၏ မျက်နှာကို ငုံ့ကြည့်သည်။

"အစ်မတော်"

ဓာတုကလျာ မထူးတော့။ နတ်ရှင်နောင်က လှုပ်ကြည့်သည်။ ဓာတုကလျာ မလှုပ်တော့။

"အစ်မတော်..."

ဓာတုကလျာ တစ်ကိုယ်လုံးသည် နတ်ရှင်နောင်၏ ရင်ခွင်ထဲသို့ ပြိုလဲကျလာသည်။ နတ်ရှင်နောင်က ဓာတုကလျာအား တင်းကျပ်စွာ ပွေ့ထားရင်း လှုပနေဆဲ... တင့်တယ်နေဆဲ မျက်နှာကို ကြည့်သည်။ ဓာတုကလျာမှာ မျက်တောင်တစ်ချက်မှ မခတ်တော့။ ဝင်သက် တစ်ချက်မှ မရှူတော့။

"အစ်မတော်ရယ်... နောင့်ကို ထားခဲ့ပြီလား"

နတ်ရှင်နောင် ရင်ထဲတွင် အသံမဲ့စွာ ညည်းတွားသံတို့ ပွဲတင်ထပ်နေသည်။ တဖြည်းဖြည်း အေးစက်လာစ ဖြစ်သော ဓာတုကလျာအား ပွေ့ချီထားရင်းနှင့် နတ်ရှင်နောင်၏ နှလုံးသားတို့ တစ်စစီ ကွဲကြေနေသကဲ့သို့ ရှိသည်။

"သွားပေတော့... အစ်မတော်၊ သံသရာမှာ ပြန်ဆုံနိုင်ဖို့ နောင် ဆုတောင်းပါတယ်"

နတ်ရှင်နောင်၏ မျက်လုံးအစုံမှ မျက်ရည်စက်များ ဓာတုကလျာ၏ ကိုယ်ပေါ်သို့ ကျသည်။ ထိုမျက်ရည်စက်တို့သည် ပူနွေးနေလေ၏။

❑

# မိတ်သစ်

ကူလီပွဲသည် စိတ်ဝင်စားဖွယ် လှုပ်လှုပ်ရှားရှားနှင့် ရှိနေသည်။ နတ်ရှင်နောင်သည် တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံ အရှုံးမပေး၊ သဲသဲမဲမဲ ကစားနေသော ကူလီပွဲကို စင်ထက်မှနေ၍ အငေးသား ကြည့်နေသည်။

ကူလီပွဲတွင် နတ်ရှင်နောင်၏ ညီတော်များ ဖြစ်သော မင်းရဲကျော်စွာနှင့် မင်းရဲသီဟသူတို့က တစ်တွဲ၊ ညီတော် မင်းရဲကျော်ထင်နှင့် ဘထွေးတော် သတိုးမဏ္ဍရာဇာတို့က တစ်တွဲ အပြိုင်အဆိုင် ကစားနေကြသည်။ နတ်ရှင်နောင်နှင့်အတူ စင်မြင့်ထက်တွင် ရှိနေသော မင်းဆွေစိုးမျိုးများ၊ မင်းသားငယ်တို့၏ အိမ်တော်သားများနှင့် စင်မြင့်၏ ဘေးတစ်ချက်မှနေ၍ ကြည့်ရှုနေသော အမှုထမ်း၊ အရာထမ်းများ စစ်သည်ရဲမက်များတို့၏ အားပေးသံက ဆူဆူညံညံ ပေါ်ထွက်နေသည်။

ကွင်းအလယ်၌ ပြောင်လက်အောင် တိုက်ချွတ်ထားသော ကြေးဝါကောက်တံ ဘုလုံးတစ်ခု စွပ်ထားသော သစ်သားကူလီတံများ ကိုင်ကာ

မြင်းပေါ်မှနေ၍ ကူလီသီးကို ရိုက်နေသူတို့သည် တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်နှင့် ရှိနေ၏။ သရက်မြစ်ဆုံကို လုံးနေအောင် ပွတ်ပြီး ထုံးဖြူစိမ်ထားသဖြင့် ထုံးရည်ဝနေသော ကူလီသီးသည် ရိုက်သူ၏ ကျွမ်းကျင်လိမ္မာမှုအရ တောင်ရောက်လိုက်၊ မြောက်ရောက်လိုက်နှင့် ရှိနေသည်။

နတ်ရှင်နောင်သည် ကူလီပွဲကို ငေးစိုက်၍ ကြည့်နေသော်လည်း ကူလီရိုက်သူများကို မမြင်။ သူ့အာရုံတွင် ပါးပါးလှပ်လှပ် နွဲ့နွဲ့လျလျနှင့် ကြည့်၍မဝ၊ ရှု၍မဝအောင် ကျက်သရေအပေါင်းနှင့် ပြည့်စုံလှပသော ရာဇဓာတုကလျာ၏အသွင်သာ ထင်နေသည်။

“အစ်မတော်ရယ်… ရက်တွေ လတွေ ကြာခဲ့ပေမယ့် နောင် မေ့လို့ မရပါလား”

ရီဝေနေသော နတ်ရှင်နောင်၏ မျက်လုံးအစုံတွင် မျက်ရည် ရစ်ဝိုင်းလာသည်။ သူက မျက်တောင် တဖျပ်ဖျပ် ခတ်ရင်း သက်ပြင်းချ၏။ လွမ်းဆွတ်ကြေကွဲသော ဝေဒနာကို ခံစားနေရစဉ် ကူလီပွဲကြည့်နေသူတို့၏ အော်ဟစ်အားပေးသံက နတ်ရှင်နောင်အား ဖျတ်ခနဲ သတိဝင်လာစေသည်။ သူက ရီဝေသော မျက်လုံးအစုံဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။ ထိုအခါ သူသည် ကူလီပွဲကို ကြည့်ရင်း စိတ်လှုပ်ရှားနေမိပါလားဟု ဆင်ခြင်မိ၏။

နတ်ရှင်နောင်က မျက်လုံးအကြည့်ကို ကူလီပွဲဆီမှ မခွာဘဲ ထားသည်။ လှုပ်ရှားနေသော စိတ်အာရုံကို ကူလီပွဲဆီသို့သာ ရောက်နေအောင် ကြိုးစားသည်။ မမေ့နိုင်သည့် အကြောင်းအရာတစ်ခုကို အတင်းမေ့နိုင်ရန် ကြိုးစားနေခြင်းသည် မိမိကိုယ်ကို မိမိ နှိပ်စက်နေသည်နှင့် တူပါလားဟု အတွေးဝင်လာသည်။

သူသည် နှစ်ပေါင်းများစွာ ခွဲလမ်းချစ်ခင်ခဲ့ရသော ဓာတုကလျာကို မေ့နိုင်စွမ်းမရှိ။ သူ၏အင်အား… သူ၏ အတွေး၊ အသံမှန်သမျှ ဓာတုကလျာနှင့် ပါသွားသကဲ့သို့ ရှိ၏။

နတ်ရှင်နောင်၏ အတွေးတွေ တောင်ကို ရောက်လိုက်၊ မြောက်ကို ရောက်လိုက်နှင့် ရှိနေသည်။ ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာပြီး မကြာခင် နောက်အတွေးတစ်ခုကြောင့် ပထမအတွေး ပျက်သွားရ၏။ ထိုသို့ ဖြစ်နေချိန်မှာပင် နေမျိုးသီရိအနားသို့ ရောက်လာသည်။

“မောင်မင်းကို ကြည့်ရတာ တစ်ခုခုကို ပြောချင်နေသလိုပဲ၊ ဘာတွေများ ဖြစ်လာလို့လဲ”



“ဟံသာဝတီမှာ တွေ့ခဲ့ သိခဲ့တဲ့ ပေါ်တူဂီကုန်သည်တစ်ယောက်က အရှင်နဲ့ ဆွေးနွေးတိုင်ပင်စရာရှိလို့ အခစားဝင်ဖို့ လာပါတယ်”

“ဘယ်ပေါ်တူဂီများပါလိမ့်၊ ငါတို့ ဟံသာဝတီကို ရောက်တုန်းက … ဟာ… ဟုတ်ပြီ၊ ဆီဇာလို့ ခေါ်တဲ့ တစ်ယောက် ရှိတယ်၊ အခုလာတာက သူပဲ ဖြစ်လိမ့်မယ်၊ မောင်မင်း သူ့ကို ဘယ်မှာ ထားခဲ့သလဲ”

“ကူလီကွင်းအပြင်မှာပါ”

“ဒါဆိုရင် မင်း သူ့ကို အိမ်တော်အရောက် ခေါ်သွား၊ ငါ လိုက်လာခဲ့မယ်”

နေမျိုးသီရိအနားမှ ခွာထွက်သွားသည်။ နတ်ရှင်နောင်က ကူလီပွဲကို ကြည့်နေရာမှ ထရပ်သည်။ ဘေးပတ်ဝန်းကျင်တွင် ရှိနေသူများကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး စင်ပေါ်မှ ဆင်းသည်။ မနီးမဝေးမှ နေ၍ အခြေအနေကြည့်နေသော ကိုယ်ရံတော်နှစ်ယောက်က နတ်ရှင်နောင် ကူလီကွင်းအပြင်သို့ ထွက်သည်နှင့် နောက်မှ ကပ်လိုက်လာကြသည်။

ကေတုမတီ၏ အိမ်ရှေ့စံဖြစ်သော နတ်ရှင်နောင်သည် ကွင်းအပြင်သို့ အရောက်တွင် အတူပါလာသည့် ကိုယ်ရံတော်နှစ်ယောက်က ပြင်ပေးသော မြင်းပေါ်သို့ တက်သည်။ ထို့နောက်တွင် ကိုယ်ရံတော် နှစ်ယောက် စီးနင်းသော မြင်းနှစ်စီး ခြံရံလျက် အိမ်ရှေ့မင်းစံအိမ်ဆီသို့ ထွက်ခဲ့သည်။

“ဆီဇာက ဘာအကြောင်းကိစ္စနဲ့ ငါ့ဆီကို လာတာလဲ၊ အရင်တစ်ခါက ဟံသာဝတီရဲ့ လျှို့ဝှက်ချက်တွေ ပေးဖို့ ငါနဲ့ သဘောတူခဲ့တယ်၊ အခု ဟံသာဝတီ ပျက်သွားပြီဆိုတော့ တခြားအကြောင်း ရှိလိမ့်မယ်၊ ဘာအကြောင်းရှိရှိ သူ့ဘက်က အပေးရှိရင် ပြန်တောင်းတာလည်း ရှိမှာပဲ၊ တကယ်တော့ ဒီလူတွေဟာ သူတို့အကျိုးအတွက် ဘာမဆို လုပ်မယ့်လူ၊ သူတို့ကို သတိထားရမယ်”

စံအိမ်ရှေ့တွင် အသားနီစပ်စပ်၊ နှာယောင်ကောက်ကောက်၊ နဖူးမောက်မောက်၊ အရပ်ကောင်းကောင်း၊ ကိုယ်လုံးတောင့်တောင့်နှင့် သွက်လက်ထက်မြက်ဟန်ရှိသော ဆီဇာအား တွေ့ရသည်။ ဆီဇာသည် နတ်ရှင်နောင်ကို တွေ့သည်နှင့် ခေါင်းထက်တွင် ဆောင်းထားသည့် သက္ကလပ်ဦးထုပ်ကို ချွတ်ပြီး လက်တွင် ပိုက်လျက် ကိုင်းကာ ဦးညွှတ် နှုတ်ဆက်သည်။

“ကျွန်တော်မျိုး… ကေတုမတီကို ကုန်ရောင်းဖို့ လာရင်း အိမ်ရှေ့မင်းကို လက်ဆောင်ပဏ္ဏာတွေ ပေးဆက်ချင်လို့ အခစားဝင်တာပါ၊ ကျွန်တော်မျိုးကို အိမ်ရှေ့မင်း မှတ်မိမယ် ထင်ပါတယ်”

နတ်ရှင်နောင်က ဆီဇာအား စူးစူးရှရှနိုင်သော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

''မောင်မင်းနဲ့ ဟံသာဝတီမှာ တွေ့ခဲ့တာကို ကျုပ် မမေ့ပါဘူး''

ဆီဇာက နတ်ရှင်နောင်အား ပြုံးရယ်ရွှင်ပျသော မျက်နှာအမူအရာနှင့် ပြောဆိုနေရင်းမှ မနီးမဝေးတွင် အထုပ်တစ်ထုပ် ထမ်းကာ ရပ်နေသူအား လှမ်းကြည့်လိုက်သည်။ ထိုသူ၏ဘေးတွင် ရဲမက်တစ်ယောက် စောင့်ကြပ်နေလျက် ရှိသည်။ အထုပ်ထမ်းထားသူသည် အနားတွင် ရှိနေသော ရဲမက်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေပုံရ၏။

''ကျွန်တော်မျိုးရဲ့ အလုပ်သမားက အထုပ်ထမ်းပြီး ရပ်စောင့်နေရတာ ကြာလှပါပြီ အိမ်ရှေ့မင်း၊ သူ ထမ်းထားတဲ့ အထုပ်က အိမ်ရှေ့မင်းကို ပေးဆက်မယ့် လက်ဆောင်ပဏ္ဏာတွေပါ''

နတ်ရှင်နောင်က ခေါင်းကို ခပ်သာသာညိတ်ရင်းမှ နေမျိုးသီရိအား လှမ်းကြည့်လိုက်သည်။

''နေမျိုးသီရိ… ဆီဇာရဲ့လူကို စံအိမ်ထဲ ဝင်ခွင့်ပြုလိုက်ပါ၊ ကိုင်း … ဆီဇာ၊ ကျုပ်တို့ စံအိမ်ထဲကျမှ စကားပြောကြတာပေါ့''

နတ်ရှင်နောင်က ဆီဇာအား ပြောပြီး စံအိမ်ဝင်းအတွင်းသို့ ဝင်သည်။ ဆီဇာသည် ဦးထုပ်ကို ပိုက်ထားလျက်နှင့်ပင် နတ်ရှင်နောင်၏နောက်မှ လိုက်ခဲ့၏။

''မောင်မင်း လက်ဆောင်ပဏ္ဏာတွေနဲ့ ရောက်လာတာ အကြောင်းမဲ့ မဟုတ်မှန်း ကျုပ် သိတယ်၊ ကျုပ်ဆီကို အခုလို လာရတဲ့အကြောင်းက ဘာလဲ… ပြောပါဦး''

စံအိမ်အတွင်းသို့ ရောက်ပြီး မျက်နှာချင်းဆိုင် ထိုင်မိကြသည်နှင့် နတ်ရှင်နောင်က မေးခွန်းထုတ်သည်။ ဆီဇာသည် ထိုင်နေလျက်က နတ်ရှင်နောင်အား ဦးညွှတ်လိုက်ပြီး-

''အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်မျိုးဟာ သန်လျင်မြို့စားရဲ့ သံတမန်အဖြစ်နဲ့ လာတာပါ၊ သန်လျင်စားက ကေတုမတီနဲ့ မဟာမိတ်ပြုလိုနေပါတယ်၊ သန်လျင်က လှေသင်္ဘော အဝင်အထွက်ကို ပိတ်ဆို့ထားတာ၊ စည်းကမ်းတင်းကျပ်ထားတာတွေကြောင့် ကေတုမတီမှာ အဝတ်အထည်၊ အသုံးအဆောင်ရှားပါးနေတယ်လို့ သိရပါတယ်၊ ဆားတောင် ရှားပါးနေလို့ ဟံသာဝတီနယ်စပ်မှာ အစောင့်အကြပ်တွေနဲ့ ဆားချက်ရတယ်လို့ ကြားတာကြောင့် သန်လျင်စားက ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းမယ်လို့ ကမ်းလှမ်းပါတယ်''



နတ်ရှင်နောင်က ဆီဇာ၏ စကားကို နားထောင်ရင်း ခေါင်းကို ညင်ညင်သာသာ ညိတ်သည်။

''ကျုပ်တို့မှာ မောင်မင်း ပြောတဲ့ လိုအပ်ချက်တွေ ရှိနေတာ အမှန်ပဲ၊ သန်လျင်စားက နှစ်ပြည်တစ်ပြည် ရွှေလမ်းဖောက်ပြီး ကေတုမတီရဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးမယ်ဆိုလို့ ဝမ်းသာပါတယ်၊ ဒီလို မဟာမိတ်ပြုပြီးတဲ့နောက်မှာ ကေတုမတီက ဘာတွေ လိုက်လျောရမှာလဲ''

''ကုန်သည်တွေကို ဝင်ထွက်ခွင့်ပြုဖို့ပါ၊ ရေလမ်း… ကုန်းလမ်းကနေ ကုန်သည်တွေ ဝင်လာတဲ့အခါ အတားအဆီးတွေ လျှော့ပေါ့ပေးဖို့ပါပဲ၊ တခြားဘာမှ မတောင်းဆိုပါဘူး''

''မောင်မင်းဆီက ကြားရတဲ့ စကားတွေက ဝမ်းသာစရာပါပဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ် ခမည်းတော်ကို လျှောက်တင်ပြီး သဘောထား တောင်းခံပါ့မယ်၊ ခမည်းတော်က သဘောတူ လိုက်လျောမယ် ထင်ပါတယ်၊ တစ်ခုတော့ ပြောစရာရှိတယ် ဆီဇာ''

''အမိန့်ရှိပါ အိမ်ရှေ့မင်း''

''သန်လျင်စားဟာ သူ့သခင်ရင်း ဖြစ်တဲ့ ရခိုင်ဘုရင်ကို သစ္စာဖောက်ခဲ့တယ်၊ ဒီလိုပဲ ကျုပ်တို့ကိုလည်း အကြောင်းအရာ ပေါ်လာရင် သစ္စာဖောက်နိုင်တာ ဆိုတော့…''

''ဒီအတွက် မစိုးရိမ်ပါနဲ့ အိမ်ရှေ့မင်း၊ သန်လျင်စားဟာ သွေးဖောက်ပြီး သစ္စာရေသောက်ဖို့ အသင့်ရှိပါတယ်၊ ရခိုင်ဘုရင်ကို သစ္စာဖောက်တယ်ဆိုတာကလည်း တစ်ခါက အနိုင်ကျင့် စော်ကားခဲ့တာတွေကို မခံချင်လို့ဆိုပြီး သန်လျင်စားက ပြောပါတယ်၊ ရခိုင်ဘုရင်ကို ပုန်ကန်ခဲ့ပေမယ့် ကေတုမတီကိုတော့ ပုန်ကန်မယ် မထင်ပါဘူး''

''အဲဒါကိုတော့ စောင့်ကြည့်ရမှာပေါ့၊ ကေတုမတီနဲ့ ကုန်စည်ဖလှယ်ဖို့… ကုန်စည်အရောင်းအဝယ် လုပ်ဖို့အတွက်တော့ အဆင်ပြေလိမ့်မယ် ထင်ပါတယ်၊ ခမည်းတော်ဆီက အမိန့်မရခင် ကေတုမတီရဲ့ ဧည့်သည်အဖြစ်နဲ့ နေပေါ့၊ နေမျိုးသီရိ… သန်လျင်ကနေ သံတမန်အဖြစ်လာတဲ့ ဆီဇာကို တည်းခိုနေထိုင်ဖို့ စီစဉ်ပေးလိုက်ပါ၊ ဧည့်ဝတ်ပြုရာမှာ လိုလေသေးမရှိစေနဲ့''

''အမိန့်အတိုင်း စီစဉ်ဆောင်ရွက်ပါ့မယ် အိမ်ရှေ့မင်း''

❑

## ရွှေနန်းမှာစံ

အင်းဝဘုရင် ညောင်ရမ်းမင်းတရားသည် သိန္နီ၊ သီပေါတို့ကို သိမ်းယူပြီးအပြန် လမ်းခရီးတွင် နတ်ရွာစံသည်။ ညောင်ရမ်းမင်း၏ ထီးနန်းအမွေကို သားတော်ကြီး အိမ်ရှေ့ဥပရာဇာက သိမ်းယူပြီး မဟာဓမ္မရာဇာဟူသည့် ဘွဲ့အမည်ဖြင့် နန်းတက်၏။ ထို့နောက် အင်းဝတပ်သည် ပြည်သို့ ချီတက်ကာ လုပ်ကြံတိုက်ခိုက်သည်။

ပြည်မြို့ကို မင်းကြီးနှောင်း လက်ထဲမှ လုယူသိမ်းပိုက်ပြီး ထီးဆောင်းမင်းတစ်ပါးအဖြစ် အုပ်ချုပ်နေသော ရန်နိုင်စားက မဟာဓမ္မရာဇာကို တုံ့ပြန်တိုက်ခိုက်သည်။ သို့သော် အင်အားချင်း မယှဉ်နိုင်သဖြင့် အရှုံးပေးရ၏။

မဟာဓမ္မရာဇာက ဘုရင်ရန်နိုင်စားကို ဖမ်းဆီးခေါ်ဆောင်ပြီး အင်းဝသို့ ပြန်သည်။ ညီတော် မင်းရဲသခ်သူကို ပြည်တွင် အစောင့်အဖြစ် ထားခဲ့၏။

အင်းဝက တပ်ကြီး ခုနစ်တပ်၊ စစ်သည်ရဲမက်အင်အား ခုနစ်သောင်း၊ တိုက်ဆင် လေးရာ၊ မြင်း ခြောက်ထောင်ဖြင့် လုပ်ကြံတိုက်ခိုက် အောင်မြင်သည့် သတင်းကို ကေတုမတီ အထောက်တော်များက ရသည်။ ၎င်းတို့က နတ်ရှင်နောင်အား လျှောက်ထားတင်ပြသည်။



မဟာဓမ္မရာဇာက ပြည်ကို သိမ်းပိုက်ပြီးနောက် ကေတုမတီဘက်သို့ စစ်ဦးမလှည့်ဘဲ အင်းဝသို့ ပြန်သွားခြင်းမှာ ထူးခြားနေသည်။ ထိုထူးခြားမှုကို ကေတုမတီ၏ဥပရာဇာ နတ်ရှင်နောင် ဦးစီးသော စစ်ရေးညီလာခံတွင် ထင်မြင်ချက်ပေး ဆွေးနွေးကြသည်။

“အင်းဝက ပြည်ကို အောင်နိုင်ပြီးရင် ကေတုမတီဘက် လှည့်လာမယ်လို့ ထင်နေကြတာ၊ လှည့်မလာဘဲ အင်းဝအရောက် ပြန်သွားတာက နားမလည်နိုင်စရာဘဲ၊ နောင်တော်ကော ဒီကိစ္စကို ဘယ်လို ထင်ပါသလဲ”

နတ်ရှင်နောင်နှင့်အတူ တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ဖူးသော မင်းရဲကျော်စွာက မေးသည်။ နတ်ရှင်နောင်က တိုက်ပွဲများတွင် ရဲရင့်ပြီး ဆွေးနွေးပြောဆိုသည့်အခါများ၌ အမေးအမြန်းထူသော ညီတော် မင်းရဲကျော်စွာအား ကြည့်ပြီး ပြုံးသည်။

“အင်းဝက ပြည်ကို တိုက်ပြီးရင် ငါတို့ဘက်ကို လှည့်မှာပဲဆိုပြီး ငါတို့ တိုက်ပွဲကို ရင်ဆိုင်ဖို့ အသင့်ပြင်ခဲ့ကြတယ် မဟုတ်လား၊ အင်းဝမှာလည်း အထောက်တော်တွေ ရှိကြတာပဲ၊ သူတို့က ငါတို့ရဲ့ အင်အား... ငါတို့ရဲ့ ပြင်ဆင်မှုကို အင်းဝဘုရင် မဟာဓမ္မရာဇာ သိအောင် စုံစမ်းပြီး လျှောက်ထားကြမှာပဲ၊ မဟာဓမ္မရာဇာက ပြည်ကို အားကုန်ထုတ် တိုက်လိုက်ရလို့ စစ်ပန်းသွားတဲ့အခါ ကေတုမတီဘက်ကို မလှည့်တော့ဘဲ အားပြန်မွေးဖို့ အင်းဝကို ပြန်သွားခဲ့တာပါ၊ သူဟာ အင်အားဖြည့်ပြီးရင် ကေတုမတီကို ပြန်လာတိုက်မှာပါ၊ ငါတို့က အဲဒီအတွက် ပြင်ဆင်ထားရလိမ့်မယ်၊ လူသူအင်အားကောင်းရုံ မဟုတ်ဘူး၊ လက်နက်ခဲယမ်း ပြည့်စုံနေဖို့လည်း လိုတယ်”

“နောင်တော်က လက်နက်ခဲယမ်းတွေ ရဖို့ စီစဉ်ထားပြီးပြီ မဟုတ်လား”

“ဟုတ်တယ် ညီတော်၊ ဟံသာဝတီမှာ တွေ့ပြီး ခင်မင်ခဲ့တဲ့ ပေါ်တူဂီကုန်သည်တစ်ယောက်က ကူညီလိမ့်မယ်”

“ပေါ်တူဂီနဲ့ ပေါင်းသင်းဆက်ဆံရင် သတိတော့ထားဖို့တော့ လိုပါမယ် အိမ်ရှေ့မင်း၊ တိုင်းတစ်ပါးသား ဖြစ်တဲ့ သင်းတို့ကို အပြည့်အဝ ယုံစားလို့မရပါဘူး”

အမတ်အိုကြီးတစ်ပါးက စိုးရိမ်မကင်းနိုင်ဟန်ဖြင့် လျှောက်ထားပြောဆိုသည်။ နတ်ရှင်နောင်က အမတ်အိုကြီး၏ စကားကို တလေးတစားနားထောင်သည်။ အမတ်အိုကြီး၏ စကားအဆုံး၌ အသာအယာ ပြုံးသည်။

"ဘိုးဘိုး ပြောသလိုပဲ၊ သင်းတို့ဟာ ယုံကြည်ကိုးစားထိုက်သူ မဟုတ်ဘူးလို့ ကျုပ်ကလည်း ယူဆပါတယ်၊ ဒါပေမဲ့ လက်နက်ခဲယမ်း လိုချင်ရင် သူတို့နဲ့ ကင်းလို့ မရပါဘူး၊ အမြောက် စိန်ပြောင်းတွေ ပစ်ခတ်ဖို့… ပြင်ဆင်ဖို့ စတာတွေမှာလည်း သူတို့ပါမှ ဖြစ်တယ်၊ အမှန်တော့ သူတို့ဟာ ကျေးတော်မျိုး ကျွန်တော်မျိုးတွေပါပဲ"

နတ်ရှင်နောင်၏ စကားကို အမတ်အိုကြီးက သဘောကျပုံမရ။ သို့သော် ထိုအကြောင်းကို ဆက်လက်ပြောကြားခြင်း မပြုတော့ဘဲ ငြိမ်သွား၏။ နတ်ရှင်နောင်က စစ်ရေး ပြင်ဆင်မှုအတွက် လိုအပ်သည်များကို မှာကြားနေစဉ် နန်းတွင်း၌ ခစားရသော အမှုထမ်းတစ်ယောက် အပြေးအလွှား ရောက်လာပြီး သတင်းစကားတစ်ရပ်ကို အနားကပ် ခစားရင်း ပြောသည်။

အနားကပ် ခစားပြီး ပြောသည့် မင်းမှုထမ်း၏ စကားက နတ်ရှင်နောင်အား ထိတ်လန့်တကြား ဖြစ်သွားစေသည်။ သူက နေရာမှ ဗြုန်းစားကြီး ထရပ်လိုက်၏။

"ဘာအရေးကိစ္စများ ပေါ်လို့လဲ နောင်တော် အိမ်ရှေ့မင်း"

နတ်ရှင်နောင်၏ အရိပ်အခြည်ကို ကြည့်နေသော မင်းရဲကျော်စွာအား ကြည့်သည်။ ထို့နောက် အားလုံး ကြားရအောင် အသံမြှင့်ပြီး-

"ခမည်းတော် နတ်ရွာစံပြီတဲ့ ညီတော်"

ဟု ပြောသည်။ ထို့နောက် သူက နေမျိုးသီရိနှင့် နန္ဒကျော်ထင်တို့ဘက်သို့ လှည့်ပြီး မှာကြားလိုသည့် စကားကို မှာကြား ပြောဆိုသည်။

"မောင်မင်းတို့ နှစ်ယောက် မြို့နဲ့ နန်းတော်ကို စောင့်ရှောက်ကြပါ၊ နန္ဒကျော်ထင်က မြို့စောင့်တပ်နဲ့အတူ ရှိနေပါ၊ နေမျိုးသီရိက နန်းတွင်း လုံခြုံမှုကို တာဝန်ယူပါ၊ ညီတော် မင်းရဲကျော်စွာက ညီငယ် မင်းရဲကျော်ထင်ကို ခေါ်ပြီး နန်းတွင်းကို ဝင်ခဲ့ပါ"

နတ်ရှင်နောင်က စစ်ရေးညီလာခံကို ရုပ်သိမ်းပြီး ခမည်းတော် ဘုရင်မင်းမြတ်၏ မသာတော် အခမ်းအနားအတွက် လိုအပ်သည်များ လုပ်ကိုင်ဆောင်ရွက်ရန် မှူးမတ် သေနာပတိတို့အား ညွှန်ကြားသည်။

နတ်ရှင်နောင် နန်းတွင်းသို့ ဝင်ရောက်၍ ဝမ်းနည်းသံ၊ ကြေကွဲသံတို့ကို ကြားရသည်။ တစ်ခဏအတွင်းမှာပင် နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဆူဆူညံညံ ရှိ၏။



ခမည်းတော် ဘုရင်မင်းမြတ်၏ မသာတော်အခမ်းအနားကို နတ်ရှင်နောင်က ခမ်းခမ်းနားနား ဖြစ်အောင် စီစဉ်သည်။ မသာတော်အခမ်းအနား အပြီးမှာပင် မှူးမတ်များက တိုက်တွန်းသဖြင့် နတ်ရှင်နောင်က ကေတုမတီ ရွှေနန်းတော်ကို သိမ်းပိုက်သည်။ သီဟသူရဟူသော ဘွဲ့အမည်ဖြင့် ဘိသိက်ခံသည်။ ညီတော် မင်းရဲကျော်စွာကို အိမ်ရှေ့ဥပရာဇာအဖြစ် အာဏာအပ်နှင်း၏။

မိဖုရား မပါဘဲ မင်းတစ်ပါးတည်း ဘိသိက်အသွန်းခံသည့် အဖြစ်မှာ ထူးခြားနေ၏။ မှူးမတ်သေနာပတိများနှင့် ညီတော်တို့က တောင်ညာစံမိဖုရား တင်မြှောက်ရန် လျှောက်ထားကြသော်လည်း နတ်ရှင်နောင်က လက်မခံ။ ဓာတုကလျာ နေရာတွင် အခြားတစ်ယောက်ကို အစားမထိုးနိုင်သည့်စိတ်နှင့် ကေတုမတီ၏ ဘုရင်အဖြစ်ကို လက်ခံတော်မူလေသည်။

❑

# ဆုံးရှုံးခြင်း

**ပိတောက်လျှံခဲ**
**ရွှေရည်စွဲက၊ ပုလဲငုံသွယ်**
**အလှယ်လှယ်တီ၊ စံပယ်ဖြူဖွေး**
**စံကားသေးကို၊ မြတ်လေးစုံမက်**
**ကျွန်ုပ်လက်ဖြင့်၊ ရွေးလျက်ရှုရှု**
**မဆင်ရတည့်… ။**

ထီးနန်းစည်းစိမ်ကို ခံစားရင်း တိုင်းရေးပြည်ရာကို ဆောင်ရွက်ရင်းကပင် နတ်ရှင်နောင်၏ ရင်မှာ အလွမ်းတွေ ဝေနေသည်။

အလွမ်းစိတ်ကြောင့် ထီးနန်းစည်းစိမ်ကို ရသော်လည်း မပျော်နိုင်ဖြစ်နေချိန်တွင် အနာရောဂါတစ်ခုကို ခံစားရပြန်သည်။ ဆင်စီး၍ မရ။ မြင်းစီး၍ မရလောက်သော ဝေဒနာက နှိပ်စက်သဖြင့် စိတ်ပင်ပန်းဆင်းရဲသည့် ဒဏ်ကို ပိုခံစားနေရသည်။ ထိုအချိန်မှာပင် အင်းဝ မဟာဓမ္မရာဇာက စစ်အင်အားအလုံးအရင်းနှင့် ကေတုမတီသို့ စစ်ချီလာသည်။



အင်းဝတပ်ကြီး ချီလာသည့် သတင်းကို နားခံတော်မှူးအဖြစ် အမှုထမ်းနေသော နေမျိုးသီရိက ယူဆောင်လာသည်။

"အင်းဝပြည့်ရှင်က စစ်သည်အင်အား တစ်သိန်းကျော် တိုက်ဆင်ငါးရာ၊ မြင်းတစ်သောင်းနဲ့ ချီလာပါတယ်၊ ပြည်စား မင်းရဲသခ်သူကလည်း ဆင် လေးဆယ်၊ မြင်း သုံးရာ၊ စစ်သည်ရဲမက်အင်အား တစ်သောင်းနဲ့ ပြည်ဘက်ကနေ စစ်ကူချီလာနေပါတယ်"

"အင်း… ငါ မျှော်လင့်နေတဲ့ အချိန်ကို ရောက်လာပြီကိုး၊ ကေတုမတီက ဆင်တပ်၊ မြင်းတပ်နဲ့ အမြောက်တပ်တွေ အဆင်သင့် ရှိရဲ့လား နေမျိုးသီရိ"

"စစ်သည်ရဲမက်တွေ တိုက်ပွဲဝင်ဖို့ အသင့်ရှိနေပါတယ် အရှင်"

နတ်ရှင်နောင် မျှော်လင့်ထားသည့်အတိုင်း အင်းဝမှ ချီလာသည့် တပ်နှစ်ဆယ့်သုံးတပ်သည် ကေတုမတီမြို့၏ အရှေ့မြောက်ဘက်အရပ်သို့ ရောက်လာပြီး တပ်တည်နေသည်။ ပြည်မှ ချီလာသော အကူတပ်က မြို့မြောက်ဘက်မှ ရံထား၏။

အင်းဝ၏ ရှေ့ပြေးတပ်အဖြစ် သီရိဇေယျနော်ရထာ အုပ်ချုပ်သော မြင်းသည်တော် သုံးရာကျော်သည် မဟာဒေဝီမိဖုရားကြီး ကောင်းမှုတော်ကို ပတ်၍ ချီလာရာ ကေတုမတီမြို့တွင်းမှ မြင်းသည်ကျော်တို့ ထွက်တိုက်၏။ ပထမဆုံး စလိုက်သော တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်ပြီး တိုက်ပွဲတွင် အင်းဝတပ်မှူး သီရိဇေယျနော်ရထာ တိုက်ပွဲတွင် ကျသည်။

တိုက်ပွဲစစချင်း အောင်ပွဲရလိုက်သဖြင့် ကေတုမတီ ရဲမက်များ ဝမ်းသာအားတက်ကြသည်။ နတ်ရှင်နောင်၏ လက်ရုံးတစ်ဆူ ဖြစ်သော ဘယဂါမဏိက ဆင်တော် စောရန်နှင်းကို စီးပြီး အင်းဝတပ်ကို တိုက်သည်။ အင်းဝဘုရင်၏ သားတော် ကျွန်းဆုံမင်းနှင့် ထိပ်တိုက်ရင်ဆိုင်ကာ ဆင်ချင်းယှဉ်ပြီး တိုက်သည်။ ကျွန်းဆုံမင်း ဆင်ထက်က ကျပြီး မြင်းတစ်စီးပေါ်သို့ ပြောင်းစီးကာ ထွက်ပြေးသည်။ ဘယဂါမဏိ ဆက်လက်တိုက်ပွဲဝင်စဉ် အင်းဝတပ်မှ သေနတ်သမားက သေနတ်ဖြင့် ပစ်ခတ်ရာ ဘယဂါမဏိ ဆင်ဦးထက်မှာ ကျဆုံးရ၏။

သခင်ဖြစ်သူ ကျဆုံးသော်လည်း ဆင်တော် စောရန်နှင်းက မရပ်။ ရန်သူများကို လိုက်နင်း၏။ အင်းဝတပ်သားများ အမြီးကို ဖြတ်ပြီး ဖမ်းမှ အတိုက်ရပ်သည်။

အင်းဝတပ်သည် ကျောင်းရှစ်ဆယ်ပန်းဆေးတွင် တပ်တည်နေသည်။ နတ်ရှင်နောင်မှာ တိုက်ပွဲများကို ကိုယ်တိုင် ကြီးကြပ်ပြီး တိုက်ခိုက်နေရာက ရှုံးနိမ့်ခြင်းကြောင့် မခံမရပ်နိုင် ရှိလာ၏။

"အင်းဝက ငါတို့အပေါ် တမင်သက်သက် ကျူးကျော်တာပဲ၊ ညီနောင် အချင်းချင်း ချစ်ချစ်ကြည်ကြည် နေနိုင်ရဲ့သားနဲ့ မနေဘဲ စစ်ပြုလာတာဟာ တမင်သက်သက် အနိုင်ကျင့် စော်ကားတာပဲ"

အင်းဝထိုးစစ်က တဖြည်းဖြည်း ရှေ့ကို တိုး၍တိုး၍ လာသည်။ ကေတုမတီ တပ်မှာ နောက်ဆုတ်ပြီးရင်း ဆုတ်နေရ၏။ သို့သော် တပ်တွေ ခိုင်ခိုင်လုံလုံ ချထားသော မြို့တွင်းသို့ မဝင်နိုင်။ မြို့အနားသို့ပင် မကပ်နိုင်ဘဲ ခပ်ဝေးဝေးမှ ရံရသည်။

"အင်းဝတပ်က အင်အားကောင်းလှပါတယ် အရှင်၊ အခုအတိုင်းပဲ မြို့ကို ဝိုင်းထားရင် မကြာခင်မှာ ကျွန်တော်မျိုးတို့ အစာရေစာ ပြတ်လပ်ပါလိမ့်မယ်"

စစ်နားချိန်တွင် နေမျိုးသီရိက နတ်ရှင်နောင်အား လျှောက်ထားတင်ပြသည်။ မခံမရပ်နိုင်သော စိတ်ဖြင့် ရင်မှာ အမုန်းမီးတွေ တောက်လောင်နေသော နတ်ရှင်နောင်က တောက်တစ်ချက် ပြင်းပြင်းခေါက်သည်။

"မင်း ဇက်ပြတ်ချင်နေပြီလား နေမျိုးသီရိ၊ မဟာဓမ္မရာဇာ ဆိုတာ ငါ့ညီတော်တစ်ပါးပဲ၊ ညီတော်ဖြစ်ပြီး ငါ့ကို ကျွန်ဇာတ်သွင်းဖို့ ကြိုးစားနေတာ ငါ မခံနိုင်ဘူး၊ ကေတုမတီမှာ ငါ တစ်ယောက်တည်း ကျန်နေပါစေ၊ အရှုံး မပေးဘူး"

နတ်ရှင်နောင်၏ မခံမရပ်နိုင်သော စကားကြောင့် နေမျိုးသီရိ နှုတ်ပိတ် နေလိုက်ရသည်။ နတ်ရှင်နောင်၏ ညီတော်များ ဖြစ်သော မင်းရဲကျော်စွာနှင့် မင်းရဲကျော်ထင်တို့ကလည်း အင်းဝနှင့် ကေတုမတီ အင်အားချင်း မမျှကြောင်း၊ ယခုအချိန်တွင် အင်းဝနှင့် ပြေငြိမ်းလိုက်ပါက ကေတုမတီ၏ အခြေအနေ ပြောင်းလဲသွားနိုင်ကြောင်း လျှောက်ထားချင်ကြ၏။ သို့သော် ၎င်းတို့သည် နတ်ရှင်နောင်အား ချစ်ခင်လေးစားသဖြင့် မတင်လျှောက်ရဲကြ။ ထို့ကြောင့် ပြာသာဒ်ကျောင်းဆရာတော်ကို ချဉ်းကပ်သည်။

"တပည့်တော် အရှုံးမပေးနိုင်ပါဘူး"



ပြာသာဒ်ကျောင်းဆရာတော်က မေတ္တာရပ်ခံသည်ကို လက်မခံ။ နတ်ရှင်နောင်က ညီတော်များ၏ အင်အားကိုယူပြီး မဟာဓမ္မရာဇာအား တိုက်ခိုက်ရန် စိတ်အားထက်သန်နေသည်။

ပြာသာဒ်ဆရာတော်သည် တစ်ကြိမ် မအောင်မြင်သဖြင့် နောင်တစ်ကြိမ် ကြိုးစားသည်။ နတ်ရှင်နောင်ထံ ဝင်ပြီး စစ်ပြေငြိမ်းစကားကို ပြော၏။

"ဒကာတော်မင်းမြတ်... အခုအရေးမှာ ကေတုမတီက အင်းဝကို မခုခံနိုင်ပါဘူး၊ ဒကာတော်ရဲ့ ဦးရီးတော်နဲ့ ညီတော်တို့က စစ်ရေးအခြေအနေကို သဘောပေါက်လို့ အညံ့ခံချင်နေကြပါပြီ၊ ဒကာတော် အခုအတိုင်း ဆက်ပြီး တင်းခံနေမယ်ဆိုရင် ပြည်သူတွေ ဒုက္ခဆင်းရဲရောက်ကြရပါလိမ့်မယ်၊ ပြည်သူ တွေရဲ့ အရေးကို ထောက်ထားပြီး စိတ်လျှော့လိုက်ပါ ဒကာတော်၊ အခြေအနေ မဆိုးရွားခင် အင်းဝဘုရင်ထံမှာ အညံ့ခံလိုက်ပါတော့"

ဆရာတော်၏ စကားက နတ်ရှင်နောင်၏ နားစည်မှတစ်ဆင့် ရင်ထဲသို့ ထွင်းဖောက်ဝင်ရောက်သည်။ ရင်တစ်ပြင်လုံး ပူလောင်ခြင်းကြောင့် ကျွမ်းမြည့် မတတ် ရှိရ၏။

"ဩော်... ညီတော်တွေက အညံ့ခံချင်နေကြတယ်တဲ့လား"

"ပြည်သူအများရဲ့ အရေးပါ ဒကာတော်ဘုရင်မင်းမြတ်၊ မင်းကောင်း မင်းမြတ်ဆိုတာ မိမိရဲ့ အရေးထက် ပြည်သူတွေရဲ့အရေးကို ဦးစားပေးရပါ တယ်၊ ဒကာတော်ဟာ အနာရောဂါကြောင့် မြင်းပေါ်မှာတောင် မထိုင်နိုင်တာ၊ ပြည်သူတွေကို ဘယ်လိုကာကွယ်မလဲ၊ ဆင်ခြင်ပါ ဒကာတော်မင်းမြတ်"

ဆရာတော့်စကားက နတ်ရှင်နောင်အား တွေဝေသွားစေသည်။ သူက ရီဝေသော အကြည့်ဖြင့် ဦးရီးတော်အား လည်းကောင်း၊ ညီတော်များအား လည်းကောင်း လှမ်းကြည့်သည်။ သူတို့က နတ်ရှင်နောင်ကို မကြည့်။ ခေါင်းငုံ့ နေကြ၏။

"ဖြစ်တတ် ပျက်တတ်တဲ့ တရားသဘောကို ဆင်ခြင်ပါ ဘုရင်မင်းမြတ်၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် တည်မြဲရေးဟာ ဘုရင်မင်းမြတ်အပေါ် မှီတည်နေပါတယ်"

ဆရာတော်၏ စကားကြောင့် ရင်မှာ လှပ်ခနဲ ဖြစ်သွားရ၏။ မီးလောင် ပျက်စီးနေသော နေအိမ်များ၊ သေဆုံးနေသော အလောင်းများ၊ မိတစ်ကွဲ ဖတစ်ကွဲ

နှင့် ငိုနေသော ကလေးသူငယ်များ၊ သွေးချောင်းစီးနေသော သတ်ဖြတ်မှု၊ မျက်ရည်ချောင်းစီးနေသော မိသားစုတို့ကို မြင်ယောင်လာသည်။

"ငါဟာ ရောဂါဝေဒနာကြောင့် ဆင်၊ မြင်းစီးပြီး တိုက်ပွဲမှာ ဦးဆောင်နိုင်တဲ့ အခြေအနေ မရှိဘူး၊ အရှုံးမပေးချင်ဘူးဆိုတဲ့ စိတ်တစ်ခုတည်းနဲ့ တင်းခံရင် ငါ့ပြည်သူတွေ နာမယ်၊ ကေတုမတီ မီးလောင်တိုက်သွင်းခံရမယ်၊ ငါ့အတွက်ကြောင့် ငါ့ပြည်သူတွေကို ဒုက္ခမပေးနိုင်ဘူး၊ ငါ့အတွက်ကြောင့် ကေတုမတီကို ငါ မဖျက်ဆီးဘူး"

နတ်ရှင်နောင်က စိတ်ကို လျှော့လိုက်သည်။ စစ်ပွဲများ ငြိမ်းအေးနိုင်ရေးကို စီစဉ်ပါမည့်အကြောင်း ဆရာတော်အား လျှောက်ထားသည်။

ပြာသာဒ်ဆရာတော်သည် ကေတုမတီကို ဝန်းရံထားသော အင်းဝတပ်၏ အရှင်သခင်၊ အင်းဝဘုရင် မဟာဓမ္မရာဇာထံသို့ စစ်ပွဲ ပြီးဆုံးငြိမ်းအေးနိုင်ရေးအတွက် ဝင်ရောက်သည်။ ပြာသာဒ်ဆရာတော်က စစ်ပြေငြိမ်းရေးအတွက် လာရောက်မှန်း သိသည့်အခါ မဟာဓမ္မရာဇာက ရှေ့တော်သို့ အဝင်မခံ။ ဆရာတော်မှာ အကြိမ်ကြိမ်အခါခါ ကြိုးစားမှ မဟာဓမ္မရာဇာက သူ့သဘောကျ စီစဉ်ပြီး လက်ခံရန် သဘောတူလိုက်သည်။

အင်းဝဘုရင် မဟာဓမ္မရာဇာက နတ်ရှင်နောင် လက်ရုံးများ ဖြစ်သော စည်သူကျော်ထင်၊ ရာဇသင်္ကြံတို့အား အဆောင်အယောင် အစီးအနင်းတို့ကို ရုပ်သိမ်းသည်။ ထို့နောက် နတ်ရှင်နောင်၏ ညီတော် ကေတုမတီ အိမ်ရှေ့မင်း မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကို အစီးအနင်း အဆောင်အယောင်များဖြင့် အင်းဝတပ်သို့ ဝင်စေသည်။ နတ်ရှင်နောင်၏ ညီတော်များ အင်းဝတပ်သို့ ရောက်အလာတွင် အဆောင်အယောင် အစီးအနင်းများကို ရုပ်သိမ်းစေသည်။

နတ်ရှင်နောင်သည် နောက်ဆုံးမှနေ၍ မဟာဓမ္မရာဇာ၏ အလိုကျ မြို့ပြင်သို့ ထွက်ပြီး အညံ့ခံသည်။ ထိုသို့ အညံ့ခံစဉ်တွင် နတ်ရှင်နောင်၏ ရင်မှာ နာကျင်ခြင်းဖြင့် ကွဲထွက်မတတ် ရှိ၏။ သူက ခေါင်းကို မော့ထား၊ ရင်ကော့ထားပြီး မဟာဓမ္မရာဇာ၏ ရှေ့တော်သို့ ခံ့ခံ့ညားညားသည့်အသွင်ဖြင့် ဝင်သည်။ သူ၏ ရင်ထဲမှာမူ ပြင်ပအမူအရာနှင့် ဆန့်ကျင်စွာ နာကျင်ခံပြင်းနေ၊ ဝမ်းနည်းကြေကွဲနေသည်။



သူက တည်ငြိမ်သောဟန်၊ တုန်လှုပ်ခြင်း ကင်းသောဟန်ဖြင့် ခြေလှမ်းကို ရဲရဲနင်းလျှောက်သည်။ သူ့ရင်မှာမူ ကြေကွဲရေရွတ်လိုက်သည့် စကားတို့ဖြင့် ပြည့်လျှံနေ၏။

"စုဖုရားကို ဆုံးရှုံးပြီးတဲ့နောက် နောင့်ဘဝမှာ ဘာမှ မရှိတော့ပါဘူး၊ နောင့်မှာ ဘာမှ မကျန်တော့ပါဘူး"

ရင်ထဲမှာ ကျိတ်ပြီးငိုလိုက်သော နတ်ရှင်နောင်၏အဖြစ်ကို မည်သူမှ မသိနိုင်။ ဘဝခြားခဲ့ပြီဖြစ်သော ရာဇဒေဝီကလျာကမူ လုလင့်ရင်မှ မျက်ရည်စကို မြင်ရမည် ထင်၏။

□

## ရွှေပြည်တော်ရဲ့ အဝေးမှာ

# ကံနည်းသူ

ကောင်းကင်ထက်တွင် မိုးရိပ်မိုးသားကို တွေ့ရသည်။ မြစ်ပြင်ကို ဖြတ်ပြီး တိုက်ခတ်လာသည့် လေတွင် မိုးသက်ရနံ့တို့ ပါနေသလို ထင်မိ၏။

မြို့ရိုးတံတိုင်းအပြင်ဘက်ဆီမှ အော်သံ ဟစ်သံတွေကို ကြားရသည်။ တစ်ချက် တစ်ချက်တွင် အမြောက်သံ၊ စိန်ပြောင်းသံများ ပေါ်လာတတ်၏။ သန်လျင်ကုန်းမြင့်၏ တစ်ဖက်တွင် မီးခိုးလား… ယမ်းငွေ့လား ခွဲခွဲခြားခြား မသိနိုင်သော အခိုးအငွေ့တွေဝေနေသည်ကို တွေ့ရ၏။

နတ်ရှင်နောင်သည် ကုန်းမြင့်ပေါ်ရှိ စံအိမ်တော် လေသာပြတင်းမှနေ၍ မှိုင်းညို့ညို့ တောတန်းများ ရှိရာ ဒဂုန်ဘက်ဆီသို့ ငေးကြည့်သည်။ ဒဂုံ၏ အထက်ဘက် တောလှိုင်း၊ တောင်တံတိုင်းများ ပတ်ဝန်းနေရာတွင် ကေတုမတီ ရာဇဌာနီကြီး တည်ရှိနေပေလိမ့်မည်။

လွန်ခဲ့သည့် ကာလများက မဟာဓမ္မရာဇာ ရှေ့တွင် ခေါင်းငုံ့နေရသော စစ်ရှုံးသူအဖြစ်ကို ပြန်သတိရသည်။ ပြာသာဒ်ဆရာတော်ကို ကြားခံပြုကာ စစ်ပြေငြိမ်းရေး ဆောင်ရွက်ခဲ့သော မဟာဓမ္မရာဇာသည် မိမိက လက်နက်ချ



အညံ့ခံလိုက်သည့်အခါ စစ်နိုင်သူပီပီ အထက်စီးမှာ နေခဲ့၊ မိမိ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် လုပ်ဆောင်ခဲ့သည်ကို ပြန်တွေးမိ၏။

လက်နက်ချပြီဆိုသည်နှင့် မဟာဓမ္မရာဇာက မိမိ၏လက်ရုံး စည်သူ ကျော်ထင်နှင့် ရာဇသင်္ကြံတို့ကို မြို့ပြင်ရှိ အင်းဝတပ်သို့ အဆောင်အယောင်နှင့် ထွက်စေသည်။ တပ်သို့ ရောက်သည့်အခါ အဆောင်အယောင် အစီးအနင်းတို့ကို ရုတ်စေသည်။ ထို့နောက် ညီတော် ဥပရာဇာ မင်းရဲကျော်စွာက ဆင်တော် ရတနာကျော်ခေါင်နှင့်၊ ညီတော် မင်းရဲသီဟသူက ဆင်တော်ရတနာတန်ဆောင် နှင့်၊ ညီတော် မင်းရဲကျော်ထင်က ဆင်တော် ရတနာဇမ္ဗူသနင်းနှင့် ရွှေကနင့်ချီ စီးကာ ထွက်စေသည်။ အင်းဝတပ်သို့ အရောက်တွင် မင်းရဲကျော်စွာကို အိမ်ရှေ့စံ ဓားနှင့် ကျိုင်းနှစ်ချက် ရုပ်သိမ်း၏။ မင်းရဲသီဟသူနှင့် မင်းရဲကျော်ထင်တို့ကိုလည်း ဆင်တော်မှ ရွှေကပေါင်းဝင်းကို ရုပ်ကာ ပေါင်းထုတ်နက်ပေး၍ ကေတုမတီ မြို့တွင်းသို့ ဝင်စေသည်။ ဘထွေးတော် သတိုးဓမ္မရာဇာကိုလည်း အဆောင် အယောင်တွေ ရုပ်သိမ်း၏။

နတ်ရှင်နောင်မှာ မင်းဆောင်မင်းယောင် အခမ်းအနားများနှင့် ထွက်ပြီး မဟာဓမ္မရာဇာ ရှိနေသော တဲနန်းသို့ ဝင်သည်။ တဲနန်းတွင် မဟာဓမ္မရာဇာက အမြင့်တွင် ထိုင်၍ နတ်ရှင်နောင်က အနိမ့်တွင် ထိုင်ရသည်။

"နောင်တော်နဲ့ ဆင်စီးချင်းတိုက်ရမယ် မှတ်တာ၊ မတိုက်လိုက်ရဘူး"

"နောင်တော်လည်း တိုက်ချင်ပါရဲ့၊ ဒါပေမဲ့ ဆင် မြင်း မစီးနိုင်တဲ့ အနာကြောင့် စိတ်ကို လျှော့လိုက်ရတယ်"

နတ်ရှင်နောင်မှာ စိတ်နှလုံး ကြေကွဲမတတ်သော ခံစားချက်နှင့် မြို့တွင်းသို့ ဝင်ခဲ့သည်။ အင်းဝဘုရင်အမိန့်နှင့် ကေတုမတီနန်းတော် မှန်ကင်းကို ချသည်။ ထို့နောက် အင်းဝဘုရင်က ဦးရီးတော်၊ ညီတော်များတို့နှင့် စာဆိုများ ဖြစ်သော ရဝေရှင်ထွေး၊ မင်းဇေယျရန္တမိတ်နှင့် ရှင်သံခိုတို့ကို အင်းဝသို့ ခေါ်ဆောင်သွား ခဲ့သည်။

ပြင်းထန်သော အမြောက်သံတစ်ချက်က နတ်ရှင်နောင်၏ အတွေး များကို ပြတ်တောက်သွားစေသည်။ တစ်ခဏအကြာ ပစ်ခတ်သံများ ပျောက်ကွယ် တိတ်ဆိတ်သွား၏။ ထိုအခါ နတ်ရှင်နောင်သည် နန်းကျဘုရင်သို့ ရောက်ခဲ့သည့် အဖြစ်ကို တွေးမိပြန်သည်။

မဟာဓမ္မရာဇာသည် ကေတုမတီကို သိမ်း၊ ကေတုမတီထီးနန်းမှ မှန်ကင်းကို ချပြီး ဘထွေးတော် သတိုးဓမ္မရာဇာ၊ ညီတော်များ ဖြစ်သော မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကို လည်းကောင်း၊ နတ်ရှင်နောင်၏ နောက်လိုက်နောက်ပါ သုံးပုံနှစ်ပုံကို လည်းကောင်း အင်းဝသို့ ခေါ်သွားသည်။

မဟာဓမ္မရာဇာက အင်းဝသို့ ပြန်ရင်း ရွှေရင်မျှော်စခန်းသို့ အရောက်တွင် ညီတော် မင်းရဲကျော်စွာအား ကျောက်မော်အရပ်၌ တပ်အခိုင်အလုံနှင့် နေစေသည်ဟု သတင်းကြား၏။

နတ်ရှင်နောင်သည် တောင်ငူနန်းတော်တွင် ကြေကွဲစွာ စံနေစဉ် ဟံသာဝတီမှ ဆိဇာ ရောက်လာသည်။ သူက သန်လျင်စား ဇေင်ကာ၏ အစေအပါးအဖြစ်နှင့် ရောက်လာပြီး မကြာခင်မှာပင် သန်လျင်စား ဇေင်ကာ၏ ပေါ်တူဂီတပ်နှင့် မုတ္တမစား ဗညားဒလတို့ ပေါင်းထားသည့် ရေကြောင်း၊ ကြည်းကြောင်းချီတပ် ကေတုမတီသို့ တိုက်ခိုက်ရန် ရောက်လာသည်။

ဇေင်ကာ စေလွှတ်သော ဖွင်ဒေကရီးသီးယားတပ်က ရေကြောင်းမှ နေ၍ ကေတုမတီကို တိုက်သည်။ ဗညားဒလက ကြည်းကြောင်းမှ တိုက်၏။

ကေတုမတီကို မဟာဓမ္မရာဇာ သိမ်းပြီး တစ်နှစ်ခွဲကျော်အကြာတွင် လာရောက်တိုက်ခိုက်သော ဇေင်ကာ၏ တပ်ကို ခုခံရန် ကေတုမတီတွင် ရဲမက် အင်အား မရှိ။ ကျောက်မော်အရပ်တွင် အစောင့်အနေအဖြစ် ရှိနေသော မင်းရဲကျော်စွာက နတ်ရှင်နောင်နှင့် ကေတုမတီကို ကယ်တင်နိုင်ရန် ကြိုးစားသည်။

ပေါ်တူဂီတပ်ကို ကေတုမတီသားတို့က ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်သည်။ သို့သော် လက်နက်အင်အားချင်း မမျှ။ လူအင်အားချင်း မမျှသဖြင့် တဖြည်းဖြည်း ရှုံးနိမ့်လာသည်။ မင်းရဲကျော်စွာ ဆင်ဦးထက်တွင် ကျည်သင့်၍ ကျဆုံးသည့် အခါ တပ်တစ်တပ်လုံး ပျက်၏။ နတ်ရှင်နောင်၏ မယ်တော်မှာ အခြွေအရံ များနှင့် မြို့ကို စွန့်ခွာထွက်ပြေးသည်။ နတ်ရှင်နောင်မှာမူ ကေတုမတီမှ မခွာ။ ဇေင်ကာ လက်သို့ ရောက်ရ၏။

နတ်ရှင်နောင်၏ လူယုံ ကျွန်ရင်းတို့ ဇေင်ကာ့သုံ့ပန်းအဖြစ် ရသည်။ ဇေင်ကာက အဖမ်းမခံသူတို့ကို သတ်ဖြတ်ရှင်းလင်းသည်။ ကေတုမတီတွင် ဆယ်ရက်ခန့် နေစဉ်အတွင်း ရွှေနန်းတော်၊ ကျောင်းကန်၊ အိမ်ရာများကို မီးတိုက်သည်။ လူသူဆင်မြင်း ရွှေ ငွေ ရတနာများကို သိမ်းကျုံးယူငင်သည်။

အတောင်ကျွတ်သော ငှက်ပမာ ဖြစ်နေရသည့် နတ်ရှင်နောင်မှာ မိမိရှေ့မှ တွေ့သမျှ မြင်သမျှတို့ကို ငေးနေ၊ ကြည့်နေရုံမှအပ ဘာမှ မတတ်နိုင်။



ဇေင်ကာတပ် ကေတုမတီကို ပြာပုံဘဝသို့ ရောက်အောင်ပြုပြီး သန်လျင်သို့ ပြန်သည်။ အပြန်တွင် နတ်ရှင်နောင်ကို တစ်ပါတည်း ခေါ်ခဲ့၏။

ထီးနန်းဆုံးရှုံးပြီး မြို့လည်း ပျက်ပြီဆိုသည့် အတွေးက နတ်ရှင်နောင် အား ကြေကွဲမှုကို ပေးသည်။ သူက ဆုံးရှုံးခြင်းအတွက် ကြေကွဲလျက်နှင့် သန်လျင်သို့ ဝင်သည်။

သန်လျင်သို့ အရောက်တွင် ဇေင်ကာက နတ်ရှင်နောင်အား မျှော်လင့် ချက်တွေ ပေးသည်။

''အရှင် မစိုးရိမ်ပါနဲ့၊ မကြာခင် အင်းဝကို တိုက်ပြီး အရှင့်အတွက် ကေတုမတီထီးနန်းကို ထူထောင်ပေးပါ့မယ်''

ဇေင်ကာ၏ စကားကို အကြားတွင် ငေးငိုင်တွေဝေနေသော နတ်ရှင်နောင် မှာ အသက်ဝင်လာသည်။ သူက ဇေင်ကာကို အသုံးချပြီး ကေတုမတီသို့ လာရောက်ကျူးကျော်ခဲ့သော မဟာဓမ္မရာဇာကို တိုက်ခိုက်မည်ဟု စဉ်းစားမိသည်။

နတ်ရှင်နောင်သည် ဇေင်ကာကို အသုံးချရန် ရွှေ ငွေ လက်ဆောင် များ ပေးသည်။ ဇေင်ကာက ပါးနပ်စွာ ငြင်းပယ်၏။ နတ်ရှင်နောင်က ဇေင်ကာအား ယုံစားမိတော့မလို ရှိ၏။ သို့သော် မကြာခင်မှာပင် ဇေင်ကာသည် မိမိ အသုံးချတာကို မခံဘဲ မိမိအား ပြန်အသုံးချနေကြောင်းကို သိလာရသည်။ ထိုသို့ သိလာရသည့်အခါတွင် နောက်ဆုတ်၍ မရတော့။ နောက်ဆုတ်ရန် လမ်းလည်း မရှိတော့။

ယခုတော့ မိမိနေရာ သန်လျင်သို့ အင်းဝဘုရင် မဟာဓမ္မရာဇာ၏ တပ်များ ရောက်လာခဲ့ပြီး သန်လျင်မြို့ပြင်မှ နေ၍ ပစ်ခတ်တိုက်ခိုက်နေသူများ ကြားတွင် မိမိ၏ ချစ်လှစွာသော ညီတော်များ ပါနေကြောင်း သိရသည်။

နတ်ရှင်နောင်က ပင့်သက် တစ်ချက် ရှိုက်လိုက်သည်။ ရီဝေသော မျက်လုံးအစုံဖြင့် အဝေးဆီသို့ လှမ်းမျှော်ကြည့်၏။ ထိုသို့ ကြည့်နေဆဲတွင် အော်သံ၊ ဟစ်သံ၊ ပစ်သံ၊ ခတ်သံများ တစ်ခဲနက် ပေါ်လာသည်။

''အင်းဝသားဟေ့...''

''အင်းဝသား''

အော်သံဟစ်သံ ပစ်ခတ်သံများ တဖြည်းဖြည်း နီးလာသည်။ လေသာ ပြတင်းမှ ကြည့်နေဆဲ အင်းဝရဲမက်များကို မြင်ရသည်။ ၎င်းတို့က ဇေင်ကာ ၏ တပ်သားများကို ရဲရင့်တက်ကြွစွာ တိုက်ခိုက်နေကြသည်။ ဇေင်ကာ၏တပ် တဖြည်းဖြည်း နောက်ဆုတ်လာနေကြ၏။

မြို့ထိပ်မှ အမြောက်သံ၊ စိန်ပြောင်းသံများကို ကြားရသည်။ အမြောက်ဆံများက မြို့တွင်းသို့ ကျရောက်လာပြီး ပြေးလွှားနေသူများကို ထိမှန်သည်။ အင်းဝတပ်သည် သန်လျင်ကို စိစိညက်ညက် ချေနေပြီဟု နတ်ရှင်နောင် သိလိုက်၏။

စံအိမ်တော်ပတ်လည်တွင် အင်းဝ ရဲမက်များ ဝိုင်းလိုက်ကြသည်။ ထိုရဲမက်များကို ဦးဆောင်လာသူက နတ်ရှင်နောင်၏ ညီငယ်မင်းရဲကျော်ထင်။

နတ်ရှင်နောင်၏ ရင်တွင် ခါးသီးစွာ နာသွား၏။ ဓားလွတ်ကို ကိုင်မိတော့မလို ရှိရာမှ စိတ်လျှော့လိုက်သည်။ မျက်လုံးအစုံကို မှေးမှိတ်ပြီး စိတ်ငြိမ်အောင် ကြိုးစားနေစဉ် ခပ်ပြင်းပြင်း နင်းလျှောက်လာသော ခြေသံကို ကြားရသည်။ တစ်ခဏအကြာတွင် ထိုခြေသံက နတ်ရှင်နောင်ရှေ့မှာ ရပ်သွား၏။

“မင်းရဲကျော်ထင်လား”

မျက်လုံးအစုံကို မှေးမှိတ်ထားရင်းမှ မေးသည်။ တစ်ဖက်မှ ဖြေသံကို မကြားရ။

“မင်းက သူ့ကျွန်ဖြစ်မှတော့ သူ စေခိုင်းတာ နာခံရမှာပေါ့၊ အင်းဝဘုရင်ရဲ့ အမိန့်အတိုင်း နောင်တော့်ကို စီရင်ပါ ညီငယ်”

“နောင်... နောင်တော်”

မင်းရဲကျော်ထင်၏ အသံက တုန်ရီလှိုက်လှဲနေသည်။ နတ်ရှင်နောင်သည် မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်လိုက်၏။ ထို့နောက် မျက်ရည်ဝိုင်းကာ ငိုတော့မည့်ဟန်ရှိနေသော ညီငယ့်ရှေ့တွင် လက်ပြန်ကြိုး တဲနောင်ရန် လက်နှစ်ဖက်ကို ပူးယှက်ပေးလိုက်သည်။

“ညီငယ့်လက်မှာ သေရမယ်ဆိုလည်း နောင်တော် အသေမြတ်ပါတယ်”

မင်းရဲကျော်ထင်ထံမှ ရှိုက်သံတစ်ချက် သဲ့သဲ့လွင့်လာသည်။ နတ်ရှင်နောင်က မင်းရဲကျော်ထင်အား မကြည့်ဘဲ နှောင်ကြိုးအတဲခံလိုက်ရသည်။

“အကြိမ်ကြိမ် ရှုံးနိမ့်ခဲ့သူပါလေ၊ ရှုံးနိမ့်သူပီပီ ပြုသမျှ ခံရပါတော့မည်၊ စုဖုရားရယ်... ရွှေပြည်တော်ရဲ့ အဝေးမှာ နောင့်ဘဝ အမှောင်ကျပါပြီ”

❑



* ပင်တိုင်စံ ဓာတုကလျာ အနွဲ့ငယ်ကြောင့်
ကြင်ပိုင်ရန်စာအညှု ကဗျာဖွဲ့ရှာရ
မဟာသမုဒယ စာချဲ့ပါတဲ့ အကြောင်းခံ။
(အသက်လို) အချစ်ထူးရှော့ထင့်
ပုရစ်ဖူးတွေ ဝေဝေမြိုင်တော့
မဖြေနိုင် အပူမီးငယ်ကြောင့်
တွေတွေမှိုင်အူအသည်းမှာဖြင့် ညီးလို့ထိန်လျှံ။
စုလျားပြိုင်ဘွယ် တွေးလေ ဆွေးရှော့ထင့်
ဘုရားတိုင်တသွယ် ကျေးစေရေးပါလို့
ဝေးနေပေးကိုတဲ့ သူစိမ်း
ကူညီရန်ကွဲ့ ဖတ်သူအပေါင်း။
ကြည့်တဖန်၊ အမိသဏ္ဍာန် တစမခြားတဲ့အပြင်
နှမအလားကွယ် အပိုကြင်ပြန်၍
နဂိုယဉ်ဟန်သူကိုလေ၊ နှစ်ကိုယ်ယှဉ်စံကာ
အင်္ဂိုဘုရင် အမှန်သမ္ဘာ မောက်တာဖြင့်လဲ
ရဝိအဆောင်မှာ
ကဝိမောင် မိဖုရားခေါ်ဝ် မြှောက်ပါရဲ့တဲ့
မြန်မကြာ၊ ဟံသာကို ကြကာနှောက်သော်ကြော
စိတ်ရောက်ရာ မအောင်မြင်ပါ၍
ကားစင်မှာ၊ ကုလားဇဇ်ကာတို့နဲ့ တွဲပါလို့
သနားမကြင်နာ၊ အသားတံကျင်မှာ စွဲသော်ကြောင့်
ကံနဲ့သူ တဖိုဖိုနှင့်၊ ကပိုကရို အသေမလှသူမို့
ဟို. . . နဂိုပဝေအာစရယ်က
မရေမရာ့ ဖန်လာပုံ မကောင်းလိုက်ပါဘိသနဲ့
အိုကွယ်. . .
အခြေမကျ. . စေရတဲ့ ကံကြမ္မာအကြောင်း
(တက္ကသိုလ်မောင်သန့်စင်၊ ပါမောက္ခကြီးဦးမောင်)

ငြိမ်းချမ်းပါစေ
ကောင်းထက်

## နတ်ရှင်နောင်နှင့် ပတ်သက်သည့် သူတို့အမြင်

တောင်ငူဘုရင် နတ်ရှင်နောင်ကို ရတုကဗျာ ရေးဖွဲ့ရာမှာ ဘုရင်တစ်ဆူလို့ ဆိုရလောက်အောင် ထူးချွန်ပြောင်မြောက်ပေမယ့် အကျင့်စာရိတ္တမှာတော့ ကောင်းကွက်မရှိသူလို့ ဆိုကြပြီး နတ်ရှင်နောင်ကို သစ္စာဖောက်လို့ သတ်မှတ်ကြသူတွေ ရှိတယ်။ တစ်ဖက်မှာတော့ နတ်ရှင်နောင်ဟာ စာဆိုအကျော်အမော် ပြည်သူကို ချစ်တဲ့ ဘုရင်၊ သစ္စာဖောက် မဟုတ်ဘူးလို့ ဆိုကြသူတွေလည်း ရှိပါတယ်။ ဒီလို ဆိုကြသူတွေထဲက ဆရာမြကေတုရဲ့ စာပေတန်ဆောင် ဆောင်းပါးတွေထဲက နတ်ရှင်နောင် သစ္စာမဖောက် ဆိုတဲ့ ဆောင်းပါးက စာတွေကို ဖော်ပြချင်ပါတယ်။

ဆရာ့ စာထဲက နတ်ရှင်နောင် သစ္စာရှိကြောင်း ပြတဲ့ စာတစ်ပုဒ်ကို ဖော်ပြပါမယ်။

> **ကံနည်းသူ အနောက်ပညာရှင်သည် သက္ကရာဇ် ၉၇၁ ခုနှစ် ဝါခေါင် လပြည့်ကျော် (၆) ရက်၊ သောကြာနေ့တွင် ဘခင်၏ အရိုက်အရာ ဖြစ်သော တောင်ငူရွှေနန်းကို သိမ်းမြန်းစိုးစံပါသည်။ ရှင်ဘုရင်ဟူသော**

အရသာကို ခံစားရရုံမျှ ရှိပါသေးသည်။ တနှစ်မျှ မပြည့်သေးမီ အဝမင်း မဟာဓမ္မရာဇာ ခေါ် အနောက်ဖက်လွန်မင်းက တောင်ငူကို လာရောက်တိုက်ခိုက်၍ သိမ်းယူပြီးနောက် နတ်သျှင်နောင်အား လက်အောက် မြို့စားဘုရင်ခံအဖြစ် ထားခဲ့ပါသည်။ အနောက်ဖက်လွန်မင်းသည် သူ့အပေါ်တွင် ရန်ငြိုးရန်စ မရှိပါဘဲနှင့် အနိုင်ကျင့်ခြင်းမျှ ဖြစ်ပါသည်။ ထိုအချိန်အခါက နတ်သျှင်နောင်အား လက်အောက် မြို့စား ဘုရင်ခံအဖြစ် ထားခဲ့ပါသည်။ အနောက်ဖက်လွန်မင်းသည် သူ့အပေါ်တွင် ရန်ငြိုးရန်စ မရှိပါဘဲနှင့် အနိုင်ကျင့်ခြင်းမျှ ဖြစ်ပါသည်။ ထိုအချိန်အခါက နတ်သျှင်နောင်၏ ဒုက္ခများကို ကြည့်စမ်းပါလော့။ သူ ကဗျာညှုခဲ့ရသော မယားသယ် ဓာတုကလျာ အနိစ္စရောက်ပြီးသည်မှာ မကြာသေး၍ ပရိဒေဝမီး မငြိမ်းသေးချိန် ဖြစ်ပါသည်။ သူ အသက်ပေး၍ ချစ်ခဲ့ရသော ‘မွေးတုကင်း’ကလေးနှင့် လေးလမျှသာ ပေါင်းခဲ့ပါသည်။ ဆယ်ကျော်နှစ်က ကျွမ်းချစ်ရအောင် ကြိုးသည့်နောင်မှာ ရာဇဓာတုကလျာအပေါ်တွင် သစ္စာမြဲစွဲလျက် စုလျှင်းဘို့အချိန်ကိုသာ စောင့်မျှော်ပြီး ဘုရားများကို တိုင်တည်လျက် ရှိခဲ့ပါသည်။

*(မြကေတု - စာပေတန်ဆောင်၊ စာ-၅၉)*

ဆရာက နတ်ရှင်နောင် မင်းကျင့်တရားနှင့် ညီကြောင်း၊ ပြည်သူကို ရင်ဝယ်သားလို သဘောထားကြောင်း စာမျက်နှာ- ၆၂၊ ၆၃ မှာ အခုလို ဖော်ပြထားပါတယ်။

နတ်သျှင်နောင်သည် မင်းကျင့်တရား (၁၀) ပါးတွင် ‘အဝိရောဓနံ’ ဟူသော ပြည်သူပြည်သားတို့၏ အလိုနှင့် မဆန့်ကျင်တတ်သော အကျင့်သိက္ခာကောင်းရှိသူ ဖြစ်ပါသည်။ ဤသို့ တိုင်းပြည်နှင့်မဆန့်ကျင်တတ်သော ဘုရင်အား သစ္စာဖောက်ဘုရင်၊ စဉ်းလဲကောက်ကျစ်သော ဘုရင်ဟူ၍ ခေါ်ဆိုနိုင်ပါမည်လော၊ ကြည့်စမ်းပါဦးလော့။

အနောက်ဖက်လွန်မင်းတရားကြီးသည် တောင်ငူမြို့ကို ဝန်းဝိုင်း၍ထားသည့်အခါတွင် နတ်သျှင်နောင်သည် အညံ့မခံလိုပေ။



ညီတော်လေးပါးနှင့် ထွက်၍တိုက်မည်ဟူ၍ ကြံတော်မူသည်။ သို့သော် ညီတော်များက တိုင်းသူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ သနားသဖြင့် အညံ့ခံရန် လိုလားကြသည်။ နတ်သျှင်နောင်သည် ငါ ဘုရင်တစ်ဆူဟူ၍ ထင်ရာ မလုပ်ပါ။ ညီတော်များနှင့်တကွ ပြာသာဒ်ကျောင်းဆရာတော် အမှူးပြုသော ဆရာမှထေရ်တို့က တောင်းပန်သဖြင့် အညံ့ခံလိုစိတ် မရှိစေကာမူ တိုင်းသူပြည်သား ချမ်းသာမည့်အရေးကို မြင်သောကြောင့် အလျှော့ပေးပါသည်။ ဤသို့ ပြည်သူပြည်သားတို့၏ ဆန္ဒနှင့် မဆန့်ကျင်တတ်သော ပုဂ္ဂိုလ်၊ ပြည်သူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ သနားတတ်သော ပုဂ္ဂိုလ်အား သစ္စာဖောက်ကြီး၊ လူ့စဉ်းလဲကြီးဟူ၍ ဆိုကြတော့မည်လော။

တစ်ချက် ကြည့်ပါဦး။ နတ်သျှင်နောင်သည် ဗုဒ္ဓဘာသာ တရားတော်မြတ်ကို လေးစားပါသည်။ ရတနာသုံးပါးကို ဦးထိပ်ထားသူ ဖြစ်ပါသည်။ သူ့အား ဗရင်ဂျီဘာသာသို့ ဝင်သည်။ နှစ်ခြင်းခံသည်။ ဗုဒ္ဓဘာသာကို မလေးစားသူ ဖြစ်သည်ဟူ၍ စွပ်စွဲကြပါသည်။ နတ်သျှင်နောင် ဗရင်ဂျီဘာသာသို့ ဝင်သည်ဆိုသည်မှာ ပွတကေ ရာဇဝင်က တစ်ဖက်သတ် ရေးသားခြင်းမျှသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ဇေင်ကာ၏ လုပ်ဇာတ်မျှသာ ဖြစ်ပါသည်။

*(မြကေတု- စာပေတန်ဆောင်၊ စာ-၆၃၊၆၄)*

ဇေင်ကာကို နတ်ရှင်နောင်က မခေါ်ကြောင်းလည်း ဆရာမြကေတုက အခုလိုပဲ ရှင်းပါတယ်။

နတ်သျှင်နောင်သည် ညီတော် အိမ်ရှေ့မင်း မင်းရဲကျော်စွာကို လွန်စွာ ချစ်ရှာသည်။ ဤသို့ဖြစ်လျှင် တိုင်းရေးပြည်ရေးနှင့် ပတ်သက်၍ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အချိန်မရွေး နေရာမရွေး တိုင်ပင်ရလိမ့်မည်။ သူသည် ဇေင်ကာအား ‘ခေါ်ပါလှည့်’ဟူ၍ မှာထားပါငြားအံ့၊ သူ၏အကြံကို မင်းရဲကျော်စွာအား ကြိုတင်အသိပေးထားရပေလိမ့်မည်။ ယခုသော်ကား ညီတော်မျှပင် မသိရ။ ဇေင်ကာ လွှတ်လိုက်သော ဓွင်ဒေကရီးသီးယား၏ တပ်သည် တောင်ငူသို့ တက်လာ၍

မင်းရဲကျော်စွာသည် ကျောက်မော်အရပ်က ခုခံရာတွင် ရန်သူ၏ ကျည်သင့်၍ ဆင်ထက်က ကျဆုံးရှာခဲ့သည်။

ထိုနောက် 'ခေါ်ပါလှည့်' ဟူသောကြောင့် လာခေါ်ရပါသည် ဆိုသော တပ်သည် တောင်ငူကို မီးရှို့ ဖျက်ဆီးလိုက်သည်။ ဘုရားပုထိုးများကို ဖောက်၍ ဌာပနာများကို ယူကြသည်။ မြို့သူမြို့သားတို့အား သတ်ဖြတ်၍ ရွှေ ငွေ ရတနာများစွာတို့ကိုလည်း ယူကြသည်။

*(မြကေတု- စာပေတန်ဆောင်၊ စာ-၆၆)*

အနောက်ဖက်လွန်မင်းသည် သူ့အား အနိုင်ကျင့်ရှုံ့မှုမက တောင်ငူကို သိမ်းယူပြီးနောက် သူ အမြတ်တနိုး ကိုးကွယ်ထားပါသော သီဟိုဠ်မှ ရလာသည့် မြသပိတ်တော်နှင့် စွယ်တော်မြတ်တို့ကို ပင့်ဆောင်ယူငင်သွားပါသည်။ ဤမွေတော် ဓာတ်တော်တို့ကို အလိုရှိ၍သာ အနောက်ဖက်လွန်မင်းသည် တောင်ငူကို စစ်ခင်းပြီး သိမ်းယူသည်ဟုသာ ဆိုစွယ်ရှိပါသည်။

*(မြကေတု- စာပေတန်ဆောင်၊ စာ-၆၁)*

ပေါ်တူဂီရာဇဝင်၏ အမှား-

တောင်ငူတွင် ဇေင်ကာ လွှတ်လိုက်သော တပ်သည် (၁၀) ရက်ခန့်နေ၍ နန်းတော်ကိုလည်း မီးတိုက်ခဲ့သည်။ ကျောင်းကန်ဘုရားများကိုလည်း ဖျက်ဆီးခဲ့သည်။ ဆင်၊ မြင်း၊ လူသူ ရွှေ ငွေများကို လုယူပြီးမှ သံလျင်သို့ နတ်သျှင်နောင်အား ခေါ်ဆောင်သွားသည်။

ပူတကေရာဇဝင်က နတ်သျှင်နောင်သည် သံလျင်သို့ လူ (၃၀၀၀) လက်နက် အစုံအလင်ဖြင့် ဝင်ရောက်လာသည်ဟု ဆိုပါသည်။ ဤစကား မမှန်ပါ။ မြန်မာရာဇဝင်ကမူ နတ်သျှင်နောင်အား သံလျင်သို့ ခေါ်ဆောင်လာရာ၌ ကိုယ်လုပ်တော် ၂-ယောက်၊ အလုပ်အကျွေး ၁၀-ယောက်သာ ပါကြောင်း အတည့်အလင်း ရေးထားပါသည်။ 'ခေါ်ပါလှည့်'ဟူ၍သာ လာရောက်ခေါ်ခြင်း ဖြစ်ပါလျှင် နတ်သျှင်နောင်အား ဤမျှလောက်သော ကိုယ်လုပ်တော် အခြံအရံ အနည်းငယ်မျှလောက်ကိုသာလျှင် ဇေင်ကာက ခွင့်ပြုပါသလော။



မဟာမိတ်အဖြစ်ဖြင့် ခေါ်သွားခြင်းလော။ ကြက်ဖမ်း၊ ငှက်ဖမ်းသကဲ့သို့ပင် ခေါ်သွားခြင်းပေလော။ အသေအချာ စဉ်းစား ဆုံးဖြတ်စေလိုပါသည်။ အင်းဝသို့လည်း စစ်ကူလွှတ်ရန် နတ်သျှင်နောင် မှာကြားခဲ့ပါသည်။ 'ခေါ်ပါလှည့်'ဟူ၍သာ သူ မှာထားခဲ့ပါလျှင် စစ်ကူတောင်းနေဖို့ မလိုပါ။

*(မြကေတု - စာပေတန်ဆောင်၊ စာ-၆၇)*

မျက်နှာဖြူ သာသနာပြုပုဂ္ဂိုလ်တစ်ဦးရဲ့ အဆိုက ဒီလိုပါ။

ထိုအချိန်အခါ ခရစ်သက္ကရာဇ် ၁၆၀၀ ခုနှစ်တွင် အနောက်နိုင်ငံမှ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်သူ မစ္စတာဗောဗစ် (Mr.Bovis) သည် ဟံသာဝတီသို့ ရောက်လာခဲ့ပါသည်။ အထက်ဖော်ပြပါ အရေးတော်ပုံကို ဗောဗစ်သည် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်သူ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဟူမူ သူ၏ မြန်မာပြည်ရောက် မှတ်တမ်းများတွင် ဇေင်ကာ၏ အကြောင်းကို အသေးစိတ် ရေးထားခြင်း ပြုခဲ့ပါသည်။ သူ ရေးထားခဲ့သည့်အတိုင်း အောက်တွင် ဖော်ပြလိုက်ပါသည်။

**(After his victory, the King of Arakan made over the port of Syrium to Philip de Brito, a Portuguese partisan leader. De Brito hower quarrelled with the King of Arakan and went to Goa to obtain the support of the Viceroy. During his absense his followers proclaimed him King of Pegu, he continued to carry things with a high hand for some years capturing the son of his former patron the King of Arakan for whom he demanded a ransom of 50,000 crowns; and some time after wards he treacherously seized the person and the treasure of the king of Taungoo with whom he had made alliance. He had married his son, Simon to a daughter had apparently risen again to brief.**

**Independence during the anarchy which succeeded th fall of the Peguan monarchy.)**

မစ္စတာဖောဗစ်၏ ဇေင်ကာအကြောင်း မှတ်တမ်းကို ဘာသာပြန်ကြည့်ရပါလျှင် အောက်ပါအတိုင်း တွေ့ရပါသည်။

"ရခိုင်ဘုရင်သည် စစ်ပွဲကို အောင်နိုင်ပြီးသည့်အခါတွင် သံလျင်မြို့ကို ပေါ်တူဂီ စစ်တပ်ခွဲမှူး ဖြစ်သူ ဖိလစ်ဒီဘရစ်တို လက်သို့ ပေးအပ်လိုက်လေတော့သည်။ သို့သော် များမကြာမီပင် ဒီဘရစ်တိုသည် ရခိုင်ဘုရင်နှင့် မသင့်မတင့် ရှိကြပြန်ပြီးလျှင် ဂိုးအား ဘုရင်ခံထံသို့ သွားရောက်၍ စစ်ကူတောင်းလေသည်။ သူ မရှိသည့်အခိုက်တွင် သူ၏ နောက်လိုက်များက သူ့အား ဟံသာဝတီဘုရင်အဖြစ် ကြေညာကြသည်။ နှစ်ပေါင်း ကြာမြင့်စွာလျှင် သူသည် စက်ရဲလက်ရဲနှင့် လူစွာ လုပ်ခဲ့သည်။ သူ၏ ကျေးဇူးရှင် ရခိုင်ဘုရင်၏ သားတော်တစ်ဦးကို ဖမ်းဆီးပြီးလျှင် ရခိုင်ဘုရင်အား ငွေငါးသောင်းနှင့် ရွေးယူစေလေသည်။ ထို့မျှမက သူသည် သူနှင့် မဟာမိတ်ဖြစ်သော တောင်ငူဘုရင်၏ ဘဏ္ဍာတော်များကို အကျင့်တန် သစ္စာမဲ့စွာ သိမ်းယူ၍ တောင်ငူဘုရင်ကိုလည်း သံလျင်သို့ ဖမ်းယူ ခေါ်ဆောင်ခဲ့လေသည်။ သူ၏သား ဆိုင်မွန်ကို မုတ္တမဘုရင်၏ သမီးတော်တစ်ပါးနှင့် ထိမ်းမြားခြင်းလည်း ပြုလေသည်။ ထိုအခါ မုတ္တမပြည်နယ်သည် ဟံသာဝတီ မင်းဆက် ပြတ်ပြီးသည့်နောက်တွင် လွတ်လပ်သော ပြည်နယ်အဖြစ် တရှိန်ထိုး တက်လာသော ပြည်နယ် ဖြစ်လေသည်"

အထက်ပါ မစ္စတာဖောဗစ်၏ မှတ်တမ်းကို သေချာစွာ ကြည့်ရှုပါက ဒီဘရစ်တို ခေါ် ဇေင်ကာသည် တောင်ငူဘုရင် နတ်သျှင်နောင်ကို မဟာမိတ်ဖွဲ့ပြီးမှ သစ္စာမဲ့စွာလျှင် တောင်ငူကို တိုက်ခိုက်သိမ်းယူခဲ့၍၊ နတ်သျှင်နောင်ကို ဖမ်းဆီးခေါ်ဆောင်လာပြီးလျှင် ရွှေ ငွေ ရတနာများကိုလည်း သိမ်းယူကြောင်း၊ မျက်မြင်ကိုယ်တွေ့အားဖြင့် အဂတိမလိုက်စားဘဲ ဘွင်းဘွင်းကြီး ရေးထားသည်ကို တွေ့ရပါသည်။ ကိုယ်တိုင် တွေ့ကြုံ မြင်ခဲ့ရသူ၏ အရေးအသားထက်၊ နောက်ပေါ် ရာဇဝင်တို့၏ အရေးအသားက မှန်နိုင်ပါဦးတော့မည်လော။

*(စာမျက်နှာ-၇၃)*



ဆရာက ရာဇဝင်ဆရာတွေရဲ့ အလိုသဘောကို စာမျက်နှာ ၇၅ မှာ ဒီလိုဆိုပါတယ်။

မြန်မာရာဇဝင်သည် ကောင်းနိုးရာရာ သမိုင်းမော်ကွန်းနှင့်တကွ ရှေးဟောင်းရာဇဝင် အစောင်စောင်တို့ကို ညှိနှိုင်းတိုင်ပင်၍ ရေးရကြောင်းကို မှန်နန်းရာဇဝင်က ထောက်ခံနေပါသည်။ မြန်မာရာဇဝင်များသည် ဇေင်ကာ၏အကြောင်း၊ နတ်သျှင်နောင်၏ အကြောင်းကို ရှာဖွေရေးသားရာ၌ ပူတကေရာဇဝင်ကို ကိုးကား ရေးသားကြပါသည်။ မြန်မာရာဇဝင်သည် မြန်မာမင်းကိုသာလျှင် အသားပေး၍ ရေးပေလိမ့်မည်။ အနောက်ဖက်လွန်မင်း လက်ထက်က ရာဇဝင်ဆရာများသည် သူ့အရှင်သခင် မင်းကိုသာလျှင် အသားပေး၍ ရေးကြပေလိမ့်မည်။ နတ်သျှင်နောင်အပေါ်တွင် အနောက်ဖက်လွန်မင်း အနိုင်ကျင့်ပုံကိုကား ရေးသားကြပေလိမ့်မည် မဟုတ်ပါ။ ရာဇဝင်ဆိုသည်မှာ ဖုံးဖိတန်သည်ကိုလည်း ဖုံးဖိရပါသည်။ မြှောက်ပင့်တန်သည်ကိုလည်း မြှောက်ပင့်ရပါသည်။ ထို့ကြောင့် ရာဇဝင်အဆိုအရ နတ်သျှင်နောင် သစ္စာဖောက်သည်ဟူသော အချက်သည် မြန်မာမင်းကို ပုန်ကန်သူတစ်ယောက်အနေဖြင့် အနောက်ဖက်လွန်မင်းကို အသားပေးပြီး ရေးထားခြင်းမျှသာ ဖြစ်ပေလိမ့်မည်။

သူသည် ဗုဒ္ဓဘာသာကို စွန့်ပယ်၍ ဗရင်ဂျီဘာသာသို့ ဝင်သည်ဟူ၍ ပူတကေရာဇဝင်က ရေးသားထားသည့်တိုင်အောင် မဟုတ် မမှန်ကြောင်းကို...

'ဘဝဂ်ရပ်သူ၊ နတ်လူ့ဗိုန်ချောက်၊ ညွှတ်ခရောက်သည်၊ ကျိုက်ခေါက်ကောင်းကင့် ထွတ်ချာသော်'

ဟူသော သံလျင်ရောက်မှ ဖွဲ့ဆိုသည့် ကျိုက်ခေါက်ဘုရားတိုင်ရတုက သက်သေခံလျက် ရှိပါသည်။

'ရှင်ပင့်စတော၊ ခုနစ်နေတိ၊ မီး ရေ လေဆုံး၊ ခြောက်ဘုံလုံးက၊ ရွက်ကျူးရှစ်ဦး၊ စောဘုန်းထူးကို၊ မပူးကြားကာ၊ သည်သာစက်၌၊ ကြုံကြိုက်တွေ့ရ၊ ဆယ်ဆ ဆယ်ပြန်၊ ကျူးလွန်စုံမက်၊ ရှေးထက်ဝမ်းမြောက်၊ ပြည့်ဆုလျှောက်သည်'

**ဟူ၍လည်း သူ ရှိုးဆုတောင်းခဲ့သေးကြောင်း အထင် အရှား ရေးသား ဖော်ပြထားပါသေးသည်။ ပူတာကေရာဇဝင်က သူတို့၏ ဗရင်ဂျီဘာသာသို့ နတ်သျှင်နောင် ပါဝင်သည်ဟု ဆိုသော်လည်း နတ်သျှင်နောင်၏ ကဗျာများကမူ ငြင်းကွယ်လျက်ပင် ရှိပါသည်။**

***(စာမျက်နှာ-၇၆)***

ပေါ်တူဂီ ရာဇဝင်ရဲ့ အဆိုကို လက်မခံကြောင်း ဆရာက ဒီလို ရှင်းခဲ့ပါတယ်။❑

ဆရာဒဂုန်တာရာ 'ဒဂုန်တာရာ၏ ဒဂုန်တာရာ' စာအုပ်မှာ နတ်ရှင်နောင် ပြဇာတ်အကြောင်း အခုလို ရေးထားပါတယ်။

## *လုပ်ကြံမှု*

*၁*

*ကျွန်တော်တို့ စာရေးဆရာအသင်း ရောက် မကြာမီပင် စာဆိုတော်နေ့ ကျင်းပရန် စီစဉ်ရလေသည်။ အသင်းက စာပေပြိုင်ပွဲ၊ လူထုအစည်းအဝေး၊ ပြဇာတ်ဖြင့် စီစဉ်ရန် ဆုံးဖြတ်လေသည်။ စာပေပြိုင်ပွဲတွင် ဇော်ဂျီ၊ မင်းသုဝဏ်နှင့် ကျွန်တော်တို့က အကဲဖြတ်လူကြီး လုပ်ကြရသည်။*

*ပြဇာတ်မှာ 'နတ်ရှင်နောင်'ကို ကပြရန် ဆုံးဖြတ်ကြသည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဝတ္ထုနှင့် မှန်နန်းရာဇဝင်၊ ပေါ်တူဂီရာဇဝင်တို့ကို ဖတ်ကာ ဇာတ်လမ်းထုတ်ကြသည်။ အချစ်ဇာတ်လမ်းဇာတ်ကွက်များကို မင်းအောင်က ရေး၍ ကျွန်တော်က သံလျင်လူထုအခန်း၊ တရားစီရင်သည့်အခန်း၊ ဟံသာဝတီလူထုအခန်း စသည့် ရာဇဝင်ရည်ရွယ်ချက်များကို ရေးသည်။ ရာဇဝင်ပြဇာတ်ဆိုသည်မှာ မှန်နန်းအတိုင်း ပြရန် မဟုတ်။ ခေတ်အမြင်နှင့် ယှဉ်တွဲ၍ ပရိသတ်အား တင်ပြခြင်း ဖြစ်လေသည်။ ပဒေသရာဇ်စနစ် အားနည်းကာ ဖရိုဖရဲ ဖြစ်နေ နိုက်တွင် ပေါ်တူဂီနယ်ချဲ့က ဝင်ရောက်စွက်ဖက်ခြင်းကို ဖော်ထုတ်လေသည်။*

*ဗိုလ်ထွန်းလှကား ဇာတ်ခုံတာဝန်ခံ ဖြစ်လေရာ ဇာတ်တိုက်ကတည်းက တဖားဖားနှင့် မအားလပ်တော့။ ညတိုင်း ပန်းဆိုးတန်းအသင်းတိုက်တွင် တပျော်တပါးကြီး ဇာတ်တိုက်ကြသည်။*



*ဂျာနယ်ကျော်မမလေးမှာ ရုံမန်နေဂျာ ဖြစ်လေရာ ပြဇာတ်မပြခင် လက်မှတ် စတင်ရောင်းကတည်းက နေထွက်မှ နေဝင် အလုပ်များနေလေသည်။*

*ကျွန်တော့်မှာ ပြဇာတ်အတွက် သီချင်းစာသားများကို ရေးပေးရင်းက စာပေအတွက် ဆောင်းပါးများကို ဖတ်ရှုကာ တည်းဖြတ်နေရလေသည်။*

*၂*

*စာဆိုတော်နေ့တွင်ကား မနက်ကတည်းက လူထုအစည်းအဝေးအတွက် ပန်းဆိုးတန်းအသင်းတိုက်သို့ သွားရလေသည်။*

*အသင်းရာဇဝင်၌ ပထမဆုံး ပြုလုပ်သော လူထုအစည်းအဝေး ဖြစ်လေသည်။ တက်ရောက်လာသူများကား အားရစရာကောင်းလှသည်။ စာကြည့်တိုက်အဖွဲ့၊ သိမ်ကြီးဈေးသမဂ္ဂ၊ ကျောင်းသားများသမဂ္ဂ၊ စာရေးသမဂ္ဂ စသော အသင်းအဖွဲ့များအပြင် စာပေမွေ့သူများစွာ တက်ရောက်ကြသည်။*

*သခင်ကိုယ်တော်မှိုင်း၊ ပြန်ကြားရေးဝန်ကြီး ဦးထွန်းဖေတို့ ပြောပြီးသောအခါ ကျွန်တော်က ဥက္ကဋ္ဌ မိန့်ခွန်းအဖြစ် 'စာပေနဲ့ ပြည်သူဟာ ဘယ်လိုဆက်သွယ်နေတယ် ဆိုတာကို ယခု စာဆိုတော် အမျိုးသားစာပေနေ့ကြီးမှာ ယခုလို လူထုအစည်းအဝေးကြီး ကျင်းပခြင်းဖြင့် ဖော်ပြရပါတယ်' စသည်ဖြင့် ယဉ်ကျေးမှုသစ်အခန်း၏ စာပေသစ်ကဏ္ဍကို ဟောပြောလေသည်။*

*သဘာပတိ၏ နိဂုံးချုပ် မိန့်ခွန်းတွင် ဝန်ကြီးဦးထွန်းဖေက ကျွန်တော့်ဘက် လှည့်ကာ- 'ဟောဒီ စာပေသစ် ဆရာတွေ' ဟု ပြောလိုက်သည်။ သို့သော် အစည်းအဝေး ပြီးသောအခါ ဆေးတံမှာရင်း 'မောင်ရင်တို့ လူထုပဲ' ဟု ညည်းလေသည်။*

*နေ့လယ်တွင် ကာချေးရုံ၌ နတ်ရှင်နောင်ပြဇာတ် ကပြကာ စာဆိုတော်နေ့ အခမ်းအနားကို ဖွင့်လှစ်လေသည်။ ငွေရောင်အပြာဖြင့် ပေဖူးလွှာပုံ ခြယ်ထားသော စာပေမဂ္ဂဇင်းတို့ကား ရုံရှေ့တွင် ရောင်းချနေလေပြီ။ သခင်နုမှာ မန္တလေး သွားနေ၍ မတက်ရောက်နိုင် ဖြစ်နေရာမှ တက်ဖြစ်လေသည်။ ပထမ သခင်ကိုယ်တော်မှိုင်းက ပြဇာတ်သဘင်ကို ဖွင့်လှစ်၍ မိန့်ခွန်းစကား မြွက်ကြားလေသည်။ သခင်ကိုယ်တော်မှိုင်း ပြီးသောအခါ အခမ်းအနားမှူးက 'ဝန်ကြီးချုပ်သခင်နုကလည်း မိန့်ခွန်း ပြောကြားပါလိမ့်မယ်' ဟု ရွှေနားကွပ်ပြည်ဖုံးကားအနီကြီးကြားမှ ကြေညာလေသည်။*

ကျွန်တော်နှင့် အတူထိုင်နေသော သခင်နုက- ‘ငါဖြင့် ဇာတ်ခုံတက်ရမှာ ကြောက်လိုက်တာ’ ဟု ညည်းကာ နေရာမှ ထလေသည်။ ပွဲကြည့်ပရိသတ်ကြီးကား တစ်ရုံလုံး ပြည့်လျှံနေ၍ တဝေါဝေါ မြည်ဟီး၍နေသည်။

ပွဲစလေပြီ။ နတ်ရှင်နောင်မင်းသား လုပ်သော ရွှေညာမောင်သည် ကုလီတုတ်ကိုင်ကာ ပေါ်လာလေသည်။ ဓာတုကလျာအား ဖွဲ့သော ‘တင့်လှပေဟန်’ ချီ ရတုကို ဆိုကာ ကဗျာသီကုံးသည့်အခန်း၌ ရတုအရသာကို ခံစားမိပေသည်။ သခင်နုမှာ ငြိမ်သက်စွာ ကြည့်နေရင်းက အချို့အခန်းများတွင် ရာဇဝင်အချက်များကို မေး၍ ကျွန်တော်က ရှင်းပြရသည်။ အင်းဝဘုရင် ထွက်ခန်းတွင် မင်းအောင်ကို သဘောကျကာ ‘ဒါက ဘယ်သူလဲ၊ သိပ်သရုပ်မာန်ပါတာပဲ’ ဟု ပြောလေသည်။ ကပြနေသော စာရေးဆရာများ ဘယ်သူဘယ်ဝါကို မေးတတ်သည်။ ဓာတုကလျာ မေနွဲ့ကို ‘ရာဇဝင်ထဲမှာက ဓာတုကလျာရဲ့ အလှမှာ နတ်ရှင်နောင်က ယစ်မူးပြီး ကဗျာရတု ရေးထားတာ မဟုတ်လား။ မေနွဲ့က နတ်ရှင်နောင်ထက် အရွယ်ကြီးတဲ့ ရုပ်သွင်ဆိုရင် ပိုပြီးတော့ သရုပ်ပါမယ်ကွ။ ဘယ့်နှယ်လဲ’ ဟု စိတ်ဝင်စားစွာ ဆိုလေသည်။

ဇေင်ကာ အခန်းတွင် တစ်ရုံလုံး ငြိမ်နေကြသည်။ ဗိုလ်ထွန်းလှမှ ဇေင်ကာဟန် ပါနေလေသည်။ ချောနေ၍ မုန်းစရာပင် မကောင်းပေ။ သို့သော် ပရိသတ်က မြန်မာ့နိုင်ငံရေးတွင် စွက်ဖက်သော နိုင်ငံခြားနယ်ချဲ့သမားကို မြင်ကြပေသည်။

နောက်ဆုံး နတ်ရှင်နောင် ကွပ်မျက်ခြင်းခံရပြီးနောက် သံလျင်သားများက ပြည်သူကို သစ္စာဖောက် မဖောက်၊ နတ်ရှင်နောင်သည် ပဒေသရာဇ်မင်းကို ပုန်ကန်သည် စသည်ဖြင့် သစ္စာဖောက်သဘောကို ခေတ်မီရာဇဝင်သဘောဖြင့် ဆွေးနွေးသည့် အခန်းတွင်ကား သခင်နုသည် မျက်နှာပျက်ကာ ‘ဟော့ ဘယ့်နှဲ့လဲ၊ ဒီအခန်းက ငြိနေပါလားကွ’ ဟု ပြောလိုက်သည်။ ကျွန်တော်ကမူ ငြိမ်နေ၏။

ပွဲပြီး၍ ဝန်ကြီးချုပ်ဦးနု ပြန်သွား၍ မကြာမီ အပါးတော်မြဲ ဗိုလ်ဦးဘာက ကျွန်တော့်ထံ ဂျစ်ကားနှင့် လိုက်လာကာ ခေါ်လေသည်။ ဝန်ကြီးချုပ်က စကားပြောချင်လို့ ဆို၍ ချက်ချင်း လိုက်သွားရလေသည်။ ကျွန်တော်က ဇော်ဂျီ၊ မင်းသုဝဏ်တို့ကိုပါ ခေါ်ခဲ့သည်။ ဝင်ဒါမီယာရှိ ဝန်ကြီးချုပ် နေအိမ်သို့ သွားရသည်။ ရောက်လျှင် သခင်နုက ဆီးကာ ‘ဘယ့်နှဲ့လဲကွ၊ ဟိုအခန်းက’



ဟု တည်တည်ပြောလေသည်။ သခင်နုက ဤအခန်းကို သဘောမကျမှန်း သိပါ၏။

မကြာမီ လက်ဖက်ရည် ရောက်လာသည်။ သခင်နုက တောက်ပသော မျက်လုံးနှင့် ကြည့်ကာ ‘မင်းတို့ဟာ ပြဇာတ်အနုပညာအနေနဲ့ပဲ ကြည့်ပါဦး၊ နတ်ရှင်နောင်ကို နယ်ချဲ့နဲ့ ပေါင်းလို့ ရှုတ်ချဖို့ရာမှာ ပဒေသရာဇ်ကို ပုန်ကန်ခြားနားတာ ဘာညာနဲ့ ပြောတော့ ဘယ့်နှဲ့ ဖြစ်သွားမလဲ၊ မဟုတ်ဘူးလား၊ အနုပညာအနေနဲ့ ငါ ပြောနေတာ။ နိုင်ငံရေးအမြင်ကို မပြောပါဘူး။ တစ်နဲ့တစ် ပေါင်းရင် နှစ် ဖြစ်ရမယ့်ဟာ မင်းတို့ဟာ သုံးလို့ ရှုတ်လုပ်တာနဲ့ တူမနေဘူးလား’’

သခင်နုမှာ စိတ်အားထက်သန်လာကာ ပြဇာတ်ကို ဝေဖန်ရင်း စောစောကလို မအုံ့မှိုင်းတော့။ ရွှင်ပျကာ ကြည်သာလာသည်။ ကျွန်တော်တို့က နတ်ရှင်နောင်ပြဇာတ်ကို ခေတ်မီရာဇဝင်အဖြစ်ဖြင့် ကပြလေသည်။ ဝင်ဒါမီယာမှ ပြန်လာ၍ ရုံသို့ ဝင်သောအခါ ပရိသတ်မှာ ရုံဝ၌ ကြိတ်ကြိတ်တိုးလျက် လက်မှတ်ဝယ်မရ၍ ‘အုံကြွ’နေလေပြီ။ ဂျာနယ်ကျော်မမလေးမှာ လူယောင်မပြဝံ့ဘဲ မန်နေဂျာအခန်း၌ ပုန်းလျက် ရှိလေသည်။

❑

နတ်ရှင်နောင် သစ္စာမဖောက်ကြောင်းကို ဆရာစိန်လွင်လေးက နတ်ရှင်နောင်နဲ့ ဓာတုကလျာမှာ အကျယ်တဝင့် ရေးခဲ့ပါတယ်။ ဆရာက စာမျက်နှာ ၄၁၉ မှာ-

> **နတ်ရှင်နောင်ကိုယ်တော် ဗရင်ဂျီဘာသာသို့ ဝင်ကြောင်းကို မြန်မာရာဇဝင်တော်ကြီးများ၌ ဖော်ပြခြင်း မရှိ။ ပေါ်တူဂီရာဇဝင်တွင်သာ အသေအချာ ဖော်ပြထားခြင်း ဖြစ်သည်** လို့ ဆိုပါတယ်။
>
> ဆက်ပြီး ဖော်ပြရရင်-
>
> **(၁) ထိုမင်း (နတ်ရှင်နောင်)ကား ရတုဆိုခြင်း၌ သိမ်မွေ့၏။ ဂန္ထိရဉာဏ်နှင့် ပြည့်စုံ၏။ အကျင့်နှလုံးသော်ကား ကောက်ကျစ်ဆန်းပြား၏။**

(၂) ငှင်းနတ်ရှင်နောင်ကား ရတု ရေးသားခြင်း၌ သိမ်မွေ့စွာ၏။ ကောက်ကျစ်စဉ်းလဲသော အကြံအစည်လည်း ရှိချေသည်။

*ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း*
*စာ- ၂၉၅-၂၉၆*

(၃) နိုင်ငံတော်တစ်ရပ်လုံးကို ချောက်ချားအောင် ဖန်တီးပြီး ရန်မီး စနက်အမျိုးမျိုး ထွင်တတ်သူ၊ ယောဂရမ်း သောင်းသွမ်း ကြွေးကြမ်းလှလေသည်။ ဟံသာဝတီဥပရာဇာ မင်းရဲကျော်စွာ…

*စိန်လွင်လေး၊ နတ်ရှင်နောင်နှင့် ဓာတုကလျာ၊ စာ - ၄၇၅*

(၄) ကုလားတို့ ငှင်းတောင်ငူတွင် ဆယ်ရက်ခန့်နေ၍ ရွှေနန်းကို မီးတိုက်၏။ ကျောင်းကန်အိမ်ရာများကို မီးတိုက်၏။ ယင်းသို့မှ ရသည့် ဆင် မြင်း လူသူ ရွှေ ငွေတို့ကို ယူ၍ သန်လျင်သို့ ပြန်လေသည်။

*ဦးကုလားမဟာရာဇဝင်၊ တ-တွဲ၊ စာ-၁၃၄*

(၅) နတ်ရှင်နောင်၏ ရည်မှန်းချက် ကျောက်တောင်ကျောက်ခဲတို့သည် ပြိုကွဲပျက်စီးခြင်းသို့ ရောက်လေသည်။ လက်အောက်ခံဘုရင်ငယ်ဟူသော ဘဝသည် နတ်ရှင်နောင် အလိုရှိသောဘဝ မဟုတ်ပေ။ မိမိ၏ လက်ရုံးများ ဖြစ်သော ဘထွေးတော်နှင့် ညီတော်များမှာ မဟာဓမ္မရာဇာ ခေါ်ဆောင်သွားရာသို့ ပါသွားရသည်။

*(မြန်မာ့ဂုဏ်ကျော်မြင့်၊ ရတုဘုရင် နတ်ရှင်နောင်၊ စာ-၂၃)*

(၆) သက္ကရာဇ် ၉၇၄-ခု တန်ခူးလပြည့်ကျော် ၃ ရက်၊ စနေနေ့တွင်မူ နတ်ရှင်နောင်ကို ဖြို့လယ်၌ ကွပ်မျက်၏။ ငဇင်ကာကိုလည်း နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်၍ ဘုရားပုထိုးများကို ဖျက်ဆီးသူ ဖြစ်သည်ဟုဆိုကာ ယင်း၏အိမ်ရှေ့ မြို့လယ်၌ပင် တံကျင်တင်လေသည်

*(မြန်မာ့ဂုဏ်ကျော်မြင့်၊ ရတုဘုရင်နတ်ရှင်နောင်၊ စာ-၂၃၆)*

❑